www.burmeseclassic.com



www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဇွန်လ၊ အတွဲ (၂)၊ အမှတ်စဉ် (၆)

REAL EVENT CRIME MAGAZINE
အမြင်
မဂ္ဂဇင်း

★ အယ်ဒီတာချုပ်
အောင်ကျော်ဇော

★ တာဝန်ခံအယ်ဒီတာ
ဆက်ဆက်ဦးဇေ (B.Sc.Physics)

★ အယ်ဒီတာအဖွဲ့
ဦးရဲလွင် (ရဲခိုင်အို)
ညီညီအောင် (B.A.Myanmar)
အေးအေးနိုင်


★ ထုတ်ဝေသူ
ဦးအောင်လွင် (၀၄၁၃၉)

★ ပုံနှိပ်သူ
ဦးမြင့်ဦး(၀၁၅၈၃)
သိန်းသန်းဦးပုံနှိပ်တိုက်
၁၁၉/၁၂၁=၃၄လမ်း၊ ရန်ကုန်။

★ မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်
မင်းဆက်နိုင်၊ ရဲသူ (ရန်ကုန်အနုပညာ)
ဒီဇိုင်း
စည်သူကျော်
ကွန်ပျူတာစာစီ နေမျိုးအောင်
အုပ်ရေ = ၁၀၀၀ တန်ဖိုး = ၃၀၀

လုံးကော်လွှင်စာပေ
အမှတ်(၉၇-က)၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း=၃၈၅၃၀၆၉၊ ၀၉=၅၉၂၉၄၂၁၈

ဆောင်းပါး
= ကိုကိုအောင် (အလှူဒီဿမား) ==
(ရှေးပေါင်းတွေအနှုတ်ရာပေါ်ကော်ကွင်းမှလွှတ်ကင်းရအော
နိုင်ငံတကာသတင်း
အောင်ဗေဟာမန် = = ၁၄
ဗေဒင်
= သရွာမေဗွာ ဆရာထွန်းဝေင်းကျော် = =
နက္ခတ်ဗေဒင်လက္ခဏာပညာရှင်



www.burmeseclassic.com

## မှုခင်းဝတ္ထု


ိမိုး (ရွှေပြည်သာ) --- ၁၆
ာ်ယောဇဥ်လျော်ကြေး)
ှအလွန် === ၂၆
ဝ်သယန္ဒ်)
ာင်ထွန်းညွန့် (ကွမ်းခြံကုန်း) --- ၄၁
ိုးတစ်ထောက်သမီးပျောက်ရှာပုံတော်)
ာ်းစက် (ဆော့ရှိုး) === ၄၈
မှတ်အရ)
ာင်ကျော်ပြုံး --- ၅၉
ဖြစ်ခင်ကြို့တင်ကာကွယ်မှု)
က်ထက်ဦးဝေ === ၆၆
င်တွင်းအစ္ဆ၊ အတိတ်မီးတောက်၊ နှလုံးသားမျက်ရည်)
ာင်သာမန် (ဗိုးကုန်း) --- ၉၀
ိသဟုသည်)
န်းစဉ်မြေတောခက် === ၁၀၀
းတောက်မီးလျှံကိုပါးမျိုနေကြသူများ)
ျာယဉ်ချစ် --- ၁၁၄
ယ်လိုပြောရပါ့)
မွန်ဦး (မာသံဘတ) === ၁၂၄
န်းယမုံမှသန်းခေါင်ယံဇိုသံ)
င်ဦး (ပုတီးကုန်း) --- ၁၃၂
ချမ်းပြာမင်းသမီးလေး)
ာင်ကျော်ဇော === ၁၄၈
ွန်တစ်ချက်၊ မာင်းတစ်ချက်)


## ကာတွန်း


သုရိန်၊ မှာန်၊ မောင်တင်ယု၊
ဖပါက်ကျိုင်း။




## ကဗျာ


မောင်ဆည်ဝါ (ပျော်ဘွယ်)၊ နန်းမျိုးဝင်း (စိတ်ပညာ)၊ လမင်းသစ္စာ၊ ကျော်မျိုးနွယ် (မောင်မော်ပြီ)
မောင်ပန်းဆဝ (တောင်တွင်း)၊ ငြိမ်းချမ်း (ပြည်)၊ ရွှေသာမောင်ကြီး (မြစ်ငယ်)၊ နှိုင်ခံ


www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြပါ

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

| | |
|---|---|
| ➢ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) | ၀၆၇-၄၁၂၂၁၀၁ |
| ➢ အထူးအဖွဲ့(မြစ်ကြီးနား) | ၀၇၄-၂၂၃၃၆ |
| ➢ အထူးအဖွဲ့(ဗန်းမော်) | ၀၇၄-၅၀၁၉၉ |
| ➢ အထူးအဖွဲ့(လွယ်ဂျယ်) | ၀၈၂-၅၂၈၉၀ (မူဆယ်မှတစ်ဆင့်) |
| ➢ အထူးအဖွဲ့(မူဆယ်) | ၀၈၂-၅၂၈၉၀ |
| ➢ အထူးအဖွဲ့(လောက်ကိုင်) | ၀၈၂-၇၂၀၀၃/၇၂၀၃၆ |
| ➢ အထူးအဖွဲ့(လားရှိုး) | ၀၈၂-၂၃၀၁၇/၀၉၅၂၇၅၉၆၂ |
| ➢ အထူးအဖွဲ့(တောင်ကြီး) | ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၁၇ |
| ➢ အထူးအဖွဲ့(ကျိုင်းတုံ) | ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄ |
| ➢ အထူးအဖွဲ့(တာချီလိတ်) | ၀၈၄-၅၃၀၂၂ |
| ➢ အထူးအဖွဲ့(မြဝတီ) | ၀၅၈-၅၀၂၆၈ |
| ➢ အထူးအဖွဲ့(မော်လမြိုင်) | ၀၅၇-၂၆၉၈၃ |
| ➢ အထူးအဖွဲ့(ကော့သောင်း) | ၀၅၉-၅၁၉၈၁ |
| ➢ အထူးအဖွဲ့(မြိတ်) | ၀၅၉-၄၁၀၄၁/၄၁၀၀၄ |
| ➢ အထူးအဖွဲ့(ပုသိမ်) | ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉ |
| ➢ အထူးအဖွဲ့(ရန်ကုန်) | ၀၁-၂၁၇၅၁၆/၀၉၅၁၂၈၈၂၆ |
| ➢ အထူးအဖွဲ့(ပဲခူး) | ၀၅၂-၂၁၀၃၀/၂၁၂၅၉ |
| ➢ အထူးအဖွဲ့(စစ်တွေ) | ၀၄၃-၂၃၆၂၅ |
| ➢ အထူးအဖွဲ့(မောင်တော) | ၀၄၃-၅၅၀၈၉ |
| ➢ အထူးအဖွဲ့(ကလေး) | ၀၉၄၇၀၇၂၂၀၂ |
| ➢ အထူးအဖွဲ့(မကွေး) | ၀၆၃-၂၃၃၇၄/၂၅၀၁၆ |
| ➢ အထူးအဖွဲ့(မိတ္ထီလာ) | ၀၆၄-၂၄၇၁၄/၂၃၀၅၄ |
| ➢ အထူးအဖွဲ့(မန္တလေး) | ၀၂-၇၃၈၃၀ |
| ➢ UNIAP | ၀၁-၂၅၄၈၅၂/၂၅၄၈၅၃ |

အထူးအဖွဲ့ - လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့

www.burmeseclassic.com



# ရေပေါ်ဆီ

❄ သူ့ကိုယ်သူ ဆီဆိုပြီး
ရေကိုအထင်သေး
မစင်ဆေးတဲ့နေရာထိရောက်
လက်ညှိုးငေါက်ငေါက်ထိုးလို့။
❄ ရေအသက် တစ်မနက်တဲ့
အဖြေမခက်တဲ့ပုစ္ဆာကို
အနေခက်အောင် လုပ်လာလည်း
ချေဖျက်မရတဲ့ သာဓက
ကမ္ဘာကြီးတည်ရှိနေတာကိုက သက်သေလေ။
❄ သူကိုယ်တိုင်ကျ
မလှတဲ့အဆင်းနဲ့
ထမင်းဆိုင် လက်ဆေးဇလုံထဲက
ဝေ့ဝေ့ဝဲဝဲ
ရေပေါ်ဆီ အနည်းအကျဉ်းအဖြစ်နဲ့
ကြွက်တွင်းထဲ လောင်းချခံရ
ခြော်.....
အကြောင်းမလှတာတော့ အမှန်ပဲကွယ်။ ။



လမင်းသစ္စာ



www.burmeseclassic.com

www.burmeseclassic.com

# မှုခင်း Point အမြင်

## သာမန်ဝန်ထမ်းတစ်ယောက်အကြောင်း



ငြိမ်းချမ်း (မြည်)

- မိဘဆွေမျိုး အားမကိုး
  ကိုယ့်ခြေကိုယ်ရပ်
  ကျောင်းထွက်ခဲ့တယ်။
- ကျရာနေရာ
  ပေးအပ်တာဝန်
  ကျေပွန်အောင်ထမ်းရွက်
  ထက်မြက်ဝန်ထမ်းတစ်ဦး ဖြစ်ရမည်ပေါ့
  ရိုးရိုးကျင့် မြင့်မြင့်ကြံ ဘဝပုံစံကို
  ဂုဏ်ယူနေမိတယ်။
- ရိုးသား ကြိုးစား တိုးပွားမည်ပေါ့
  မုန်းချက်နဲ့ နမ်းထွက်မကိုက်
  ဈေးတွက်မကိုက်ဘူးလို့ အချို့ကပြောတယ်။
- သုံးဆယ်လုပ်သက်
  ငါးဆယ်အသက်
  သတ်မှတ်အဆင့်နဲ့
  နေခွင့်ရတာပဲ ကျေးဇူးတင်ရမယ်။
- သားနှစ်ယောက်ဘဝရှေ့ရေး
  တွေးတွေးရင်လေးတယ်။
- သားအကြီးက ကျောင်းထွက်
  အငယ်ကောင်အတွက် အလုပ်လုပ်တယ်။
- ခွင့်ပြုတဲ့ အိမ်ခန်းစုတ်မှာ
  ဘဝကိုမြှုပ်နှံလို့မရ
  ပြုတ်ပြောင်းနုတ် မောင်းထုတ်ခံရမှာ
  ကြိုတင်တွေးမိသော်လည်း
  ဘဝကခါး မှန်ဝါးဝါး။
- အချို့ကျ
  ကောင်းသောနေရာ
  မကောင်းသောနေရာ
  နတ်ပြည်တစ်လှည့် ငရဲပြည်တစ်ခါ
  အလှည့်ကျတာဝန်ထမ်းဆောင်ရမည်တဲ့။
- သို့သော်
  သူများတွေ နတ်ပြည်ကို အလီလီတက်နေချိန်
  ကျွန်တော်က ငရဲပြည်ရုံးထဲက မထွက်နိုင်
  ဘယ်တော့နတ်ပြည်ရောက်မှာလဲ
  မိသားစုနောင်ရေး ရင်လေးမိတယ်။
- မည်သူ့ကိုမျှ အပြစ်မတင်
  မိမိကိုယ်သာ ဘဝင်မကျဖြစ်မိ။
- ဘဝကို
  အစမှအဆုံး
  ပြုံးပြုံးရင်ဆိုင်
  မှိုင်တွေနေလို့မရ
  ဖွဲတစ်ဆုပ် ကိုင်နိုင်သည်အထိ
  ရိုးသား ကြိုးစားသွားမည်။



www.burmeseclassic.com

www.burmeseclassic.com



# လူနှင့်ပုရွက်ဆိတ်

❊ တစ်ကောင်တစ်စေ့၊ တရွေ့ရွေ့ချီ
ကိုယ်စီအားမာန်၊ ရှန်းကန်လှုပ်ရှား
လှုသွားရှုံးလောက်၊ မဖောက်မပြန်
လမ်းကြောင်းမှန်စွာ၊ ဖွေရှာသက်မွေး
နိုင်စွေး၊ နက်ချိုတ်၊ ပုရွက်ဆိတ်သည်
တိရစ္ဆာန်သော်မှ ဟုတ်ပါစ။

❊ လူနှင့်ပုရွက်၊ ချိန်ခွက်ပေါ်တင်
ချိန်ခွင်ပေါင်ညှိ၊ မချိအောင်ကွာ
ဉာဏ်လည်းသာစွ မနုဿ။

❊ သို့သော်လည်းလေ၊ လူ့ပြေ(ပြည်)လူ့ရွာ
လူ့ကမ္ဘာ၌၊ ရေသာခိုစီး
အပူမီးစား၊ အထက်ဖားအောက်ဖိ
'နိုတိကျမ်း' လွတ်၊ မကျွတ်ဉာဉ်ဆိုး
'ခေါက်ရိုးကျိုး' ကို၊ ပုရွက်နိုးသော်
ပုံဖော်နိုင်းထုတ်၊ အလုပ်ကြိုးစား
ရိုးသားကိုယ်စီ၊ ပန်းတိုင်ဆီသို့
တူညီပြုပြင်၊ ခရီးနှင်မည်
ရွှေပြည်အရောက်လှမ်းကြစို့။ ။

**မောင်ပန်းဝေ** (တောင်တွင်း)





www.burmeseclassic.com

www.burmeseclassic.com



# မမေ့အပ်သူ

* ကောင်းဇမ္ဗူတလူလူလွှင့်
သေပန်းပွင့်ခဲ့သူ။
* အမုန်ကိုဆုပ်ကိုင်
မယိမ်းယိုင်ခဲ့သူ။
* အဲဒီလူကို
အပူမကာမ်း
နောက်တန်းကကူ
အဖြူမယား
မေ့ကျန်ထားတော့
နားခါးရင်နာ
သူ့ခများ
မေတ္တာပြည့်လေ
မွန်းကျပ်နေ၏ ရင်မချို။



ကျော်မျိုးနွယ်(မောင်နေခြည်)



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းမွေတစ်ခုထားခဲ့ပါ

❋ လူဖြစ်လာရ၊ တစ်ခဏဝယ်
အိုရနာရ၊ သေရမည်မှာ
ဓမ္မတာမို့–
ရှောင်ခွာပြေး၍မလွတ်နိုင်။
❋ သင်သေသွားလျှင်၊ သင်မွေးဖွားရာ
သင့်ရပ်ရွာတွက်၊ ဥစ္စာစီးပွား
ကြီးမားခြေမြင့်၊ ကျန်ကောင်းသင့်၏။
❋ သင်သေသွားလျှင်၊ သင်မွေးဖွားရာ
သင့်ပြည်ရွာတွက်၊ စာပေအနု
ယဉ်ကျေးမှုလည်း၊ အထုနိုင်မာ
ဝေဖြာတိုးမြင့်၊ ကျန်ရှိသင့်၏။
❋ သင်သေသွားလျှင်၊ သင်မွေးဖွားရာ
သင့်ပြည်ရွာတွက်၊ ရွှန်းလက်ရောင်ဝါ
သာသနာနှင့်၊ မေတ္တာရေချမ်း
သစ္စာပန်းတို့–
လန်းဆန်းမွေးကြိုင်လှိုင်ပါစေ။ ။

**မောင်ထည်ဝါ**(ချော်ဘွယ်)





www.burmeseclassic.com

www.burmeseclassic.com



# နွေလယ်အိပ်မက်

❊ နွေလယ်နေ့ခင်း
အရိပ်ကင်းမဲ့လွင်ပြင်
လေမင်းခရီးနှင်တော့
ပူရှိန်ပြင်းပြီပေါ့။
❊ သာလွန်ပ ဂိမှာန်ခါ
လေမလာ မိုးမရွာ
တိမ်သလ္လာရယ်ပျောက်
မြက်တွေလည်းခြောက် နွယ်လည်းကောက်
ရွာမယ်ဆို မိုးတစ်ပေါက်
စောင့်မျှော်ကြိုဆဲတစ်ထောက်။
❊ ပူကဲတဲ့ နွေလယ်ညက
အတွေးပို အိပ်မောကျတဲ့
ဖားရွှေကို အိပ်မက်ပုံ
ဖက်ကြားဆို မိုးစိုစိုမှာ
လေတိုးသံ သံစဉ်အသွားနဲ့
မြက်ခြောက်တွေရေသောက်
နွယ်တွေလည်း ဖျောက်စေရာ
အုံးအောင် မြည်ကာမျှ
ပပ်ကြားအက်ကြား ပက်လက်လန်ကျ။
❊ ဩော်.....အိပ်မက်မှန်းထ.....အတွေးစ
အာတွေလည်းခြောက် ပူရှိန်တောက်
မြက်ခြောက်လည်းကြွေ နွယ်လည်းသေ
ဖြစ်မြဲတာစေ မမေ့တာနွေ။ ။



နိုင်ခင်ရွှေ



www.burmeseclassic.com

www.burmeseclassic.com

# မှခင်း [illegible] အမြင်

## အမှောင်ခွင်း အလင်းဆောင်


* လူမိုက်ကိုရှောင်
အိုအောင်ပင် မသင်းရဲ
အလင်းဆောင် ဆရာမြတ်ကို
ဆည်းကပ်မှီခဲ။

* လူမိုက်ကိုရှောင်ပါ
မင်္ဂလာတစ်ပါး
ယဉ်တာတွေ အစဉ်သာတော့
ပြည့်ရှာအင်အား။

* လူမိုက်ဟူသည်
ပြည်သူကိုဒုက္ခပေး
မကြည်ဖြူ အမှောင်တွင်းမှာ
လင်းရောင်နှင့်ဝေး။

* မြတ်ကာဝိဆရာတွေ
ပြေ(ပြည်)မြန်မာမွေးဖွားပေး
လူသားတွေ လမ်းမမှားအောင်
သင်ကြားစေရေး။ ။

**ရွှေညာမောင်ကြီး**
[illegible]





www.burmeseclassic.com

www.burmeseclassic.com



# 'ပိုး' ထတဲ့ည

❄ အရေပြားကိုအရောင်တင်
ဆံပင်ကိုဆေးဆိုးပြီး
ကော့ကလန့်ကနေတဲ့
စင်တင်ညတွေမှာ
လှိုင်းမူးနေတဲ့သူတွေက
အော့အန်ထတဲ့အထိ
အဖျားတက်နေကြတယ်။

❄ ဘဝရေတာတိုတိုမှာ
အရသာချိုချိုရှာရင်း
အငှားခန္ဓာနဲ့ အသပြာတို့
စိန်ပြေးတမ်းကစားနေကြလေရဲ့။

❄ ဓားသွားပေါ်ကပျားရည်စက်
ဘယ်လောက်ပဲချိုချို
လျှာကိုဓားရှခံရတဲ့နေ့
အဲဒီပျားရည်ချိုဟာ
ခါးသက်လိမ့်မယ်။ ။



နန်းချိုဝင်း (စိတ်ပညာ)



www.burmeseclassic.com

www.burmeseclassic.com




ကျောင်းဖွင့်ရာသီ ရောက်ပြန်ပြီ။ အင်္ကျီအဖြူ ကျောင်းစိမ်းလုံချည်လေးတွေ ကိုယ်စီဝတ်ပြီး ကျောပိုးအိတ်လေးတွေလွယ်လို့ ပြေးပြေးလွှားလွှား ကျောင်းတက်နေကြတဲ့ အနာဂတ်သားကောင်းလေးများရဲ့မြင်ကွင်းက ရင်ကိုကြည်နူးစေပါတယ်ဗျာ။ စာရေးသူရဲ့ မြေးမလေးလည်း ဒီနှစ် မူလတန်း စတက်လေရဲ့။ တစ် နေ့ ကျိုက်လတ်မြို့က တပည့်လေးတစ်ယောက် အိမ် ကိုရောက်လာတယ်။

"ဆရာ ဆရာ့မြေးတွေထဲမှာ အလယ်တန်းတို့၊ အထက်တန်းတို့တက်နေတဲ့ ယောကျ်ားလေးများရှိလား"

"ဘာဖြစ်လို့လဲ ကိုဝင်းရဲ့"

"ထမရော ဆရာရေ ထမရော"

"မင်းဟာကလည်းကွာ အရင်းမရှိ အဖျားမရှိနဲ့၊ ဘာလဲ ထမရော"

သူက လွယ်အိတ်ထဲက ဂျာနယ်လေးတစ်စောင် ထုတ်ပြီး စာရေးသူကိုထိုးပေးတယ်"

"ဟောဒီမှာ ဖတ်ကြည့်ပါဦး ဆရာရယ်၊ အထက်တန်းတက်နေတဲ့ ကျွန်တော့်သားနှစ်ယောက်အတွက် စိတ်ပူပါရဲ့ဗျာ"

ဂျာနယ်ထဲမှာ "လူငယ်များ ဆေးသောက်မှားနေခြင်း"ဆိုတဲ့ ဆောင်းပါးလေးဖတ်ရပါတယ်။ ကင်ဆာ ဝေဒနာရှင်များ အကိုက်အခဲပျောက်ရန် သောက်သောဆေးကို လူငယ်များက ဖျော်လတ်တက်ကြွစေရန်နှင့် စည်းစိမ်ခံရန် သောက်သုံးကြရာမှ ကျိုက်လတ်မြို့က လူငယ်အချို့ ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံကြီးသို့ ၃ လအတွင်း ၆ ဦးထက်မနည်း ရောက်ခဲ့တယ်လို့ဖတ်ရှုရပါတယ်။




www.burmeseclassic.com

www.burmeseclassic.com



နာကျင်ကိုက်ခဲပြီး အသက်ပါဆုံးပါး တဲ့အထိ ဖြစ်ရတယ်လို့ဆိုပါတယ်။ ကျောင်းသားတွေ ကတော့ ညဘက်စာကျက်တုန်း ဒီဆေးသောက်ထား ရင် မအိပ်ချင်ဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ ....

တကယ်တော့ ဆေးရဲ့အမည်က (TRANDAL) ဖြစ်ပါတယ်။ တရုတ်ဘက်က အများဆုံးဝင်ပြီး အဖြူရောင်ဆေး ၁၀ လုံးတစ်ကတ်ကို ကျပ် ၁၅၀၀ လောက်ပေးရတယ်လို့ဆိုပါတယ်။ ဆေးက ကင်ဆာရောဂါ မရှိတဲ့သူတွေစားရင် ကျောက်ကပ်ကို ပျက်စီးစေနိုင်ပြီး ဆေးပြတ်သွားသူတစ်ယောက်အနေနဲ့ အရိုးတွင်းမှ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲပြီး အသက်ပါဆုံးပါးတဲ့အထိ ဖြစ်ရတယ်လို့ဆိုပါတယ်။ ကျောင်းသားတွေကတော့ ညဘက်စာကျက်တုန်း ဒီဆေးသောက်ထားရင် မအိပ်ချင်ဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ သောက်နေကြလေရဲ့။ ယခုသုံးလေးလအတွင်း ကျိုက်လတ်နဲ့ ဖျာပုံမြို့တွေမှာ ထမရောဆေးပြားများဟာ ဈေးကွက်အသစ်တစ်ခုအနေနဲ့ ရောက်ရှိခဲ့ပြီး လူငယ်ထုအတွင်းမှာ ဗက်ရှင်ဆေးဝါးတစ်မျိုးလို ဖြစ်လာတယ်လို့ဆိုပါတယ်။ ရောဝတီတိုင်းဒေသကြီးက မြို့နှစ်မြို့မှာ အသက် ၂၀ ဝန်းကျင်အရွယ် လူငယ် သုံးပုံနှစ်ပုံဟာ ထမရောကျေးကျွန်အဖြစ် ရောက်ရှိနေတယ်လို့ဆိုပါတယ်။ ဝမ်းနည်းစရာပါ။



ရောဂါကြောင့်သောက်တဲ့ဆေးကို မူးယစ်ဆေးအဖြစ် အလွဲသောက်သုံးခြင်းမျိုးပါ။ ယခင်ကလည်း BPI ထုတ် ကွန်မီသာဖင်ချောင်းဆိုးပျောက်ဆေးရည်ကို အလားတူသောက်သုံးခဲ့တဲ့ သာဓကလည်းရှိကြောင်းပါဗျာ။

စာရေးသူတို့တိုင်းပြည်ဟာ အခြားဖွံ့ဖြိုးတိုးတက်တဲ့ ဥရောပနိုင်ငံတွေနဲ့ပဲကြည့်ကြည့်၊ အာရှပတ်ဝန်းကျင် နိုင်ငံတွေနဲ့ပဲကြည့်ကြည့် ခေတ်နောက်ကျကျန်ရစ်ခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ လက်ရှိအစိုးရအနေနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတဲ့အချိန်လည်းဖြစ်ပါတယ်။ အနာဂတ်ဟာ လူငယ်တွေရဲ့လက်ထဲမှာပဲ မဟုတ်ပါလားဗျာ။ အကျင့်စာရိတ္တကောင်းမွန်တဲ့

www.burmeseclassic.com



ကျောင်းသား၊ ပညာထူးချွန်တဲ့ကျောင်းသား၊ စည်းကမ်းရှိတဲ့ကျောင်းသား၊ ကျန်းမာသန်စွမ်းတဲ့ကျောင်းသားတွေဖြစ်ပါမှလည်း နိုင်ငံ့ရဲ့အား၊ သားကောင်းတွေဖြစ်ပါလိမ့်မယ်။ အဲဒါကြောင့် အခုလို ကျောင်းသားတွေအပါအဝင် လူငယ်တစ်ရပ်လုံး ရောဂါဆေးကို မူးယစ်ဆေးအဖြစ် အလွဲသုံးနေတယ်ဆိုတဲ့ အန္တရာယ်ကို ပျောက်အောင်တိုက်ဖျက်ရာမှာ ဆရာနဲ့မိဘတွေနဲ့တင် မပြီးပါဘူး။ ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ အများပြည်သူတွေကပါ အမြင်ကျယ်ကျယ်၊ စေတနာသန့်သန့်နဲ့ ဝိုင်းဝန်းကြိုးပမ်းကြဖို့လိုပါတယ်။

တကယ်တော့ ကင်ဆာဝေဒနာရှင်များသာ သောက်သုံးရမယ့် ထမရောဆေးပြားဟာ မူးယစ်ဆေးဝါးစာရင်းမှာ ပါဝင်ခြင်းမရှိဘူးလို့ဆိုပါတယ်။ ဒီဆေးပြားကို ဝယ်ချင်ရင် ဆရာဝန်ထောက်ခံချက်နဲ့မှဝယ်နိုင်ပေမယ့် စာရေးသူတပည့်လေးပြောတာက သူတို့ဆီမှာတော့ လမ်းဘေးကွမ်းယာဆိုင်တွေမှာတောင် လွယ်လွယ်ကူကူ ဝယ်လို့ရတယ်ဆိုပဲ။ ဒါတောင်မှ လိုင်လဆန်းအထိ သက်ဆိုင်ရာက ဖမ်းဆီးအရေးယူမှု မပြုနိုင်သေးဘူးလို့ဆိုပါတယ်။ ဘာ့ကြောင့်များလဲဗျာ။ ထမရောဆေးပြားဟာ မူးယစ်ဆေးဝါးစာရင်းမှာ မပါဝင်လို့လား။ ဒါဆိုလည်း ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တွေက ထမရောဆေးပြားကို အချိန်နဲ့တစ်ပြေးညီ စိစစ်ပြီး မူးယစ်ဆေးဝါးစာရင်းမှာ စဉ်းစားထည့်သွင်းသင့်ကြောင်းပါ။ မိဘတွေကလည်း ဆေးပြားရဲ့ဆိုးကျိုးကို ဂဃနဏသိရှိအောင် ကြိုးစားပြီး သားသမီးများကို ပညာပေး၊ တားမြစ်ရမှာဖြစ်သလို တစ်ဖက်မှာလည်း သတင်းရသမျှကို သက်ဆိုင်ရာ စိစစ်အရေးယူနိုင်တဲ့ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များထံ အကြောင်းကြားဖို့လိုပါ တယ်။ တာဝန်သိပြည်သူတစ်ယောက်အနေနဲ့ ငါ့သားသမီးတွေက ငယ်သေးတယ်၊ ၁၈၊ ၁၉ နှစ်အရွယ်မှ မရှိသေးတာ၊ ငါတို့မှာ သားသမီးမှမရှိတာစတဲ့ အတွေး တွေနဲ့ မျက်နှာလွှဲခဲပစ် မဖြစ်စေချင်ပါဘူးဗျာ။

စာသင်ကျောင်းထဲက၊ စာသင်ကျောင်းပြင်ပက လူငယ်တိုင်းဟာ နောင်တိုင်းပြည်အတွက် သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့တွေပါပဲ။ သူတို့လေးတွေအတွက် ကျရောက်လာမယ့် မူးယစ်ဆေးအန္တရာယ်ကို ဆရာ၊ မိဘ၊ ပြည်သူ လက်တွဲညီစွာ ကာကွယ်တိုက်ဖျက်ရအောင်လားဗျာ။

**ကိုကိုအောင် (အလုပ်သမား)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## သံယောဇဉ်လျော်ကြေး



ကိုမိုး (ရွှေပြည်သာ)

လှိုင်သာယာနှင့် ရွှေပြည်သာကို ကူးဆက်ထားသော ရွှေပြည်သာတံတားအဆင်း ရွှေပြည်သာဘက်အခြမ်းရှိ စက်မှုဇုန်တိုက်ခန်းများကြား ကိုတုတ်ကြီးတို့ ဆိုက်ကားဂိတ်ရှိနေသည်။ ယခုအခါ သစ်တောဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန အရာရှိများ ဝန်ထမ်းအိမ်ရာများရှိသကဲ့သို့ သီးခြားပုဂ္ဂလိကတိုက်ခန်းများလည်း ရှိလာကြသည်။ ယခင်က ထိုတိုက်ခန်းများနှင့် အနီးဆုံး (၁၉၉)ကားကြီးဂိတ်ဆုံးဖြစ်ခဲ့ဖူးရာ ထိုနေရာကို အစွဲပြု၍ ဆိုက်ကားဂိတ်ကိုလည်း ဝမ်းနိုင်းနိုင်းဂိတ်ဟု အများကခေါ်ခဲ့ကြပါသည်။



ထိုဆိုက်ကားဂိတ်၏နင်းသား ကိုတုတ်ကြီးထံ အုံနာခတောင်းရန် ပိုင်ရှင်ဦးမိုးအောင်ရောက်ရှိလာသည်။ ငါးရက် တစ်ကြိမ်လာ ရောက်ယူနေကျပင် ဖြစ်၍ နီးစပ်ရာ ဆိုက်ကားသမားတစ်ယောက်ကိုအရင် မေးလိုက်သည်။

"ဟေ့...ကတုံးရေ တုတ်ကြီးဘယ်သွားနေလဲ"

"ဟိုဘက်ကားလမ်းအကျော်ကွမ်းယာဆိုင်နားမှာ ဖယ်တောက်နေတယ် အစ်ကို၊ အဲဒီကိုသွားလိုက်"

ဖယ်ခုံရှိရာသို့ ဦးမိုးအောင်ခပ်သွက်သွက်ပင် လျှောက်သွားလိုက်ပါသည်။

"ဟေ့..ကိုတုတ်ကြီး အုံနာခပေးလေ"

ဖယ်ဝိုင်းထဲမှ ကိုတုတ်ကြီးကပြန်၍ပင်လှည့်မကြည့်ဘဲ တောက်လက်စဖယ်စေ့ကို ချိန်၍တောက်လိုက်ပါသည်။

"အစ်ကို ဂိတ်တဲမှာပဲဆက် စောင့်နေလိုက်ပါ၊ ကျွန်တော့်မိန်းမလာတော့မှာ၊ သူပေးလိမ့်မယ်"

"ဆိုက်ကားက ခင်ဗျားနင်းတာမဟုတ်ဘူးလား"

"ဟုတ်ပါတယ် အစ်ကိုရာ၊ အစ်ကိုကအရမ်းရစ်တာပဲ၊ ဆိုက် ကားက



www.burmeseclassic.com

www.burmeseclassic.com



ဂိတ်မှာ ပိုက်ဆံသိပ်ရတာ မဟုတ်ဘူး၊ မိန်းမကိုပဲ ကြိုပို့လိုက် နေရတာမို့ ဆိုက်ကားခကို အစ်ကို့ ညီမက ပေးမယ်ပြောထားလို့ပါ''

နောက်ထပ်စကားမပြောတော့ဘဲ ဦးမိုးအောင်က ကားလမ်းပြန်ကူးလိုက်သည်။ ပြီးမှ ဂိတ်တဲအတွင်း ပြန်ဝင်ထိုင်၍ စောင့်နေလိုက်ရသည်။ သိပ်မကြာလိုက်ပါ။ ဆိုက်ကားဂိတ်နှင့် သိပ်မဝေးလှသော ကားဂိတ်တွင် ဘတ်စ်ကားတစ်စီး ထိုးရပ်လာခဲ့ကာ တုတ်ကြီး၏ဇနီး အမာ ကားပေါ်ကဆင်းလာသည်။ ဆင်းလာပြီးသည်နှင့် ဆိုက်ကားဂိတ်တဲထဲ ဝင်ရောက်လာခဲ့၏။ သည့်တွင် ဦးမိုးအောင်က.....

''ဟဲ့.....အမာရေ နင့်ယောကျ်ားက ဆိုက်ကားခကို နင့်ဆီကပေးမယ်လို့ပြောတယ်''

ဟု လှမ်းပြောလိုက်သည်။

''ဟာ.....ဦးလေးကို ပေးလို့မရဘူး၊ ကိုတုတ်ကြီးကတော့ သူ့ဘာသာသူ ရှာမပေးဘဲနဲ့ ဘာလုပ်ပြန်ပြီလဲမသိဘူး''

ထိုအချိန်မှာပင် တုတ်ကြီးဖယ်တောက်ခဲ့ပြီး၍ ဂိတ်တဲဆီသို့ ပြန်ရောက်လာသည်။

''မိန်းမရေ ငါးရက်စာအုံနာခ ပေးလိုက်ပါကွာ''

''မပေးနိုင်ဘူး၊ ဒီနေ့ရောင်းရတာတွေက အကြွေးတွေချည်းပဲ၊ မနက်ဖြန်ကျတော့ ရှင်လည်း ရသလောက်နင်းပေး၊ နည်းနည်းလိုတာ ကျွန်မစိုက်ပေးမယ်၊ ဟုတ်တယ် ဦးလေး၊ အုံနာခ မနက်ဖြန်မှ လာယူပါ''

စောင့်သာစောင့်ခဲ့ရပြီး အဆင်မပြေဖြစ်ရသော ဦးမိုးအောင် ဘာမျှမတတ်နိုင်တော့ဘဲ ပြန်လှည့်ထွက်လာခဲ့မိပါ၏။

♛♛♛♛♛

အမာက ကြက်ခြေထောက်၊ ကြက်ခေါင်းနှင့် ကြက်အူများကို CP ကြက်သားများထုတ်လုပ်သော ကြက်သားဆိုင်မှ နေ့စဉ်သွားယူရောင်းချနေသူဖြစ်သည်။ အသည်းအမြစ်အစုံများကိုလည်း ကြက်ခြေထောက်၊ ခေါင်းများနှင့် တွဲစပ်ရောင်းချပေးလေ့ရှိသည်။

အသည်းအမြစ်က ခေါင်း၊ ခြေထောက်ထက် ဈေးကောင်းရပြီး အမြတ်လည်း သိသိသာသာပိုကျန်သည်ပင်ဖြစ်ရာ ဆိုင်မှ အသည်း





www.burmeseclassic.com

www.burmeseclassic.com

အမြစ်အရွယ်ကြီးကြီး လိုချင်ကြသည့်ကမ္ဘာပင်။ ကြက်အသည်းအမြစ်များကို ခြေထောက်၊ ခေါင်း ဝယ်ယူသမျှနှင့် ချိန်ကိုက်ပေးလေ့ရှိသည့်ပင်ဖြစ်ရာ ဝယ်သူမိန်းကလေးများက အရောင်းစာရေးအမျိုးသားများကို စကားလုံးလှလှလေးများနှင့်တစ်မျိုး၊ မိန်းမတို့၏ မာယာနှင့်တစ်ဖုံ ဆွဲဆောင်ခဲ့ကြကာ စည်းရုံးရေးဆင်းလေ့ရှိကြပါသည်။

ခင်မင်လာခဲ့၍ သီးခြားချိန်းတွေ့ခဲ့လျှင်လည်း စားသောက်ဆိုင်တွင် အကျွေးအမွေးနှင့် ဧည့်ခံလေ့ရှိခဲ့ပါ၏။ သို့မှသာ အရွယ်ကြီးသော အတွဲများကို တာဝန်ခံက ရွေးချယ်ထည့်ပေးလေသည်။

အသည်းအမြစ်က အလေးချိန်နှင့် ရောင်းချသည်မဟုတ်ဘဲ အတွဲအရေအတွက်နှင့်သာ ငွေပေးချေရပါ၍ ခပ်ကြီးကြီးရလျှင် အမြတ်ပိုကျန်လေ့ ရှိခဲ့ရသည့်ပင်။

ဝယ်သူများတန်းစီထားရင်းကမှ အရောင်းတာဝန်ခံ ကိုရင်အေးအနီး အမာရောက်ရှိလာသည်။

"ကိုရင်အေးကြီး ကြီးတာတွေ ရွေးထည့်ပေးနော်၊ အပိုလည်း ထည့်ပေးဦး"

အသံကြားတော့မှ ကိုရင်အေး ထိုင်ရာက မော့ကြည့်လိုက်မိသည်။ ကိုရင်အေး မော့အကြည့်မှာပင် အမာက မျက်လုံးတစ်ဖက်ကိုပါ မှိတ်ပြလိုက်သည်။

**အိမ်ထောင်ရှိပြီးသား**
**ကိုရင်အေးသည် ကြက်ဒိုင်တွင်**
**အလုပ်လုပ်နေခဲ့ပြီး အမာနှင့်တွေ့ဆုံခဲ့ကာ**
**ဆက်ဆံရေးပို၍အဆင်ပြေသော**
**သဘာဝလွန်ခင်မင်မှုများသို ရောက်ရှိလိုစိတ်**
**ဖြစ်ပေါ်ရပါသည်။**
**အမာ့တွင်.....**

"နင်က ပိုလိုချင်တာပဲ သိတာလေ၊ ရော့.....အပိုသုံးစုံထည့်ပေးလိုက်တယ်၊ ငါ့ကိုလက်ဖက်ရည်တိုက်"

ပေးရမည့်အရေအတွက်ထက် သုံးစုံပိုထည့်ပေးလိုက်ပြီး ကိုရင်အေးက ခပ်တိုးတိုးလေးပြောလိုက်သည်။

"လက်ဖက်ရည်တင်မကဘူး ကိုရင်အေး၊ ရှင်ကြိုက်တာ အကုန်ဝယ်ကျွေးပါမယ်"

"အလုပ်ပြီးရင် တညင်းကုန်းဘက် ငါလာခဲ့ရမှာဟ၊ အဲဒီကျမှ လက်ဖက်ရည်လာသောက်မယ်၊ ဘူတာထိပ် ကားဂိတ်နားက စောင့်ရမှာလား၊ နင်ဈေးရောင်းတာ ဘယ် အချိန်လောက်ဆိုပြီးသလဲ"

"မနက်ပိုင်း ၁၁ခွဲဆိုရင် ကုန်တယ်တော့၊ ညနေဈေးကိုလည်း ပြန်ကူးရမှာဆိုတော့ ရှင်ကြီးလာမယ်ဆိုရင် ၁၁ နာရီခွဲထက်နောက် မကျနဲ့၊ ဘူတာဈေးရှေ့ ကားဂိတ်ကစောင့်နေ၊ ကျွန်မ ထွက်လာခဲ့လိုက်မယ်"

အိမ်ထောင်ရှိပြီးသား ကိုရင်အေးသည် ကြက်ဒိုင်တွင်အလုပ်လုပ်နေခဲ့ပြီး အမာနှင့်တွေ့ဆုံခဲ့ကာ ဆက်ဆံရေးပို၍အဆင်ပြေသော သဘာဝလွန်ခင်မင်မှုများသို ရောက်ရှိလိုစိတ် ဖြစ်ပေါ်ရပါသည်။ အမာ့တွင် ယောက်ျားရှိနေသည် မရှိသည်ကို ကိုရင်အေး မသိချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်အေး၌လည်း မိသားစုများရှိနေသည်ဟု အမာသိစရာလိုမည် မထင်ပေ။

လုပ်ငန်းသဘော ဆက်ဆံမိခဲ့ကြရင်း မိတ်ဆွေရင်းချာလို ပတ်သက်ခဲ့ကြကာ မည်သည့်အတိုင်းအတာအထိ ရောက်ရှိမည်ကို သူတို့ ခန့်မှန်းမထားကြချေ။ ပေါ့ပေါ့တန်တန်ပင် တွေးထားခဲ့ကြပြီး တိုးသထက်တိုးလာနေသော ပတ်သက်မှုက တရွေ့ရွေ့နှင့် ခရီးဆက်ခဲ့မိပြီပင်။ နေ့လယ် ၁၁ နာရီခွဲဖို့ ၁၀ မိနစ်ခန့်တွင် တည င်းကုန်းဘူတာအနီးသို့ ကိုရင်အေး ရောက်ရှိလာခဲ့သည်။ အမာက ဈေးရောင်းသည့်တောင်းကို ပွေ့ပိုက်၍ ဘူတာဈေးထိပ်ဆီသို့ ထွက်လာခဲ့လိုက်သည်။ နှစ်ယောက်တွေ့ဆုံချိန်က ၁၁ နာရီ ၃၅ မိနစ်ဖြစ်သည်။

"ကဲ...လာ ကိုရင်အေးကြီး၊ ရောက်နေတာ ကြာပြီလား၊ ကျွန်မတို့ ဘူတာရဲ့ဟိုဘက်ခြမ်းကဆိုင်မှာ သွားသောက်ကြမယ်လေ"

ပြောပြီးသည်နှင့် အမာက ကားလမ်းကို ဦးစွာဖြတ်ကူးလိုက်သည်။ နှစ်ဦးသား လက်ဖက်ရည်ဆိုင်ထဲသို့ အတူပင် ဝင်ရောက်ခဲ့ကြပါ၏။

"ကဲ.....မှာလေ ကိုရင်အေး၊ ဘယ်လိုသောက်မှာလဲ၊ ဘာစားချင်လဲ"

**သည့်နောက်တွင်မတော့**
**အနှောင့်အသွားမလွတ်သောစကားများကို**
**ကိုရင်အေးက အစပြု၍ ပြောဆိုခဲ့လေသည်။**
**အမာက လည်း**
**ပါးချိုင့်လေးများပင်ပေါ်အောင်ပြုံးရင်း......**

"ကျွန်တော်က အမာသွားလာလှုပ်ရှားနေတာ၊ ဈေးရောင်းသွက်တာတွေကိုကြည့်ပြီး ပျော်နေတာဗျ။ အခု တကယ်ပဲ လက်ဖက်ရည်အတူတူသောက်ခွင့်ရတာနဲ့ ရင်ထဲပြည့်နေပါပြီဗျာ"

"တော်ပါ၊ ဒါတွေပြောမနေနဲ့တော့၊ ကျွန်မက ပေါ့ဆိမ့်သောက်တာ၊ ရှင်ဘယ်လိုသောက်မလဲ"

"ကျွန်တော်တို့က ညဘက်အလုပ်လုပ်ရတာဆိုတော့ သောက်နေကျ ကျဆိမ့်ပဲသောက်မယ်ဗျာ"

"ဟော့.....ကလေးရေ အစ်မတို့ကို ပေါ့ဆိမ့်နဲ့ ကျဆိမ့် နှစ်ခွက်ပေး"

သည့်နောက်တွင်မတော့ အနှောင့်အသွားမလွတ်သောစကားများကို ကိုရင်အေးက အစပြု၍ ပြောဆိုခဲ့လေသည်။ အမာကလည်း ပါးချိုင့်လေးများပင်ပေါ်အောင်ပြုံးရင်း ကျေနပ်ကြည်နူးသည့် စကားလုံးလှလှလေးများနှင့် တုံ့ပြန်ခဲ့ပါသည်။

နောက်ပိုင်း သူတို့နှစ်ယောက်၏ တွေ့ဆုံမှုများက လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များအချို့တွင် ဆုံတွေ့ခဲ့ကြရင်း ပိုမိုရင်းနှီးလာခဲ့ပေသည်။

ထိုသို့ဆုံတွေ့ရမှုများမှတစ်ဆင့် ကိုရင်အေးက စရိတ်စကမျှသာမက သီးခြားလက်ဆောင်များလည်း ပေးအပ်ခဲ့ကာ အမာနှင့် နီးစပ်စွာနေခွင့်ရရေး ကြိုးစားခဲ့ပါ၏။ အချိန်ကို ရှည်ကြာစွာဆွဲထားသော အမာ၏ စီးပွားရေးလျှို့ဝှက်ချက်ကိုတော့ ကိုရင်အေး မသိနိုင်ဘဲ ဈေးရောင်းပြီးသည်နှင့် နေ့ခင်းပိုင်း ရက်အတော်များများကို အမာနှင့်ချိန်းဆိုစကားပြောခဲ့ပါတော့၏။ အိမ်ပြန်ချိန်တချို့ကိုပါ ဖဲ့ချွေ၍ ဖိုင်စိုးဖို့ ကြိုးစားခဲ့ပါ၏။

နောက်ပိုင်းရက်များတွင်တော့



www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်အချိန်းအချက်လုပ်ထားခဲ့ပြီး စားသောက်ဆိုင်များ၏ ချောင်ကျကျ စားပွဲတစ်ခုတွင် ကိုရင်အေးကြိုရောက်နေတတ်ပါသည်။ ပုံမှန်အချိန်ပင် တောင်းလက်ကျန်ကို သယ်မ၍ အမာက စားသောက်ဆိုင်ထဲ ဝင်ရောက်နေရာယူပါသည်။

"ကဲ.....အမာဘာသောက်မှာလဲ၊ ပြော"

"ဒီနေ့ ကျွန်မ လက်ဖက်ရည် မသောက်တော့ဘူး ကိုရင်အေး"

"ဘာလို့မသောက်တာလဲ၊ ကိုယ်က အဝေးကြီးကနေတောင်လာရတာ၊ ကိုယ် အမာ လက်ဖက်ရည်သောက်နေတာလေးကို တွေ့မြင်ချင်လို့ပါ"

"ရှင်နဲ့လက်ဖက်ရည်ဆိုင်ထိုင်တာက အကြောင်းမဟုတ်ဘူး၊ ဈေးသည်တွေ ရိပ်မိကုန်မှာကို ကျွန်မက စိုးရိမ်တာပါ"

"ဟာ.....ကိုယ်က အမာ့ကို တစ်နေ့မတွေ့ရရင် မနေနိုင်အောင်ကို ဖြစ်နေပြီ"

"အံမာ.....ပိုတာပါ၊ ဒီမှာ နေ့တိုင်းအလုပ်လုပ်နေရတဲ့သူအချင်းချင်း ရင်ခုန်သံကို ဦးစားမပေးရဘူးသိရဲ့လား"

"ရင်ခုန်သံက တစ်ခါတလေမှ ဖြစ်ရတာပါဟ အမာရဲ့"

"ဒါပေမဲ့လည်း သည်းခံစောင့်ဦးမှပေါ့ ကိုရင်အေးရယ်၊ ကျွန်မတို့တွေ့ကြတာမှ ဘယ်လောက်ကြာသေးလို့လဲ"

"ကိုယ်ကတော့ အရင်ဘဝကတည်းက ချစ်ခဲ့ဘူးတယ်လို့ထင်တယ် အမာ၊ မင်းပြုံးလိုက်ရင်ပဲ ကိုယ့်ရင်ခုန်နေရပြီ၊ မင်းက စိတ်အခန့်မသ ငိုလို့ နှုတ်ခမ်းလေးစူရင်လည်း သွားကနေ ချော့မော့ပေးချင်နေတာပါ၊ တကယ်ပါကွာ"

"သိပ်အကဲပိုမနေနဲ့၊ ဒါက ကျွန်မတို့မြို့နယ်ထဲကို ရောက်နေတာ၊ ရှင်တို့ခြံဝင်းထဲမှာမဟုတ်ဘူးသိရဲ့လား"

"ဒါကြောင့် တစ်ရက်လောက် ကိုယ့်နောက်လိုက်ခဲ့ပါလို့ ခေါ်နေတာပေါ့ အမာရ၊ မင်းခြင်းတောင်းကြီးကို ဒီအနားက အသိတစ်ယောက်ယောက်ဆီ အပ်ထားခဲ့ကွာ၊ ကိုယ်တို့ သုံးလေးနာရီလောက် လျှောက်လည်ကြမယ်၊ ညနေဈေးရောင်းလို့ရမယ့်အမြတ်ကိုယ်ပေးမယ်ကွာ၊ ဘယ်လိုလဲ"

"No No ဆရာ မလုပ်ပါနဲ့၊ ဈေးသည်ဆိုတာ ဖောက်သည်ကို ပျက်မခံနိုင်ဘူး၊ ညနေဘက်ကို နက်ပိုင်းက ဈေးအရင်းလေးနဲ့ တက်ရောင်းရဦးမယ်၊ နောက်မှ နောက်မှ အားရင် စဉ်းစားမယ်လေ၊ ခုတလော ကိုရင်အေး ရက်ကြိုက်လာနေတော့ လွန်လွန်းနေပြီ၊



www.burmeseclassic.com



နောက်ဆို နေ့တိုင်းမလာနဲ့တော့၊ နှစ်ရက်ခြားလောက်ပဲ လာတော့နော်”

နေ့တိုင်းလာနေသော ကိုရင်အေးကို အမာက တစ်ဖက်လှည့်နှင့် ရှင်းထုတ်လိုက်ရသည်။ နေ့စဉ်လက်ဖက်ရည်ဆိုင်ထဲ ချိန်းတွေ့သကဲ့သို့ ဖြစ်နေ၍လည်း မြင်ဘူးသူတချို့၏ ကွက်ကြည့်ကွက်ကြည့် အကြည့်ကို အမာခံနေရရှာသည်။ မိမိဘာသာ မလုံမလဲဖြစ်နေသောကြောင့် ပတ်ဝန်းကျင်၏သံသယမျက်လုံးများကို သင့်တော်စွာဖယ်ရှားရန် ကြိုးစားခဲ့ရင်းကမှ ကိုရင်အေး စိတ်ငြိုငြင်အောင် သူမ ပြောခဲ့မိလေသည်။

“ကဲ.....ကိုရင်အေး ဒီနေ့တော့ ရှင်ပြန်လိုက်ဦး၊ ကျွန်မအိမ်အတွက် ဖရဲသီးဝယ်လိုက်ဦးမယ်၊ ကျွန်မထွက်ပြီးမှ နောက်ကလိုက်ထွက်တော့နော်”

ပြောရင်း အမာက စားပွဲမှ ထထွက်သွားလိုက်တော့သည်။ ပြီးနောက် လက်ဖက်ရည်ဆိုင်နှင့်ကပ်လျက် ဖရဲသီးဆိုင်ထဲ ဖရဲသီးတစ်လုံး ဝင်ဝယ်နေလိုက်သည်။ လက်ဖက်ရည်ဖိုးရှင်းပြီး ထွက်လာသော ကိုရင်အေးက ဖရဲသီးဆိုင်ရှေ့ကို မယောင်မလည်နှင့် ရောက်ရှိလာသည်။ ဖရဲသီးကို ဈေးဆစ်ဝယ်ယူနေသော အမာ့ကို တစ်လှည့်ကြည့်လိုက်ပြီး အမာ၏ဈေးခြင်းတောင်းထဲသို့လည်း တစ်ချက်စိုက်ကြည့်လိုက်မိပါ၏။

ပြီးနောက်.....

“အမာ နင်က ငါခေါ်တာကို မလိုက်တော့ ငါ နင့်ဆွဲခြင်းကိုပဲ ခေါ်သွားရတော့မယ်”

ထိုသို့ပြောလိုက်ပြီးသည်နှင့် ဆွဲခြင်းကိုယူသွားပြီး တစ်ဖက်ကားလမ်းကို သူဖြတ်ကူးလိုက်သည်။



“ဟဲ့.....ကိုရင်အေး၊ ရှင်... ရှင် မလုပ်နဲ့လေ”

အမာက လှမ်းအော်ပြောသော်လည်း ကိုရင်အေးက အတော်ဝေးဝေးသို့ပင် ရောက်ရှိသွားပြီဖြစ်သည်။

ကားလမ်းကိုဖြတ်လာသော ၂၂၆ ဘတ်စ်ကားကလည်း အဆင်သင့်ပင် ရထားလမ်းအနီး ရောက်ရှိရပ်တန့်လာခဲ့ရာ ကိုရင်အေးက ကားပေါ်တစ်ပါတည်းလိုက်ပါတက်လိုက်ပါတော့၏။

ရုတ်တရက်ဖြစ်ရသည်မို့ အမာဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ ဖရဲသီးတစ်လုံး လက်ထဲပိုက်ထားရင်း ဆက်သွယ်ရေးတယ်လီဖုန်းရုံအနီး သူမ လျှောက်သွားလိုက်လေသည်။ ချက်ချင်းပင် အမာက ဝမ်းနိုင်းနိုင်းဆိုက်ကားဂိတ်အနီး တယ်လီဖုန်းဆီသို့ ဆက်သွယ်လိုက်သည်။

“ဟယ်လို ဝမ်းနိုင်းနိုင်းဆိုက်ကားဂိတ်နားကလားဟင်”

“----”

“ဟုတ်ကဲ့ ဆိုက်ကားဂိတ်က ကိုတုတ်ကြီးကို ခဏခေါ်ပေးပါလားဟင်”

“----”

“ကိုတုတ်ကြီးလား”

“----”

“ကိုတုတ်ကြီး အခုတည်း



www.burmeseclassic.com

www.burmeseclassic.com



ကုန်းဘက်ကနေ လာနေတဲ့ ၂၂၆ ဘတ်စ်ကား၊ ကားနံပါတ်က--/--မှာ ကျွန်မဆွဲခြင်းကို လုသွားတဲ့ လူတစ်ယောက်ပါလာတယ်၊ အဲဒါ ကားပေါ်ရှင်တက်ပြီး အဲဒီဆွဲခြင်းလုသွားတဲ့လူကို ဖမ်းထားပေးစမ်းပါ၊ ကျွန်မ ဒီကနေ နောက်ကားနဲ့လိုက်လာမယ်နော်၊ ဟုတ်ပြီလား''

''----''

♛♛♛♛♛

ဖုန်းခွက်ကိုချထားပြီးသည်နှင့် တညင်းကုန်းဘက်မှလာမည့် ၂၂၆ ဘတ်စ်ကားကို တုတ်ကြီးစောင့်နေလိုက်သည်။ ခဏအကြာမှာပင် ၂၂၆ ဘတ်စ်ကား ယာဉ်အမှတ် --/-----က ဂိတ်မှာလာရပ်သည်။

ကားရပ်သည်နှင့် ကားပေါ်ကို တုတ်ကြီး အလျင်အမြန် ခုန်တက်လိုက်သည်။ ကားထဲမှ သူ့ဖနီးသည် အမာ၏ဆွဲခြင်းနှင့်လူကို တွေ့လိုက်ရသည်။ တွေ့သည်နှင့် ဆွဲခြင်းကို အရင်ယူလိုက်ရာ.....

''ဟေ့လူ ဘာလို့ကျုပ်ခြင်းကို ယူရတာလဲ''

မေးမြန်းလာသူကို တုတ်ကြီးက ဘာမျှပြန်မပြောဘဲ မျက်နှာဆီသို့ လက်သီးတစ်လုံး ပစ်ထိုးထည့်လိုက်သည်။

''ဒုတ်.....''

''အု.....''


''ဒါ ငါ့မိန်းမဆွဲခြင်းကွ၊ လာမင်း ငါနဲ့လိုက်ခဲ့၊ ဒီဆိုက်ကားဂိတ်မှာ ဆွဲခေါ်ထားဖို့ ငါ့မိန်းမက ဖုန်းဆက်ထားပြီးပြီကွ၊ ငါ့ကိုဘာမှတ်သလဲ''

တုတ်ကြီးပြဿနာဖြစ်နေခဲ့၍ ဆိုက်ကားဂိတ်မှလူတချို့လည်း ကိုရင်အေးကို ဝင်ရောက်ချုပ်နှောင်လိုက်ကြကာ ကားပေါ်မှ ဆွဲခေါ်ထားလိုက်ကြပေသည်။ လျင်မြန်လှသော တုတ်ကြီးနှင့် ဆိုက်ကားနင်းသားအဖွဲ့၏ ချုပ်နှောင်မှုကြောင့် ကိုရင်အေးတစ်ယောက် ဖမ်းဆီးခြင်းခံလိုက်ရသည်။

သည့်နောက်ပိုင်းတွင်မတော့ တုတ်ကြီးနှင့်အမာတို့လင်မယားက တရားလိုအဖြစ် တိုင်ကြားစာကို စက်မှုဇုန်အ်ပိုင်ရဲစခန်းမှ လက်ခံစစ်ဆေးမှုပြုခဲ့ရသည်။ ဦးစွာ ကိုရင်အေးကို ရဲတပ်ကြပ်က မေးသည်။

''ခင်ဗျားဘာဖြစ်လို့ သူများဆွဲခြင်းကို ဆွဲယူပြေးရတာလဲ''

''ကျွန်တော်က ကြက်ဒိုင်အရောင်းစာရေးပါ ဆရာ၊ ဒေွးသည်ဖြစ်တဲ့ ဒီကလေးမကို ကျွန်တော်က အသည်းအခြစ်တွေ ပို



www.burmeseclassic.com

ထည့်ပေးလေ့ရှိပါတယ်၊ ဒါကြောင့် ကျွန်တော့်ပစ္စည်းကို ကျွန်တော်ပြန်ယူရတာပါ''

"ဟာ.....ဒီလိုပြောရင်တော့ ဘယ်ပြည့်စုံမလဲဗျ။ သူ့ဆွဲခြင်းနဲ့ သူ့ ပစ္စည်းကို သူ့လက်ထဲက ခင်ဗျားက ယူပြေးတာပဲလေ၊ ကားပေါ်ကို တက်သွားတာ မြင်တဲ့ သက်သေရှိတယ်၊ ဒီခြင်းထဲကပစ္စည်းကို ခင်ဗျားပစ္စည်းပါလို့ ဘယ်သူကသက်သေလုပ်မှာလဲ''

ကိုရင်အေး အတော်ပင် စိတ် ညစ်သွားရပါ၏။

တရားလိုဖြစ်နေသူ အမာကပင် သူ့ကိုကူညီ ဖြေရှင်းပေးမည့် သက်သေ ဖြစ်သည်ကို အလိုလိုသိ ရှိနေသည်။ အမာ၏ယောကျ်ား တုတ်ကြီးက သူ့အား လက်သီးနှင့် ထိုးထားခဲ့၍ မျက်ကွင်းမှလည်း ရောင်ကိုင်းနေရပါသည်။ ရှင်းရင်းနှင့်မှ ပို၍ရှုပ်လာခဲ့ရာ ရဲတပ်ကြပ်ကြီးက.....

"ခင်ဗျားတို့ ဘယ်လိုဖြစ်ချင်သလဲ၊ ပြောပါဗျာ၊ ကျေအေးမယ်ဆိုရင်လည်း တရားလိုနဲ့ ပြေလည်အောင် ပြောကြပါတော့''

သည့်နောက်ပိုင်းတွင်တော့ ရဲစခန်းတာဝန်ရှိသူ၏ ဖြေရှင်းညှိနှိုင်းပေးမှုကြောင့် ကိုရင်အေးက နစ်နာကြေး ၃၀၀၀၀ ကို သံယောဇဉ်လျော်ကြေးအဖြစ် ရင်းနှီးပေးဆပ်ခဲ့ရလေသည်။

ဆိုက်ကားသမားနှင့် ကြက်ခြေထောက်၊ ကြက်ခေါင်းရောင်းချသူ အမာတို့လင်မယား ငွေ ၃၀၀၀၀ ရပြီး ကျေနပ်စွာပြန်လည်ထွက်ခွာသွားကြသည်ကို ကိုရင်အေးတစ်ယောက် မသက်သာလှ



စွာကြည့်ရင်း ကျန်ရစ်ခဲ့ရရှာသည်။

♛♛♛♛♛

ဆိုက်ကားဂိတ် ဖယ်တောက်ကစားဝိုင်းရှိရာဆီသို့ ဦးမိုးအောင် နောက်ထပ်တစ်ကြိမ် ပြန်လည်ရောက်ရှိခဲ့ရပြန်ပါသည်။ နောက်ကျောပေးထားသော တုတ်ကြီးက ဝိုင်းရှင်ကို လှည့်ပင်မကြည့်ဘဲ.....

"အစ်ကို ခင်ဗျားညီမ ဈေးရောင်းပြန်လာရင် ပေးလိမ့်မယ်၊ ခဏစောင့်လိုက်ပါ''

ငါးရက်စာ နှစ်ကြိမ်ပေါင်းရမည်ဖြစ်၍ ဦးမိုးအောင်က ဘာမှ ပြန်မပြောတော့ဘဲ ဆိုက်ကားဂိတ်တဲထဲသို့ ဝင်ထိုင်ပြီး ပြန်စောင့်နေလိုက်ရပါသည်။

သိပ်မကြာလှသောအချိန်မှာပင် တုတ်ကြီး၏ဇနီး အမာ ဂိတ်တဲအတွင်း ရောက်ရှိလာသည်။

"ဪ.....ဦးလေးရောက်နေပြီလား၊ ကိုတုတ်ကြီးအုံနာခ ၁၀ ရက်စာ ဒီမှာပေးလိုက်မယ်နော်၊ ရော့.....''

လှမ်းပေးလာသော ငွေငါးထောင်ကို ဦးမိုးအောင်က စစ်ဆေးယူလိုက်သည်။

မည်သို့ပင်ဆိုစေ အပျင်းကြီးသော ဆိုက်ကား သမား၏ဇနီးသည် အမာက မာယာကြွယ်လှသော လှည့်ကွက်မှတစ်ဆင့် ရထားသော ငွေကြေးကို အုံနာခအဖြစ် ဖြည့်စွက်ထုတ် ပေးသည်ကိုတော့ အခြားဆိုက်ကားနင်းသားတစ်ဦး၏ ပြောပြထားချက်မှ ဦးမိုးအောင်သိ ရှိထားပြီး ဖြစ်ပသည်။

ကိုမိုး (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com






"ကိုဇာနည်.....ဒီကိုလာပါဦး၊ ဒီပုံတွေက ဘာတွေလဲ"

မီးဖိုထဲတွင် ကြော်လှော်ချက်ပြုတ်နေသူထံ အိပ်ရာထဲဖိမ်ကျပြီး ဖုန်းဖြင့်ဂိမ်းဆော့နေသူက မာန်ဟုန်ပြင်းပြင်း အော်ခေါ်နေ၏။ တစ်ခုခုတော့ ထူးမှန်းသိလိုက်သည်။

"ရှင် မကြားဘူးလား ကိုဇာနည်"

"ငါးကြော်တွေ တူးကုန်လိမ့်မယ် ဥမ္မာ၊ ခဏလေး"

"မရဘူးကွာ၊ အခုလာခဲ့၊ ဒီမှာ အရေးကြီးနေတယ်"

မိန်းမကြောက်ခြင်း မဟုတ်သော်လည်း ချစ်ခြင်းကြောင့် မိန်းမရှိရာသို့ အကြော်အိုးကိုချ၊ မီးကို ပိတ်ပြီး ရောက်သွားရတော့၏။

"ဘာလုပ်မလို့လဲ ဥမ္မာ၊ မင်းဟန်းဆက်က ဘာဖြစ်ပြန်ပြီလဲ"

"ဟန်းဆက်က ဘာမှမဖြစ်ဘူး၊ ဒီမှာလေ ဥမ္မာ Viber ဖွင့်လိုက်တော့ ကလေးပုံလေးတွေမှ ခုနစ်ပုံတောင် ထွက်လာတယ်၊ ဖုန်းနံပါတ်က ဥမ္မာ့အသိထဲက မဟုတ်ဘူး၊ ဒီနံပါတ်မျိုး အသိမရှိဘူး"

"မှားပြီး Viber ပို့လိုက်တာများလားကွာ"

"အို.....ဘာမှားစရာရှိလဲ၊ ဒီဖုန်းကိုကိုင်တာ ဥမ္မာပဲ၊ ဥမ္မာ့ဖုန်းမှန်းသိလို့ တစ်ယောက်ယောက်က တမင်သက်သက် ပို့လိုက်တာပဲဖြစ်မယ်"



ဇာနည်လည်း ပြောစရာမရှိ အောင်တိုးမပေါက်သည့် စကား တစ်ခွန်းကြောင့် အသာငြိမ်နေ လိုက်မိ၏။

"ပြော...ပြော၊ ဒါဟာ ကိုဇာနည့် အသိဖုန်းမဟုတ်လား၊ မိန်းမဆီကို ပို့လိုက်တာဆိုက တည်းက ရှင်နဲ့ပတ်သက်ခဲ့လို့ပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟာကွာ...မဟုတ်ပါဘူး ဒီဖုန်းနံပါတ်ကို သိလည်းမသိဘူး"

"ရှင် သက်သက် ဘူးကွယ်နေတာ၊ ကလေးပုံတွေပို့တာ မိန်းမကို သိစေချင်လို့ပဲ၊ ရှင်နဲ့ပတ်သက်နေတယ်မဟုတ်လား၊ ပြောလေ"

"မင်းကွာ.....ငါ့သိက္ခာကို မစော်ကားနဲ့နော်၊ မင်းအလိုကျ ငါနေတယ်၊ မင်းအတွက် အရာရာ ဖြည့်ဆည်းပေးတယ်၊ မင်းစားဖို့ ချက်ပြုတ်နေတာ၊ သူများအိမ်ထောင်သည်တွေကိုမေးကြည့်၊ ငါ့လို ဘယ်ယောကျ်ားမှ ကျွန်နီးနီး မလုပ်ပေးကြဘူးကွ"

ဇာနည်လည်း ရင်ထဲခံစားရသမျှ ပြောနေမိသည်။ အားလုံးက ဇာနည့်ကို သနားကြသည်။ ဥမ္မာက ယောကျ်ားနိုင်သူဟု သတ်မှတ်ထား၏။

"ဟင်း..ရှိသမှ ရှင်ကတောင် အဘိုးခေါ်ရဦးမယ်၊ မမထွေး ယောကျ်ား ဦးအောင်သန်းကြီးဆို ပင်စင်ယူပြီး မိန်းမကို စိတ်ကြိုက်ချက်ပြုတ်ကျွေးမွေးလိုက်၊ အိမ်အလုပ်လုပ်လိုက်၊ အိမ်ကိုရှင်းလိုက်၊ လျှော်ဖွပ်၊ မီးပူတိုက်လိုက်နဲ့၊ မိန်းမက ဘာမှလုပ်စရာမလိုဘူးရှင့်၊ ဒါလေးလုပ်ရတာများ စကားထဲထည့်ပြောမနေနဲ့၊ မောနေလိမ့်မယ်"

"ငါမရှိမှ မင်းသိလိမ့်မယ် ဥမ္မာ"



"မရှိရအောင် ရှင်က နောက်မယားယူချင်လို့လား"

"တော်တော့ကွာ၊ မင်းပါးစပ်ကို ပိတ်တော့"

ဇာနည်က ဒေါသဖြင့်ဟောက်လိုက်သည်နှင့် ဥမ္မာ့မျက်ရည်များက ချောင်းစီးမတတ် ကျနေတော့၏။ သည်တော့လည်း စိတ်ညစ်ရသူက ဇာနည်သာလျှင်ဖြစ်တော့သည်။ ဥမ္မာက ငိုချင်းရှည်တတ်၏။ တော်တော်နှင့် စိတ်မပြေတတ်ပေ။ Viber ကိစ္စနှင့် တစ်အိမ်လုံးတွင် တိတ်ဆိတ်သွားတော့သည်။ ဇာနည်က ချက်ပြုတ်ပြီးသည်နှင့် ခဏထိုင်နားကာ ရေချိုးခန်းထဲဝင်သွား၏။

ဇာနည့်အခြေအနေကိုကြည့်ပြီး ဥမ္မာက အိပ်ရာထဲမှ မထတော့ပေ။ စကားမပြောဘဲ ငိုနေတော့သည်။ Viber ထဲမှပို့လိုက်သော ကလေးဓာတ်ပုံများကိုကြည့်လိုက်၊ ငိုလိုက်နှင့် အမုန်းမီးတောက်က တဖြည်းဖြည်း ကြီးထွားလာတော့၏။

"ဟေ့.....ထတော့လေ၊ ရေမချိုးသေးဘူးလား၊ ပြီးရင် ထမင်းစားကြမယ်၊ ထလေ"

"သွား...လာမခေါ်နဲ့၊ Viber ပို့လိုက်တဲ့ကလေးဆီကိုသွား၊ အီး..ဟီး.....ဟီး"



www.burmeseclassic.com

www.burmeseclassic.com

"ထပါ မိန်းမရာ၊ ဘာမဟုတ်တာလေးနဲ့၊ ငိုမနေနဲ့၊ မျက်ရည်တွေ နှမြောစရာကြီး၊ လာ..ထမင်းစားကြမယ်၊ မစားခင် ရေချိုးလိုက်ကွာ"

ဇာနည်က မိန်းမကို အတင်းဆွဲထူပြီး အိပ်ရာပေါ်က ခေါ်ချလာ၏။ ဥမ္မာက မလိုက်ချင်လိုက်ချင်ပုံဖြင့် ရေချိုးခန်းထဲဝင်သွားမှ ဇာနည်လည်း ပင့်သက်မောကို ချလိုက်ရတော့သည်။

♛♛♛♛♛

"ဟယ်..ဟုတ်ပါရဲ့၊ ကလေးရုပ်လေးက ကိုဇာနည်နဲ့ ခပ်ဆင်ဆင်နော်၊ ကြည့်ပါဦးကွာ"

"မိန်းမ မင်း နောက်ကျကျန်ရစ်မယ်နော်၊ ဒီကိစ္စ ပေါ့ပေါ့တန်တန် မစဉ်းစားနဲ့၊ ကိုဇာနည်နဲ့ ပတ်သက်ခဲ့သူက ပို့လိုက်တာပဲဖြစ်လိမ့်မယ်"

"ဟုတ်တယ် ဥမ္မာ၊ ဗေဒင်မမေးနဲ့၊ ပိုက်ဆံကုန်နေမယ်၊ ဒီ့ထက်သေချာတာ ဘာမှမရှိဘူး"

ဥမ္မာ့မျက်နှာလေးက ဆီးရွက်ခန့်သာရှိတော့၏။ သူငယ်ချင်းများက ဝိုင်းပြောနေမှ သူတို့မှတ်ချက်များက အနီးဆုံးမှန်ကန်မည့်အဖြေများသာ ဖြစ်ပါမည်။

"တို့ ဘာဆက်လုပ်ရမလဲကွာ"

"မင်းလုပ်ရမှာက ကိုဇာနည့်အခြေအနေကို ကြည့်နေ၊ သူ့ဖုန်းကို စစ်ဆေး၊ ညဘက် ဘယ်တွေကို ခိုးဆက်နေလဲဆိုတာ အိပ်ချင်ယောင်ဆောင်ပြီး နားထောင်ပေါ့"

"ပြီးတော့ မင်းယောကျ်ားရဲ့မျက်နှာကို သေသေချာချာကြည့်၊ မှုပျက်နေသလား၊ လူပျက်နေသလားလို့"

သီရိအပြောကို ဥမ္မာက နားမလည်၍ မေးလိုက်ရပြန်သည်။

"အိုကွာ.....မှုပျက်တယ်ဆိုတာ သူ့ရဲ့ဟန်အမူအရာကို ပျက်၊ မပျက် ကြည့်ပေါ့၊ လူပျက်နေလားဆိုတာ မင်းက အိမ်ထောင်သည်ပဲ၊ ကိုယ့်ယောကျ်ားကို စစ်ဆေးကြည့်ပေါ့"

"အဲဒီလိုကြည့်လို့ သိနိုင်ပါ့မလား သီရိရာ"

"ဒီမှာ ဥမ္မာ၊ သီရိရဲ့အဒေါ်ဆိုရင် သူ့ယောကျ်ားကို အိမ်ပြန်ရောက်တာနဲ့ အဝတ်အစားကအစ စစ်ဆေးတယ်၊ မိတ်ကပ်နံ့၊ ရေမွှေးနံ့ စွဲပါလာသလား၊ မျက်နှာကအစ အနံ့ခံကြည့်တယ်"

"ဒါဆိုလည်း လိမ္မာတဲ့ အယ်ဖေးရှင်းခွေးတစ်ကောင်လောက် မွေးထားရမလိုပဲ၊ ခွေးကိုအနံ့ခံခိုင်းပေါ့ ဥမ္မာရာ"

"ဟင်း.....အဲဒါကြောင့် ယောကျ်ားမယူတာ၊ အခု ရှင်စိတ်ညစ်နေပြီမဟုတ်လား ဥမ္မာ၊ အေးအခုမှ အိမ်ထောင်သက်က တစ်နှစ်ပဲရှိသေးတာနော်၊ နောက်ထပ်

**မင်းလုပ်ရမှာက ကိုဇာနည့်အခြေအနေကို ကြည့်နေ၊ သူ့ဖုန်းကိုစစ်ဆေး၊ ညဘက်ဘယ်တွေကိုခိုးဆက်နေလဲဆိုတာအိပ်ချင်ယောင်ဆောင်ပြီး.....**



www.burmeseclassic.com

www.burmeseclassic.com

စိတ်ညစ်စရာတွေ ထပ်တွေ့ရဦးမှာ၊ စောင့်ကြည့်...စောင့်ကြည့်”

သီရိနှင့်ချိုလဲ့က ဥမ္မာ့ကိုကြည့်ပြီး အပြစ်ဝိုင်းတင်နေကြသည်။

“မင်းတို့က အကြိုက်မတွေ့သေးတော့ ပြောထားကြဦးပေါ့ကွာ”

“အခုခေတ် အိမ်ထောင်သည်တွေကိုကြည့်ပြီးစိတ်ညစ်လာတယ်၊ ယောကျ်ားတွေက မိန်းမရပြီးတာနဲ့ ခြံခုန်ချင်ကြတာ၊ မိန်းမမသိအောင် မျက်လုံးကစားကြည့်မှ အရသာရှိနေသလိုလို၊ မယားများများယူတာ စတိုင်လ်တစ်မျိုးလို့ မှတ်ထင်နေကြတာကွ၊ ကိုယ့်ဂုဏ်၊ ကိုယ့်သိက္ခာမှ မငဲ့ကြတာကွာ၊ ကောင်မလေးတွေကလည်း အဘိုးကြီးတွေ၊ အိမ်ထောင်သည်တွေကိုမှ ရွေးကပ်ပြီး ချူကြတာ၊ ခက်ပါတယ်ကွာ၊ အန္တရာယ်ကို မကြောက်ကြဘူးလား မသိဘူး”

ချိုလဲ့က မနေ့ညက ကြားခဲ့ရသည့် အဖြစ်အပျက်တစ်ခုကို ပြောပြ၏။

“ည ၇ နာရီလောက်ပဲရှိဦးမှာပါ၊ ကောင်မလေးတစ်ယောက်က ပြင်ပြင်ဆင်ဆင်နဲ့၊ စကတ်တို၊ အင်္ကျီလည်ဟိုက် လက်ပြတ်နဲ့၊ စီးထားတဲ့ ဒေါက်ဖိနပ်က ခြေဖျားထောက်ရပ်နေသလား ထင်မှတ်ရတယ်၊ ဆလင်းဘတ်အိတ်သေးသေးလေးကို လွယ်လို့ပေါ့”

အခုခေတ်
အိမ်ထောင်သည်တွေကိုကြည့်ပြီး
စိတ်ညစ်လာတယ်၊
ယောကျ်ားတွေက
မိန်းမရပြီးတာနဲ့ခြံခုန်ချင်ကြတာ၊
မိန်းမမသိအောင်
မျက်လုံးကစားကြည့်မှ
အရသာရှိနေသလိုလို၊
မယားများများယူတာ....

“မင်းတို့လမ်းထဲကလား”

“မဟုတ်ပါဘူး၊ ဘယ်အဆောင်က ထွက်လာသလဲမှမသိတာကွာ၊ ချိုလဲ့လည်း ဝရန်တာထွက်ပြီး ကြည့်ကောင်းကောင်းနဲ့ ရပ်ကြည့်နေလိုက်တယ်လေ၊ ကောင်မလေးက စောင့်နေတာကြာပြီ၊ လာမခေါ်သေးလို့ ဖုန်းဆက်နေတာများ ကြောက်စရာ၊ လန့်စရာကွာ”

“ဘယ်လိုပြောနေလို့လဲ”

“အဘ ထွက်မလာသေးဘူးလား၊ စောင့်နေတာကြာပြီနော်၊ မလာရင် လိုက်လာမှာနော်တဲ့”

“ဩော်..သူ့အဘကို သနားလိုက်တာ၊ တံချူနဲ့မှ သွားပတ်သက် မိတာပဲကိုး”

“သနားစရာတော့မကောင်းပါဘူးကွာ၊ ဘူးသီးနုနုမှ ကြိုက်တာကိုး၊ ယေလေလည်လေပေါ့”

တချို့များ လာဆိုလာ၊ ပြန်ဆိုပြန်နှင့် တစ်ချက်လွှတ်အမိန့်ကို နာခံရသူများလည်းရှိသည်။ မခွာစေရန် နည်းမျိုးစုံဖြင့် ခြောက်လှန့် သိမ်းသွင်းထားသည့်အတွက် မလူးသာ မလွန့်သာဖြစ်နေ၏။ နောက်ဆုံးတော့ အချစ်အကျဉ်းသားပမာ ပိုက်ထဲမိသည့်သားကောင်ဖြစ်သွားရတော့သည်။

“တို့အဖေမိအိဆွေဆိုရင်

www.burmeseclassic.com



တော်ကတဲ့မနဲ့တွေ့ပြီး ခွာမပေးလို့ ငွေနဲ့လျော်ကြေးပေးလိုက်ရသေးတယ်၊ သူတို့က အမှုဖြစ်ရင်အမြတ်လေ၊ သူများဂုဏ်သိက္ခာထက် သူငွေရဖို့ပဲကြည့်တာ၊ တချို့မိန်းကလေးတွေများ ခက်ပါ တယ်ကွာ၊ ရိုးရိုးသားသား ရှာဖွေမစားချင်ကြဘူး၊ အသုံးအဖြုန်းများတော့ အထောက်အပံ့ကို မျှော်ကိုးပြီး မဖြစ်သင့်တာတွေ ဖြစ်ကုန်ရော''

''ဒါကြောင့်မို့ ဉမ္မာ့ကိုသတိ ပေးချင်တာပေါ့ကွာ၊ ရှင့်ယောကျ်ားကို မယုံနဲ့၊ လူရိုးဆိုတာ သချိုင်းထဲမှာပဲရှိတယ်လို့ ပြောကြတာ၊ ပြီးတော့ ဇာနည်က ရုပ်လည်း ချောတယ်၊ စကားပြောကောင်းတယ်၊ ကောင်မလေးတွေမျက်လုံးက သူ့ဆီမှာချည်းပဲနော်''

ဉမ္မာ စိတ်ခါတ်ကျသွားမိတော့သည်။

♛♛♛♛

နေ့လယ်က သူငယ်ချင်းများ စကားအရ ဉမ္မာလည်း ရုံးမှစောစောဆင်းကာ ဇာနည့်ကုမ္ပဏီသို့ ရောက်သွား၏။ ဇာနည်က ဉမ္မာ လာမည်ဟု ထင်ထားမည်မဟုတ်ပေ။



''ဩော်...မောင်ဇာနည်လား၊ Marketing ဆင်းသွားတယ်လေ၊ ပြန်လာတော့မှာလေ''

အမျိုးသမီးတစ်ဦးက သူ့စားပွဲနားခေါ်ထားရာ ဉမ္မာ့အား ဇာနည့် ဇနီးမှန်းမသိကြပေ။

ကုမ္ပဏီတွင် မိန်းကလေးများ၏။ လှေလာရသလောက် မိန်းကလေးများကချောချောလှလှ၊ ပြင်ပြင်ဆင်ဆင် လေးများနှင့် ရောင်စုံမျက်နှာလေးများပါ။

''ဟင်း.....သူက ဒီမှာလူပျိုလုပ်နေ သလား မသိဘူး၊ မိန်းမချောလေးတွေကြားမှာ ပျော်နေမှာပဲ၊ တွေ့မယ်၊ အိမ်ရောက်မှပြသနာ ရှာရဦးမယ်''

ကြုံးဝါးလို့မပြီးခင်တွင် ဇာနည်တစ်ယောက်မချောသုံးယောက် ဝန်းရံပြီး ရောက်လာ၏။ ဉမ္မာထိုင်နေသည်ကို မမြင်ပေ။

''ကိုဇာနည်နော် အပြန်မှာ အအေးလိုက်တိုက်ရမယ်၊ သမီးတို့ သူ့နောက်ကို လျှောက်လိုက်ရတာ မောနေတာပဲ၊ မင်းတို့လည်း သဘောတူတယ်နော်''

''တူတာပေါ့၊ ကိုဇာနည် မတိုက်လို့မရဘူးနော်၊ ဒီနေ့ ဈေးကွက်ဖြန့်လာတာ ဘောက်ဆူးရဦးမှာ''

''နောက်နေ့မှသွားကြပါတော''

''ဟင့်အင်း..မရဘူး..မရဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ပဲ တိုက်ရမယ်၊ ဟော့ကောင်တွေ ပြောကြလေကွာ"

ဇာနည့်လက်မောင်းကို ဆွဲလိုက်၊ ကိုင်နေလိုက်ကြနှင့် ဥမ္မာ ဒေါသဖြစ်နေ၏။ ဘေးမှအမျိုးသမီးကြီးက.....

"မောင်ဇာနည်ရေ.....ဒီမှာ မင်းညီ့သည်ရောက်နေတယ်ကွဲ့"

"ဟင်.....ဥမ္မာ"

ဇာနည်က မိန်းမကိုမြင်သည်နှင့် ချောက်ချားသွေးပျက်သွားတော့သည်။ ဤသည်ကို ဆတ်စလူးမ သုံးယောက်က မသိသေးဘဲ ညုနေကြသေး၏။ အမြင်မတော်သူက ဝင်ပြောလိုက်ရသည်။

"ကဲ.....ဘယ်လိုဖြစ်နေကြတာလဲ၊ သူ့မိန်းမရောက်နေတာ မသိဘူးလား၊ ရပ်ကြပါတော့"

"ဟယ်....ကိုဇာနည့်မိန်းမ၊ ဟုတ်ရဲ့လား"

ဒေါသက မိုးပေါ်ထောင်တက်နေမှန်း မသိကြ။ မယုံကြည်ပုံဖြင့် အကဲခတ်နေကြပြန်သည်။

"ပြောလိုက်လေ ကိုဇာနည်၊ ရှင်ဟာအိမ်ထောင်သည်တစ်

ယောက်ျားကို
အရုပ်လိုပဲမောင်းထား။
အပြင်မှာတွေ့ရတဲ့
အိမ်ထောင်သည်တွေဆို
မိန်းမက လက်ကိုင်လိုက်နေရတာ
အရုပ်ဆိုးတယ်ကွာ။
အိမ်ထောင်မိန်းမထားထားပြီး....

ယောက်ဆိုတာ လူသိမခံချင်လို့လား"

"တော.....မိန်းမ၊ မင်းနဲ့မိတ်ဆက်ပေးရဦးမယ်၊ အားလုံးပဲမှတ်ထားကြနော်၊ သူက ကျွန်တော့်ရဲ့ အသစ်မပြီးတဲ့ ချစ်ဇနီးလေး ဥမ္မာတဲ့ ---ရုံးမှာ အလုပ်ဝင်နေတယ်"

"ဟယ်.....ကိုဇာနည့်ဇနီးတဲ့"

အံ့သြသူများကြသည်။ ဇာနည့်အား လူပျိုဟုပင် ထင်ထားကြသလားမသိပေ။ ဥမ္မာရောက်လာမှ ယုံကြည်သွားကြ၏။

"တောတော ဇာနည့်မယားပါလို့ ပြောလိုက်ရင် ပြီးပြီပေါ့ကွယ် အားနာလိုက်တာ"

"ဟုတ်ပ၊ မိတ်ဆွေယောက်ကျ





www.burmeseclassic.com

www.burmeseclassic.com



လည်း မိန်းမ ရှိတာကို ထုတ်မပြောဘူး၊ မင်းတို့လူငယ်တွေများ ခက်ပါတယ်၊ ဒါကြောင့် အရှုပ်ထုပ်တွေ ဖြစ်ကုန်ကြတာပေါ့''

မိန်းကလေးများက ဇာနည့်အနားသို့ မကပ်ရဲကြတော့ပေ။ စောစောက အအေးသောက်မည့်သူများလည်း ပျောက်သွားကြ၏။ ဇာနည်လည်း သူ့အလုပ်စားပွဲရှိရာသို့ ဉမ္မာ့ကိုခေါ်လာပြီး ထိုင်ခိုင်းထားသည်။ အပ်စရာစာရင်းများကို ပေးအပ်ပြီးမှပြန်လာကြ၏။

''မိန်းမ.....အအေးသောက်ရလား''

''မသောက်ချင်ဘူး၊ ရှင့်ကောင်မတွေကို တိုက်ချင်လို့လား။ ကြည့်ဦးလေ၊ လက်မောင်းနှစ်ဖက်စလုံး ရောင်ကိုင်းနေလားမသိဘူး၊ ဟိုကဆွဲလိုက်၊ ဒီကဆွဲလိုက်နဲ့ ဒါကို သဘောကျနေတယ်၊ ဖုန်းထဲကကောင်မရာနဲ့ ရိုက်မထားမိတာ မှားတာပဲ''

''ရိုးရိုးခင်ကြတာနော်''

''ဪ.....အဲဒါရိုးရိုးလား၊ မိန်းမရှေ့မှာတောင် ဒီလောက်ဖြစ်နေကြရင် မိန်းမကွယ်ရာမှာ.....တင်း.....မပြောလိုက်ချင်ဘူး''

''နောက်ကို လိုက်မလာနဲ့ ဉမ္မာ၊ မင်းမှာ ဒီလိုစိတ်မျိုးရှိနေရင် လောတာအကောင်းဆုံးပဲ''

ယောကျ်ားတိုင်းတွင် ထိုစိတ်မျိုးသာ ရှိနေကြမည်ဟုမထင်ပါ။ ဇာနည့်နှုတ်မှ ဖွင့်ဟလာသည့် စကားက ဉမ္မာ့ရင်ဝအား ဆောင့်တွန်းလိုက်သည့်နှယ် ခံစားသွားရသည်။ လွယ်လွယ်နှင့် အရှုံးမပေးနိုင်ပါ။

''လာမှာပဲ၊ ပြောတာမကြိုက်ရင် ကိုယ့်ဘာသာ ဆင်ဆင်ခြင်ခြင်နေပေါ့၊ မရောနဲ့ပေါ့''

ထိုနေ့ညနေတွင် ဇာနည်က စိတ်ဆိုးပြီး အိမ်ရောက်လာ၏။ ဉမ္မာက စိတ်မဆိုးရဘဲ သူကစိတ်ဆိုးပြနေရာ ပြန်မချော့ဘဲထားလိုက်၏။ သို့ပေမယ့် ဇာနည်က ကြာကြာစိတ်မဆိုးချေ။ ညအိပ်သည့်နှင့်.....

''လာ.....ဒီဘက်တိုး၊ တစ်ဖက်စောင်းအိပ်မနေနဲ့၊ ဇက်နာနေဦးမယ်''

ဉမ္မာ့ကိုယ်လေးအား သူ့ရင်ခွင်ကျယ်ကြီးထဲသို့ ဆွဲယူထည့်ထားလိုက်တော့၏။

♛♛♛♛

''မင်းက ချော့လိုက်တာနဲ့ ပျော့သွားတာပဲလား၊ ဒီမှာကြည့်၊ လက်မလို ထောင်မတ်နေရမယ် ဉမ္မာ၊ ဘယ်တော့မှ ကိုယ်ကအရှုံးမပေးနဲ့၊ ကိုယ့်အားနည်းချက်ကို မသိစေနဲ့လေ''

''မင်းက ဇာနည့်ကို သိပ်အလိုမလိုက်နဲ့၊ ယောကျ်ားကို အရင်လိုပဲ မောင်းထား၊ အပြင်မှာ တွေ့ရတဲ့ အိမ်ထောင်သည်တွေဆို မိန်းမက လက်ကိုင်လိုက်နေရတာ အရုပ်ဆိုးတယ်ကွာ၊ ဒါတောင် မိန်းမဘေးထားပြီး သူတို့မျက်လုံးတွေကို အစာကျွေးနေသေးတယ်၊ တချို့ဆို မိန်းမက ကလေးချီပြီး ပြင်ပြင်ဆင်ဆင်မရှိနဲ့၊ ကပိုကရိုနဲ့၊ သူတို့က လူပျိုရုပ်ပေါက်အောင် ဝတ်စားဆင်ယင်ပြီး မိန်းမနဲ့ကလေး ပါလာတာကို ရှုပ်တယ်ထင်တဲ့ဟန်နဲ့ မျက်နှာထားက မသာမယာနဲ့လေ၊ ရှင်လည်း ကလေးယူဖို့မစဉ်းစားနဲ့နော် ဉမ္မာ''

''ဟုတ်တယ်၊ ဇာနည်က ချောင်ထိုးထားနေလိမ့်မယ်''

ဉမ္မာက သူငယ်ချင်းများကို အကြံပေးနိုင်အောင် ပြောပြမိ၏။ သို့ပေမယ့် သူ့ကိုသာ အပြစ်တင်ပြီး မောင်းတင်ခိုင်း၏။

''ဒါနဲ့ Viber ထဲက ကလေးကိစ္စက ရှင်းသွားပြီလား၊ ဇာနည်က ဘာပြောသေးလဲ''

''သူလည်းမသိ၊ ကိုယ်လည်းမသိပေါ့၊ ဒါပေမဲ့ အုံ့သြစရာတော့ကောင်းတယ်''

''အဲဒါပြောတာပေါ့၊ မပတ်သက်ရင် ရောက်လာစရာအကြောင်းမရှိဘူး၊ သီရိအိစံမကို ပြောပြတော့ အစ်မက သူ့သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းအကြောင်း တို့ကိုပြောပြတယ်၊ ရှင့်လိုပဲ Viber ကနေ ကလေးပုံတွေ ပို့လိုက်တာနဲ့၊ အဲဒီကိစ္စနဲ့ လင်မယားတွေ ရန်ဖြစ်ကြတာပေါ့''

"ဟင်.....ဒါဆို ယောကျ်ားက ဖောက်ပြန်တာပေါ့နော်"

"နားထောင်ဦး၊ သူ့ယောကျ်ားက သူနဲ့လက်မထပ်ခင် ရည်းစားဦးရှိခဲ့တယ်လေ၊ ပြီးတော့ လူသိရှင်ကြား ချစ်ခဲ့ကြပြီးမှ အကောင်က ရှောင်ထွက်လာပြီး အိမ်ထောင်ပြုလိုက်တာပေါ့၊ အဲဒါကို မကျေနပ်လို့ လက်ထပ်ပြီး တစ်နှစ်အကြာမှာ သူများကလေးကို ဓာတ်ပုံရိုက်ပြီး Viber ကနေ ပို့လိုက်တာပေါ့''

ဥမ္မာက စိတ်ဝင်တစား နားထောင်နေလိုက်၏။ စိတ်ထဲတွင်လည်း အယောင်ဆောင်ကလေးနဲ့ အသုံးချပြီး သတ္တိရှိရှိ ပို့ရဲသည့် မိန်းကလေးအား အံ့ဩမိ၏။

"ဒီတော့ ပြဿနာတွေ ရှင်းကြရောလား''

''ကွဲတော့တာပေါ့ကွာ၊ ယောကျ်ားဘက်က ဘယ်လောက်ပဲမှန်မှန် ကောက်ကျစ်စိတ်ရှိသူက အကွက်ဆင်ရင် ခံရမှာပဲပေါ့၊ ဒီပြဿနာရဲ့ အဖြေမှန်က ချက်ချင်းသိနိုင်တာမျိုးမဟုတ်ဘူး၊ နှစ်တွေကြာမှ ပေါ်လာတတ်တာမဟုတ်လား''

"ဟယ်.....မမှန်ဘဲနဲ့ ဟိုတစ်ယောက်က ဆုံးဖြတ်တာ စောလိုက်တာကွာ၊ သူ့ယောကျ်ားကရော ရှင်းမပြဘူးလား"

"သွေးပူချိန်ဆိုတော့ ဆုံးဖြတ်ချက် စောသွားတာပေါ့ကွာ၊ ပြီးတော့လည်း ဒီကိစ္စမျိုးက ခွင့်လွှတ်နိုင်တဲ့ကိစ္စမျိုးမှ မဟုတ်ဘဲကွာ၊ အချစ်ကြီးရင် အမျက်ပိုကြီးတတ်တယ်တဲ့"

"ဒါဆို သီရိအစ်မသူငယ်ချင်းတော့ တစ်ခုလပ်ဖြစ်ပြီပေါ့နော်"

''စိတ်ညစ်ပြီး နိုင်ငံခြားကို အပြီးထွက်သွားတာတဲ့၊ ရက်တာလည်းပါမှာပေါ့ကွာ''

''ဟင်း.....ဟိုတစ်ယောက် မွှေလိုက်တာ ကွဲကြရောပေါ့"

"သူ့ဆန္ဒပြည့်သွားတော့ ဝမ်းသာနေမှာပေါ့နော်"

ဥမ္မာနှင့်ချိုလဲ့က သူတို့ထင်မြင်ချက်ကို ပြောလိုက်ကြသည်။

''ဟင့်အင်း.....သူ့ဆန္ဒက တကယ်မှမပြည့်ဘဲကွာ၊ မသန္တာသူငယ်ချင်းသာ အဝေးရောက်သွားတာပါ၊ သူ့ယောကျ်ားက နောက်မိန်းမထပ်ယူလိုက်တယ်လေ၊ ဒီတော့ မကောင်းကြံမှုက ဘယ်လိုလုပ်ပြီး အောင်မြင်တော့မှာလဲ၊ တို့ဆိုလိုတာက ယောကျ်ားနဲ့မိန်းမ မတူညီတဲ့အကြောင်းပဲ၊ ယောကျ်ားတစ်ယောက်က အကြောင်းအမျိုးမျိုးကြောင့် မိန်းမထပ်ယူတာ လက်ခံနိုင်ပေမယ့် မိန်းမတစ်ယောက်မှာ အိမ်ထောင်ထပ်ပြုဖို့ဆိုတာ မလွယ်ဘူး ဥမ္မာ၊ ဩော်.....မသန္တာက မှာလိုက်သေးတယ်၊ ဥမ္မာ့ကို ဆုံးဖြတ်ချက် မမှားစေနဲ့တဲ့''

ဥမ္မာက ဇာနည်လည်း အခုလို လုပ်ကြံခံရတဲ့အဖြစ်မျိုး မဖြစ်ပါစေနှင့်ဟုသာ ဆုတောင်းမိ၏။

♛♛♛♛

အိမ်ရောက်ပြန်တော့ ဇာနည် ချက်ပြုတ်နေရာနေရာသို့ မယောင်မလည် ရောက်လာရသည်။

"ယောကျ်ား ရှင် ဥမ္မာနဲ့မတွေ့ခင်က ချစ်သူရှိခဲ့ဘူးလားဟင်"

ဇာနည်က ဥမ္မာ့အမေးအား ကြိုသိနေသည့်နှယ် မျက်လုံးပြူးကြည့်ပြီး.....

''ဘာလဲ၊ ချစ်သူရှိခဲ့ရင် ပြဿနာမီးမွှေးဦးမလို့လား၊ သိပ်မတွေးနဲ့ ဥမ္မာ၊ မင်း ဒါချောင်သွားလိမ့်မယ်နော်''

ဥမ္မာ့နားထင်အား လက်ညှိုးဖြင့် ထောက်ပြနေတော့၏။

"သွားပါ၊ အဲဒါချောင်သွားလည်း ပြီးတာပဲ၊ ယောကျ်ားအတွက် မပူပင်ရတော့ဘူးပေါ့''

"မင်းရင်ထဲမှာ ဘာတွေမကျေမနပ်ဖြစ်နေလဲ ဥမ္မာ''

www.burmeseclassic.com

"ဩော်.....အရှုပ်ထုပ်တွေ ဘယ်အချိန်ကျမှ ပေါ်လာမလဲလို့ အခုကတည်းက ကြိုပူနေတာ"

ဇာနည်က ဥမ္မာ့ကိုလှမ်းကြည့် ပြီး မျက်နှာထားတင်းသွား၏။ ဟန်ဆောင်စိတ်ဆိုးခြင်းလား၊ တကယ် စိတ်ဆိုးခြင်းလားတော့ မဝေခွဲတတ်ပေ။ ဖြစ်နိုင်လျှင် ဇာနည့်နှလုံးသားထဲသို့ ဝင်ကြည့်လိုက်ချင်သည်။

"သူ့နှလုံးသားထဲမှာ ငါမှရှိပါရဲ့လား၊ ငါ့အပြင် ဘယ်သူရှိနေမလဲ၊ သူ့အလုပ်ထဲ လိုက်သွားတဲ့နေ့က ကောင်မလေးတွေ ဝိုင်းကြီးပတ်လည်နဲ့၊ အခုရော ဒီလိုပဲနေတုန်းလား၊ မိန်းမရှိမှန်းသိသွားကြရင် ရှောင်ပေးကြပါ"

ဥမ္မာက ရင်ထဲမှပြောနေမိတော့သည်။ တစ်ခါတစ်ခါတော့လည်း အိမ်ထောင်ပြုခဲ့မိခြင်းက မှားသလိုလိုပါ။ အခုနေများ အပျိုဘဝနှင့် ရှိနေလျှင် ချိုလဲ့နှင့် သီရိတို့လို စိတ်အေးချမ်းသာစွာဖြင့် တစ်ကိုယ်တော် ရွက်လွှင့်နိုင်ပေမည်။ သူငယ်ချင်းများ စုပေါင်းကာ ဘုရားဖူးထွက်လိုက်ကြ၊ Shopping ထွက်ကြ၊ ရုပ်ရှင်သွားကြည့်ကြနှင့် ဥမ္မာ့မှာသာ မလွတ်လပ်သည့်ဘဝကြောင့် မသွားနိုင်၊ မလိုက်နိုင်ပေ။

ဇာနည်က ရုပ်ရှင်လည်း မကြိုက်၊ Shopping ထွက်လည်း ဝါသနာမပါ။ ဥမ္မာဝယ်ပေးသည့် အဝတ်အစားသာ ဝတ်တတ်၏။ သို့ပေမယ့် လူတစ်ကိုယ်အကြိုက်တစ်မျိုးဆိုသည့်အတိုင်း ဇာနည်က အချက်အပြုတ်နှင့် ဈေးသွားပြီး ဟင်းစားဝယ်ခြမ်းရသည်ကို နှစ်သက်သူဖြစ်သည်။ ပြီးလျှင် သူကိုယ်တိုင်ချက်ပြုတ်၍ ချက်ကျွေးသည်ကို အားပါးတရစားမှ ကျေနပ်သူဖြစ်နေ၏။ ဥမ္မာက အပျိုဘဝကတည်းက မီးဖိုချောင်ဝင်ရသူ မဟုတ်ခဲ့ပေ။ သည်တော့ ဆန္ဒကျင်ဘက်နှစ်ခုကို အဆင်ပြေအောင် တွဲပေးသည့် သဘာဝတရားကြီးကို ကျေးဇူးတင်မိတော့၏။

"ဟင်.....ငါရေချိုးခန်းထဲဝင်သွားတာနဲ့ အိမ်ရှေ့ကိုထွက်သွားတတ်တာ မသင်္ကာစရာပဲ"

ဥမ္မာက ရေချိုးရပ်၍ ရေစိုအဝတ်ကိုလဲကာ ခြေသံမကြားစေရန် ထွက်ကြည့်ပြီး ချောင်းလိုက်၏။ ဇာနည်က ဥမ္မာမရှိသွားအထင်ဖြင့် ဝရန်တာတွင် ကျောခိုင်းကာ ဖုန်းပြောနေသည်။

"ကိုယ့်ကိုကူညီပါကွာ၊ မင်းကျေးဇူးကို မမေ့ပါဘူး၊ ဒီလိုမှ မလုပ်ရင် ငါ့မိန်းမ စိတ္တဇဖြစ်သွားလိမ့်မယ်"

ထိုစကားက ဥမ္မာ့အတွက် စိတ်ဝင်စားစရာဖြစ်နေ၏။ မယုံသင်္ကာစိတ်က ပိုဆိုးလာရပြန်သည်။

"အေး...ဒီလိုမှပေါ့ကွ၊ ကျေးဇူးပဲ သူငယ်ချင်း"

စကားပြောပြီးခါနီးပြီဖြစ်၍ ဥမ္မာမှာ ကမန်းကတန်း ရေချိုးခန်းသို့ ဝင်ပြေးရပြန်သည်။ ရေချိုးခန်းထဲသို့ရောက်မှ သက်ပြင်းချနိုင်တော့၏။

"သူ့သူငယ်ချင်းကို ဘာတွေညှိနေပါလိမ့်နော်၊ ငါကရော ဘာအကြောင်းနဲ့ စိတ္တဇဖြစ်ရမှာလဲ၊ ဟင်း.....ဘာတွေမှန်းလဲ မသိတော့ပါဘူး"

အတွေးများနေသည့်အတွက် ကြာသွားရာ တံခါးဝမှ တဒုန်းဒုန်းနှင့် လာထုလေတော့သည်။

"မြန်မြန်ရေချိုးလေ၊ တော်ကြာ အအေးပတ်နေဦးမယ်၊ ဘယ်လောက်ကြာနေပြီလဲ"

"ပြီးပြီ....ပြီးပြီ၊ တကတည်း ရေချိုးလည်း မလွတ်လပ်ပါလားနော်"

ကိုယ့်အပေါ် စိတ်ပူတတ်သည့် ယောက်ျားကြောင့် စိတ်ထဲတွင် ဥမ္မာက ကျေနပ်သွားမိ၏။

"ရော့.....ရေနွေးပူပူလေး သောက်လိုက်၊ ချမ်းနေပြီမဟုတ်လား၊ အရေးထဲ ခေါင်းကလျှော်နေသေး၊ ခက်မယ်နော်"

တဘက်ဖြင့် ဆံပင်များကို သုတ်ပေးနေပြန်တော့ ကြည်နူးသလိုလို ခံစားသွားရပြန်သည်။ သည်လိုဆိုပြန်တော့လည်း အိမ်

www.burmeseclassic.com



ထောင်ကျခြင်းက နောက်ကျသည် ဟုပင် ထင်မိပြန်၏။

♛♛♛♛

ဇာနည်ရေချိုးချိန်တွင်တော့ ဥမ္မာက ဇာနည့်ဖုန်းကိုယူကြည့်ကာ တစ်ဖက်သို့ခေါ်လိုက်၏။

"ဟယ်လို...ကိုကျော်စွာမင်း လားရှင့်"

"ဟုတ်ပါတယ်ခင်ဗျ"

"စောစောက ယောကျ်ားက ရှင့်ဆီဖုန်းဆက်တာ ဘာပြောတာ လဲဟင်၊ သူပြောပြတာ မယုံလို့ မေးကြည့်တာနော်"

လိမ်ညာခြင်းမရှိစေရန် ချည် ပြီးတုပ်ပြီး မေးလိုက်သည့်စကား ကြောင့် အမှန်ကိုသိစေရ၏။

"ဩော်.....ဥမ္မာနဲ့ ဘုရား သွားဖို့ရှိတယ်ဆို၊ အဲဒီနေ့မှာ သူက Overtime ဆင်းရမှာလေ၊ ဒီတော့ ကျွန်တော့်ကို သူ့ကိုယ်စားဆင်းပေး ဖို့ အကူအညီတောင်းတာပါဗျာ"

သည်တော့မှဥမ္မာလည်း စိတ် ချမ်းသာသွားရ၏။

"သူက အဲဒီနေ့မှာမှ Over-time ရှိရတယ်လို့ရှင်၊ အခုလိုကူညီ တာ ကျေးဇူးပဲနော် ကိုကျော်စွာ မင်း"

"ရပါတယ်ဗျာ၊ လူလွတ်တွေ က ဒီလိုပဲဗျ၊ အနိုင်ကျင့်တာကို အမြဲတမ်းခံနေရတာ၊ ဒါပဲနော်၊ ဖုန်း ချလိုက်ပြီ"

ဖုန်းချသွားမှ ဥမ္မာလည်း သူ့ ရင်ဘတ်လေးကိုဖိကာ.....

"အမယ်လေး...တော်ပါသေး ရဲ့နော်၊ ဒီလိုတော့လည်း ငါ့ ယောကျ်ားက သိတတ်ပါလား၊ ငါ့ ကိုတော့ ချစ်ပုံရပါတယ်လေ"

ဥမ္မာ့အား ကံကောင်းသူဟု ဆိုကြ၏။ ယောက္ခမနှင့် ယောက်မ များက အဝေးတွင်နေကြသည်။ ဇာ နည်က ရန်ကုန်တွင် သင်တန်းလာ တက်ရင်း ဥမ္မာနှင့်တွေ့ပြီး ချစ် ကြိုက်ခဲ့ကြ၏။ တစ်နှစ်အကြာတွင် လက်ထပ်ခဲ့ကြခြင်းဖြစ်သည်။ မြန် မြန်ဆန်ဆန် လက်ထပ်ရခြင်းမှာ လည်း ဇာနည်က ရုပ်ချောသည်၊ မိန်းကလေးများ စွဲမက်လောက် သည့် ရုပ်ရည်နှင့် အပြောကောင်း မှုက ဥမ္မာ့အတွက် စိတ်မချစရာဖြစ် နေ၏။

ချိုလှဲ့နှင့် သီရိတို့က တားကြ သေးသည်။ သို့ပေမယ့် ဥမ္မာကိုယ် တိုင်က ဇာနည့်အား ဆုံးရှုံးခံရမည် ကို ကြောက်သည့်အတွက် တူနှစ် ကိုယ်တိုင်းပြည့်အား တည်ထောင် လိုက်ကြ၏။ နှစ်ဦးသား စုဆောင်း ငွေများနှင့် တိုက်ခန်းလေးကိုဝယ် ယူကာ (ဇာနည်က လုပ်ငန်းလုပ် မည်ဆိုသော အကြောင်းပြချက်ဖြင့် မိဘထံမှ ငွေကျပ် သိန်း ၅၀ တောင်းခဲ့၏)နေထိုင်ကြသည်။ သို့ ပေမယ့် ဇာနည်အိမ်ထောင်ပြုခြင်း ကို မိဘနှင့် သူ့အသိုင်းအဝိုင်းက မသိကြပေ။

သူတို့လက်မှတ်ထိုးတော့ လည်း မိတ်ဆွေအသိုင်းအဝိုင်းများ က ကူညီကြ၏။ မင်္ဂလာဧည့်ခံပွဲ ကျင်းပတော့လည်း ဥမ္မာ့ဘက်မှ ဆွေမျိုးအသိုင်းအဝိုင်းနှင့် ဇာနည့် မိတ်ဆွေများသာ စည်စည်ကား ကားနှင့် မင်္ဂလာပွဲလေးအားကျင်းပ နိုင်ခဲ့၏။

ဥမ္မာ့မိဘများက အိမ်ထောင် နှင့် အခြေတကျဖြစ်သွားသည့်သမီး အား စိတ်ချစွာဖြင့် နေရပ်သို့ ပြန် သွားခဲ့ကြ၏။ တစ်ခါတလေတွင် ယောက္ခမများထံမှ ဖုန်းလာ၏။ သို့ ပေမယ့် ဇာနည်က စကားကို ခပ် တိုတိုသာပြောပြီး ဖုန်းချပစ်ခဲ့သည်။

"ချွေးမနဲ့ စကားလေးဘာ လေး ပြောခိုင်းဦးလေ၊ ယောကျ်ား က ရင်းနှီးအောင် လုပ်မပေးဘူး"

"လက်ထပ်တုန်းကလည်း ရောက်မလာကြဘူး၊ ကိုယ်ဘယ် လောက် မျက်နှာငယ်ခဲ့ရသလဲ ဥမ္မာ၊ မင်းမိဘတွေက နားလည် ပေးလို့ တော်သေးတာပေါ့"

"ဝေးတော့လည်း ခွင့်လွှတ်ရ မှာပေါ့ရှင်၊ ကိုယ့်မိဘကို အပြစ်မဆိုး ရဘူးလေ"

"မင်းက ဘာသိလို့လဲ၊ အိမ်

www.burmeseclassic.com



တာ လုပ်ငန်းအတွက်ပေးတဲ့ ငွေသိန်း ၅၀ ကို ပြန်တောင်းနေပြီလေ၊ ကိုယ်က လုပ်ငန်းမလုပ်ဘဲ ကုမ္ပဏီမှာ ဝင်လုပ်နေတာ သိသွားကြပြီ”

သိန်း၅၀ အတွက် ဥမ္မာလည်း မပေးနိုင်ပါ။ ဝတ်ထားသည့်ပစ္စည်းလေးများကို ရောင်းချလျှင် ငွေငါးသိန်းပင် ပြည့်မည်မဟုတ်ပေ။

“အိမ်က ကိုယ့်ကိုမယုံတော့ဘူး။ ဒါကြောင့်မို့ ငွေကိုပြန်တောင်းနေတာပဲ၊ ဒီငွေကိုလည်း သူတို့က ကိုယ့်အတွက် ချေးငှားပေးလိုက်ရတာလေ”

“ဟင်.....အဲဒါဆို ဘယ်လိုလုပ်မလဲ၊ အိမ်ဝယ်လိုက်တာလို့ ပြောလိုက်လေ”

“မင်း ဘာမှမသိသေးပါဘူးကွာ၊ အဲဒီလိုပြောလိုက်ရင် မင်းအိမ်ကို လာသိမ်းသွားကြမှာပေါ့”

ဥမ္မာမှာ ဗုဒ္ဓေါဟုသာ တလိုက်မိ၏။ ဇာနည့်မိဘများက ငွေမက်မောသူများဖြစ်နေသည့်အတွက် အံ့ဩသွားသည်။ ဒါကြောင့်လည်း အိမ်သို့အလည်မခေါ်တာဘဲဟု ထင်သွား၏။

“ငွေလိမ်ခံရတယ်လို့ ပြောလိုက်တယ်၊ ဖုန်းလည်းပျောက်သွားပြီလို့၊ ဒီဖုန်းနံပါတ်လာရင် မကိုင်နဲ့နော်၊ Black List လုပ်ထားလိုက်မယ်”

“ဖြစ်ပါ့မလား”

“ဖြစ်ပါတယ်ကွာ”

သည်တော့လည်း ဥမ္မာက ဇာ

ဥမ္မာအား
ဂေါင်းသူတု ဆိုကြ၏။
ယောက္ခမနှင့် ယောက်မများက
အပေးတွ်နေကြသည်။
ဇာနည်က ရန်ကုန်တွင်
သင်တန်းလာ တက်ရင်း
ဥမ္မာနှင့်တွေ့ပြီး
ချစ်ကြိုက်ခဲ့ကြ၏။
တစ်နှစ်အကြာတွင်......



နည့်ဘက်မှမိဘများအား အဆက်အသွယ် မလုပ်ရဲတော့ပေ။

♛♛♛♛

“အဲဒါ ဇာနည် မရိုးသားတာပဲပေါ့ ဥမ္မာ၊ သူလက်ထပ်တာကို သူ့မိဘတွေ သိသင့်တယ်”

“ငွေသိန်း ၅၀ ကြောင့်ပဲကွာ”

“သိန်း ၅၀ က မင်းတို့ကိစ္စကို ဖွင့်ပြောမှဖြစ်မှာပေါ့၊ အကွဲသုံး

www.burmeseclassic.com





လိုက်တာမှ မဟုတ်တာဘဲကွာ၊ အိမ်ဝယ်တဲ့ထဲကို ထည့်လိုက်တာပဲ ဦးစွာ''

ချိုလဲ့နည်းတူ သီရိကလည်း ပြောပြန်သည်။

''နေပါဦး ဦးမွှာ၊ ဓာနည်က သူလက်ထပ်တာ မသိစေချင်တာ ဘာကြောင့်လဲ၊ တစ်ခုခုတော့ လျှို့ဝှက်ချက်ရှိနေပြီကွာ''

''တို့လည်း မစဉ်းစားတတ်တော့လို့ မင်းတို့ကို ဖွင့်ပြောရတာပဲ''

သူငယ်ချင်းနှစ်ယောက်က ဓာနည့်ကိစ္စကို ဝိုင်းစဉ်းစားပြီး အဖြေရှာပေးနေကြသည်။ ဦးမွှာကိုယ်တိုင်လည်း မစဉ်းစားနိုင်တော့ပါ။

''Viber ကိစ္စနဲ့များ သက်ဆိုင်နေမလား ဦးမွှာ၊ အဲဒီဖုန်းကို မင်းပြန်ခေါ်လိုက်ပါလား၊ ခေါ်ကြည့်ပြီးပြီလား''

''မခေါ်ရသေးဘူး''

''ဒါဆို အခုပဲပြန်ခေါ်ကြည့် ဦးမွှာ၊ အခြေအနေကို သိရတာပေါ့''

ဦးမွှာလည်း Viber ပို့လိုက်သည့် ဖုန်းနံပါတ်အား ပြန်ရှာပြီး ခေါ်လိုက်၏။ အမျိုးသားအသံထွက်လာသည်။

''ဟယ်လို..ဘယ်သူလဲခင်ဗျ''

''ဒီဖုန်းနဲ့ Viber ကနေ ကလေးပုံတွေ ပို့လိုက်တယ်၊ အဲဒါ ဘယ်ကပို့တာလဲရှင်၊ ကျွန်မဖုန်းထဲ ဝင်နေလို့ မေးကြည့်တာပါ''

''ဪ.....ဟုတ်လား၊ ကျွန်တော်တော့ မပို့ပါဘူး၊ ခဏလေးနော်၊ ဟဲ့.....ကလေးပုံတွေ ပို့မိသေးလား၊ ဘယ်သူပို့ခဲ့တာလဲ၊ ဒီမှာ ဖုန်းမှားပို့တယ်နဲ့တူတယ်''

သူ့အိမ်သားများအား ပြန်မေးနေသံ ကြားရသည်။ ဦးမွှာက နားကိုတိုးကပ်၍ နားထောင်လိုက်ပြီး သီရိနှင့် ချိုလဲ့တို့အား အသံမထွက်ရန် လျှို့ဝှက်သင်္ကေတဖြင့် ပြလိုက်၏။

''ဟယ်လို.....''

''ဟုတ်ကဲ့ ပြောပါရှင်''

''အစ်မကြီးက ဘယ်ကလဲခင်ဗျာ''

အရေးထဲ သူကပြန်မေးနေသေးသည်။ ဦးမွှာက စိတ်ပျက်ပျက်ဖြင့်.....

''ကျွန်မက ရန်ကုန်ကပါ၊ ဒီပုံတွေပို့လို့ ယောကျ်ားနဲ့ ပြဿနာတက်နေပြီ၊ ကွဲမယ်ကွာမယ်တောင် ဖြစ်ကုန်ကြပြီရှင့်''

''ဟာ....ဒီလောက်တောင်ပဲလား၊ တောင်းပန်ပါတယ်ဗျာ၊ ပုံတွေက ကျွန်တော့်မြေးပုံတွေပါ၊ မိတ်ဆွေတစ်ယောက်ဆီ ပို့လိုက်တာပါဗျာ။ အစ်မကြီးရဲ့ဖုန်းနံပါတ်နဲ့ ၂၅ နဲ့ ၅၂ မှားသွားလို့ပါနော်''

www.burmeseclassic.com

"ရှင်က ဆောရီး၊ ကျွန်မက မောပြီးပေါ့၊ ဒါနဲ့ ရှင်က ဘယ်မှာနေတာလဲ"

"ထားဝယ်ကပါဗျာ၊ တောင်ငူက မိတ်ဆွေဆီ မြေးပုံလေးတွေပို့လိုက်တာပါ၊ စိတ်မကောင်းလိုက်တာဗျာ၊ တောင်းပန်ပါတယ်နော်"

"ရပါတယ်ရှင်၊ ကဲတရားပေါ့၊ ဒါပဲနော်"

တစ်ဖက်က စိတ်မကောင်းဖြစ်သွားပုံရသည်။ အခုတော့ ရင်ထဲကျိတ်ခံစားမှုများက ရှင်းသွားရ၏။ Speaker ဖွင့်ထားသည့်အတွက် သီရိနှင့် ချို့လဲ့တို့အား ရှင်းပြစရာမလိုတော့ပါ။

"အမယ်လေးနော် ဖုန်းမှားပို့ရတယ်လို့ဟယ်၊ ခံစားရတဲ့သူက သေလုမြောပါးပဲ"

"ဒီလိုမှန်းသိရင် စောစောကတည်းက ဖုန်းခေါ်လိုက်ပါတယ်ကွာ၊ ကိုဇာနည် သနားပါတယ်၊ သူ့မှာ သံသယနွံထဲ နစ်ခဲ့ရတာ"

ဥမ္မာက ဇာနည်လှုပ်ရှားသံမျှကို သက်သမကင်းသည့် သံသယမျက်လုံးနှင့် အချိန်တိုင်း ကြည့်နေမိသည်။ မောနေရသူက ဥမ္မာပါ။

"ကံကဖန်တီးလာတာကိုးကွ၊ ကံကြောင့် စိတ်ချမ်းသာတာရှိသလို ကံကြောင့်လည်း ဘဝပျက်မတတ် ခံနည်းရတာပဲ၊ ကဲ.....ရှင် အိမ်ပြန်တော့ ဥမ္မာ၊ ရှင့်ရဲ့သံသယတွေ ပျောက်တော့"

"ဟုတ်တယ် ဥမ္မာ၊ စိတ်ချမ်းချမ်းသာသာနဲ့ ပြန်တော့၊ ဇာနည့်ဆီ လိုက်သွားဦးမှာလား"

"မလိုက်တော့ပါဘူးဟာ၊ အိမ်ပြန်ပြီး ဈေးဝင်မယ်၊ ယောက်ျားအကြိုက် ချက်ကျွေးမယ်၊ သူ့အံ့သြရအောင်လေ"

"ကောင်းပါပြီရှင်၊ ကြွ...ကြွမြန်မြန်"

ဥမ္မာလည်း အိမ်သို့အမြန်ပြန်ခဲ့တော့သည်။

♛♛♛♛♛

"ဟင်...ရှင်ကအရင်ရောက်နှင့်နေတယ်"

"အေးကွာ၊ ဒီနေ့ ဝမ်းသာတာနဲ့ ကုမ္ပဏီက နေ့ဝက်ခွင့်ယူပြီး ပြန်လာတာ၊ မင်းအကြိုက် ဘဲပေါင်းချက်ထားတယ်၊ ကြံမဆိုင်ဟင်းချိုလေးနဲ့လေ"

ဥမ္မာက အိမ်အရင်ပြန်လာသည့်အကြံမှာ မှန်သွား၏။ အဝတ်အစားလဲပြီးမှ ဈေးသွားမည်ဟု ကြံစည်ထားသည်။ ယခုတော့ ဇာနည့်ကိုကြည့်ပြီး သနားသွား၏။

"အိမ်ကိုအမှန်အတိုင်း ဖွင့်ပြောလိုက်တယ် ဥမ္မာ"



သူ့အိမ်သားများအား
ပြန်ပေးနေသံကြားရသည်။
ဥမ္မာတနားကို
တိုးကပ်၍ နားထောင်လိုက်ပြီး
သီရိနှင့်ချို့လဲ့တို့အား
အသံမထွက်ရန်
လျှို့ဝှက်သင်္ကေတဖြင့်....





www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်လား၊ ရှင့်မိဘတွေက ဘာပြောလဲဟင်"

ဇာနည်သည် ဥမ္မာ၏ပခုံးလေးကို ဖက်ပြီးနောက်.....

"မေမေက စိတ်မကောင်းဘူးပေါ့၊ သားရဲ့မင်္ဂလာပွဲမှာ ဝင်နွဲချင်တာလေ၊ ပြီးတော့ သူ့ချွေးမလေးကိုလည်း တွေ့ချင်တယ်တဲ့"

ဥမ္မာက ရှက်စိတ်ဖြင့် မျက်ဝန်းလေးလှန်ကာ မော့ကြည့်နေသည်။

"ဆွေပြမျိုးပြ လာခဲ့ပါဦးတဲ့၊ ညီမတွေကလည်း သူတို့ယောက်မကို တွေ့ချင်နေကြတယ်၊ Viber ကနေဓာတ်ပုံပို့လိုက်မယ် ဥမ္မာ"

"ယောက်ျားသဘောလေ၊ အဆင်ပြေသွားတာပဲ ဝမ်းသာလှပါပြီ၊ ဒါနဲ့ ငွေကိစ္စကရော"

"သြော်.....ဒါက ကိုယ်တို့မင်္ဂလာပွဲအတွက် လက်ဖွဲ့တဲ့ကွာ"

"အမယ်လေး...တော်ပါသေးရဲ့နော်၊ ငွေကိစ္စအတွက်နဲ့ ဥမ္မာလေ ခေါင်းနောက်နေမိတာပါ"

"အခုတော့ခေါင်းနောက်စရာမလိုတော့ဘူးကွာ၊ ဒါကြောင့်မို့ ပြဿနာတစ်ခုဟာ မျိုသိပ်ထားတာထက် ပွင့်ပွင့်လင်းလင်း ရင်ဆိုင်ဖြေရှင်းလိုက်တာ အကောင်းဆုံးပဲပေါ့၊ တစ်ဖက်သတ် ခံစားနေရတာ ဘယ်လောက်စိတ်ညစ်စရာကောင်းသလဲ ဥမ္မာ"

"ဒါပေါ့ ကိုဇာနည်ရယ်၊ ကိုယ့်ဘက်က မှန်ကန်ပြီး ရိုးသားတဲ့လုပ်ရပ်နဲ့ ကောင်းတာကိုလုပ်ခဲ့တာပဲ၊ ဖွင့်ပြောရဲရမှာပေါ့၊ အကြောင်းကြောင်းကြောင့် မျိုသိပ်ပြီး ရင်မဆိုင်ရဲတာဟာ သူရဲဘောကြောင် သူတွေရဲ့ လုပ်ရပ်ပဲ၊ အဲဒါဟာ လူတွေကို သံသယဖြစ်စေတယ်လေ"



"ဟုတ်ပါပြီကွာ၊ ကိုယ့်မိန်းမစကားကို နားထောင်ပါတော့မယ်"

"ခွင့်ရက်ရှည်ရရင် ကိုဇာနည့် မွေးရပ်မြေကို အလည်သွားကြတာပေါ့နော်၊ အသိုင်းအဝိုင်းနဲ့နေတဲ့သူမှန်သမျှ ဆွေမျိုးဆိုတာ ခင်ခင် မင်မင် ရှိသင့်တယ်၊ မပြတ်သင့်ဘူးပေါ့"

"ကောင်းပါပြီဗျာ"

ဇာနည်နှင့် ဥမ္မာတို့အနာဂတ်သည် ကြည်လင်ဝင်းပသည့် ကောင်းကင်ကြီးနှယ် စိတ်ချမ်းမြေ့ခြင်းသို့ ရောက်နေတော့သည်။ သို့မဟုတ်ပါက Viberမှ ကလေး ဓာတ်ပုံပို့သည့်ကိစ္စတွင် တစ်စုံတစ်ဦး၏ ဖုန်းနံပါတ် ပေါ့လျော့မှားယွင်း ခြင်းကြောင့် အိမ်ထောင်ရေးပြိုကွဲနိုင်သည်အထိ ဖြစ်ပေါ်လာစေနိုင်သည်။ ဤသည်ကို သတိထားဆင်ခြင်တတ်ပြီး စာနာစိတ်ရှိကြလျှင်ဖြင့် လူမှုရေးကိစ္စများ မဖြစ်ပေါ်နိုင်ကြောင်း လူတိုင်းအား သတိပေးသလို ဖြစ်ခဲ့ရတော့သည်။

**လေးစားစွာဖြင့်**

**နွေအလွန်**


www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## ခရီးတစ်ထောက် သမီးပျောက်ရှာပုံတော်

**မောင်ထွန်းညွန့် (ကွမ်းခြံကုန်း)**

ရထားက ရွာသာကြီးကိုကျော်ပြီး ရှေ့မှာ တိုးကြောင်ကလေး၊ ငမိုးရိပ်၊ သဃ်န်းကျွန်း၊ နှင်းဆီကုန်း၊ မလွကုန်း၊ ပုဖွန်တောင်၊ နောက် ရန်ကုန်။ ဤရထားခတ်နှုန်းနှင့်ဆိုလျှင် ရန်ကုန်ကို ဆယ် မိနစ်အတွင်း ရောက်မှာသေချာနေပြီဟု စိတ်၌ ကျွန်မ တွေးတော နေမိပါသည်။

ကျွန်မနှင့် ကျွန်မ၏ သာသနာ ပြုလုပ်ငန်းများတွင် ရှေ့ဆောင်လမ်းပြ မီးရှူးတန်ဆောင်ဖြစ်သော ကျွန်မ၏ဆရာ ဦးထွန်းညွန့်ကျော်နှင့် ဓာတ်နန်း၊ နတ်နန်း၊ နတ်စခန်း ဒေဝတာ ပူဇော်ပွဲ၊ ဗလိနတ် စာဒိနပြုပွဲ(ဝါ) တောင်ပြုံးမှ ပြန်လာခဲ့ခြင်းဖြစ်သည်။



အဓိဋ္ဌာန်အရ သန်လျင်ကျိုက်ခေါက်ဘုရား၊ တနင်္ဂနွေထောင့်တွင် အောင်ဓာတ်ယူရန် ရန်ကုန်မှ သန်လျင်သို့ ခရီးတစ်ထောက် ဆက်ကြရဦးမည်။ ဒါက ဆရာနှင့် ကျွန်မကြံထားသောအကြံ။ ကျွန်မနှင့်အတူ အဖော်အဖြစ် မိခင် ဒေါ်အုံးကြည်၊ အစ်မကြီးဖြစ်သူ မတင်ကြည်နှင့် သားစည်သူတို့ လိုက်ပါကြသည်။

ကျွန်မတို့နှစ်ယောက်တည်း ခရီးသွားခဲ့သည်။ ကျွန်မ ဆရာ့ကို ကြည့်လိုက်သည့်အခါ ဆရာမှိန်းနေသည်။ စကားစမြည်ပြော ရမည်။ ဘူတာ ရောက်တော့မည် မဟုတ်လား။

ကျွန်မက ဆရာ့ကိုခရီး ဆက် ထွက် ဖြစ်၊ မဖြစ် မေးကြည့် ရာ ဆရာက မည်သည့်နေ့ဖြစ်သနည်းဟု မေးသောကြောင့် ဗုဒ္ဓဟူးနေ့ ဖြစ်ကြောင်း ပြောလိုက်ရာ

www.burmeseclassic.com



ဆရာက ဗုဒ္ဓဟူးအခံနှင့် မဟာဘုတစိုင် ထူခိုင်းသည်။ ကျွန်မ တိုင်ထူလိုက်ရာ အောင်၊ ပွဲ၊ ကြီး၊ လံ၊ ထူ၊ စစ်၊ သူဖြစ်သည်။ ဆရာက ထိုသို့ရလျှင် ယနေ့ခရီးသည် သန်လျင်မြို့သို့ မသွားဖြစ်တော့ကြောင်း၊ သွားရမည့်မြို့က သန်လျင်ဆိုတော့ သောကြာနံမြို့။ ရလာသော မဟာဘုတခွင်တွင် သောကြာက တိုင်ခြေရောက်နေသည်။ ထို့ကြောင့် ခရီးထွက်ဖြစ်မည်မဟုတ်ဘဲကြုံလိမ့်မည်။

ရန်ကုန်ဘူတာတွင် ကားငှားနေဆဲမှာပင် (၆)နှစ်ကျော်ကျော် အရွယ်ခန့်ရှိသော ကောင်မလေးတစ်ယောက်၏ ပြဿနာကို အောင်မြင်စွာ ဖြေရှင်းပေးရလိမ့်မည်ဟု ကြိုပြော၊ ကြိုဟောလေသည်။

ရန်ကုန်ဘူတာကြီးကိုဝင်ပြီး ရထားပေါ်ကဆင်း၊ ကားငှားနေစဉ် ကောင်မလေးတစ်ယောက်နှင့်အဘိုးကြီးတစ်ယောက်တို့ ပိုက်ဆံလာတောင်းသည်။

ကောင်မလေးက (၆)နှစ်ခန့်သာရှိမည်ထင်သည်။ ချေးညှော်အထပ်ထပ်ဖြစ်သော်လည်း မူလအသားအရေက ဖြူဆွတ်ဝင်းပသည်။

မျက်နှာက အဆင့်အတန်းမြင့်မြင့် ချမ်းသာသည့်အတန်းအစားထဲကမျက်နှာမျိုး။


ဆရာက ကျွန်မကိုလက်တို့ပြီး ကိုင်း.....ဆရာမ ပညာစွမ်းပြပေတော့ဟုဆိုသည်။ ပထမ နားမလည်။ သို့သော် ဆရာသည် မည်သည့်စကားကိုမျှ အကြောင်းမဲ့၊ အဓိပ္ပာယ်မဲ့မဆို၊ အနက်ကင်းကင်းမဖွင့်တတ်။

ထို့ကြောင့် ခပ်လှမ်းလှမ်းသို့ ထွက်ခွာသွားပြီး ရပ်နေသော ဆရာ့နောက်သို့ လိုက်မသွားဘဲ လက်ဝါးဖြန့် ပိုက်ဆံတောင်းနေသော ကောင်မလေး၏လက်ဝါးထဲသို့ ပိုက်ဆံ( )ည့်ကာ ကောင်မလေး၏ လက္ခဏာကို ကြည့်လိုက်မိရာ အံ့သြသွားမိသည်။ ကောင်မလေးနှင့် မည်သို့မျှ စပ်ဟပ်၍မရသော နောက်မှ အသားမည်းမည်းလူကြီးကို ကြည့်လိုက်မိသည်။ ပြီးနောက် လုပ်သင့်လုပ်ထိုက်သော အလုပ်တစ်ခုကို ဆက်လုပ်လိုက်သည်။

လုပ်သင့်လုပ်ထိုက်သည့် အလုပ်ဆိုသည်ကား ဘူတာအစွန်ရှိ မီးရထားရဲစခန်းမှ စခန်းမှူးကို အသိပေးပြီး ၎င်းမှ ရဲတပ်ဖွဲ့ဝင် နှစ်ဦးကို တာဝန်ပေးလိုက်သည်။

ကျွန်မနှင့်အတူ ရဲတပ်ဖွဲ့ဝင် နှစ်ဦးကိုခေါ်ကာ ထိုကောင်မလေးနှင့် လူကြီးကို ဖမ်းခိုင်းလိုက်ခြင်းပင်။

ထို့နောက် ပဲခူးမြို့သို့ဖုန်းဆက်သည်။ မည်သည့်အချိန်ရောက်မည်နည်းဟု သေသေချာချာမေးသည်။ ရဲစခန်းမှူးကိုအခြေအနေအားလုံးကို ရှင်းသွားစေရန် နှစ်နာရီခန့်စောင့်ပါရန်၊ ထိုနှစ်နာရီခန့်ဆိုသည်မှာ ပဲခူးမှ ရန်ကုန်သို့ ကားမောင်းလာရမည့်အချိန်ဖြစ်





www.burmeseclassic.com

www.burmeseclassic.com



ကြောင်းပြောရင်း မုန့်၊ လက်ဖက်ရည်တို့ မှာ သောက်ရင်း စောင့်ကြသည်။

အချိန်အခါမသင့် လိုက်ပုံက ကျွန်မ ခန့် မှန်းသည့် နှစ်နာရီခန့် ပင်မကြာလိုက်ဘဲ ရဲစခန်းရှေ့သို့ ခေတ်အမီဆုံး နို့နှစ်ရောင်ကားတစ်စီး ထိုးဆိုက်ကာ ချောမောလှပ တောင့်တင်းသည့် လူကုံထံအမျိုး သမီးတစ်ဦး ဆင်းလာကာ ရဲစခန်းအတွင်း ဝင်လာတော့သည်။



ထိုအမျိုးသမီးက ကျွန်မကို တွေ့ရတာဝမ်းသာပါတယ်ဟုမိတ်ဆက်စကားဆိုလာသည်။

ပြီးနောက် စခန်းမှူးထံသွားပြီး သူသည် ပဲခူးမြို့မှ ဒေါ်သီတာနွယ်ဆိုသူဖြစ်ကြောင်း၊ ကျွန်မထံတွင် ရန်ကုန်ရောက်တိုင်း မကြာခဏ လက္ခဏာစစ်ဆေး၊ ဗေဒင်မေးလေ့ရှိကြောင်း ပြောဆိုမိတ်ဆက်သည်။

ပြီးနောက် စခန်းအတွင်း ဟိုဟိုဒီဒီကြည့်ပြီး ဆရာတို့ ကျွန်မသမီးကို တွေ့ထားတယ်ဆိုဟု အလောသုံးဆယ်မေးလိုက်ရာ စခန်းမှူးက.....

"ဒေါ်သီတာရဲ့သမီးဟာ မုန့်သွားဝယ်စားမယ်ဆိုပြီး ထွက်သွားရာက ပျောက်ဆုံးသွားခဲ့တယ်လို့ သိရပါတယ်၊ အခုမြင်ရင် မှတ်မိနိုင်ပါဦးမလား၊ အခု အတူတွေ့တဲ့ အဘိုးကြီးက ဒီကလေးမဟာ သူ့သမီးဖြစ်တယ်လို့ ပြောလာရင်ရော မဖြစ်နိုင်ဘူးလား"

ထိုသို့ စောဒကတက်မေးမြန်းရာ ဒေါ်သီတာနွယ်က.....

"သာမန်ဆိုရင်တော့ မှတ်မိစရာမရှိပါဘူး၊ ဒါပေမဲ့ သမီးရဲ့ရင်ဘတ်မှာ မှဲ့နီသုံးလုံးပါလို့ ကျွန်မသမီးကို ကျွန်မ မှတ်မိတယ်ပါတယ်"

ထိုအခါ အနီးရှိ ရဲတပ်ဖွဲ့ဝင် များက.....

"ဒီအဘိုးကြီးဟာ ကလေးတွေကို ခိုးခိုးပြီး ပိုက်ဆံတောင်းစားနိုင်းနေတဲ့ ရာဇဝင်လူဆိုးထောင်ထွက် မိုးဟိန်းကြီးပဲ၊ အခုတော့ တစ်မှုထပ်တိုးတာပေါ့"

ထိုသို့ပြောပြကြသည်။

ဒေါ်သီတာနွယ်နှင့် သူ့သမီးအတွေ့တွင် သမီးရင်ဘတ်ကိုလှန်ကြည့်ရာ မှဲ့နီသုံးလုံးကို တွေ့ခဲ့ရသည်။ ဒေါ်သီတာနွယ်မှာ.....

"ဖြစ်မှဖြစ်ရလေ သမီးရယ်"

ထိုသို့ပြောကာ ငိုလေတော့သည်။

ဒေါ်သီတာနွယ်က ဆက်လက်ရှင်းပြရာတွင် သူ့ခင်ပွန်းသည် ဝတ်လုံတော်ရ ဦးဉာဏ်သွေး တစ်ယောက် သက်ဆိုးမရှည်ရှာဘဲ သမီးလေး မီးတွင်းထဲတွင်ရှိစဉ် ကွယ်လွန်သွားကြောင်း၊ ထို့နောက် သမီးပျောက်သွားကြောင်း ပြောပြခဲ့သည်။

ယခုမူ ဟောင်ရှေ့က ဗေဒင်



www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာဆရာမက အင်္ဂလိပ်စာဖြင့် အတတ်မြင်၊ အတတ်သိကာ သူမကို အကြောင်းကြားခေါ်ယူသည်ဖြစ်သောကြောင့် သမီးနှင့်ပြန်တွေ့ရကြောင်းပြောကာ ကျွန်မကိုထိုင်ကန်တော့သည်။

ငွေကျပ် ငါးထောင်ကိုလည်း ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ပေးသည်။ ကျွန်မက ငွေကိုမယူလိုကြောင်း၊ ထိုငွေကို ကျွန်မကိုလှူမည့်အစား ရွှေတိဂုံဘုရားတွင်လှူဒါန်းလိုက်ပါဟုပြောရာ ဒေါ်သီတာနွယ်က ယခုအပြန်တွင်ပင် ဝင်လှူသွားပါမည်ဟု ဝမ်းသာစွာပြောပြီး ပြန်သွားခဲ့သည်။

♛♛♛♛♛

ဒေါ်သီတာနွယ်ပြန်သွားလျှင် ပြန်သွားချင်း ကျွန်မကို မေးချင်နေသည်မှာ ပါးစပ်ယားနေပြီဖြစ်သော စခန်းမှူးရဲအုပ်သန်းဦးက.....

“ဒီကလေးမကိုမြင်ရုံနဲ့ ဒေါ်သီတာနွယ်ရဲ့ သမီးမှန်း ဘာကြောင့် အတတ်ပြောနိုင်တာလဲ”

ထိုသို့ ကျွန်မကိုမေးရာ ကျွန်မက ဆရာရှင်းပြပါ့လိမ့်မယ်ဟု ဆရာ့ကို တာဝန်ပေးလိုက်သည်။

ကျွန်မက



**ဘာအပြစ်မှမရှိပါဘူး၊ ရုပ်လက္ခဏာ ချောမောလှပပြီး ပစ္စည်းလည်းချမ်းသာတယ်၊ အဘက်ဘက်ကပြည့်စုံတဲ့ အမျိုးသမီး တစ်ယောက်ပေါ့.....**

ဆရာ့လောက် စကားပြောမတတ်၊ ပြောလျှင်လည်း လိပ်ပတ်လည်မည်မဟုတ်။ ဆရာသင်ပေး၍ ဗေဒင်သာဟောနေသည်၊ စကားပြောက လုံးဝမချော။ ဆရာက ရေတစ်ခွက် သောက်ပြီး ရှင်းပြခဲ့သည်။

“ဒါက အင်္ဂလိပ်စာချည်းသက်သက်မဟုတ်ဘူး၊ ဆက်စပ်တွေးခေါ်မှု ဒသာနလည်း အမှားကြီး ပါပါတယ်”



www.burmeseclassic.com

www.burmeseclassic.com




"ရှင်းပါဦး ဆရာ"

"ဒေါ်သီတာနွယ်ရဲ့ ဥပတ်ိရုပ မှာ ဘာအပြစ်ရှိသလဲ၊ ဘာအပြစ် မြင်သလဲ"

"ဘာအပြစ်မှမရှိပါဘူး၊ ရုပ်လက္ခဏာ ချောမောလှပပြီး မူညီးလည်းချမ်းသာတယ်၊ အဘက်ဘက်ကပြည့်စုံတဲ့ အမျိုးသမီးတစ်ယောက်ပေါ့ ဆရာရယ်"

ဆရာက ထပ်မံ၍ရှင်းပြသည်။ ကောင်းခြင်းငါးဖြာ၊ ပြည့်စုံပါပြီး ဥစ္စာဓန ပေါပြည့်ဝသား၊ ချောလှခဲ့ထည် သီတာနွယ်သည် အရွယ်ကောင်းတုန်း လင်သေဆုံး၍ မုလုံးကြွေကြွေ မငြိမ်းရခင်၊ သမီးကထင်



ပျောက် မီးကထပ်တောက် သဘောရှိနေကြောင်း ရှင်းပြခဲ့သည်။

အဘယ့်ကြောင့် ထိုကဲ့သို့ဖြစ်ရသနည်းဟု ကျွန်မကမေးရာ ဆရာက.....

"ဒါ ရုပနိကာယ်လို့ဆိုဆို၊ ဥပမိရုပလို့ပြောပြော အင်္ဂဝိဇ္ဇာလို့ အများပညာရှင်ခေါ်သလိုခေါ်ခေါ် ဒေါ်သီတာနွယ် ဒီလိုဖြစ်ရတာ သူ့ရုပ်ကြောင့်ပဲ၊ ဒါကို သာမုဒ္ဒြိက ကျမ်းထဲမှာ အတိအလင်း ဆိုထားဟော ချက်ထုတ်ထားတယ်။

**ရုပနိကာယ်လို့ဆိုဆို၊ ဥပမိရုပလို့ပြောပြော အင်္ဂဝိဇ္ဇာလို့ အများပညာရှင် ခေါ်သလိုခေါ်ခေါ် ဒေါ်သီတာနွယ် ဒီလိုဖြစ်ရတာ သူ့ရုပ်ကြောင့်ပဲ၊ ဒါကို သာမုဒ္ဒြိက ကျမ်းထဲမှာ....**

ထို့နောက် ဆရာက ထိုဟောချက်အား ရှင်းပြသည်မှာ.....

"အမျိုးသမီးတစ်ဦးဟာ အတိနိလာ အလွန်ညိုသောဆံပင်၊ မုဒုကောသိ လွန်စွာနူးညံ့သောဆံပင်၊ သုမုခိစ လွန်စွာအဆင်းလှသော မျက်နှာ၊ ကေသာစဆံပင်တို့သည် သုမစျမာ လွန်စွာပြေပြစ်မည်၊ ကဏ္ဍောပိဝါ လက်ဝဲလည်တိုင်တွင် မှဲ့နီ ထင်ရှားစွာပါ၏၊ ထိုအမျိုး သမီးသည် မုချချမ်းသာသည်လို့ ကျမ်းက အတိအလင်းဆိုထားတယ်"

ထိုအခါ စခန်းမှူးက.....

"ဒီလောက်လှပချမ်းသာနေပါလျက်နဲ့ လင်သေ၊ သမီးပျောက် စတဲ့သောကတွေ ဘာကြောင့်ကြုံရတာလဲဆိုတာ ရှင်းပြပါဆရာ"

ထိုသို့ပြောလာသဖြင့် စည်ကြီးသဖွယ် တီးမှမြည်သော ဆရာပညာရှိက ဆက်ရှင်းပြခဲ့သည်။

"အဲဒီကျမ်းမြွတ်ထဲမှာပဲ အကြင်မိန်းမတစ်ဦးသည် မိကာဟစ သာယာသောအသံရှိ က ထိုမိန်းမထံသို့ ဓနယံ ဓနဥစ္စာသည် ဘဝတိ ဝင်ရောက်တည်မြဲ ချမ်းသာအံ့လို့ဆိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ဆက်ပါဦး"

"ဒါကြောင့် ဒေါ်သီတာနွယ် ... ချမ်းသာတာပေါ့၊ ဒီကျမ်းထဲ ... လက္ခဏာသာမက ခြေခဏာ ...ာချက်ပါသေးတယ်၊ ဒေါ်သီ ...ာနွယ် မုဆိုးမဖြစ်ရတဲ့ ...ကြောင်းကို ဒီလို ...ထားတယ်"

"ဘယ်လိုပါလဲ ...ရာ"

"ယသတု...ကြွင်မိန်းမ၏ ပါဒ ...ထောက်၌ အနာ ...ာ ခြေသူကြွယ် ...ည် ပထဗျံမြေ ...ယ် နေဝဖုသာ ... မထိမှုက ထို ...း မသည် မုချ ...မဖြစ်လို့ ဟော ...းတယ်"

ဆရာက ထိုသို့ ...ပြပြီး နောက် ...န်းမှူးက.....

"ဆရာနဲ့ ခဏတာတွေ့ရပေ ...့ ဗဟုသုတတွေ အများကြီးသိ ...့ ဝမ်းသာပါတယ်၊ ဆရာ့ဆီကို ...ည်း ရန်ကုန်ရောက်ရင် ဝင်လာ ...ဦးမယ်၊ နောက်ဆုံး ကျွန်တော် ...ချင်တာကတော့ ဒီကောင်မလေး ... ဘာကြောင့် ဒေါ်သီတာနွယ်ရဲ့ ...မီးလို့ ပြောနိုင်တာလဲဆိုတာ ရှင်း ပြပေးပါ ဆရာမ"

ထိုသို့ကျွန်မအား မေးမြန်းခဲ့ရာ ဒီကောင်မလေးနဲ့ အဘိုးကြီးကို မည်သို့မျှဆက်စပ်ကြည့်၍မရရာက မသက်ာဖြစ်ကြောင်း၊ ကောင်မလေးရုပ်က သန့်သန့်ချောချော



လေးဖြစ်ပြီး လက္ခဏာကလည်း လူချမ်း သာလက္ခဏာဖြစ်ကြောင်း၊ ပြီး နောက် မျက်နှာနှင့်မျက်လုံးက ဒေါ်သီတာနွယ်နှင့်ဆင်ကြောင်း၊ ထို့ကြောင့် ကျွန်မက စွပ်စွဲပြီး ဒေါ်သီတာနွယ်ကို လုမ်းခေါ်ရခြင်း ဖြစ်ကြောင်း၊ ဒေါ်သီတာနွယ်နှင့် ကျွန်မက ဗေဒင်လက္ခဏာကြည့် ရင်း ခင်နေကြကြောင်း၊ ထို့ကြောင့် သမီးပျောက်ကိစ္စကို သိနေခြင်းဖြစ်ကြောင်း ရှင်းပြလိုက်သည်။


နှစ်ရက်အကြာတွင် စခန်းမှူးသည် ကျွန်မတို့ဗေဒင်ဟောခန်းသို့ ဝင်လာပြီး ဒေါ်သီတာနွယ်၏ခင်ပွန်း ရှေ့နေက ထိုအဘိုးကြီးကို အမှုတစ်မှုဖြင့် ထောင်ချဖူးသော ကြောင့် ထိုအဘိုးကြီးက ကလေးကို အငြိုးဖြင့် ခိုးယူကာ ကလဲ့စား ချေသည့် အနေဖြင့် တောင်းခိုင်းသည်ဟုထွက်ဆိုကြောင်း ဝင်ပြော ပြခဲ့သည်။

စခန်းမှူးက ဆက်လက်၍ လက်ဗွေဖြင့် သူခိုးဖမ်းပေးခြင်းကို မကြာခဏကြားဖူးပြီး ယခုကဲ့သို့ ဗေဒင်ပညာဖြင့် ရဲတပ်ဖွဲ့ကို ကူညီပြီး အမှုကိုဖော်ထုတ်ပေးသဖြင့် ဆရာနှင့်ဆရာမကို ကျေးဇူးတင်ပါကြောင်း ပြောဆိုပြီး ထွက်ခွာသွား လေတော့သည်။

**မောင်ထွန်းညွန့် (ကွမ်းခြံကုန်း)**

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရ




နှင်းစက် (သာနှိုး)

"ရွှေလရယ်သာသာ....ငွေလရယ်သာသာ.....ကျွန်မတို့အိမ်ရှေ့မြေတလင်းမှာ...ပျို့တို့အိမ်ရှေ့ မြေတလင်းမှာ.....သူငယ်ချင်းတွေစုံစွာ...ပေါင်းစုလို့ကစားကြမှာ...ရွှေစွန်ညိုဝဲတမ်းလေး ကစားကြမှာ.... မထွေးရေ စွန်ကြီးလာပြီကွာ"

"ဟေး.....ဟေး.....ဟေး"

ဟော....ပြေးကြပြန်လေပြီ။ လိုက်ကြပြန်လေပြီ။

"ဟော့ ရွှေစွန်ညို....လူကြမ်းကြီးရာ..... မကြမ်းပါနဲ့ကွာ"

ရွှေစွန်ညိုလိုက်တမ်းကစားနေ တာကိုကြည့်ပြီး မြတ်မှာ ရယ်လိုက်ရတာ ဗိုက်ကြောတွေပင်နာရသည်အထိ။ မြတ်မှာတစ်ယောက်တည်း မယ်ဇင်ပင်ကြီးအောက်ကနေပြေးပြေး၊ ဟာ..... မဟုတ်ဘူး၊ ဒီဘက်ကိုလာ စသဖြင့် ဟစ်အော်အားပေးနေရပါသည်။

တကယ်တော့ ကစားပွဲထဲထိတိုင် မြတ်၏အသံက တိုးပေါက်နိုင်တာမဟုတ်ပါ။ မြတ်ထိုင်နေသော မယ်ဇယ်ပင်ကနေ ကစားကွင်းကွက်လပ်အထိက ပေသုံးဆယ်ခန့် ဝေးကွာလေသည်။ အဲဒီလိုဝေးကွာရအောင်လို့ မြတ်ကိုယ်တိုင်ပဲ နေရာရွေးထားရတာ။ မဟုတ်လျှင် သူတို့တွေ ပြေးရင်းလွှားရင်းဖြင့် မြတ်ကိုဝင်တိုက်မိလျှင် အခက်သား။



"ဘာဖြစ်လို့ ဝင်မဆော့တာလဲ၊ တစ်ယောက်တည်း"

"အသားနာမှာစိုးလို့ပေါ့"

ပြောပြီး မြတ်မော့ကြည့်လိုက်မိသည်။ မြတ်ထက် အသက်အနည်းငယ်မျှ ပိုကြီးနိုင်မည့် လူငယ်တစ်ယောက်။ သူကမြတ်၏ အနီးမှ သစ်မြစ်ကြီး တစ်ခုပေါ် ဝင်ထိုင်သည်။ မြတ် ထိုလူကိုမသိပါ။ ယောကျ်ားလေးတန်မဲ့ နှင့် ပြုံးလိုက်တိုင်း ဘယ်ဘက်ပါး ချိုင့်ခွက်တစ်ခုက ထင်ထင်ရှားရှားပေါ်နေသည်။

"မင်းက ဒီမြို့ကမဟုတ်



www.burmeseclassic.com

www.burmeseclassic.com


တာ"

လက်ခုပ်လက်ဝါးတီးကာ အားပေးနေသော မြတ်မှာ လက်ခုပ်တီးတာ ရပ်သွားရသည်။ ရန်ကုန်အထာဆိုလျှင်တော့ ဘာလဲ၊ ဘာလာကြောင်နေတာလဲလို့ မြတ်ပြောမိမှာ အသေအချာပင်။ ဒါပေမဲ့ အသားလတ်လတ်၊ ရည်ရည်မွန်မွန်နှင့်ဆိုပါလားလို့တော့ လပြည့်ဝန်းကြီးအောက်မှာ တွေ့မြင်နေရတော့ နှုတ်လွန်၊ စကားကျွံသွားမှာ စိုးမိပြန်ပါသည်။ လည်ကတုံးအင်္ကျီအဖြူနှင့် မီးပူခေါက်ရိုးကျနေသလို တောက်ပြောင်နေသောပုဆိုးကို ဝတ်ထားပြန်တာမို့ ကျူရှင်ဆရာလိုလို၊ ကျောင်းဆရာလိုလို။



"ဟေး…မထွေးကိုမိပြီဟေ့"

ကစားပွဲတစ်ပွဲ ပြီးဆုံးသွားလေပြီ။

"လသာတဲ့ရက်ဆိုရင် သူတို့တွေ ဒီလိုပဲ ကစားနေကြတာ"

"ကျွန်မကို တော့ မေးပြီးရင်က ကော ဘာလို့ဝင်မကစားတာလဲ"

ထိုလူ ခပ်ယဲ့ယဲ့ပြုံးပြသည်။ ထိုအချိန်မှာပဲ သန္တာက မြတ်ကို ကစားဖို့ လက်ယပ်ခေါ်သည်။ သန္တာ့ကို ခေါင်းခါ လက်ကာပြလိုက်ရပါသည်။

"ဟယ်…မြတ်ကလည်း လာကစားပါဆို၊ လာပါဟ၊ ဒီတစ်ခါ နိ တိုးတမ်း"

"မြတ်မှ မကစားတတ်တာ သန္တာရယ်"

"နေပါစေ သန္တာရယ်၊ တော်ကြာ တို့ရွာကိုလာမှပဲ ဒဏ်ရာတွေ ဘာတွေ ရကုန်တယ်ဆိုပြီး ရန်ကုန်အပြန် စကားကောင်းမရ ဖြစ်နေပါဦးမယ်"

အပျိုခေါင်း မကြည်ရှိန်နှင့် သန္တာတို့ မြတ်ကိုခေါ်မရသောအခါ နိတိုးဖို့အတွက် သူ့ဘက်၊ ကိုယ့်ဘက် လူခွဲဝေယူနေကြပါသည်။

"ဩော်…..မင်းက ရန်ကုန်သူကိုး၊ နာမည်က မြတ်တဲ့လား"

မြတ် ထိုလူကို စိတ်မရှည်စွာ ကြည့်လိုက်မိပါသည်။ ည (၈)နာရီ ထိုးတော့မည်မို့ လမင်းဝိုင်းဝိုင်းကြီးက မြတ်တို့ခေါင်းပေါ်သို့ ရောက်ပါတော့မည်။ ယနေ့ တန်ဆောင်မုန်းလပြည့်နေ့။

"ကျွန်မက ယောကျ်ားလေးတွေကိုမခင်တတ်ဘူး၊ ရှင့်ကိုလည်း မခင်ချင်ဘူး၊ ကျွန်မ စကားပြောရိုင်းရင် ခွင့်လွှတ်ပါ"

"အဟာင်းဟာင်း….."

ထိုလူ တဟာင်းဟာင်းရယ်တော့ မြတ် နောက်ကျောမှပူသလို ခံစား


www.burmeseclassic.com

www.burmeseclassic.com



ရပါ၏။ မြတ်လို့နာမ်စားသုံးနေရာကနေ ကျွန်မလို့ဖြစ်သွားရပါသည်။ ထိုလူက ဘာမှမဖြစ်သလိုမျိုးဖြင့် သူ့အင်္ကျီအိတ်ကပ်ထဲမှ ကတ်ပြားလေးတစ်ခုကိုထုတ်ယူကာ မြတ်ထံသို့ လှမ်းပေးသည်။ မြတ် သက်ပြင်းချ၍ ယူလိုက်မိပါသည်။

"ကိုယ်လည်း ရန်ကုန်သားပါပဲ၊ ကျွန်းတောလမ်းထဲမှာနေတာ"

မြေနီကုန်း ကျွန်းတောလမ်းလို့တော့ မြတ်သိပါသည်။ ရန်ကုန်သားဆိုလေသော ထိုလူ့ကို မြတ်တစ်ချက်မျှ အကဲခတ်လိုက်ပါ၏။ ထိုလူ ဒီရွာကို ဘာလာလုပ်တာပါလိမ့်။ မြတ် သတိထားမိတာက အရောင်မမှန်းနိုင်ပေမယ့် ကတ္တီပါပုံဘော်ဖိနပ်က တလင်းလင်းရှိနေပါသည်။ တစ်ကိုယ်ရေသန့်ရှင်းမှုကို ဦးစားပေးတတ်သော မြတ်မှာ ထိုလူ့ကို အနည်းငယ် အမှတ်ပေးခဲ့မိပါပြီ။ ထိုလူ၏နာမည် လိပ်စာကတ်ပြားထဲ ပါနိုင်ပေမယ့် သဲသဲကွဲကွဲဖတ်မရပေ။ လရောင်အောက်မှာ ထိုလူ၏ခြေထောက်အစုံက ရှင်းရှင်းလင်းလင်း သန့်စင်နေပါ၏။

"ဒါနဲ့ ရှင့်နာမည်က"

"လရောင်လင်း"

"ဩော်....ကိုလရောင်လင်းတဲ့လား"

ထိုအချိန်မှာပဲ ခိုတိုးတမ်းကစားနေသူတွေထံမှ ဆူညံဆူညံအသံများကို ကြားလိုက်ရပါသည်။ အပျိုတစ်သင်း ငြင်းခုံနေကြပြန်လေပြီ။

မြေနီကုန်းကျွန်းတောလမ်းလို့တော့
မြတ်သိပါသည်။
ရန်ကုန်သားဆိုလေသော
ထိုလူ့ကိုမြတ်တစ်ချက်မျှ
အကဲခတ်လိုက်ပါ၏။
ထိုလူ ဒီရွာကို ဘာလာလုပ်တာပါလိမ့်။
မြတ်သတိထားမိတာက အရောင်မမှန်းနိုင်ပေမယ့်.....

"မင်းနာမည်အပြည့်အစုံကကော"

"မြတ်ပန်းမွေးတဲ့"

"နာမည်လေးက လှလိုက်တာကွယ်"

ထိုလူ့ထံမှ ချီးကျူးသံကြောင့် မြတ် ကျေနပ်မိပါသည်။ ရန်ကုန်သားအချင်းချင်းဆိုတာနှင့်ပင် ရင်းနှီးမှုတွေ ရှိလာရသလိုမျိုး။

"မြတ်က ကျောက်မြောင်း သီတာလမ်းမှာနေတာပါ၊ လိပ်စာအတိအကျကိုတော့ မပြောပါရစေနဲ့"

ကျွန်မလို့သုံးနေရာမှ မြတ်လို့ ပြောမိပြန်ပါချေ၏။

"သဘောပေါက်ပါတယ်မြတ်ရယ်၊ မြတ်က မိန်းကလေးကိုး"

ထိုလူ၏အသံ တိုးဝင်သွားခဲ့ပါသည်။

"လွန်ခဲ့တဲ့ ငါးနှစ်လောက်က ဒီရွာထိပ်က အဝေးပြေးကားလမ်းမကြီးပေါ်မှာ မြတ်နဲ့ကျွန်တော် တစ်ခါဆုံဖူးခဲ့တယ်"

"ရှင်....."

"ဟုတ်တယ် မြတ်၊ မြတ်ကတော့ ကျွန်တော့်ကို မမှတ်မိနိုင်ပါဘူးလေ၊ နှစ်တွေလည်းကြာပြီဆိုတော့၊ အဲဒီတုန်းက နေ့ရောသီ အသုံးလုံးသင်တန်းပို့ချပြီးအပြန် ဒီရွာထိပ်မှာ မြတ်တို့ကားနဲ့ ကျွန်

www.burmeseclassic.com

တော်တို့ကား မျက်နှာချင်းဆိုင် တိုက်မိတာ”

“အို.....အဲဒီတုန်းက.....”

မြတ် စိတ်လှုပ်ရှားစွာဖြင့် ရင်ဘတ်ကို လက်နှင့်ဖိထားလိုက်ရပါသည်။

“အဲဒီတုန်းက ဒီရွာက မိသားစုတွေ ကယ်တင်ပေးခဲ့ကြတဲ့ အသက်ပဲ ရှိပါတော့တယ်၊ မြတ်တို့ မိုးညှင်းသမ္မာဒွေဖူးပြီးအပြန် ဒီနတ်ရေကန်ရွာက အမျိုးတွေဆီ ဝင်လည်ကြတာ၊ သန္တာနဲ့က ညီအစ်မဝမ်းကွဲတော်တယ်လေ”

“တိုက်မိတဲ့အချိန်က ပြင်းတယ်၊ ကိုယ်တို့ဘီအမ်ကားပေါ်က စာတတ်မြောက်ရေး လုပ်အားပေးအဖွဲ့သားတွေ အားလုံးလိုလို သွေးသံရဲရဲနဲ့၊ ကိုယ်တို့ကားဒရိုင်ဘာ အိပ်ငိုက်လိုက်မိတဲ့အမှားပါ၊ သူ့ပေါ့ဆမှုကြောင့် အသက်တွေဆုံးရှုံးပြီး တစ်ဘဝတစ်ခန္ဓာ ပျက်ကြရတယ်၊ သူ့လက်ထဲမှာ ကိုယ်တို့ အသက်တွေကို ယုံကြည်စွာနဲ့ ပေးအပ်ခဲ့ပေမယ့် သူက တာဝန်ယူပြီးတော့ မစောင့်ရှောက်ပေးနိုင်ခဲ့ဘူးလေ”

မြတ် လွန်ခဲ့သော ငါးနှစ်ခန့်မှ အဖြစ်ဆိုးကို ပြန်လည်အမှတ်ရမိပြန်တော့ မနေ့တစ်နေ့ကလိုမျိုး။

“အခု မြတ်ကို အသေအချာကြည့်မိတော့မှ တဖြည်းဖြည်းမှတ်မိလာရတာပါ၊ မြတ်က အရင်အတိုင်းပဲနော်၊ ဆံပင်တွေရှည်လာတာကလွဲရင်ပေါ့၊ ကိုယ် ဒဏ်ရာတွေနဲ့ လျှောက်ကြည့်နေမိသေးတာ၊ ဘယ်သူ့ကိုကူညီရမလဲပေါ့၊ မြတ်ကို.....မြတ်ကိုတော့ အမှတ်တရ ရှိနေခဲ့မိတာပါ၊ ဘာလို့လဲဆိုတော့ မြတ်က သတ္တိကောင်းတယ်၊ အော်ငိုမနေဘူး၊ သတိလည်းမလစ်ဘူး၊ ကားအစိတ်အပိုင်းတွေကြားမှာ ညပ်နေတဲ့ မြတ်ရဲ့ခြေထောက်ကို အတင်းဆွဲထုတ်ကူကြတဲ့ ရွာသားတွေကို ကျိုးပါပြီ၊ ကျိုးပါပြီ၊ ကျွန်မခြေထောက် ကျိုးပါပြီလို့ မြတ်ပြောခဲ့တဲ့အသံကို ခုချိန်ထိ ကိုယ့်နားထဲမှာ ကြားနေရတုန်းပဲ သိလား”

ကျိုးနိုးမှုကို စောင့်စားနေသူတွေရှိသလို
မပျောက်သင့်တာ ပျောက်ရအောင်လို့
ဘင်လူညီ စောင့်ရှောက်ပေးကြသော
ရွာကလေးသားအဖွဲ့အတွက် အိပ်ချင်ပြေအောင်
မယင်းလော်မှုသုံတာ စီစေကြရပါသည်။
အပိုအဆ အတွက်ရယ်မဟုတ်ဘဲ
လူ့ဂျိုလူညီတာကို ညှော်ပေးတာလည်း.....

အတိတ်ကအကြောင်းတွေကို မှတ်မှတ်ထင်ထင်ရှိနေသေးသော ထိုလူ၏မှတ်ဉာဏ်ကို မြတ် ချီးကျူးမိပါသည်။ ထိုအချိန်က မြတ်၏အသက် ဆယ့်ကိုးနှစ်ဝန်းကျင်သာ ရှိပါသေးသည်။

“ရှင်က ကျောင်းဆရာလား”

“ကျောင်းဆရာမဟုတ်ပါဘူး၊ ကိုယ် မာစတာတက်နေရင်းနဲ့ မုံရွာခရိုင်ထဲကို အသုံးလုံးအဖွဲ့ဝင်အဖြစ် သင်တန်းတက်ပြီး လုပ်အားပေးလိုက်ခဲ့တာပါ၊ ကိုယ်က ကထိကသိပ်ဖြစ်ချင်ခဲ့တာ”

“ဂုဏ်ယူပါတယ်၊ အဲဒီတုန်းက ကျွန်မတို့မိသားစု ထိခိုက်ဒဏ်ရာတွေ အများကြီးရခဲ့တယ်၊ အဖိတ်အစဉ်တော့ မဖြစ်ခဲ့ပါဘူး၊ ရှင်တို့ကားဒရိုင်ဘာလည်း ပွဲချင်းပြီးပဲလို့ ဆေးရုံပေါ်မှာပဲ ကြားလိုက်ရတာမို့ သွားလေသူတွေကို အပြစ်မတင်ချင်တော့ပါဘူး၊ ဝဋ်ကြွေးဆပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်ပဲမှတ်ပါတယ်၊ ဒီခြေထောက်ပေါ့၊ ကျိုးခဲ့တာ"

"ဖြစ်ရလေ မြတ်ရယ်၊ အင်းဒါနဲ့လေ မြတ်က မြတ်လို့သုံးနှုန်းပြောဆိုတာကော၊ ကျွန်မလို့ သုံးနှုန်းတာကော နားထောင်လို့ကောင်းတယ်"

မြတ်တို့စကားကောင်းနေစဉ်မှာပဲ ခိုတိုးနေကြသော လူအုပ်ထဲသို့ ကလေးတစ်ယောက် ပြေးဝင်လာခဲ့သည်။


"ကဲ..မယ်ဇလီဖူး ပြုတ်ထားသူတွေကို အသုပ် သုပ်ကြတော့တဲ့၊ ရှာကာလသားခေါင်းဆောင်အဖွဲ့က ကင်းလှည့်တော့မှာတဲ့"

"ည ဆယ့်နှစ်နာရီမှာ ကြယ်တာရာနက္ခတ်စုံတာနဲ့ မယ်ဇလီဖူးသုပ်စားရင် ဆေးပေါင်းခတယ်တဲ့"

ကျိုးမနိုးပွဲကို စောင့်စားနေသူတွေရှိသလို မပျောက်သင့်တာ မပျောက်ရအောင်လို့ ကင်းလှည့်စောင့်ရှောက်ပေးကြသော ရှာကာလသားအဖွဲ့အတွက် အိပ်ချင်ပြေအောင် မယ်ဇလီဖူးသုပ်တစ်ပွဲစီ ပေးကြရပါသည်။ အဖိုးအခအတွက်ရယ်မဟုတ်ဘဲ လူပျိုလှည့်တာကို ဧည့်ခံပေးတာလည်းဖြစ်ပါ၏။

"မြတ်ရေ.....ပြန်မယ်ဟေ့"

သန္တာ ဖိနပ်ပြန်ရှာစီးရင်း မြတ်ကို လှမ်းအော်ခေါ်သည်။ လပြည့်ဝန်းကြီး ထိန်ထိန်သာနေပေမယ့် ထိုလူ၏မျက်နှာ ညှိုးသွားတာကို မြတ် မြင်ရပါ၏။



"ခေါ်နေကြပြီ၊ ကျွန်မကို အိမ်က အိမ်ထောင်ပြုပေးဖို့ စီစဉ်ကြတာနဲ့ စိတ်ကောက်ပြီး ခဏလာခဲ့တာပါ၊ ညနေက ဖုန်းလာတယ်၊ မေမေ မူးလဲသွားလို့တဲ့၊ မနက်ဖြန် ကျွန်မ ပြန်ရမှာမို့ ခုကတည်းက နှုတ်ဆက်ခဲ့ပါတယ်နော်"

"မနက်ဖြန်ပြန်ရမှာတဲ့လား မြတ်ရယ်"

မြတ်လည်း စိတ်မကောင်းပါ။ ထိုလူ့ကို လှည့်မကြည့်တော့ဘဲ သန္တာ့ဆီ အပြေးတစ်ပိုင်း လျှောက်လာခဲ့မိပါသည်။ သန္တာတို့မှာ ချွေးတွေရွှဲနစ်လျက် ဟူးဟူးဟဲဟဲဖြင့် မောနေကြပါလေပြီ။

"မြတ် တစ်ယောက်တည်းပျင်းနေပြီမဟုတ်လား၊ ဝင်ကစားပါဆိုတာကို"

"မပျင်းပါဘူး သန္တာရယ်၊ ဟိုမှာ ကိုလရောင်လင်းရှိတယ်လေ"

ပြောပြီး မြတ် ချာခနဲလှည့်ကာ မယ်ဇယ်ပင်ကြီးကို လှမ်းကြည့်လိုက်ပါသည်။ မယ်ဇယ်ပင်ကြီးအောက်မှာ မည်သူမျှမရှိ။ ထိုလူ့နှယ် ခြေလှမ်းအရမ်းသွက်တာပဲလို့ မြတ်စိတ်ထဲ အောက်မေ့မိပါ၏။ နောက်ကျောပြင်လေးကိုပင် မတွေ့ရတော့။

"နင့်အတွက် လရောင်ဖြာကျပြီး လင်းပေးနေတာကိုပြောတာလား၊ ဟား.....ဟား၊ ကဲ...လ မြတ်ရယ်၊ ခြေလက်ဆေးပြီး အိပ်တော့လေ၊ မနက်ဖြန်အစောကြီး

www.burmeseclassic.com



အိပ်ရာထပြီး ထော်လာဂျီအကြုံနဲ့ ကားဂိတ်သွားရပြီးမှာမဟုတ်လား"

မြတ်မှာ လှည့်ကြည့်လှည့်ကြည့်ဖြင့် သန္တာလက်ဆွဲခေါ်ရာ နောက်သို့ လိုက်ပါလာခဲ့ရပါ၏။ ကံကြုံသေးလျှင် ပြန်ဆုံနိုင်မည့်ထင်ပါသည်။



♛♛♛♛♛

လူခေါ်ဘဲလ်လေးကိုနှိပ်လိုက်ပြီး မကြာခင်မှာပဲ တံခါးလာဖွင့်ပေးသံကို ကြားလိုက်ရပါသည်။ တံခါးလာဖွင့်ပေးသူက မြတ်၏မိခင်နှင့်မတိမ်းမယိမ်းအရွယ်။ အရပ်မြင့်မြင့်၊ ဖြူဖြူသွယ်သွယ်နှင့် ကျက်သရေရှိလှတာမို့ မြတ်မှာ တဒင်္ဂမျှ ငေးမောကြည့်နေမိပါသေးသည်။

"ဘာကိစ္စရှိလို့လဲကွယ်"

ပျားသကာလို ချိုမြလေသောအသံက သာသာယာယာ။

"ဒါ ကိုလရောင်လင်းတို့အိမ်ဟုတ်ပါသလားရှင်"

"ဟုတ်ပါတယ် သမီးရယ်၊ အန်တီက လရောင်လင်းရဲ့အမေပါ"

"ဟုတ်ကဲ့၊ သမီးမင်္ဂလာဖိတ်စာ လာဖိတ်တာပါ"

မြတ် ဖိတ်စာကို ရိုရိုသေသေ ပေးလိုက်ပါသည်။ မင်္ဂလာဆောင်ဖိတ်စာကို မြတ်ကိုယ်တိုင် လာဖိတ်ပြီး မြတ်ကိုယ်တိုင် ဝမ်းနည်းနေရပါသည်။ ဖေဖေ၊ မေမေတို့က မြတ်ကို အရွယ်မလွန်ခင် အိမ်ထောင်ချပေးမယ်ဆိုပြီး စီစဉ်ကြတာမို့ မြတ်မှာ ကြေကြေကွဲကွဲ။ မြတ် အိမ်ထောင်မပြုချင်သေးပေ။

သတို့သားလောင်းက မြတ်ထက် အသက်ခြောက်နှစ်ခန့်ပိုကြီးလေသည်။ ဖေဖေ့တပည့်သားလည်းဖြစ်ပါ၏။ B.E ပြီးလို့ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှာ နေရာတစ်ခုရနေခဲ့ပြီ။

သတို့သားလောင်းဘက်မှ မြတ်ကို လိုလိုလားလားနှင့် လာရောက်တောင်းရမ်းခဲ့ကြလေတော့ မြတ်၏မိဘနှစ်ပါးမှာ လူသိထင်ရှား ချီးမွမ်းခံရပါ၏။ တွေးရင်းတွေးရင်း မြတ်ငိုချင်လာခဲ့မိပါသည်။ ချစ်သူရည်းစားဆိုတာလည်း မြတ်မှာမရှိ။ မဟုတ်လျှင် ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို ဒီလိုနေ့ရက်မျိုးမှာ ချစ်သူကို လာခိုးခိုင်းမည်၊ အချစ်အိမ်လေး တည်ဆောက်ကြမည်။

"ဩော်.....သမီးနာမည်က မြတ်ပန်းမွှေးတဲ့လား၊ လူနဲ့နာမည်နဲ့ အင်မတန်လိုက်ဖက်ပါတယ်ကွယ်၊ မင်္ဂလာဆောင်က နတ်တော်လပြည့်နေ့နော်"

www.burmeseclassic.com



ဖိတ်စာဖတ်ပြီးတော့ တစ်ဖန်မြတ်ကိုအကဲခတ်လာပါ၏။

"သားနဲ့သမီးမြတ်ပန်းမွှေးမတွေ့တာ ကြာပြီထင်တယ်"

"ဟုတ်ကဲ့၊ တစ်လလောက်တော့ရှိပြီ အန်တီ၊ အိမ်က သမီးကို နေရာချပေးဖို့စီစဉ်တော့ စိတ်ကောက်ပြီး နတ်ရေကန်ရွာကိုသွားသည်တုန်းကပါ"

"လွန်ခဲ့တဲ့လက နတ်ရေကန်ရွာမှာ....."

မျက်ရည်များ ရစ်သိုင်းလာရင်း မြတ်ကို ကြေကြေကွဲကွဲကြည့်နေတော့သည်။ မြတ် နားမလည်။

"ချို ဘယ်သူလဲ"

"သားရဲ့သူငယ်ချင်းတဲ့အဖေကြီးရယ်၊ လွန်ခဲ့တဲ့တစ်လက မုံရွာနတ်ရေကန်မှာ ခင်ခဲ့ကြပြီ အခုမင်္ဂလာဖိတ်စာ လာဖိတ်တာတဲ့"

"ဒါနဲ့များ ချိုရယ် တံခါးဖွင့်

ဧည့်ခန်းနံရံပေါ်မှ လရောင်လင်း၏
ဘွဲ့ရဓာတ်ပုံကို မြင်လိုက်ရသောအခါ
မြတ်ရင်ထဲမှာတစ်မျိုးတစ်မည် ခံစားရပါ၏။
ထိုလူက ဓာတ်ပုံထဲကနေ....

ပေးလိုက်မှပေါ့၊ ခများ လေးလွှာအထိ တက်လာရတော့ မောနေရှာမှာပေါ့"

သံပန်းတံခါးကို ဆွဲဖွင့်ပေးလာသူက လရောင်လင်း၏အဖေမှန်း မြတ်သိလိုက်ပါသည်။ လရောင်လင်း၏မျက်နှာကျနှင့် အတော်လေးဆင်တူသည်။

"ထိုင် သမီး၊ အန်ကယ့်နာမည်က ဦးအောင်လင်း၊ ဒါက လရောင်လင်းရဲ့အမေ ဒေါ်ချိုချိုခိုင်တဲ့၊ အန်ကယ်တို့က ဒီနှစ်ပဲ ပင်စင်စားကြပါပြီ၊ အရင်စမ်းချောင်း အထက(-)မှာ စာသင်ခဲ့ကြတာပေါ့၊ အခုအန်ကယ်တို့ကို ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်းပြောဆိုတိုင်ပင်နိုင်ပါတယ်"

"ဟုတ်ကဲ့"

ပညာတတ်တွေမို့လည်း စကားပြောညင်သာကြဟန်တူလေသည်။ ထိုလူ၏ဘဝကို မြတ်အားကျမိပါ၏။ တိုက်ခန်းကြီးက အကျယ်ကြီး။ အိမ်အကူတော့ ရှိဟန်မတူ။ အိမ်ပရိဘောဂများက သပ်သပ်ရပ်ရပ်။

ဧည့်ခန်းနံရံပေါ်မှ လရောင်လင်း၏ ဘွဲ့ရဓာတ်ပုံကို မြင်လိုက်ရသောအခါ မြတ်ရင်ထဲမှာ တစ်မျိုးတစ်မည် ခံစားရပါ၏။ ထိုလူက ဓာတ်ပုံထဲကနေ မြတ်ကိုပြုံးပြနေပါသည်။

ဖူးစာဆိုတာ ဆုံချင်မှ၊ အကြောင်းတိုက်ဆိုင်မှဆိုတာ မြတ်လုံးဝအကြွင်းမဲ့ ယုံကြည်ထားလိုက်မိပါပြီ။

"လိမ္မော်ရည်အေးအေးလေး သောက်ပါဦး သမီးရယ်"

ညှိသည်ပီသစွာဖြင့် မြတ်လိမ္မော်ရည်တစ်ငုံမျှ သောက်လိုက်ပါသည်။ ဒေါ်ချိုချိုခိုင်၏မေတ္တာစေတနာကြောင့်လားမသိ။ လိမ္မော်ရည်က အေးစိမ့်စိမ့်နှင့် ချိုမြနေပါသည်။

"ဒါ သမီးရဲ့လိပ်စာကတ်ပါ၊ သမီးက အဝေးသင်နဲ့ပဲ ကျောင်းပြီးခဲ့တာပါ၊ အခု ကျောက်မြောင်းဈေးထဲမှာ အလှကုန်ဆိုင် ဖွင့်ထားပါတယ်၊ အဲဒီဘက်ကိုရောက်ရင် ဝင်လည်ပါဦးနော်"

ဒေါ်ချိုချိုခိုင်တစ်ယောက် မြတ်ကို စေ့စေ့ကြည့်ရင်း

www.burmeseclassic.com



လိပ်စာကတ်ကို လှမ်းယူပါသည်။

"သမီးလေးက စကားပြော သိမ်မွေ့လိုက်တာကွယ်၊ လူလိမ္မာ သား ယဉ်ပါးဆိုတာမျိုးပေါ့၊ အခု လည်း ကျောက်မြောင်းကနေ မြေနီကုန်း စမ်းချောင်းအထိ တကူးတက ဖိတ်စာလာဖိတ်ပေးတာ ကျေးဇူးတင်ပါတယ်ကွယ်"

ချီးကျူးခံရတော့ မြတ်ကျေနပ်မိပါသည်။

"ကိုလရောင်လင်းက နတ်ရေကန်မှာ တာဝန်ကျနေတာလား အန်တီ၊ သူက ကထိကသိပ်ဖြစ်ချင်တာတဲ့"

မြတ်၏စကားအဆုံးမှာ ဒေါ်ချိုချိုနိုင်တစ်ယောက် ရှုဆေးတောင့်ရှုရင်း ဦးအောင်လင်း၏ ပခုံးကို လှမ်းမှီလိုက်တာ တွေ့ရပါသည်။

"သားက တစ်ဦးတည်းသောသားလေ၊ တက္ကသိုလ်ဝင်တန်းအောင်စဉ်က ဂုဏ်ထူးသုံးဘာသာ တောင်ပါခဲ့တာ၊ ဒါပေမဲ့ မြန်မာစာ မေဂျာပဲ ယူခဲ့တယ်၊ Ph.D ရအောင် ကြိုးစားမယ်လို့ ကြုံးဝါးထားခဲ့တာပေါ့၊ အခုအချိန်ဆိုရင်တော့ သားရဲ့အသက်က နှစ်ဆယ့်ကိုးနှစ်ပေါ့"



ဦးအောင်လင်း၏ သွင်ပြ… သည်လည်း လေးစားစရာကောင်… လှပါ၏။

"ဒါနဲ့ သားက ဒီအိမ်လိပ်စ… ပေးခဲ့တာ လွန်ခဲ့တဲ့ တစ်လ… လောက်က ဟုတ်လား"

"ဟုတ်ပါတယ် အန်ကယ်၊ … မှာ သူပေးခဲ့တဲ့ လိပ်စာကတ်ပြာ… ပါ"

မြတ် ဆလင်းဘက်ခ်ထဲက… နေ လိပ်စာကတ်ပြာလေး ထုတ်… ပြလိုက်ပါသည်။ မြတ်ထံမှ လိပ်စ… ကတ်ပြာလေး လှမ်းယူသော ဦး… အောင်လင်း၏လက်များက ထ… ရှားစွာ တုန်ယင်နေပါသည်။

"အင်း.....ဒီကတ်ပြာလေး… သားကိုယ်တိုင် ဒီဇိုင်းထုတ်ခဲ့တ… အဲဒီနောက် ဖုန်းနံပါတ်အသစ်… ထပ်တိုးပြီး ပုံစံသစ်ထပ်ရိုက်ခဲ့… နှစ်မျိုးလောက်ရှိခဲ့ပြီ၊ ဘုရား… ဘုရား၊ ဒါဖြင့်ရင် အဖေကြီး၊ ကျွ… တို့သားလေးက အခု နတ်ရေ… မှာ ရှိနေသေးတာပေါ့နော်၊ အီး… ဟီး.....ဟီး"

ဒေါ်ချိုချိုနိုင် ဆွေးဆွေး… မြည့်ငိုလိုက်တော့ မြတ် ဘာလ… မှန်းမသိ။ မြတ်ကြောင့် ဦးအော… လင်းနှင့် ဒေါ်ချိုချိုနိုင်တို့ သော… တွေဖြစ်ရမှို့ ညှို့သည်ကော…



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရတော့တာကို မြတ် စိတ်မကောင်းပါ။

“သားကပေးခဲ့တာဆိုတော့ ပြန်ယူထားလိုက်ပါ သမီးရယ်”

မြတ် လိပ်စာကတ်လေးကို ပြန်သိမ်းထားလိုက်ပါသည်။

“ဒီကိုမလာခင် ဖုန်းဆက်ဦးမလို့ပါပဲ၊ ဒါပေမဲ့ လူကိုယ်တိုင်ဖိတ်မှာပဲလေဆိုပြီး ကြိုတင်ဖုန်းမဆက်ခဲ့တာပါ”

“အကြောင်းနဲ့အကျိုး ဆက်စပ်နေတာကိုး၊ သမီးကိုယ်တိုင်လာခဲ့တာကို အရမ်းကျေးဇူးတင်နေတာပါ၊ သမီးရဲ့မင်္ဂလာပွဲကို အန်တီတို့ ရောက်အောင်၊ ဖြစ်အောင် လာပြီး ချီးမြှင့်ပေးမှာပါ”

ပြောပြီး ဒေါ်ချိုချိုခိုင် မျက်ရည်များသုတ်ကာနံရံကပ်ဗီရိုကော့စ် တစ်ခု သို့ သွားဖွင့်နေပါသည်။

ကျောင်းဆရာတွေ၊ ဆရာမတွေဆိုပေမယ့် သူတို့ကိုယ်သူတို့ ဆရာ၊ ဆရာမလို့ မသုံးနှုန်းတာမို့ မြတ်သည်လည်း အိမ်ရှင်စိတ်တိုင်းကျ အန်ကယ်၊ အန်တီနှင့် ပြန်လည်သုံးနှုန်းပြောဆိုရတာ အားနာမိပါသည်။

“သမီး ဒီမှာဖတ်ကြည့်ပါဦး”

ဒေါ်ချိုချိုခိုင်က သတင်းစာတစ်စောင်နှင့် ယပ်တောင်တစ်ခုကို မြတ်၏ရှေ့သို့ ချပေးလာပါသည်။ မြတ်မှာ အတွေးတွေချာချာလည်လျက် အရောင်နွမ်းနေပြီဖြစ်သော သတင်းစာကို ဖွင့်ဖတ်လိုက်သည်။

သမီးသွားဖိတ်လို့ဘယ်ဖြစ်ပါ့မလဲကွယ်၊
သမီးက အိမ်ထောင်ရှင်ဖြစ်တော့မှာဆိုတော့
သမီးရဲ့အမျိုးသားမကြည်ဖြူတာမှန်သမျှဘာကိုမှ
ပြောဆိုလုပ်ကိုင်လို့မရတော့ဘူး၊
နောက်လထဲမှာသားအတွက်ရည်စူးပြီးငါးနှစ်ပြည့်ဆွမ်းလှူဖို့
စီစဉ်ထားပါတယ်၊ နှစ်တိုင်းလည်း......

“ဒီကြော်ငြာလေးကို ဖတ်ကြည့်ပါဦး သမီးရယ်”

ဒေါ်ချိုချိုခိုင် လက်ညှိုးညွှန်ပြရာနေရာသို့ မြတ် ဖတ်ကြည့်လိုက်ပါသည်။ ဖတ်နေရပေမယ့် မြတ် ဘာတွေဖတ်လိုက်ရမှန်း မြတ်မယုံနိုင်။

“မုံရွာမှာပဲ သင်္ဂြိုဟ်ခဲ့ရတာပါ သမီးရယ်”

ဒေါ်ချိုချိုခိုင် ချုံးပွဲချငိုလေပြီ။ မြတ် မယုံနိုင်ပါ။ နံရံပေါ်မှ လရောင်လင်း၏ဓာတ်ပုံကို လှမ်း၍ကြည့်မိပြန်တော့ မြတ်ကိုပြုံး၍ကြည့်နေပြန်ပါသေးသည်။

“သူ့ဝိညာဉ်က အဲဒီကတည်းက သမီးကိုမြင်ပြီး စွဲလမ်းခဲ့မှာပေါ့လေ၊ သားသာ တကယ်လို့ သက်ရှိထင်ရှား ရှိနေဦးမယ်ဆိုရင် သမီးနဲ့ပေါင်းဖက်နိုင်မယ့် ကံကြမ္မာဖြစ်မယ်ထင်ပါတယ်၊ သားလေး အဖိတ်အစဉ်မဖြစ်ခဲ့ဘူးဆိုရင် သမီးကို အန်တီတို့က ဒီအချိန်မှာ ချွေးမ တော်စပ်နေရလောက်ပါပြီလေ”

“ကိုလရောင်လင်းရှိတဲ့ မယ်ဇယ်ပင်ကြီးဆီကို သမီးကိုယ်တိုင်သွားဖိတ်ချင်တယ်”

ဦးအောင်လင်း လက်ကာ၍တားပါ၏။

“သမီးသွားဖိတ်လို့ ဘယ်ဖြစ်ပါ့မလဲကွယ်၊ သမီးက အိမ်ထောင်ရှင်ဖြစ်တော့မှာဆိုတော့ သမီးရဲ့ အမျိုးသား မကြည်ဖြူတာမှန်သမျှ ဘာကိုမှ ပြောဆိုလုပ်ကိုင်လို့ မရတော့ဘူး၊ နောက်လထဲမှာ သားအတွက်ရည်စူးပြီး ငါးနှစ်ပြည့် ဆွမ်းလှူဖို့ စီစဉ်ထားပါတယ်၊ နှစ်တိုင်းလည်း သူ့နောင်ဘဝသံသရာ ကောင်းစေဖို့ သပိတ်၊

www.burmeseclassic.com

သင်္ကန်းလှူပေးပါတယ်၊ ဆွမ်းကျွေးတဲ့နေ့မှာတော့ အန်ကယ်တို့နဲ့အတူ အမျှဝေဖို့ သမီးကို ဖိတ်ပါရစေကွယ်''

မြတ် ဝမ်းနည်းစွာဖြင့် ခေါင်းညိတ်ပြလိုက်ပါသည်။

''မောင်းရင်မမူးနဲ့၊ မူးရင်မမောင်းနဲ့ဆိုပေမယ့် ကားမောင်း တဲ့သူတိုင်းဟာ အိပ်ရေးလည်းဝဝ အိပ်သင့်တယ်၊ သားရဲ့ တစ်ဘဝ တစ်ခန္ဓာတော့ ပျက်စီးသွားရပြီပေါ့ကွယ်၊ ကားဒရိုင်ဘာအပါအဝင် နောက်ထပ် သုံးလေးယောက်ကိုပါ ဆုံးရှုံးခဲ့ရတဲ့ ယာဉ်တိုက်မှုပေါ့၊ အခြားမိသားစုတွေလည်း အန်ကယ်တို့နည်းတူ ခံစားနေရမယ်ဆိုတာ ကိုယ်ချင်းစာနိုင်ပါတယ်''

မြတ်ကိုယ်တိုင်လည်း စိတ်ကို ထိန်းနေရပါသည်။

မြတ် စိတ်မကျန်းမာသူတစ်ယောက်မဟုတ်ကြောင်းကိုတော့ ဤလိပ်စာကတ်ပြားလေးက သက်သေ။ မြတ်ဘဝ၏ တစ်ဆစ်ချိုးမှာ ဘယ်တော့မှ မမေ့နိုင်တော့မည့် အမှတ်တရ။



နောက်ပြီး ထိုလူ လရောင်လင်း၏ အဝတ်အစား၊ ဖိနပ်တွေ သစ်လွင်နေတာကလည်း ဦးအောင်လင်းတို့ နှစ်စဉ် အလှူဒါန ပြုပေးနေတာကြောင့်ပဲ ဖြစ်ပါလိမ့်မည်။

''အဲဒီတုန်းက မာစတာတန်းက ကျောင်းသား၊ ကျောင်းသူတွေ ကြွေလွင့်ခဲ့ရတာဟာ တိုင်းပြည်ရဲ့ ပညာရေးအတွက် အများကြီးနစ်နာခဲ့ရတာပဲ သမီး၊ အဲဒီနေ့မှာ သားနဲ့အတူ အဖိတ်အစဉ်ဖြစ်ခဲ့ရသူတွေကိုပါ တစ်ပါတည်းဖိတ်ခဲ့မှာပါ''

မြတ် မျက်ရည်မကျလာရအောင် ထိန်းနေရပါသည်။ ဘာမှ မဖြစ်နိုင်ပါဘူးလေဆိုပြီး ဘေးအန္တရာယ် ကြုံခဲ့ရသော ယာဉ်တိုက်မှု မည်မျှရှိပြီနည်း။

သေသောသူ ကြာလျှင်မေ့တဲ့။ နာရေးယပ်တောင်ထဲမှ လရောင်လင်း (၂၄)နှစ်ဆိုတာကို မြတ်က မေ့နိုင်မည်တဲ့လား။ ဦးအောင်လင်းနှင့် ဒေါ်ချိုချိုခိုင်တို့နည်းတူ ဤဝမ်းနည်းစရာကောင်းလှသော အဖြစ်မျိုးကြုံတွေ့ခဲ့ရသော မိသားစုတွေ မည်မျှပင်ရှိနေပါပြီနည်း။ သေကွဲကွဲရမည် မှန်သော်လည်း လရောင်လင်း ထွက်ခွာသွားချိန်က စောလွန်းလှပါသည်။ တန်ဆောင်မုန်းလပြည့်နေ့ရောက်တိုင်း တစ်စုံတစ်ယောက်ကို မြတ်အမှတ်ရနေမိမှာ သေချာပါသည်။

''ကိုလရောင်လင်းကောင်းရာသုဂတိ ရောက်ပါစေ''လို့ ဆုတောင်းပေးကြရုံမှလွဲ၍.....။ ။

**နှင်းဆော် (လားရှိုး)**



www.burmeseclassic.com

www.burmeseclassic.com

အောင်ကျော်ပြုံး

# မဖြစ်ခင်ကြိုတင်ကာကွယ်မှု





www.burmeseclassic.com

www.burmeseclassic.com



**မဖြစ်ခင်ကြိုတင်ကာကွယ်မှု**



**အောင်ကျော်ဖြိုး**

ဟီရိရှက်ခြင်း၊ ဩတ္တပ္ပကြောက်ခြင်းတဲ့။ သည်တရားနှစ်ပါးသာလျှင် လောကကြီးကို စောင့်ရှောက်တတ်တာပါ။ ဒါကြောင့်မို့လည်း သည်တရားနှစ်ပါးကို **လောကပါလတရား** ဒါမှ မဟုတ် **ဒေဝဓမ္မတရား**လို့လည်း ခေါ်ဆိုတယ်။

ကိုယ်ကျင့်သိက္ခာ၊ ဣန္ဒြေ၊ အရှက် အကြောက် မရှိတဲ့သူတွေဟာ အမှန်စင်စစ်မှာတော့ ပျက်စီးခြင်းကို ရောက်ကုန်ကြတာပါပဲ။

ဒါတွေက မြတ်ဗုဒ္ဓဟောထားခဲ့တဲ့ တရားအစုတွေပါ။ သည်တရားအစုတွေနဲ့ အတူနေထိုင်ကြမယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်ပါ့မလဲ။

အသက်ကို သင့်၊ မသင့် ထောက်ချင့်သိတတ်သောဉာဏ်ဖြင့် စောင့်ရှောက်ရသလို ဥစ္စာစည်းစိမ်ဆိုတာကလည်း ကံဟောင်းကိုထူ၊ ကံသစ်ကူပြီး စောင့်ရှောက်ရပါတယ်။



ရလာမယ့်အကျိုးကတော့ အနာကင်းမယ်၊ အသက်ရှည်မယ်၊ စည်းစိမ်တွေတိုးပွားပြီး ချမ်းသာမယ်ဆိုတာကိုပါပဲ။ အစစအရာရာမှာ ကောင်းရာကိုတု၊ ကောင်းမှုကို မြတ်နိုးနေမှ တော်ရုံကျတာပါ။

ကောင်းရာကို လိုချင်ရင်တော့ ကောင်းမှုမှာပဲ အာရုံစိုက်ရမယ်လေ။ ကိုယ်စိုက်လိုက်တဲ့ မျိုးစေ့အတိုင်း ကိုယ်ပြန်ရတတ်လေတော့ မျိုးစေ့မှန်ဖို့ကလည်း အရေးကြီးသေးတယ်။

အန်တီမွှေးဆိုတာ ကျွန်တော့်ရဲ့ အဒေါ်အရင်းခေါက်ခေါက်ပါ။ ကျွန်တော့်အမေ ဒေါ်ထွေးကတော့ အန်တီမွှေးလို မဟုတ်ပါဘူး။ ညီအစ်မတွေဖြစ်ပေမယ့်လို့ စရိုက်ချင်းတွေက ကွာခြားတယ်။ အမေကတော့ အသက်ကြီးလာလေလေ ကိုယ့်တရား ကိုယ့်ကျလေလေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းနေ၊ တစ်စိတ်တည်းထားဆိုတဲ့အတိုင်း ကျင့်ကြံနေခဲ့တယ်။

အန်တီမွှေးကတော့ အသက်သာကြီးတယ်၊ တရားမကြီးတဲ့ ပုဂ္ဂိုလ်တွေပါ။ ဒါကြောင့်မို့လည်း သူ့ဘဝကြီးက ပုံမှန်အနေအထားကနေ တက်မလာသေးတာဖြစ်မှာပါ။

အသက်သာကြီးတယ်။ ငယ်မူငယ်သွေးစိတ်က ခုထက်ထိအောင် ပျောက်သေးတာမဟုတ်ပါဘူး။ သည်အသက်အရွယ်ဆိုတာ တရားစခန်းကို သွားချင်ရင်သွား၊

အန်တီမွှေးယောက်ျားက ကုန်သည်ပွဲစားလုပ်တယ်။ အရက်သေစာဆိုရင် လုံးဝသောက်စားတတ်တဲ့သူလည်းမဟုတ်ပါဘူး။
အင်မတန်မှလည်း စည်းကမ်းကြီးတယ်။
သူကိုယ်တိုင်ကလည်း စည်းနဲ့ကမ်းနဲ့

ဒါမှမဟုတ် ဘုရားကျောင်းကန်ကို သွားမှ တင့်တယ်မှာပါ။

အန်တီမွှေးအသက်နဲ့ အမေ့အသက်က သိပ်ကွာလှတာမဟုတ်ပါဘူး။ အမေ့အသက်က ၆၄ နှစ်ဆိုရင် အန်တီမွှေးအသက်က ၆၂ နှစ်ထဲမှာ ရောက်နေပါပြီ။ အန်တီမွှေးယောက်ျားက နဂိုကတည်းကိုက ချမ်းသာတဲ့မျိုးရိုးကနေ ဆင်းသက်လာလေတော့ အန်တီမွှေးခမျာ ရွှေပင်နားတော့ ရွှေကျေးဖြစ်ရတာပေါ့လေ။

အန်တီမွှေးယောက်ျားက ကုန်သည်ပွဲစားလုပ်တယ်။ အရက်သေစာဆိုရင် လုံးဝသောက်စားတတ်တဲ့သူလည်းမဟုတ်ပါဘူး။ အင်မတန်မှလည်း စည်းကမ်းကြီးတယ်။ သူကိုယ်တိုင်ကလည်း စည်းနဲ့ကမ်းနဲ့ နေထိုင်ခဲ့တာကိုး။ သည်လိုစည်းကမ်းရှိလို့လည်း သည်လိုချမ်းသာလာရတာပေါ့။

အန်တီမွှေးတို့မှာ သားသမီးဆိုလို့ တစ်ယောက်တည်းပဲရှိတယ်။ ကြည်ပြာတဲ့။ ကျွန်တော်နဲ့ ရွယ်တူပါပဲ။ ကျွန်တော်နဲ့ကျတော့ မောင်နှမဝမ်းကွဲတော်စပ်တယ်ပေါ့။ အန်တီမွှေးတို့က ကျွန်တော်တို့ရပ်ကွက်ထဲမှာနေပါတယ်။

ယောက်ျားကလည်း ချမ်းသာလေတော့ သူတို့မိသားစုဟာ ရပ်ကွက်ရဲ့ လူချမ်းသာနွယ်တွေပ်



www.burmeseclassic.com



ပဲ။ ချမ်းသာတော့လည်း ချမ်းသာတဲ့အလျောက် သုံးနိုင်ဖြုန်းနိုင်တာပေါ့။ အန်တီမွှေးယောကျ်ားက သုံးတာကို လက်ခံနိုင်ပေမယ့် ဖြုန်းတာမျိုးကျတော့ မွေးထားတဲ့သမီးမပြောနဲ့ အန်တီမွှေးကိုတောင်မှ ချမ်းသာပေးတာမဟုတ်ဘူး။

အလုပ်သွားတာတောင်မှ ဆိုက်ကားနဲ့သွားတတ်တဲ့သူ။ သည်တော့ အန်တီမွှေးတို့သားအမိတွေ အနေကျပ်ရတာပေါ့။

ကြည်ပြာကတော့ အခုမှအပျိုပေါက်စအရွယ်။ သည်အရွယ်ဆိုတာ ဝတ်ချင်၊ စားချင်ရှာမှာပါပဲ။ သူများတွေ ဝတ်တာကိုမြင်ရင် သူလည်းဝတ်ချင်ရှာပေမပေါ့။ ဒါကို အန်တီမွှေးက သိထားတယ်။ ဒါကြောင့်မို့ ယောကျ်ားမသိရလေအောင် ကြည်ပြာ့ကို ခိုးခိုးပြီးဆင်ရတာအမောပါပဲ။

သမီးတစ်ထည်ဆိုရင် အန်တီမွှေးလည်း တစ်ထည်ပါပဲ။ သမီးဘယ်သွားသွား သမီးနဲ့အတူလိုက်သွားတာချည်းပါပဲ။ ဒါတွေက ယောကျ်ားမသိအောင် လုပ်နေတဲ့အလုပ်တွေပါ။


ယောကျ်ားလုပ်တဲ့သူက ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ အိမ်ကိုလည်း ပြန်မကြည့်နိုင်ပါဘူး။ ယောကျ်ား အိမ်ကထွက်တာနဲ့ တစ်ပြိုင်နက် သူတို့သားအမိတွေလည်း အိမ်ကနေထွက်ဖို့ စိုင်းပြင်းကြပြီလေ။

ယောကျ်ားဖြစ်တဲ့သူက အိမ်အတွက် ပြည့်စုံရအောင် ကြိုးပမ်းသလောက် အန်တီမွှေးတို့က ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားပါပဲ။ တစ်ဆိတ်ရှိ ကြည်ပြာနဲ့ပဲ အလှချင်းပြိုင်ဖို့ ကြိုးစားနေတဲ့ အန်တီမွှေးပါ။

သူတို့ဘဝမှာ လှလေခက်လေ။ လှတာမက်တော့ ညစာခက်တယ်ဆိုတဲ့ စကားတွေကိုလည်း သိပုံမရပါဘူး။ ဘယ်သိပါ့မလဲ။ အရာရာတိုင်းက ပြီးပြည့်စုံနေတာကိုး။

ခုတလော အန်တီမွှေးတို့သားအမိနှစ်ယောက် ဘာစိတ်တွေပေါက်နေသလဲတော့ မပြောတတ်။ ဆိုင်ကယ်ကိုမှ လိုချင်နေကြတယ်။ အိမ်မှာကလည်း ဆိုင်ကယ်မပြောနဲ့၊ စက်ဘီးတောင်မှမရှိတာ။ စက်ဘီးမရှိတာကလည်း အကြောင်းရှိပါတယ်။

ခုခေတ်က ဆိုင်ကယ်တွေ မတရားပေါတဲ့ ခေတ်ကြီးမဟုတ်လား။ မတော်လို့ စက်ဘီးစီးရင်းနဲ့ ဆိုင်ကယ်ကို တိုက်မိခဲ့သော် ကြုံလာရမယ့် အန္တရာယ်တွေကအများသားလား။ သည်အရေတွေကိုကြိုမြင်လို့ ယောကျ်ားဖြစ်တဲ့သူက စက်ဘီးကို ဝယ်မပေးခဲ့တာ။




ခုလည်း လာပြန်ပါပြီ။ သားအမိနှစ်ယောက်စလုံးက ဆိုင်ကယ်



www.burmeseclassic.com

www.burmeseclassic.com

လိုချင်ကြပြန်ပြီတဲ့။ ဆိုင်ကယ် အမျိုးအစားတွေကလည်း ပေါများသလို တန်ရာတန်ဖိုးတွေကလည်း သိန်းအထက်မှာပဲရှိတယ်။ တစ်ခုတော့ရှိတယ်။ ဈေးချိုတဲ့ဆိုင်ကယ်



တော့ရှိတာပေါ့။ ဒါပေမဲ့ ရေရှည်ခံဖို့ရာ ဆိုင်ကလည်း အာမမခံရဲဘူး လေ။

အန်တီမွေးကိုယ်တိုင်က သူ့ယောကျ်ားရဲ့စိတ်ဓာတ်ကို သိလေတော့ တော်တန်ရုံကိစ္စတွေဆိုရင် ပါးစပ်တောင်မှ ဟရဲတာမဟုတ်ဘူး။ ခုဟာက ဆိုင်ကယ်ဖြစ်နေတော့ အရဲစွန့်ပြီး ယောကျ်ားကို အပူကပ်လိုက်ရတယ်။

ယောကျ်ားဖြစ်တဲ့သူက အန်တီမွေး ဘာအကြံနဲ့ပြောတာကိုသိပြီးသားမို့.....

"အန္တရာယ်ကောင်တွေကို အိမ်ထဲခေါ်မသွင်းပါနဲ့ မွေးရယ်၊ နောက်ဆိုရင် ဆိုင်ကယ်နဲ့ပတ်သက်ပြီး ငါ့ကိုဘာမှလာမပြောနဲ့"

သည့်နောက်ပိုင်းကစလို့ ဆိုင်ကယ်နဲ့ပတ်သက်ပြီး သူ့ယောကျ်ားရှေ့မှာ နှုတ်မဟရဲတာအမှန်ပါ။

သမီးကြည်ပြာကလည်း ဘယ်အချိန်ကစပြီး ဆိုင်ကယ်စီးတတ်သလဲတော့ မပြောတတ်။ သူ့အဖေ ဝယ်မပေးတော့လည်း ရပ်ကွက်ထဲက သူငယ်ချင်းမဆီမှာ ငှားစီးလိုက်တာပေါ့။ ပြဿနာဆိုတာ ရှင်းတတ်ရင် အလွယ်လေးပါ။

ငှားလာတဲ့ဆိုင်ကယ်နဲ့အတူ အမေ့ကို ဆိုင်ကယ်နောက်မှာတင်ပြီး မြို့လုံးပတ်လည် လျှောက်လည်ရတာအမော။ ဆိုင်ကယ်ဆို



တာ အစီးမတတ်ခဲ့ရင် လူကို အန္တရာယ်ပြန်ပေးတတ်တဲ့ သတ္တဝါလည်းဖြစ်တယ်။ ကျွန်တော်ကတော့ စိုးရိမ်စိတ်တွေနဲ့ ကြည်ပြာ့ကို ဘယ်လောက်ပဲပြောပြော သူပြောတဲ့ "ငါသိတယ်၊ ဆရာမလုပ်နဲ့"ဆိုတဲ့ စကားနဲ့တင် ရေငုံနှုတ်ပိတ်လုပ်လိုက်ရပါတယ်။

ကောင်းပါတယ်။ ဘယ်ကိစ္စ၊ ဘယ်အမှုမျိုးမဆို မဖြစ်သေးခင်သာ ကောင်းကြတာပါ။ ဖြစ်ပြီမှဆို ဟိုလူ့ကိုပဲ အဖေခေါ်ရမလိုလို၊ သည်လူ့ကိုပဲ အမေခေါ်ရမလိုလိုနဲ့ ကိုယ့်အထုပ် ကိုယ်မဖြေပြနေလိုက်

www.burmeseclassic.com

ချာတာ။ နေရာတကာမှာ ငါသိ ငါတတ် လုပ်ခဲ့ရင်တော့ ရင်ကျိုးရမှာ အမှန်ပါ။

မှတ်မိသေးတယ်၊ မှတ်မိသေးတယ်။ အဲသည်နေ့ကပေါ့။ ဆိုင်ကယ်တစ်စီးနဲ့ သားအမိနှစ်ယောက်စလုံး Shopping ထွက်ကြတယ်လေ။ ယောကျ်ား ဖြစ်တဲ့သူကတော့ အလုပ်တွေအရေးကြီးလို့ဆိုပြီး မနက်အစောကြီးကတည်းကပဲ အိမ်ကနေ ထွက်သွားတယ်။

ကြောင်မရှိတော့ ကြွက်တွေ မြူးပြီပေါ့။

ကြည်ပြာက လူသာငယ်တယ်၊ ဆိုင်ကယ်မောင်းရာမှာ တော့ Speed ကိုအတော်မြှင့်ပြီး မောင်းရမှ ကျေနပ်တဲ့သူ။ ပြီးတော့ နှစ်ယောက်စလုံးမှာလည်း ဆိုင်ကယ်စီးဦးထုပ်တွေ ဆောင်းထားတာ မဟုတ်။ ကံကြမ္မာဆိုတာ မြင်ရတာမျိုးမဟုတ်ဘူး။

အမေဖြစ်တဲ့ အန်တီမွှေးကို ဆိုင်ကယ်နောက်ကနေ တင်စီးလာရင်း ဈေးတစ်ခုနားရောက်တော့ တင်လာတဲ့ Speed ကလည်းများ၊ ဆိုင်ကယ်ရှေ့မှာ ဖြတ်ဝင်လာတဲ့ ခွေးကိုအရှောင် သည်မှာတင် အမှတ်မထင်ဘဲ ဆိုင်ကယ်က လမ်းရဲ့ချိုင့်ခွက်ထဲကို ထိုးဆင်းကျသွားတယ်။

ဆိုင်ကယ်ဦးထုပ်မပါဘဲနဲ့ စီးလာတဲ့ အန်တီမွှေးခမျာ ဆိုင်ကယ်ရဲ့ဘုန်ခါမှုကြောင့် ဆိုင်ကယ်ပေါ်ကနေ မြေကြီးပေါ် ပြုတ်ကျ



သွားတယ်။

ကံဆိုးချင်တော့ နောက်ကပါလာတဲ့ ကုန်တင်ကားကြီးက အန်တီမွှေးရဲ့ ခြေထောက်နှစ်ဖက်စလုံးကို တက်ကြိတ်ပစ်လိုက်တာ မမြင်ဝံ့စရာပါပဲ။

သာမန်လူဆိုရင်တော့ ခံနိုင်ဖွယ်ရာရှိပေမယ့် အန်တီမွှေးက အသက်ကလည်းကြီး၊ နှလုံးရောဂါအခံကလည်းရှိ၊ နာကျင်မှုရဲ့ဒဏ်ကို မခံနိုင်ဘဲ နေရာတွင်ပဲ ပွဲချင်းပြီးသေဆုံးခဲ့ရတယ်။

ခုဆို ကြည်ပြာရော၊ ကားဒရိုင်ဘာကြီးရော သက်ဆိုင်ရာရဲ့စခန်းမှာ ရောက်နေကြပါပြီ။ ကိုယ့်ကိစ္စ ကိုယ်ဖြေရှင်းကြပေါ့။ ဘယ် ကိစ္စမဆို မဖြစ်ခင်ကတည်းကိုက ကြိုတင်ကာကွယ်ထားမှကောင်းတာ။ အခုတော့ ငါသိ၊ ငါတတ်လုပ်ခဲ့လို့ သားအမိနှစ်ယောက်လုံး ဒုက္ခဖြစ်ရပြီပဲ။

ကျွန်တော်ကတော့ သူတို့သား အမိနှစ်ယောက်အပေါ်မှာ သည်လိုပဲ မြင်လိုက်မိပါတယ်။ ဘဝမှာ အချိန်တစ်နာရီကို အလဟဿ ဖြုန်းတီးရဲသောသူဟာ ဘဝတန်ဖိုးကို မတွေ့သေးဘူးဆိုတာကို ပါပဲ။

**ဖြစ်ရပ်မှန်တစ်ခုကို ခံစားရေးဖွဲ့ပါသည်။**

**အောင်ကျော်ပြုံး**

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com




မာဓိ.....

သက်ညာကို ခွင့်လွှတ်ပါနော်၊ မာဓိသဘော မတူသူနဲ့ယူလို့ သက်ညာကို စိတ်ဆိုးနေမယ်ဆိုတာ သိပါတယ်။ ဒယ်ဒီကိုလည်း သက်ညာ ကန်တော့ခဲ့ပါတယ်ရှင်။

မာဓိရဲ့သမီးမိုက်

မွှေ့သက်ညာနိုင်

"ဒယ်ဒီ.....ကြည့်ပါဦး၊ ရှင့်သမီးလုပ်ပုံက မိဘမျက်နှာကို အိုးမဲသုတ်သွားတာပဲ၊ ပတ်ဝန်းကျင်ကို ဘယ်လိုရင်ဆိုင်ရမလဲဟင်"

ဦးသက်ခိုင်လည်း ပင့်သက်မောကို ချမိတော့၏။ သမီးလေးကို အရိပ်တကြည့်ကြည့်နှင့် ကျေနပ်နေသမျှ အခုတော့ သမီးဖြစ်သူမှာ အိမ်တွင်ခိုင်းနေသော ယာဉ်မောင်းနှင့်မှ ခိုးပြေးသွားသည်တဲ့။ လူကြားလို့မှ မကောင်းပေ။ လူ ကုံထံအသိုင်းအဝိုင်းဖြစ်သော ဦးသက်ခိုင်အဖို့ အရှက်တကွဲဖြစ်စေရ၏။ သူ့အဖို့ နှစ်ခါရင်နာသွားရသည်။

"ဒီကောင်နဲ့ဖြစ်နေတာ မင်းမသိဘူးလား မိန်းမရာ"



"အို.....ရှင့်သမီးက အသိတရားမှမရှိတာ၊ ကိုယ့်ဂုဏ်၊ ကိုယ့် သိက္ခာနဲ့ စဉ်းစားပါလား၊ သူ လည်း အရွယ်ရောက်နေပြီပဲ၊ သိရမှာပေါ့"

"ဟိုကောင်က ထောင့်မကျိုးလို့ ဒီလကုန်မှာ အလုပ်ထုတ်ဖို့ ဆုံးဖြတ်ထားတာ၊ တောက်.. လူအကြံ ခွေးဦးသွားတယ်"

"ပြောမနေနဲ့တော့ရှင်၊ အခု ရှင့်ဘာသမီးကို ပြန်ရှာပြီး ပြန်သိမ်းမှာလား၊ အိမ်မှာပဲ နှစ်ယောက်စလုံး ခေါ်တင်ထားမှာလား"

ဦးသက်ခိုင်က ဒေါသ မျက်နှာဖြင့်.....

"ပြန်ခေါ်ဖို့ စိတ်တောင်မကူးဘူးကွာ၊ အိမ်ရိပ်တောင် မနင်းစေနဲ့၊ တော်တော်မိုက်လုံးကြီးတဲ့သမီး၊ ယူစရာပင် ဒီလောက်ရှားလားဟာ"

www.burmeseclassic.com

ဒေါ်ခင်ခင်ထားလည်း ဦးသက်ခိုင်အနီးတွင် မနေချင်သဖြင့် အိပ်ခန်းထဲသို့ ဝင်သွားလိုက်ရ၏။ ခဏအကြာတွင် ဦးသက်ခိုင်မှာ ဂေါက်ရိုက်ရန် ချိန်းထားပုံရသည်။ ကားနှင့်ထွက်သွားသံကိုကြားမိ၏။ သည်တော့မှ ဒေါ်ခင်ခင်ထားလည်း ပင့်သက်မောကိုချပြီး ကျေနပ်စွာ ပြုံးလိုက်နိုင်တော့သည်။

"ခင်ထား တစ်သက်လုံးကျခဲ့ရတဲ့မျက်ရည်တွေ ရှင်ပြန်ပြီးကျဖို့ အလှည့်ရောက်လာပြီ ဦးသက်ခိုင်၊ ရှင့်နှလုံးသားကိုထိမှ နာတတ်ပြီလားဟင်"

ဒေါ်ခင်ခင်ထားအဖို့ ခံစားခဲ့ရသည့်ဝေဒနာက နှလုံးသားနှင့် မဆိုင်ခဲ့ပေ။ တွေးကြည့်လျှင် ရင်နာစရာများဖြင့် ပြည့်နေ၏။ ပြီးနောက် သူမက ခံစားလွယ်သည့် နှလုံးသား ရှိသူပါ။ တစ်ချိန်က ဦးသက်ခိုင် ၏ရက်စက်မှုဒဏ်ရာက နှလုံးသားထက်တွင် မပျောက်သေးပေ။ ခုချိန်ထိ ရင်ထဲတွင် နာကျန်နေဆဲပင်။ ထိုအမြစ်တွယ်ကျန်ရှိနေသည့် ဒဏ်ရာဒဏ်ချက်က မည်သို့မျှ ပျောက်ပျက်သွားမည် မဟုတ်ပါ။ ဒေါ်ခင်ခင်ထား၏ နောက်ဆုံးထွက်သက်နှင့်အတူ ကျန်ရှိနေ၏။

"အရာရာတိုင်းဟာ ကံစီမံရာတွေချည်းပါပဲ ဦးသက်ခိုင်၊ ရှင်တို့ ကျွန်မတို့ဟာ ကံတရားအတိုင်း တွေ့ဆုံခဲ့ကြတာမဟုတ်လား၊ ကံဆိုတာ နိမ့်ချည်မြင့်ချည်ပါရှင်"

ဒေါ်ခင်ခင်ထားသည် မျက်ရည်များဝိုင်းလာသည်အထိ ခံစားမှုက ပြင်းထန်နေမိ၏။ ရင်ထဲတွင် ဝမ်းသာသည့်အပျော်က မည်သည့်အရာနှင့်မျှ နှိုင်းနှိုင်းမရပေ။ အနှစ်နှစ် အလလက မျှော်လင့်ထားသမျှ အခုတော့ ရောင်နီသန်းလာရပေပြီ။ ဒီကမ္ဘာပေါ်တွင် ဒေါ်ခင်ခင်ထားလောက် ပျော်မည့်သူမရှိတော့ပေ။

သက်ညွှာသတင်းက တစ်နေ့တည်းတွင် ပျံ့နှံ့သွား၏။ ဦးသက်ခိုင်၏သမီးသည် ဤမျှလောက် လူမှုကွန်ယက်တွင် တစ်မုဟုတ်ချင်း ပျံ့သွားလိမ့်မည်ဟု မထင်ခဲ့ပေ။ ဦးသက်ခိုင်ကိုယ်တိုင်လည်း သမီးဖြစ်သူအား ဂုဏ်ရည်တူသူနှင့် လက်ထပ်ပေးရန် မိဘချင်း စကားပြောထားခဲ့၏။

"ဦးသက်ခိုင်ရေ ရှင် သိပ်ခံစားနေရမှာပဲနော်၊ ရှင်ခံစားလေ ကျွန်မ ဝမ်းသာလေပဲ၊ ရှင့်သမီးက အခုဆို သူ့ယောကျာ်းနဲ့ ပျော်နေပြီ၊ ကဲ.....ရှင် အခုဘာတတ်နိုင်သေးလဲ၊ ဟင်း.....ဟင်း...ဟင်း"

ဒေါ်ခင်ခင်ထား၏အပျော်အား ပတ်ဝန်းကျင်ကသိလျှင် သူမကို ရှုသွားပြီဟု ထင်ကြပေမည်။ သို့ပေမယ့် သူမရင်ထဲရှိ ဖွင့်ပြောမပြနိုင်သည့် အမှန်တရားကို သိကြလျှင်ဖြင့် ဒေါ်ခင်ခင်ထား၏ ခံစားမှုအား စာနာပေးကြပါလိမ့်မည်။

♛♛♛♛♛

"ဦးသက်ခိုင်၊ ရှင် ထမင်းစား ဦးလေ ယောကျာ်းရယ်"

"မစားချင်ပါဘူးကွာ၊ ကိုယ့်သမီးလေးကို တွေ့ချင်တယ်၊ ရှာပေးပါလားကွာ၊ ဟိုကောင့်တော့ ခေါ်မလာနဲ့"

ဦးသက်ခိုင်သည် စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး အလုပ်မှအနားယူလိုက်ရသည်အထိ သားသမီး၏စိတ်ဖောသောက,က ပြင်းထန်လာ၏။ သက်ညွှာထွက်သွားသည်မှာ တစ်လကျော်ကြာခဲ့ပေပြီ။

"ကိုယ့်ကလေး ကောင်းကောင်းမှ စားရသောက်ရ၊ နေရပို့မလားကွာ၊ ခင်ထား ကူညီပါ မိန်းမရယ်.....နော်"

"စိတ်ချပါရှင်၊ ခင်ထားစုံစမ်းပေးပါ့မယ်၊ ရှင်သာ ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါ၊ အစာလေးဝဝမှ ကျန်းမာမှာပေါ့နော်"

"အေးပါကွာ၊ စားပါ့မယ်"

"မိညို့ရေ.....ညည်းဘာဘ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားဖို့ ပြင်လာခဲ့ကွယ်၊ သမီးသတင်းကို စုံစမ်းလိုက်ဦးမယ် ယောက်ျား''

ဒေါ်ခင်ခင်ထားမှာ ဖုန်းတစ်လုံးဖြင့် ဆက်သွယ်မေးမြန်းနေသလို ဦးသက်ခိုင်မှာလည်း ထမင်းစားရင်း နားစွင့်နေ၏။ သက်ညွှာနှင့် ခင်မင်ရင်းနှီးသူများ၊ သူငယ်ချင်းများအားလုံးကို ဒေါ်ခင်ခင်ထားက မေးကြည့်သော်လည်း အားလုံးမှာ ''မသိပါဘူး''ဆိုသည့် အဖြေကိုသာ တစ်ပြိုင်တည်းပေးကြသည်။ သည်တော့ ရပ်ကွက်ထဲတွင် အပ်ကျသည်က အစ သိနေသောသူထံ စုံစမ်းရတော့၏။

''စိတ်မပူနဲ့ အန်တီ၊ ကျွန်တော် စုံစမ်းပေးပါ့မယ်၊ သက်ညွှာ သူငယ်ချင်းတွေက သူတို့သိလည်း ပြောမှာမဟုတ်ဘူး၊အန်တီ့သမီးက ပိတ်ထားမှာပေါ့''

''အေးကွယ်၊ ဒါကြောင့်လည်း မင်းကိုအားကိုးတာပေါ့၊ သူတို့နေတဲ့နေရာကိုသိဖို့ပါပဲ၊ မင်းအန်ကယ်လ်လည်း သမီးစိတ်နဲ့ အိပ်ရာထဲလဲတော့မယ်''

''နှစ်ရက်အတွင်း နေရာအတိအကျ လိုက်ပြမယ် အန်တီ၊ ပြီးရင်သာ.....ဟဲ.....ဟဲ''

''ပေးရမှာပေါ့ကွယ်၊ စိတ်ချစမ်းပါ ငါ့တူရာ''

နိုင်ထူးကို ကတ်ပေးပြီးနောက် ဖုန်းချလိုက်သည်။ ဦးသက်ခိုင်လည်း သူတို့စကားအား ကြားမည်ပင်။

''ကြားတယ်နော်ယောက်ျား၊ ရှင့်သမီးကိုတွေ့အောင်ရှာပေးမယ်တဲ့၊ ရှင်သာ ထမင်းဝင်အောင်စားလိုက်နော်၊ ပြီးရင် ဆေးတိုက်မယ်''

''အေးပါကွာ၊ မင်းကိုလည်း ကျေးဇူးတင်ပါတယ်''

ထိုစကားက ဒေါ်ခင်ခင်ထားအတွက် စိတ်မကောင်းဖြစ်သွားစေရ၏။ ဦးသက်ခိုင်က သူ့သမီးနှင့်ပတ်သက်လျှင် ဒေါ်ခင်ခင်ထားအား သူစိမ်းပမာ ဆက်ဆံတတ်၏။ ဤသည်ကိုပင် မနှစ်သက်ခြင်းဖြစ်၏။ ဒေါ်ခင်ခင်ထားမှာ သက်ညွှာမရှိခင်ကလည်း ဦးသက်ခိုင်၏ စိတ်ဖြင့်နှိပ်စက်ခြင်းကို ခံစားခဲ့ရသလို သက်ညွှာရှိချိန်တွင်လည်း သူမက ဒေးလူတစ်ယောက်ကဲ့သို့ စိတ်ဆင်းရဲရပြန်သည်။ သူမမှာ ဇနီးတစ်ယောက်နေရာတွင် မရှိသလို ခံစားခဲ့ရ၏။ တစ်ခါတစ်ခါတွင် သက်ညွှာအပေါ် မနာလိုစိတ် ဖြစ်မိပြန်သည်။

ပို၍စိတ်မကောင်းဖြစ်မိရသည်က ရတနာဆိုင်တစ်ဆိုင်တွင် သက်ညွှာအတွက် စိန်လည်ဆွဲ ခိုးဝယ်ပေးခဲ့သည့်အဖြစ်ပင်။ ဒေါ်ခင်ခင်ထား၏မိတ်ဆွေ ရတနာပွဲစားပြောပြမှ တန်ဖိုးရှိသောပစ္စည်း ဖြစ်မှန်း သိခဲ့ရသည်။ သို့ပေမယ့် ဒေါ်ခင်ခင်ထားက ဖွင့်မမေးခဲ့ပေ။ နှလုံးသားထဲတွင် နာနာကျင်ကျင် ခံစားခဲ့ရုံမှလွဲ၍ ကံတရားဟုသာ သဘောထားလိုက်၏။ သက်ညွှာကလည်း ဒေါ်ခင်ခင်ထားတွေ့အောင် ထုတ်မဝတ်ခဲ့ပေ။ ဖခင်စကားအား မြေဝယ်မကျနားထောင်ခဲ့သူပါ။ သို့သော်.....

''မာမို့ပစ္စည်းတွေက သက်ညွှာပစ္စည်းတွေနော်''

''အေးပေါ့ကွယ်၊ မိဘပစ္စည်း သားသမီးပိုင်တာပေါ့၊ မာမီနဲ့ဒယ်ဒီက သမီးအတွက်ပဲထားခဲ့မှာ၊ စိတ်ချ''

''ဟေး.....ဒါမှ သက်ညွှာ မာမီကွ''

သက်ညွှာသည် မိန်းကလေးပီပီ လှချင်စိတ်ရှိသည်။ ဒေါ်ခင်ခင်ထား၏ညီမ ရောက်လာလျှင် အနားမှမခွာတော့။ ခပ်စိမ်းစိမ်းနေတတ်ပြီး ခင်ခင်မင်မင်မရှိခဲ့ပေ။

''သွေးကစကားပြောတယ်နော်မမ၊ သူ့အဖေစိတ်ဓာတ်အတိုင်းပဲ၊ မျိုးမှမစစ်တာ''

''တို့သမီးလေးကို မပြောပါနဲ့ ညီမလေးရယ်၊ ကိုယ်က မေတ္တာပေးမှ မေတ္တာပြန်ရမှာပေါ့၊ မမ



www.burmeseclassic.com

www.burmeseclassic.com



တော့လေ ကံတရားကိုယုံတယ်၊ လာ...သမီးလေး”

သက်ညှာသည်လည်း ဒေါ်ခင်ခင်ထားထက် ဦးသက်ခိုင်ကို ပိုပြီး ခင်တွယ်တတ်၏၊ ပိုချစ်၏။ ရှိစေတော့လေ။ ဒေါ်ခင်ခင်ထား အတွက် ထိုအရာသည် အရေးမကြီးပါ။ သူမဘဝက အပစ်ပယ်ခံဘဝလိုဖြစ်နေ၍ အလေ့အကျင့်ရပြီးသားပါ။ သည်တော့ ကိုယ့်ဘဝအတွက် နောင်ရေးကိုသာ စဉ်းစားနေ၏။

“ခင်ထားကို ဥပေက္ခာစိတ်ရှိအောင် ရှင်တို့သားအဖလုပ်ခဲ့တာနော်၊ အဲဒါ ခင်ထားမှာ အပြစ်မရှိဘူး။ ရှင့်ရဲ့ရက်စက်ခြင်းတွေက ခင်ထားအတွက် အရေထူနေပါပြီ ယောကျ်ားရယ်၊ ရှင်ဘယ်လိုပဲ သဘောထားထား ခင်ထားက တုန်လှုပ်လာမယ့်မိန်းမ မဟုတ်တော့ပါဘူး”

တစ်ခါတစ်ခါတွင် ဦးသက်ခိုင်က ဒေါ်ခင်ခင်ထား မရှိချိန်တွင် သူ့သမီးသုံးစွဲရန် ငွေကြေးပေးတတ်သေး၏။ ထိုအကြောင်းကို အိမ်ဖော်မိညို ပြန်ပြောပြသည့်အတွက် တစ်ဆင့်သိခဲ့ရသည်။ ဒေါ်ခင်ခင်ထား မသိအောင် တိတ်တဆိတ်ပေးတတ်သည့် ဖခင်အတွက် ချီးကျူးမိပါ၏။ သို့ပေမယ့် နာကျင်မှုများ ထပ်ထပ်လာသည့်အခါ နှလုံးသားထဲတွင် တဆစ်ဆစ် နာကျင်လာရသည်။

♛♛♛♛♛

နိုင်ထူးက ပြောသည့်အတိုင်းပင်။ နှစ်ရက်အတွင်း သက်ညှာတို့ နေသည့်နေရာသို့ လိုက်ပြနိုင်ခဲ့၏။ ဦးသက်ခိုင်ကို ပြောပြ၍ ဒေါ်ခင်ခင်ထားက လိုက်သွားခဲ့သည်။ သက်ညှာသည် တကယ်ပင် အချစ်ကို ကိုးကွယ်သည့် မိန်းကလေးတစ်ဦး ဖြစ်နေ၏။ သူမတွင် ချစ်သူမရှိသေးသည့်အတွက် အနေနီးသူအား မျက်စိစုံမှိတ် လက်ခံလိုက်ခြင်းဖြစ်သည်။

“မာမီ...မာမီလိုက်လာတယ်နော်”

“ဒါပေါ့သမီးရယ်၊ မာမီ့သမီးလေး ဘယ်လိုနေရသလဲဆိုတာသိချင်တာပေါ့ကွယ်၊ အဆင်ပြေကြရဲ့လား”

မေးမည့်သာမေးလိုက်ရ၏။ ကြယ်မြင်လမြင်အခန်းနှင့် တကျွတ်ကျွတ်မြည်နေသော ဝါးကြမ်းခင်းလေးက သက်ညှာကိုယ်စား ဖြေနေသလိုပါ။

“ရော့...သမီးတို့သုံးဖို့ယူထား”

“မာမီရယ်....”

သက်ညှာက စိတ်ထဲတွင်ဝမ်း

www.burmeseclassic.com



သာသွားသော်လည်း မျက်နှာပေါ်မှ စိတ်မကောင်းခြင်းဟန်က အရိပ်အငွေ့ မြင်တွေ့နေရ၏။

"သမီးကို ခွင့်လွှတ်ပါနော် မာမီ"

"ဒါတွေပြောမနေပါနဲ့တော့ ကွယ်၊ ဒါနဲ့ မောင်စိုးထိုက်ရော"

"သူ အလုပ်ရှာထွက်သွားတယ် မာမီ"

"ကြော်.....အေး.....အေးကောင်းတာပေါ့၊ အလုပ်အကိုင်နဲ့မှ နောင်ရေးထက် စားဝတ်နေရေးက အရေးကြီးတယ်၊ သမီးမှာပါတာတွေ ထိုင်စားနေရင် တဖြည်းဖြည်းနဲ့ကုန်သွားမှာပဲ"

ဒေါ်ခင်ခင်ထားက ပြောရင်းဖြင့် သက်ညွှာလည်းပင်းကို ကြည့်လိုက်ရာ သူမ ဆင်ယင်ထားခဲ့သည့် နှစ်ကျပ်သားရွှေဆွဲကြိုးမှာ မရှိတော့ပေ။ နားတွင်လည်း ဟောင်းလောင်းဖြစ်နေ၏။ မောင်းကွင်းလက်စွပ်လေးတစ်ကွင်းနှင့် ပုလဲလက်စွပ်လေးတော့ ရှိနေသေးသည်။

"ကြည့်ပါဦး၊ နှစ်လမပြည့်သေးဘူး၊ ပစ္စည်းတွေ ကုန်ပါရောလားအေ"

"ဆွဲကြိုးက အိမ်ငှားတော့ စပေါ်တင်လိုက်ရတယ် မာမီ၊ နားကပ်လေးနဲ့ ဆွဲသီးလေးကိုရောင်းပြီး စားသောက်လိုက်ရတယ်"

"သိပ်ကောင်းတာပေါ့အေ၊ မိဘပစ္စည်းက သဲထဲရေသွန် ဖြစ်ကုန်ပြီပေါ့၊ သမီးဒယ်ဒီသိရင် ပိုရင်နာသွားမှာပဲ"

"ဒယ်ဒီနေကောင်းရဲ့လား ဟင်၊ မနေ့က ဒယ်ဒီ့ကို သက်ညွှာ အိပ်မက်မက်ခဲ့တယ်"

"စိတ်မကောင်းဖြစ်လွန်းလို့ အစားအသောက်တောင် မနည်းချော့ကျွေးနေရတယ်၊ သမီးစိတ်ပေါ့အေ"

သက်ညွှာက မျက်နှာငယ်လေးနှင့် ခေါင်းငုံ့သွားသည်။

"ဒယ်ဒီ့ဆီကို သမီးလိုက်ခဲ့မယ် မာမီ၊ ဒယ်ဒီ့ကို တောင်းပန်ရအောင်လေ"

"အမယ်လေးလေး..မိုးကိုမီးတက်ရှို့ဦးမလို့လား၊ သမီးဒယ်ဒီက သမီးကိုစိတ်ဆိုးပြီး အိမ်ရိပ်တောင် မနင်းစေရဘူးတဲ့၊ လိုက်လာလို့ ဘယ်ဖြစ်ပါ့မလဲကွယ်"

သက်ညွှာတစ်ယောက် စိတ်မကောင်းဖြစ်သွားရ၏။ သူမအနေဖြင့် ဖခင်ကြီးအား သတိရသည့်အပြင် သူမ၏အမှားအား တောင်းပန်ချင်သေး၏။ ယခုတော့ ဖခင်ကြီးဆီသို့ မသွားဝံ့တော့ပေ။

"တဖြည်းဖြည်းတော့ ဒယ်ဒီနားလည်လာမှာပေါ့နော်၊ စိတ်မကောင်းမဖြစ်ပါနဲ့ သမီးရယ်၊ မာမီလည်း ချော့မော့ဖျောင်းဖျပါ့မယ်

သက်ညွှာတစ်ယောက်
စိတ်မကောင်းဖြစ်သွားရ၏။
သူမအနေဖြင့်
ဖခင်ကြီးအား
သတိရသည့်အပြင်
သူမ၏အမှားအား
တောင်းပန်ချင်သေး၏။
ယခုတော့ ဖခင်ကြီးဆီသို့......



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ထား၏
နာနေဆဲ နှလုံးသားက
ခုချိန်ထိ အဏ်ရာမပျောက်နိုင်ပေ။
အကြိတ်အခဲတစ်ခုအား
မဖြေသိမ့်နိုင်သမျှ
ခွင့်မလွှတ်နိုင်သမျှ
ဒေါ်ခင်ခင်ထား၏
အမုန်းတရားမှာ......

ကွယ်''

''သမီးက တောင်းပန်တဲ့ အကြောင်း ဒယ်ဒီ့ကို ပြောပြပေးပါနော် မာမီ''

''စိတ်ချ သမီး စိတ်ချ၊ ကဲ.. မာမီသွားမယ်နော်၊ သမီးလည်း အိမ်ထောင်သည်ဖြစ်လာတော့ မိဘကိုဆိုးသလို ကိုယ့်လင်သား အပေါ် မဆိုးနဲ့တော့နော်၊ သူတို့က လောကားသုံးထစ်ဆင်းတာနဲ့ လူပျို ဖြစ်သွားတတ်တာ၊ ကိုယ်က ပြန် ပျိုလို့ မရတော့ဘူးနော်''

''ဟုတ်ကဲ့ပါ မာမီရယ်၊ ဟင့်.. ဟင့်''

ဒေါ်ခင်ခင်ထားသည် သက်ညှာ၏နဖူးလေးအား တစ်ချက်နမ်း ရှိုက်ပြီးမှ ခနော်ခနဲ့တဲလေးပေါ်မှ ဆင်းသွားလိုက်သည်။ ကြည့်ပါဦး။ ဦးသက်ခိုင်သာ သူ့သမီး၏ နေထိုင်ရသည့်နေရာလေးကို မြင်တွေ့လျှင် စိတ်ဆင်းရဲပေမည်။

''ရှင့်ကိုပြချင်လိုက်တာ၊ ဒါမှ ရှင်ပိုခံစားသွားရမှာ၊ ဟင်း..... ဟင်း''

လမ်းထိပ်ရောက်မှ နိုင်ထူးကို ဝင်ခေါ်ပြီး ငွေတစ်သိန်းပေးလိုက်သည်။ နိုင်ထူးက ထင်မထားသည့် အတွက် ငွေများကိုကြည့်ပြီး အံ့သြနေ၏။

''ယူပါ မောင်နိုင်ထူး၊ မင်းကို အန်တီက ကျေးဇူးတင်လွန်းလို့ပေး တာပါ၊ မင်းသိပ်တော်တယ်ကွယ်''

''ကျေးဇူးတင်ပါတယ် အန်တီရယ်၊ နောင်လည်း အကူအညီ လိုရင် ကျွန်တော့်ကိုပြောပါနော်''

ဒေါ်ခင်ခင်ထားက လိုလို လားလား ခေါင်းညိတ်ပြရင်း ကျေ နပ်မှုက ရင်ထဲတွင်အပြည့်အသိ ဖြစ်နေ၏။

''ရှင်ဝဋ်လည်ပြီပေါ့ ဦးသက် ခိုင်၊ ကံတရားက ခင်ထားဘက်မှာ ရပ်တည်နေတယ်နော်၊ ရှင့်ကို တဖြည်းဖြည်း ဘုရားရိုက်နေတာပဲ ပေါ့၊ လူရိုက်တာထက် ဘုရားရိုက် တော့ ပိုနာသတဲ့''

ဒေါ်ခင်ခင်ထား၏ နာနေဆဲ နှလုံးသားက ခုချိန်ထိ ဒဏ်ရာ မပျောက်နိုင်ပေ။ အကြိတ်အခဲတစ် ခုအား မဖြေသိမ့်နိုင်သမျှ၊ ခွင့် မလွှတ်နိုင်သမျှ ဒေါ်ခင်ခင်ထား၏ အမုန်းတရားမှာ မည်သို့မျှပျောက် ကွယ်သွားမည်မဟုတ်ပေ။ သူမ အဖို့ အရာရာတိုင်းသည် ဟန် ဆောင်မှုများဖြင့် နှလုံးသားထဲတွင် အမုန်းအစိုင်အခဲက အထပ်ထပ် ဖြစ်တည်နေရ၏။ စိတ်ဆိုးခြင်း ထက်ပို၍ ခွင့်မလွှတ်နိုင်သော စိတ် နာခြင်း သဘောတရားအရ အ လို ကံတရားကဖြစ်တည်လာခြင်း ကို သူမက မအံ့သြတော့ပေ။

''ကံဆိုတာ လူတိုင်းမှာ အကောင်းအဆိုး ရှိတတ်စမြဲပဲ ဦး



www.burmeseclassic.com

www.burmeseclassic.com



သက်ခိုင်၊ ရှင့်အလှည့်မှာ ရှင်ကောင်းကောင်းကြီး ခံစားလိုက်ပါတော့”

နှလုံးသားထဲမှ တဟားဟားဖြင့် ဟားတိုက်ရယ်မောနေလိုက်တော့၏။ ကားပေါ်တွင် အတွေးများစွာဖြင့် ကျေနပ်နေသည့်အတွက် အိမ်သို့ရောက်မှန်းပင် မသိပေ။

“အန်တီ အိမ်ပြန်ရောက်ပါပြီခင်ဗျာ”

“ဩော်.....အေး.....အေး”

ကားပေါ်မှ ဆင်းလိုက်ရသည်။

တယ် သိလား၊ ခင်ထားက သူသုံးဖို့ငွေပေးတော့ မလိုပါဘူးတဲ့၊ မာနနဲ့လေ၊ ဒီတော့ သမီးဒယ်ဒီ နေ



♛♛♛♛♛

“မိန်းမ ကိုယ့်သမီးလေးကို တွေ့ခဲ့လားဟင်၊ တွေ့ခဲ့လား”

ကြည့်ပါဦး။ ဣန္ဒြေမဆည်နိုင်လောက်အောင် ဒေါ်ခင်ခင်ထားကို တွေ့သည်နှင့် မေးနေတော့၏။ သွားရှာသူကို မောသလား၊ နားလိုက်ပါဦး စသည်ဖြင့် ပြောဖော်မရပေ။

“တွေ့ခဲ့ပါတယ် ယောကျ်ားရယ်”

“သမီးလေး နေကောင်းရဲ့လား၊ အဆင်ပြေရဲ့လားကွာ”

“ဟင်း..ဝမ်းရည်စပ်တဲ့သမီး၊ ရှင့်သမီးက တော်တော်ရိုင်းစိုင်းမကောင်းဘူး၊ ခဏလောက်လိုက်ကြည့်ပါလားလို့ပြောတော့ သူ့ယောကျ်ားက ခင်ထားကို နောင်ကိုလိုက်မလာပါနဲ့တော့ အန်တီတဲ့၊ ရှင့်သမီးကလည်း ရှင့်ကို မတွေ့ချင်တော့ဘူးတဲ့”

“ဟာကွာ.....သမီးက ဒီလိုပြောလိုက်တာလား”

“ဟုတ်တယ် ယောကျ်ား၊ ခင်ထားလေ စိတ်မနည်း ချုပ်တည်းပြီး ပြန်လာခဲ့ရတယ်၊ သူ့ယောကျ်ားက ပွင့်သက်ညာခိုင်ဟာ အန်တီတို့သမီး ဖြစ်ခဲ့ပေမယ့် ခုချိန်မှာ ကျွန်တော့်မိန်းမဖြစ်သွားပါပြီတဲ့၊ အန်တီတို့က ဆိုင်သာဆိုင်ပြီး မပိုင်တော့ဘူးတဲ့လေ”

“တောက်...ခွေးသူတောင်းစားကများ၊ အနူလက်နဲ့ ရွှေခွက်ကို နှိုက်တယ်လို့ကွာ၊ ဘယ်လောက်ရင်နာဖို့ကောင်းသလဲ၊ တော်ပြီ... တော်ပြီ၊ မင်း သွားကိုမတွေ့နဲ့တော့၊ သေခန်းပြတ်ပဲ၊ တောက်..”

ဦးသက်ခိုင် ဒေါသဖြစ်သွားပုံက ဒေါ်ခင်ခင်ထားပင် ထိတ်လန့်သွားမိ၏။ နာကြည်းစိတ်က များ



www.burmeseclassic.com

www.burmeseclassic.com



နှာတွင် ပေါ်လွင်နေသည့်အပြင် စိတ်နာသွားပုံရ၏။ သူတစ်ယောက်တည်း ထိုင်တွေးငေးငိုင်နေ၏။ သည့်တော့ ဒေါ်ခင်ခင်ထားလည်း အလိုက်တသိ ထွက်လာခဲ့မိ၏။ ပြီးမှ ဦးသက်ခိုင်ဘေးတွင်ရှိနေသော ဟာန်းဖုန်းကို ယူလာခဲ့သည်။

"တော်ကြာ သူ့ဟာန်းဖုန်းကို ဆက်ပြီး အလွမ်းသယ်နေမှ ငါလိမ်ထားတာ ပေါ်သွားဦးမယ်"

ထင်သည့်အတိုင်းပင် ဒေါ်ခင်ခင်ထား၏လက်ထဲသို့ရောက်သည်နှင့် ဖုန်းမြည်လာ၏။ ကြည့်လိုက်တော့ သက်ညွှာဆီကဖြစ်နေ၏။ ဒေါ်ခင်ခင်ထားမှာ ဖုန်းကိုမကိုင်ဘဲ ထားလိုက်၏။ အဆက်မပြတ်မြည် နေသောကြောင့် ဖုန်းယူပြီး ခြံထဲ ဆင်းသွားလိုက်ရသည်။

"သမီး သက်ညွှာ၊ သမီးဒယ်ဒီက သမီးမုန်းသိလို့ မကိုင်နိုင်းဘူး၊ အဲဒါ မာမီက ဖုန်းယူပြီး အပြင်မှာ လာပြောတာကွဲ့၊ ဘာပြောမလို့လဲကွယ်"

"ဩော်..ဒယ်ဒီနေမကောင်းဖြစ်နေတယ်ဆိုလို့ သတင်းမေးရင်း သက်ညွှာတောင်းပန်ချင်လို့ပါ"

"သွားမတောင်းပန်နဲ့ဦး သမီး၊ အခြေအနေမကောင်းဘူးကွဲ့၊ မာမီ့တောင် သမီးဆီကို နောက်ထပ် မသွားရတော့ဘူးတဲ့၊ စိတ်နာနေလို့ပေါ့ကွယ်၊ အခြေအနေလေး စောင့်ကြည့်ပါဦးဆိုမှ မာမီ့သမီးက တယ်စိတ်စောတာကိုးကွဲ့"

"သမီးကိုယ်စား တောင်းပန်ပေးပါ မာမီရယ်၊ သမီးလေ ညညဆို မိဘကို စော်ကားမိလို့ အိပ်မက်ဆိုးတွေ မက်နေတယ်၊ ဒယ်ဒီသာ ခွင့်လွှတ်ရင် သမီးကျေနပ်ပါပြီ မာမီ၊ နော်.....နော်"

"အခွင့်သာရင် ကြိုးစားပါ့မယ်ကွယ်၊ အခုတောင် ဒီဖုန်းကို မကိုင်တော့ဘူးတဲ့၊ မာမီ့ကိုပေးထားတယ်"

"ရှင်.....ဒယ်ဒီက အဲဒီလောက်တောင် နာကြည်းသွားတာလားဟင်"

သက်ညွှာက ဒေါ်ခင်ခင်ထား၏စကားအား ယုံကြည်သွားပုံရ၏။ အာမေဋိတ်သံပင်ထွက်သွားသည်။ သက်ညွှာအဖို့ ထိုမျှထိ ဖခင်ကြီးက စိတ်နာလိမ့်မည်ဟု မထင်ပေ။ ဒေါ်ခင်ခင်ထား ပြန်ရောက်ချိန်ကို မှန်းပြီး စိတ်ဆိုးပြေမည်အထင်နှင့် ဖုန်းလှမ်းဆက်ခြင်းဖြစ်၏။သို့သော် အထင်နှင့်အမြင် လွဲသွားသည့်နောက် မျက်ရည်စက်လက်ဖြင့်...

"မာမီ...သမီးကို ပစ်မထားပါနဲ့နော်၊ သမီးလေ.....သမီးနောင်တရမိပါတယ်ရှင်၊ စိုးထိုက်ကတကယ်တော့ သမီးကို ဟင့်...ဟင့်...မချစ်ဘဲယူတာ မာမီ"

"ဟင်.....ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် မာမီ၊ ဒယ်ဒီက သူ့ကို ကြည့်မရဘူး မဟုတ်လား၊ ဒီတော့ သမီးကိုလက်စားချေတဲ့အနေနဲ့ ဟင့်....ဟင့်"

"တော်ပြီ သမီး၊ မာမီနားလည်သွားပြီ၊ ဒါဆို ဒီကောင်က အငြိုးနဲ့နှိပ်စက်နေတာပေါ့"

> စိုးထိုက်၏ယုတ်မာမှုအောက်တွင်ခေါ်ကျနေရ၏။
> မိန်းမတစ်ယောက်လား
> မတရသေးဘူးလား
> ဆိုသည်ကို
> သူက စိတ်မဝင်စားပေ။
> ပြန်ရောက်သည်နှင့်
> သူ့ကိုဖြစ်၊
> အနှိပ်စက်များကို
> ကျုံးရန်။
> တစ်ခါတလေ .....



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မာမီ၊ ညတိုင်း သည်း အရက်တွေ၊ ဘီယာတွေ သောက်ပြီးပြန်လာတယ်၊ အခု..... အခု သက်ညှာ စိတ်ဆင်းရဲနေရပါပြီ မာမီရယ်"

သက်ညှာက တစ်လအတွင်း တွင် စိုးထိုက်အကြောင်းကို သိသွား၏။ စိုးထိုက်၏ ယုတ်မာမှု အောက်တွင် ဇရဲကျနေရ၏။ မိန်းမ စားပြီးပြီလား၊ မစားရသေးဘူး လားဆိုသည်ကို သူက စိတ်မဝင် စားပေ။ ပြန်ရောက်သည်နှင့် သူ့ ကိုပြုစုရ၊ အန်ဖတ်များကို ကျုံး ရနှင့်။ တစ်ခါတလေ တစ်ညလုံး မအိပ်ဘဲ နှိပ်နယ်ပေးရပြန်၏။ အိပ်ငိုက်သွားသည်နှင့် မျက်နှာ အား ခြေထောက်နှင့်ပိတ်ကန်ကာ ရက်စက်တတ်သေးသည်။ ထို အကြောင်းများကိုတော့ မပြောပြ တော့ပေ။

"အေးလေ မိဘကို ခြေစုံ ကန်ပြီးထွက်သွားတော့ ခံပေါ့ အေ"

"ရှင်...မာမီ သမီးကိုအပြစ် ပြောနေတာလားဟင်"

"ဒါပေါ့၊ အစဉ်းအစားမရှိဘဲ တွေ့ရာလူကို ကောက်ယူတတ် တာ အမှန်းဆုံးပဲ၊ ကိုယ်နဲ့အဆင့် အတန်းတူရဲ့လား၊ အားကိုး လောက်ရဲ့လားဆိုတာကို မတွေး ဘဲ နီးရာလူကို ဆွဲယူတတ်တဲ့



အကျင့်က ညည်းတို့ ဗီဇလို့ ပြောရမလား"

"မာမီ သက်ညှာ ကို အပြစ် မြင်နေတာ လားဟင်၊ ပြီးတော့ ညည်းဆိုတဲ့ တစိမ်း ဆန်တဲ့စကားမျိုး မပြောပါနဲ့လား"

ဒေါ်ခင်ခင်ထားက လွတ် ထွက်သွားသည့် သူ့စိတ်ကို ပြန်ထိန်း ကာ ဒေါသကို လျှော့ လိုက်၏။

"သမီး..ဒယ်ဒီ ကျေနပ်အောင် မာမီ ပြောပေးပါ့မယ်ကွယ်၊ ကဲ.... ကဲ ကျေနပ် တော့နော်၊ ကိုယ်ရွေး ချယ်လိုက်တဲ့လမ်းပေါ်မှာ ပန်း တိုင်ကိုရောက်အောင်သာ မယိမ်း မယိုင် လျှောက်လှမ်းပါတော့ ကွယ်၊ မိန်းမဆိုတာ အိုပြီးရင် အပျိုပြန်မဖြစ်တော့ဘူး သမီးရဲ့၊ မာမီ ဖုန်းချလိုက်တော့မယ်နော်"

သက်ညှာက ထိုစကားအား နှစ်သက်မည်မဟုတ်မှန်း သိနေ သော်လည်း သက်ညှာထံမှစကား သံထွက်မလာခင်တွင် ဒေါ်ခင်ခင် ထားက ဖုန်းကိုချလိုက်၏။ သို့ ပေမယ့် ဒေါ်ခင်ခင်ထားမှာ ရင်ထဲ ရှိစကားများအား ပြောလိုက်ရ၍ ကျေနပ်သွားတော့သည်။

♛♛♛♛♛

မကြာမီတွင် ဦးသက်ခိုင်မှာ အိပ်ရာထဲလဲသွားတော့သည်။ Medical Check-up လုပ်ကြည့်ရာ စိတ်ထိခိုက်မှုကြောင့် နှလုံးက အလုပ်မလုပ်နိုင်တော့ပေ။ သည် တော့ ချက်ချင်းပင် အထူးကုဆေး ရုံသို့ တင်လိုက်ရသည်။ နှလုံးကာ ထည့်ရ၍ ဆေးရုံတွင် ဒေါ်ခင်ခင် ထားပါ နေရ၏။ အိမ်သို့ တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်သာပြန်၍ ရေချိုးရသည်။ ဈေးလည်းမသွားနိုင်။ မိညိုချက်ကျွေးသော ထမင်းနှင့်ဟင်းကိုသာ အစပ်အဟပ်မတည့်လည်း စားနေရ၏။

"ရှင့်ကို ခင်ထားထက်ပိုပြီး ဘယ်သူတွေက လာဂရုစိုက်သလဲရှင်၊ ခင်ထားဟာ နှလုံးသားရှိတဲ့ မိန်းကလေးပါနော်၊ ကိုယ့်ယောကျ်ားက ကိုယ့်အပေါ် ဘယ်လိုပဲ ရက်ရက်စက်စက်လုပ်ရက်ပါစေ နှလုံးသားရှိသူမှာ ကြင်နာတတ်၊ စာနာတတ်ပါတယ်ရှင်၊ ခင်ထားနှလုံးသားမှာ နာကြည်းမှုတွေ ရှိရှိမရှိရှိ ရှင့်ကိုပြုစုပါ့မယ်၊ ရှင်သာ ခင်ထားလိုချင်တဲ့မေတ္တာကို ခွဲဝေပေးနိုင်ရက်ပေမယ့် ရှင်ရက်စက်သလို ခင်ထား မရက်စက်တတ်ပါဘူးနော်၊ အချစ်ကြီးသူရဲ့ နှလုံးသားကို ရှင်မသိခဲ့ပါလား"

ဦးသက်ခိုင်သည် ဒေါ်ခင်ခင်ထား ပြောနေသည့်စကားများအား မကြားနိုင်ပါ။ ဆေးအရှိန်ကြောင့် အိပ်မောကျနေ၏။ အိပ်ပျော်နေသော ဦးသက်ခိုင်၏မျက်နှာအား စူးစိုက်ကြည့်ကာ ပင့်သက်မောကိုချလိုက် မိပြန်သည်။

"ဩော်..ဦးသက် ခိုင်..ဦးသက်ခိုင်၊ အခု တော့လည်း သနား စရာ ကောင်းနေပါ လား အတိတ်က ခင် ထားအပေါ် ဥပေက္ခာ ပြုခဲ့တဲ့စကားလုံးတွေ အခုတော့ ဘယ်ရောက်ကုန်ပြီလဲ၊ ရှင့်ဘဝ မီးစာကုန်ဆီခန်းဖြစ်လာချိန်မှာ ရှင့်အနားကို ဘယ်သူ တွေရောက်လာကြသလဲ၊ ပြောပါဦးရှင်"



ဒေါ်ခင်ခင်ထား သည် အတိတ်ကိုသတိရတိုင်း မျက်ရည်ဝိုင်းလာရ၏။ ရက်စက်မှုတစ်ခုကို အဆုံးစွန် ခံစားလာခဲ့ရ၍ ဒဏ်ရာတစ်ခုလို နှလုံးသားမှာလည်း ကျောက်သားကျောက်စိုင်ကဲ့သို့ မာကျောနေရပေပြီ။ သည်တော့ ပြန်တွေးမိတိုင်း အကြိမ်ကြိမ်ရင်နာမျက်ရည်ကျမိ၏။

"သမီးလေးတဲ့၊ ရှင့်ရဲ့သွေးတစ်စိတ်လောက်ပါတာနဲ့ ရှင့်ရဲ့သမီး ဖြစ်ရောလား ဦးသက်ခိုင်၊ ရှင်ဟာ တကယ်တော့ လောက



www.burmeseclassic.com

www.burmeseclassic.com

ထာဝရပြောနေသည့်စကားတစ်ခွန်းပင်။
ဦးသက်ခိုင်၏လုပ်ရပ်ကို စာနာစိတ်ဖြင့်လက်ခံခဲ့မိသည့်ဖြစ်ရပ်တစ်ခုကြောင့်
သူမနှလုံးသားတွင်ရင်တွင်းဝေဒနာများက အကြိမ်ကြိမ်ခံစားခဲ့ရ၏။
မချစ်သော်လည်း အောင့်ကာနမ်းခဲ့ရသည့်အပြင် အမုန်းဆုံးမျက်နှာတစ်ခုအား.....

ကြီးမှာ ရိုးသားလွန်းတဲ့ အချစ်သမားတစ်ဦးပါပဲ၊ မာယာတွေနဲ့ ယှဉ်ဖြားပြီး ရှင့်သွေးဖြစ်တယ်ဆိုတိုင်း ရှင်ကယုံကြည်တတ်တာ ရှင့်ရဲ့ပျော့ညံ့စိတ်ကြောင့်ပဲပေါ့ရှင်၊ ရှင့်လိုယောကျ်ားမျိုးကို မာယာရှင်တွေက ဘယ်လက်လွှတ်ချင်ပါ့မလဲလေ၊ ရှင်ညံ့တော့လည်း ခံပေါ့ရှင်''

ဟိုစကားသည် ဒေါ်ခင်ခင်အားရင်ထဲတွင် ထာဝရပြောနေသည့် စကားတစ်ခွန်းပင်။ ဦးသက်ခိုင်၏လုပ်ရပ်ကို စာနာစိတ်ဖြင့် လက်ခံခဲ့မိသည့် ဖြစ်ရပ်တစ်ခုကြောင့် သူမနှလုံးသားတွင် ရင်တွင်းဝေဒနာများက အကြိမ်ကြိမ်ခံစားခဲ့ရ၏။ မချစ်သော်လည်း အောင့်ကာနမ်းခဲ့ရသည့်အပြင် အမုန်းဆုံးမျက်နှာတစ်ခုအား နေ့စဉ်တွေ့မြင်နေရသည်မှာ ဒေါသဖြစ်စရာပါ။ သို့ပေမယ့် ကိုယ့်ရဲ့ဘဝပေးအခြေအနေက ဖန်လာခဲ့ပြီဖြစ်၍ မာန်လျှော့ကာ စိတ်တင်းထားခဲ့ရသည်။

''ယောကျ်ားရဲ့မျက်နှာထက် စာနာစိတ်ကြောင့်သာ ခင်ထားဟာ အရာရာကို အရှုံးပေးထားခဲ့ရသူပါရှင်၊ ဒါပေမဲ့ ခင်ထားက ဘယ်လောက်ခံနိုင်ရည်ရှိနိုင်မလဲ၊ ခင်ထားဘက်ကိုရော ရှင်အပါအဝင် ရှင်နဲ့ပတ်သက်သူတွေက စာနာစိတ်ရှိကြလို့လားဟင်၊ တကယ်တော့ ခင်ထားဘဝဟာ လှောင်ပိတ်ခံထားရတဲ့ ငှက်ကလေးရဲ့ဘဝလိုပါပဲလား၊ မာနကိုခဝါချပြီး ဘယ်အချိန်ထိ အောင့်နမ်းနိုင်မှာလဲ ဦးသက်ခိုင်၊ ခင်ထားဘဝကို အသေသတ်ခဲ့တာ ရှင်က တရားခံပါပဲ''

ပတ်ဝန်းကျင်က ဒေါ်ခင်ခင်ထားအပေါ် မည်သို့ထင်ကြေးပေးကြမည်မသိပေ။

အားလုံးကို ဥပေက္ခာပြု၍ ဦးသက်ခိုင်၏လက်ညှိုးညွှန်ရာ ရေတစ်ပေါက်ဖြစ်ခဲ့ရသည်။ သူမဘဝအား အရှင်လတ်လတ်မြေမြှုပ်ခံလိုက်ရသည့် အဖြစ်ပါ။ သူမဘက်ကိုရော ဘယ်သူတွေက စာနာနားလည်ကြလို့လဲဟု မေးလိုက်ချင်ပါသည်။

''ရှင့်သမီးတစ်သက် ခံစားလာခဲ့ရတဲ့ အကြွေးက အခုအချိန်မှာ ခင်ထား ပြန်ဆပ်နိုင်ပြီ ဦးသက်ခိုင်၊ ဟား...ဟား...ဟား...ဟီး....ဟီး....ဟီး.....''

ဒေါ်ခင်ခင်ထားသည် ဝမ်းမြောက်ဝမ်းသာစိတ်ဖြင့် ရယ်မောနေလေတော့သည်။

♛♛♛♛♛

''မာမီ ဒယ်ဒီဘယ်လိုနေသေးလဲဟင်''

မကြားချင်ဆုံးအသံတစ်ခုက ဒေါ်ခင်ခင်ထား၏ နားစည်ထဲသို့တိုးဝှေ့ဝင်ရောက်လာ၏။ သက်



www.burmeseclassic.com

www.burmeseclassic.com



ညှာထံမှဖြစ်နေသည်။

"အေး.....ကောင်းသွားပါပြီကွယ်"

"ဒါဆို သမီး အခုလာခဲ့မယ် မာမီ"

ပွင့်သက်ညှာခိုင်က အနားတွင်ရှိနေသော ယောက်ျားဖြစ်သူကိုကြည့်ကာ အခြေအနေကို စုံစမ်းလိုက်သည်။ မပြော၍လည်း မဖြစ်ပေ။ စိုးထိုက်က သူ့နားတွင်ရှိနေသည်။ ချမ်းသာချင်၍ သူဌေးသမီးကိုယူမှ လမ်းဘေးရောက်၍မဖြစ်ပေ။ ဦးသက်ခိုင်အပေါ် မခံချင်စိတ်ထက် တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောလုပ်လိုက်ခြင်းပါ။ ဘဝလမ်းတွင် မြိန့်မြိန့်ကြီးစံစားချင်၏။ သူဌေးသမီးယူပြီး တိုက်ပေါ်သို့ မတက်နိုင်သေးသမျှ အရှုံးမပေးနိုင်ပါ။



"ဟဲ့.....ဟဲ့ ဘယ်လာလို့ဖြစ်ပါ့မလဲ၊ သမီးရောက်လာတာနဲ့ ညည်းဒယ်ဒီ သေသွားလိမ့်မယ်"

"ဒယ်ဒီ့စိတ်တွေ မပြေသေးဘူးလား မာမီရာ၊ ဒီမှာ စားစရာတောင်မရှိတော့ဘူး၊ မာမီ ငွေလာ ပေးဦးလေ"

ဒေါ်ခင်ခင်ထားမှာ ဒေါသက အလိပ်လိုက်ထွက်သွားမိ၏။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်၍ အိမ်ထောင်ပြုပြီးမှ မိဘထံမှ လက်ဖြန့်တောင်းခြင်းက သဘာဝမကျပေ။ ပြီးတော့လည်း အနားတွင် သက်ညှာယောက်ျားရှိမှန်းသိနေ၏။

"ဪ...လင်ယူပြီး မိဘကို ဒုက္ခထပ်ပေးဦးမလို့လား သက်ညှာ၊ တစ်ပတ်အတွင်းမှာ အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာပါလိမ့်မယ်၊ သတင်းစာတွေမှာ ဖတ်ကြည့်"

"ရှင်....တကယ်ပြောနေတာလား မာမီ"

"အေး..ဦးသက်ခိုင်ကိုယ်တိုင် အမွေပြတ်စွန့်လွှတ်ဖို့ပြောတာပဲ၊ သူ့စိတ်ဆန္ဒအတိုင်း လိုက်လုပ်ရတာပေါ့၊ ဒါပဲကွယ်၊ ပြန်လာဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး"

ဒေါ်ခင်ခင်ထားက ဖုန်းကိုနားမှခွာမည်အပြုတွင်.....

"ဒီမှာ အန်တီ၊ ခဏနေပါဦး"

သက်ညှာယောက်ျား၏အသံဖြစ်နေ၍.....

"ပြော.....ဘာကိစ္စလဲ"

ခပ်မာမာပြောလိုက်မှ တစ်ဖက်က အသံလျှော့သွားသည်။

"ကျွန်တော် အလုပ်မရှိသေးဘူး အန်တီ၊ ဒီတော့ စားဝတ်နေရေး ခက်ခဲနေပါတယ်ခင်ဗျာ၊ အဲကြောင့်မို့ သက်ညှာကို ငဲ့ညှာပြီး....."

"ဘာမှငဲ့ညှာစရာအကြောင်း

www.burmeseclassic.com

မရှိဘူးပေါ့၊ မင်းကို ဦးသက်နိုင်က ဘယ်လိုမှကြည့်လို့ရတာမဟုတ်ဘူး၊ မင်းတို့လင်မယား အိမ်ပေါ်တက်ဖို့လည်း မစဉ်းစားနဲ့၊ အိမ်ရိပ်သည်း .မနင်းနဲ့''

''ဩော်..အန်တီတို့က ဒီလိုလား''

''ဒီလိုပေါ့ကွာ''

ဒေါ်ခင်ခင်ထားက ကျေနပ်စွာပြုံးကာ ပြောလိုက်၏။

''ဒါဆိုလည်း ရတယ်လေ၊ အန်တီ့သမီးကို နိုင်းစားရုံပေါ့ဗျာ''

''မင်းပိုင်ပြီဆို ကြိုက်သလိုလုပ်ပေါ့ကွာ၊ ဒါပဲ''

ဒေါ်ခင်ခင်ထားမှာ ဖုန်းချလိုက်သည်နှင့် စိတ်ချမ်းသာသွားရသည်။ ပွင့်သက်ညွှာနိုင်နှင့် သက်ဆိုင်သူအပေါ် အနိုင်ရလိုက်သည့်အလား သူမက အထူးတလည် ရက်စက်ခြင်းမမည်တော့ပေ။ သူ့တရားသူ စီရင်သည့်အဖြစ်ပါ။

''အမွေပြတ်ကြော်ငြာကို အမြန်ဆုံး သွားထည့်ရမယ်၊ ဩော်..နောက်ဆုံးတော့လည်း ငါပဲအနိုင်ရလိုက်တာပါလား၊ ငါ့အပေါ် ဘယ်သူတွေပဲ ယုတ်မာယုတ်မာ၊ဘယ်လောက်ပဲ ကောက်ကျစ်ကြပါစေ၊ သူတော်ကောင်းနတ်ကောင်းမတာပါပဲလား၊ လောကကြီးဟာ ကြောက်စရာကောင်းပါလားနော်''

တံခါးပွင့်သံကိုကြားရပြီး
အိမ်ထဲမှ
အမျိုးသမီးကြီးတစ်ဦး
ထွက်လာ၏။
ထိုအမျိုးသမီးကြီးသည်
သက်ညွှာရှိရာသို့
တန်းတန်းမတ်
မတ်လျှောက်လာကာ.....

BURMESE CLASSIC

သခါရတရားကို ဆင်ခြင်မိသည့်နောက် ဒေါ်ခင်ခင်ထားလည်း ဝမ်းသာခြင်း မရှိနိုင်တော့ပေ။ တဖြည်းဖြည်းနှင့် စိတ်မကောင်းဖြစ်သွားရပြန်သည်။

မခံစားထိုက်သည့်အခါတွင် သဘာဝတရားကြီးက အဆုံးအဖြတ်ပေးသွားခြင်းဖြစ်၏။

♛♛♛♛♛

''ကဲ....သက်ညွှာရေ မင်းက ဒီနေ့ကစပြီး သူဌေးသမီးမဟုတ်တော့ဘူးနော်၊ မင်းဘဝကို ငါပိုင်ပြီ၊ ငါခိုင်းတာလုပ်ရမယ်''

''နင်....နင် ဘာယုတ်မာဦးမှာလဲ''

''ဟာဟ....သူ့အမေမကျေနပ်တော့ သူ့သမီးကို နှိပ်စက်ရတော့မှာပေါ့၊ မင်းအမေပြောသွားတာ ကြားတယ်မဟုတ်လား၊ လာ ငါ့နောက်လိုက်ခဲ့''

စိုးထိုက်သည် မင်းသားခေါင်းဆောင်းထားသည့် ဘီလူးဖြစ်နေ၏။ သက်ညွှာ၏လက်ဖျံကို ဆုပ်ကိုင်ကာ ဆွဲခေါ်သွားပြန်သည်။ ပတ်ဝန်းကျင်က သူတို့လင်မယားကို ထွက်ကြည့်ကြ၏။ အမြဲလိုလို နှိပ်စက်တတ်သည့်အတွက် ဝိုင်း၍သနားနေပြန်သည်။

''သနားပါတယ်၊ ကောင်မလေးက ငွေရှိတဲ့အသိုင်းအဝိုင်းက ဖြစ်လိမ့်မယ်၊ ဟိုကောင်ကွာ နှမချင်း မစာနာဘူး၊ သူ့မိဘတွေသိရင် ဘယ်လောက်ရင်နာလိုက်မလဲ''

''အခုလည်း ဘယ်ကိုခေါ်တင်သွားမှန်းမသိဘူး၊ တက္ကစီတစ်စီးပေါ် ပါသွားတယ်''

သက်ညွှာက သူ့မိဘအိမ်ကို ပြန်ပို့နေသည်ဟုထင်ကာ ဝမ်းသာသွား၏။ သည်တော့မှ စိုးထိုက်၏ မကောင်းကြံစိတ်ကို ပိုသိသွားတော့သည်။ အမှောင်ညကြောင့် တက္ကစီက မည်သည့်နေရာသို့ မောင်းနေမှန်း မသိရပေ။ သက်ညွှာလည်း မျက်ရည်ကျ၍ လိုက်ပါသွားရသည်။ ကားက အသက်ဝေးဝေးသို့ မောင်းသူ့မိန်းမ

www.burmeseclassic.com



သည့်နောက် သက်ညွှာလည်း အန္တရာယ်တွေ့တော့မည်ကို နားလည်သွားတော့၏။

"နင်ငါ့ကို ဘယ်ခေါ်သွားနေတာလဲ စိုးထိုက်"

"ကောင်မ.....ငြိမ်ငြိမ်လိုက်လာနော်၊ နာချင်သလား"

"ပြောလေ၊ ငါ့ကိုဘယ် ခေါ်သွားမလို့လဲ"

"ဟား...ဟား...ဟား၊ ကားခဏရပ်လိုက်ဦး သူငယ်ချင်း"

ကားက လမ်းဘေးတွင် ထိုးရပ်လိုက်သည်။ ဘေးတစ်ဖက်တစ်ချက်တွင် အိမ်ခြေရာခြေများ မရှိပေ။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေ၏။ ပုရစ်အော်သံများသာ ကြားနေရသည်။ သက်ညွှာမှာ ကြောက်လန့်သွားတော့သည်။ စိုးထိုက်က တက္ကစီယာဉ် မောင်းသူကို ခေါ်လိုက်သည်။ ပြီးနောက် သက်ညွှာအား ကားထဲမှ ဆွဲထုတ်လိုက်ကြသည်။

"ကဲ.....သူငယ်ချင်း၊ ဒီကောင်မကိုမပို့ခင် မင်းစိတ်ကြိုက်နော်၊ မင်းကိုညွှန်ခံတာပဲ၊ ဟဲ.....ဟဲ"

"မလိုက်ဘူး.....မလိုက်ဘူး"

"ဖျန်း.....ဖျန်း"

ပွင့်သက်ညွှာခိုင် မေ့မြောသွားလောက်အောင် စိုးထိုက်၏ လက်သံက ပြင်းထန်သွား၏။ တက္ကစီယာဉ်မောင်းသူငယ်ချင်းက သက်ညွှာကိုယ်လေးအား ထမ်းကာခေါ်သွားသည်။

"ကားကို ကိုယ်စောင့်ပေးမယ်၊ ပြီးမှခေါ်လိုက်"

စိုးထိုက်က စီးကရက်ကိုမီးညှိပြီး စောင့်နေလိုက်သည်။ သက်ညွှာအဖြစ်က ယုတ်မာသူများကြားတွင် သူ့ကိုယ်သူ မသိနိုင်လောက်အောင် အမှောင်ညတွင် မုန်တိုင်းထန်ခဲ့ရချေပြီ။

သူ သတိရလာသည့်နောက် ကားနောက်ခန်းထဲတွင် လဲလျောင်းနေသည်။ သူ့တစ်ကိုယ်လုံးမှာကိုင်ရိုက်ထားသည့်အလား။ နာကျင်နေသည့်အပြင် အဝတ်အစားများဖရိုဖရဲဖြစ်နေပြန်သည်။ ကြယ်သီးပြုတ်ထွက်နေသော အင်္ကျီအား အသာအယာစေ့ကာ ရပ်ထားသောကားပေါ်မှ ခေါင်းပြူထွက်ကြည့်လိုက်၏။

"ဟိုမသာနှစ်ကောင် ဘီယာဆိုင်မှာ မျိုနေကြတုန်း ငါမြန်မြန်ထွက်မှပဲ၊ သူတို့နှစ်ယောက် ကားကိုကျောပေးထားလို့ တော်သေးတာပေါ့"

ထဘီကို ပြန်ပြင်ဝတ်ကာ သက်ညွှာလည်း အမှောင်ထုကို အကာအကွယ်ယူ၍ ထွက်ပြေးသွားတော့သည်။ သရဲ တစ္ဆေထက် စိုးထိုက်တို့ရန်မှ ကင်းဝေးဖို့က အရေးကြီး၏။ သည်တော့ နောက်လှည့်မကြည့်တော့ပေ။ တစ်ချိုးတည်း ပြေးလေတော့သည်။

"ငါ့ကိုတွေ့ရင် သတ်ပစ်ကြမှာပဲ၊ ဒီတော့ ရွာထဲပဲထွက်ပြေးတာ အကောင်းဆုံးဖြစ်မှာပါ၊ တစ်အိမ်အိမ်မှာ ဝင်ပုန်းနေရမယ်၊ ဒီအထိတော့ ဒီကောင်တွေ လိုက်ရဲမှာ မဟုတ်ပါဘူးလေ"

ကားလမ်းမကြီးအတိုင်း ပြေးလျှင် မည်သို့မျှ မလွတ်နိုင်ပါ။ လိုက်လာလျှင် ပြန်တွေ့သွားနိုင်သည်။ ကားကြုံတွေ့၍ အကူအညီတောင်းလျှင်လည်း အန္တရာယ်ပေးနိုင်၏။

"ဟုတ်ပြီ၊ ရှေ့ကအိမ်လေးမှာ လူမှရှိရဲ့လား၊ မှောင်မည်းနေတာပဲ၊ အခြေအနေကြည့်ပြီးမှ နားရမယ်"

ကားလမ်းနှင့် ဝေးကွာသည့် နေရာလေးသို့ရောက်မှ စိတ်ချလက်ချ ဖြစ်သွားတော့သည်။ သို့သော်လည်း ရင်မအေးနိုင်သေးပေ။ အိမ်လေးထဲတွင် အိမ်ရှင်များက အိပ်နေကြလားမသိပါ။ လူမရှိသည်လားတော့ မသိရသေးပါ။ အိမ်တံခါးက ပိတ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း..ဆာလိုက်တာ၊ ညနေက ထမင်းမှမစားရသေးတာပဲ၊ အယ်ဒီ...မာမီ၊ သက်ညှာကြောက်တယ်၊ သက်ညှာကို လာကယ်ကြပါဦး၊ သက်ညှာ ဒုက္ခဖြစ်နေပြီ ဒယ်ဒီရယ်"

အသံမထွက်ရဲတဲ့ ရင်ထဲမှ ပြောပြီး ငိုရှိုက်နေတော့၏။ စောစောက ရွာအဝင်တွင် ခွေးဟောင်သံမကြားရသော်လည်း အခုဝေး တစ်နေရာမှ ခွေးဟောင်သံသဲ့သဲ့ကိုကြားရ၍ ကြောက်စိတ်ဖြစ်ရသည်။

"ဟိုကောင်တွေလိုက်လာပြီး ရွာထဲဝင်ရှာကြတာများလား၊ ဒုက္ခပါပဲ၊ ငါ့ကိုပြန်တွေ့သွားမှ၊ ဒီတစ်ခါဆို ငါ့ကိုအပျောက်ရှင်းကြမှာပါ"

ခွေးဟောင်သံသည် တစ်စထက်တစ်စ နီးကပ်လာ၏။ လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် ဆူညံသံများကြောင့် သက်ညှာလည်း ရင်တခုန်ခုန် အထိတ်တလန့်ဖြစ်နေစဉ်တွင်.....

"ကျွီ....."

တံခါးဖွင့်သံကိုကြားရပြီး အိမ်ထဲမှ အမျိုးသမီးကြီးတစ်ဦးထွက်လာ၏။ ထိုအမျိုးသမီးကြီးသည် သက်ညှာရှိရာသို့ တန်းတန်းမတ်မတ်လျှောက်လာကာ....

"ကလေးမ၊ အိမ်ထဲဝင်ပုန်းနေတော့၊ ဒေါ်လေးကြည့်ပြောလိုက်မယ်၊ လာ.....မြန်မြန်ဝင်"

"ဟုတ်...ဟုတ်ကဲ့ ဒေါ်လေး"

သက်ညှာလည်း ဝမ်းသာသွားသည်။ သို့ပေမယ့် စိတ်မအေးနိုင်သေးပါ။ အမျိုးသမီးကြီး ထားရာနေရာတွင် ဝင်နေလိုက်ရ၏။ ချက်ချင်းပင် တံခါးကို ပြန်ပိတ်လိုက်တော့သည်။ ခဏအကြာတွင် အမျိုးသား လေးငါးဦးက အိမ်ရှေ့သို့ရောက်လာ၏။

"အိမ်ရှင်တို့...အိမ်ရှင်တို့"

"ဟေ.....ဘာလဲကွဲ့"

"ဩော်.....ဒေါ်လေးရေ ဒီအနီးအနားကို မိန်းမတစ်ယောက်လာတာများ တွေ့မိသေးလား"

"မတွေ့ပါဘူး၊ ဒေါ်လေးလည်း အိပ်မပျော်လို့ ရေနွေးကြမ်းထိုင်သောက်နေတာကွဲ့၊ ခွေးဟောင်သံလည်း မကြားရဘူး၊ ဒီဘက်လာတာလည်း မတွေ့မိပါဘူး"

"ဒါဆို အစ်ကိုတို့ပြောတဲ့ အမျိုးသမီးက ကားကြဲနဲ့ ပြန်ပါသွားတာပဲဖြစ်လိမ့်မယ်၊ သူရွာထဲဝင်လာရင် ခွေးဟောင်မှာ သေချာတယ်ဗျ၊ ဒီတော့ အချိန်မီ လိုက်ပေတော့"

"တောက်....တော်တော်ဒုက္ခပေးတဲ့ကောင်မ၊ လာကွာ၊ မရှာတော့ဘူး၊ ပြန်မယ်"

"လုပ်မနေပါနဲ့တော့ကွာ၊ သူမင်းဆီလည်း ပြန်လာရဲမှာမဟုတ်တော့ပါဘူး၊ ရန်ကုန်ပဲပြန်ကြမယ်ကွာ၊ ဟိုကိုဖုန်းဆက်လိုက်မယ်၊ အလုပ်မဖြစ်တော့ဘူးလို့"

အားလုံးက လာလမ်းအတိုင်း ပြန်သွားကြတော့သည်။ လူခြေ တိတ်ဆိတ်သွားမှ အမျိုးသမီးကြီးက သက်ညှာဆီသို့ ရောက်လာ၏။ သက်ညှာလည်း အားရပါးရငိုရှိုက် ရင်း.....

"အမေ.....သမီးကိုကယ်ပါနော်၊ သမီးကို သူတို့ ရောင်းစားဖို့ ခေါ်လာကြတာပါ၊ သမီးက မိကောင်းဖခင်သားသမီးပါ အမေရယ်၊ သမီးရဲ့မိဘတွေက ရန်ကုန်မှာရှိပါတယ်၊ ဟီး...ဟီး.....အီး"

"မငိုပါနဲ့တော့ကွယ်၊ အမေလည်း သူတို့ပြောပုံဆိုပုံတွေကို ကြည့်ပြီးနားလည်ပါတယ်၊ ကဲ... နောက်မှပြောပြနော်၊ အခု ငါ့သမီးကိုကြည့်ရတာ ထမင်းဆာနေပုံပဲ၊ အမေ သမီးစားဖို့ သွားယူလိုက်ဦးမယ်၊ တော်သေးတယ်ကွ၊ ဒီနေ့မှ ထမင်းက ပိုနေတယ်၊ ငါးခြောက်ဖုတ်လည်း ကျန်သေးတယ်၊ အဲဒါလေးနဲ့ စားလိုက်နော်"

အမျိုးသမီးကြီးက သနားသွားပုံဖြင့် သက်ညှာ၏[illegible] အနေကိုကြည့်ကာ သက်ပြင်းမောကိုချလိုက်သည်။ ပြီးနောက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးသို့ တလှုပ်လှုပ်ဖြင့် ဝင်သွား၏။ သူတော်ကောင်းနှင့်တွေ့ရသဖြင့် သက်ညွှာမှာ စိတ်အေးသွားရတော့သည်။

♛♛♛♛♛

"သမီးအဖြစ်က အဲဒါပါပဲ အမေရယ်၊ သမီးလေ ကံဆိုးလွန်းလှပါတယ်၊ ယောကျ်ားက မကောင်းတော့ မိဘတွေရဲ့ စွန့်ပယ်ခြင်းကို ခံခဲ့ရတယ်၊ ဒါလည်း ဒယ်ဒီနဲ့မာမီတို့အမှားမဟုတ်ပါဘူး၊ သမီးရဲ့အမှားပါပဲ အမေ၊ ကိုယ့်အိမ်ကခိုင်းတဲ့သူကို ယုံကြည်ပြီး ခိုးရာလိုက်ခဲ့မိတာပါ"

"အင်း....လူငယ်သဘာဝဖြစ်တတ်ကြပါတယ်ကွယ်၊ ဒါပေမဲ့ သမီးက မိဘတွေကို စိတ်မဆိုးရဘူးနော်၊ ကိုယ့်အမှားကို တောင်းပန်ပြီး မိဘအရိပ်မှာ ပြန်နေပါ၊ မိဘဆိုတာ သားသမီးဆိုးကို ပစ်ရိုးထုံးစံ မရှိပါဘူးကွယ်"

"ဟုတ်ကဲ့အမေ၊ သမီးလေ မိဘနှစ်ပါးကို ခြေစုံဖက်ပြီး တောင်း ပန်မှာပါ၊ သမီးရခဲ့တဲ့ ဖနောင်တကာ ဘဝတစ်သက်လုံး မှတ်သွားရပါပြီ"

"ဒါပေါ့ကွယ်၊ ဒီနောင်တက သမီးအတွက် ရှေ့လျှောက်မမှားတဲ့ အသိတရားပဲပေါ့၊ ပြီးရင် ရေမိုးချိုးလိုက်၊ သမီးရဲ့တစ်ကိုယ်လုံးမှာ ဖုန်တွေ၊ အမှိုက်တွေနဲ့၊ သမီးဘဝကြီးကို ဆေးကြောပစ်လိုက်တော့နော်"

"ဟုတ်ကဲ့ အမေ၊ အမေ့ကို ကျေးဇူးသိပ်တင်ပါတယ်ရှင်"

သူတို့နှစ်ဦးက တစ်ဦးအကြောင်းတစ်ဦး အမည်ပင်မသိရသေးဘဲ ကြုံတွေ့လာသည့် အန္တရာယ်ကျခဲ့ပုံအကြောင်းသာ ပြောဆိုနေမိကြသည်။ သက်ညွှာက ရေချိုးဆင်းသွားမှ အမျိုးသမီးကြီးလည်း ညနေ့သည်အတွက် အိပ်ရာပြင်ဆင်နေလိုက်၏။

"သနားစရာပါလား၊ ဩော်.. ဒုက္ခ.....ဒုက္ခ"

သက်ညွှာလည်း ရေချိုးပြီးနောက် အမျိုးသမီးကြီး ထုတ်ပေးသော အဝတ်အစားများကို ယူဝတ်လိုက်သည်။

"အဲဒါ အမေငယ်ငယ်က အဝတ်တွေပေါ့ကွယ်၊ ဒါကြောင့် သမီးနဲ့တော်နေတာပေါ့၊ ဒါနဲ့ သမီးရဲ့နာမည်ကို ပြောပါဦးကွယ်"

"ဟုတ်ကဲ့ အမေ၊ သမီးနာမည်က မွင့်သက်ညွှာခိုင်ပါရှင်၊ ဒယ်ဒီက ဦးသက်ခိုင်၊ မာမီက ဒေါ်ခင်ခင်ထားပါ"

"ဟင်.....ဦးသက်ခိုင်၊ ဒေါ်ခင်ခင်ထား၊ ဟုတ်လား၊ -- မှာနေတာပေါ့နော်"

ဩော်...သံယောဇဉ်ကြိုးနဲ့
ချည်နှောင်ထားမှ
အခွင့်အရေး
တောင်းဆိုနိုင်တော့မှာ ပေါ့ကွယ်၊
ယောကျ်ားတွေကို တွေဝေဝေ အောင်
ညှို့ထားနိုင်တာက
ဒီနှောင်ကြိုးတွေကြောင့်ပဲပေါ့၊
ဒေါ်ခင်ခင်ထားတ
သားသမီး မရနိုင် သူဆိုတော့

"ဟုတ်ပါတယ် အမေ
အမေက သမီးရဲ့မိဘတွေကို သိ
လို့လား"

အမျိုးသမီးကြီးက ပင့်သက်
မောကို ချလိုက်ပြီး.....

"သိပ်သိတာပေါ့ သမီးရယ်
ဒေါ်ခင်ခင်ထားဟာ သိပ်ကိုသ
စရာကောင်းတဲ့ အမျိုးသမီးပ
ကွယ်၊ သမီးကို အရမ်းဝိနိုးခဲ့တာ
ပေါ့၊ အမေက မေ့သွဲ့လေ၊ သမီး



www.burmeseclassic.com

www.burmeseclassic.com

မမှတ်မိဘူးလားဟင်''

''ဟယ်..အမေသွဲ့၊ အဲလေ.. ဒေါ်သွဲ့နော်''

''ဒါပေါ့ကွယ်၊ အမယ်လေးလေး.....ပြန်တွေ့တော့လည်း မယုံနိုင်စရာပါပဲလား၊ အရင်က သမီးလေးရဲ့နာမည်က သက်မြတ်စုပါ၊ ဘယ်လိုလုပ်ပြီး ပွင့်သက်ညှာခိုင် ဖြစ်သွားရတာလဲ''

''မာမီပြောင်းလိုက်တာပါ အမေ''

''ဪ...ဒေါ်ခင်ခင်ထားက တော်တော်စိတ်နာခဲ့တာပါလား၊ ဒါပေမဲ့ သမီးကိုတော့ ကြည်ကြည်ဖြူဖြူ မွေးစားခဲ့တာပါကွယ်''

ဒေါ်သွဲ့နှုတ်ကထွက်သွားသည့်စကားကြောင့် ပွင့်သက်

ငါးတန်းတက်တဲ့နှစ်မှာ
အမေက ကိုယ့်ရှာလေးကို
ပြန်လာခဲ့ရတယ်၊
ဒါဟာလည်းဒေါ်ခင်ခင်ထားက
အမေ့ကိုသမီးရဲ့
နောက်ကြောင်းတွေ
မသိစေချင်လို့
ရှာပြန်ခိုင်းတာပဲပေါ့ကွယ်၊
ဒါပေမဲ့ ......



ညှာခိုင်မှာ အံ့ဩသွားတော့သည်။

''ရှင်..သမီးက မွေးစားခဲ့တာ ဟုတ်လား အမေ''

''ဟယ်.....ဒီအကြောင်းတွေ မသိသေးဘဲ ငါ့နှုတ်က ထွက်သွားခဲ့ပါလား၊ မဟုတ်ဘူး.....မဟုတ်ဘူး၊ သမီးက သမီးရင်းပါကွယ်''

''ဟင့်အင်း.....ဟင့်အင်း၊ သက်ညှာကိုမလိမ်ပါနဲ့ အမေရယ်၊ သက်ညှာ သိချင်လို့ပါနော်၊ ဒီအကြောင်းတွေ သက်ညှာမသိခဲ့ဘူး၊ ဒါကြောင့်များ အမွေပြတ်စွန့်လွှတ်လိုက်တာများလား''

''မသိအောင်လို့ လျှို့ဝှက်ထားတာပါ၊ မထူးပါဘူးလေ၊ သမီးလည်း အိမ်ကစွန့်လွှတ်ထားပြီဆိုမှ အမေက ပြောပြရတော့မှာပေါ့၊ အခုတော့ ညဉ့်နက်ပြီ၊ အိပ်လိုက်တော့၊ မနက်မှ အမေပြောပြပ့်မယ်ကွယ်၊ ဪ...အိပ်ရာခင်းထားပြီးပြီ၊ သွားအိပ်ချေတော့''

ပွင့်သက်ညှာခိုင်လည်း သိချင်စိတ်ကို မျိုသိပ်၍ အိပ်ရာဝင်လိုက်ရတော့၏။ အချိန်မှာ ည ၁၂ နာရီ ကျော်နေပြီဖြစ်၏။

♛♛♛♛♛

''ဦးသက်ခိုင်ဟာ သဘောကောင်းပြီး ရိုးလွန်းတဲ့ ယောက်ျားတစ်ယောက်ဆိုတော့ မိန်းမတစ်ယောက်ရဲ့သမီးရဲ့ အမေနဲ့

www.burmeseclassic.com



စပ်ပြီး ငြိစွန်းမိကြတယ်ဆိုပါတော့၊ အဲဒီတော့ တိတ်တဆိတ် ထောက်ပံ့နေခဲ့ရတယ်၊ နောက်မှ သူ့အမှားကို သိသွားချိန်မှာ ဦးသက်ခိုင်က အဆက်ဖြတ်ခဲ့တယ်၊ ဒါပေမဲ့ မြတ်စုကျော်က အမိအရဖမ်းဆွဲပြီး ကိုယ်ဝန်ယူလိုက်တော့ ဦးသက်ခိုင်လည်း ချည်တိုင်မှာ အချည်ခံရတဲ့သူဖြစ်သွားရတော့တာပေါ့''

''မြတ်စုကျော်ဆိုတာ သက်ညွာအမေပေါ့နော်''

''ဟုတ်တယ် သမီး၊ မြတ်စုကျော်က လည်တယ်၊ အရွယ်လည်းကွာတော့ ဦးသက်ခိုင်ကို လှည့်စားနိုင်တာပေါ့၊ ဦးသက်ခိုင်က ဒေါ်ခင်ခင်ထား သိသွားမှာစိုးတာရယ်၊ သူ့ဂုဏ်သိက္ခာကြောင့် ထောက်ပံ့နေပေမယ့် သံယောဇဉ်ကြိုးနဲ့ အညှာကို ဆုပ်ကိုင်ထားတော့ မြတ်စုကျော်ဆန္ဒကို မလွန်ဆန်နိုင်ဘူးပေါ့၊ ဒါပေမဲ့ လျှို့ဝှက်ချက်ဟာ ကြာရှည် မဖုံးကွယ်နိုင်ဘူးလေ''

ဒေါ်သွဲ့စကားအရ သက်ညွာ၏မိခင်ရင်းသည် မည်သို့သော မိန်းမစားမျိုးဖြစ်မည်ကို သက်ညွာက နားလည်လိုက်၏။ ပြီးတော့လည်း ဒေါ်ခင်ခင်ထား၏ နှုတ်မှ ပေါ်ထွက်လာသော စကားတစ်ခွန်းကို ကြားထားပြီးပြီဖြစ်၍ မျက်နှာငယ်ငယ်နှင့် နားထောင်နေရသည်။

''မြတ်စုကျော်က လောဘတက်လာတယ်၊ ကလေးကို



အကြောင်းပြပြီး အခွင့်အရေးတွေ အမျိုးမျိုးတောင်းဆိုလာတော့ ဦးသက်ခိုင် စိတ်ညစ်နေပြီလေ၊ ဒေါ်ခင်ခင်ထားလည်း ဦးသက်ခိုင်ရဲ့မျ ပျက်နေတာတွေကိုတွေ့ပြီး နောက်ကြောင်းစုံစမ်းတဲ့အချိန်မှာ သွေးပျက်လောက်အောင် အံ့သြသွားတော့တယ်၊ ဒီတော့ ရေရှည်မှာ ဦးသက်ခိုင်ရဲ့ဂုဏ်သိက္ခာ မကျစေချင်တဲ့အတွက် မြတ်စုကျော်နဲ့ရတဲ့ကလေးကို ဒေါ်ခင်ခင်ထားက သမီးရင်းအဖြစ် မွေးစားပြီး အမွေဆက်ခံသူဖြစ်လာမယ်ဆိုတော့ မြတ်စုကျော်က မပေးပြန်ဘူး''

''ဘာကြောင့်လဲဟင် အမေ''

''ဩော်...သံယောဇဉ်ကြိုးနဲ့ ချည်နှောင်ထားမှ အခွင့်အရေးတောင်းဆိုနိုင်တော့မှာပေါ့ကွယ်၊ ယောကျ်ားတွေကို တွေဝေစေအောင် ညှို့ထားနိုင်တာက ဒီနှောင်ကြိုးတွေကြောင့်ပဲပေါ့၊ ဒေါ်ခင်ခင်ထားက သားသမီး မရနိုင်သူဆိုတော့ သူ့အတွက် အရာရာဟာ အရှုံးတွေနဲ့ပဲ ရင်ဆိုင်ရတော့တာလေ၊ အမေ့ကို ရင်ဖွင့်ရှာပါတယ်၊ သူ့မှာသာ ကလေးရှိနေရင် ဦးသက်ခိုင်က ဘယ်ကိုမှ ခြေဦးလှည့်စရာ အကြောင်းမရှိဘူးတဲ့လေ၊ သူတို့က သိပ်ချစ်ကြတဲ့ ဇနီးမောင်နှံတွေ ဖြစ်နေတော့ တစ်ယောက်ရဲ့အပြစ်ကို တစ်

www.burmeseclassic.com



ယောက်က နားလည်မှုနဲ့ ခွင့်လွှတ်နိုင်ခဲ့ကြတယ်၊ ဒေါ်ခင်ခင်ထားနေရာမှာ တခြားမိန်းမတစ်ယောက်ဆိုရင် လင်မယားကွဲသွားနိုင်တာပေါ့ကွယ်"

သက်ညွှာက ဒေါ်ခင်ခင်ထား၏မေတ္တာကို နားလည်သွားသော်လည်း ဖခင်၏ တစ်ဖက်သတ်ဆန် မှုကိုတော့ နားမလည်နိုင်ပေ။ သူမအား ဒေါ်ခင်ခင်ထားမသိစေရန် လက်ဝတ်လက်စားများ ဝယ်ယူဆင်မြန်းပေးခဲ့ခြင်းက မသိစေချင်၍လည်း ဖြစ်နိုင်သည်။

"ဒါဆိုရင် သက်ညွှာကို ဘယ်လိုမွေးစားခဲ့ရသလဲ အမေရယ်"

"ပြောပြပါ့မယ်ကွယ်၊ ဦးသက်ခိုင်က ဘုရားဖူးနှစ်တိုင်းသွားတတ်တော့ မြတ်စုကျော်ဟာ အဲဒီအချိန်ကျမှ သူ့ချစ်သူနဲ့ လွတ်လွတ်လပ်လပ် ပျော်နိုင်ပြီပေါ့၊ ဖြစ်ချင်တော့ ဦးသက်ခိုင်က သူ ခရီးမထွက်ခင်အချိန်မှာ သုံးစွဲနိုင်အောင်လို့ ငွေသွားပို့ခဲ့တယ်လေ၊ အဲဒီမှာပဲ မြတ်စုကျော်ရဲ့ ဖောက်ပြန်မှုကို သိသွားပြီး သူ့သမီးကို ခေါ်လာခဲ့တယ်၊ မြတ်စုကျော်တို့ ချစ်သူနှစ်ယောက်က ကြောက်လန့်ပြီး ထွက်ပြေးရာက ကားမှောက်ပြီး ဆုံးသွားခဲ့ကြတယ်

> **ကိုယ့်သမီး ရင်းလေးလို ပြုစုစောင့်ရှောက်ခဲ့ပြီး မှ**
> **အတ္တကြောင့် မာမို့လုပ်ရပ်တွေ မှားသွားမှန်း သိခဲ့ရပါပြီကွယ်၊**
> **မာမီ တောင်းပန်တယ် သမီး၊ မာမို့ဆီ ကို**
> **အမြန်ဆုံးလာတွေ့ပါ၊**
> **သမီး ဒယ်ဒီရဲ့ နောက်ဆုံးထွက်သက် လေးမှာ......**

လေ"

မိခင်ရင်း၏လုပ်ရပ်က သက်ညွှာအတွက် ရှက်စရာဖြစ်စေရ၏။ လူ့လောကကြီးတွင် မရှိတော့လည်း ဝဋ်ကျွတ်သွားပြီဟုသာ ထင်မှတ်လိုက်သည်။

"ငယ်သူဆိုတော့ မှားတတ်တာ ဓမ္မတာပဲပေါ့၊ မြတ်စုကျော်ကို မုန်းသွားပေမယ့် ဦးသက်ခိုင်က သမီးအပေါ်မှာ ဖခင်ကောင်းပီသခဲ့သူပါကွယ်၊ မြတ်စုကျော် ရုပ်မုန်းလည်းသိတယ်၊ လည်မုန်းလည်းသိတယ်၊ သူ့ကိုညာနေမှန်းလည်း သိတယ်၊ တကယ်တော့ မြတ်စုကျော်က ဒေါ်ခင်ခင်ထားနဲ့ကွဲ စေချင်တာလေ၊ ဒါမှ သူမျှော်လင့်တဲ့ဘဝမျိုးကို ပိုင်ဆိုင်နိုင်မယ်လို့ ထင်ထားခဲ့တာပါ၊ နောက်ဆုံးတော့ မကောင်းတဲ့သူဟာ သူ့လမ်းသူ သွားရတာပဲပေါ့ကွယ်"

"သက်မြတ်စုကနေ ပွင့်သက်ညွှာခိုင်ဖြစ်သွားရတာ မြတ်စုဆိုတဲ့ အမေ့နာမည်ပါနေလို့ ပြောင်းလိုက်တာပဲဖြစ်မှာပါနော်"

"ဒါပေါ့ကွယ်၊ သမီးက လေးနှစ်သမီးအရွယ်နဲ့ ဒေါ်ခင်ခင်ထားဆီကို ရောက်ခဲ့တာလေ၊ ငါးတန်းတက်တဲ့နှစ်မှာ အမေက ကိုယ့်ရွာလေးကို ပြန်လာခဲ့ရတယ်၊ ဒါဟာလည်း ဒေါ်ခင်ခင်ထားက အမေ့ကို သမီးရဲ့နောက်ကြောင်းတွေ မသိစေချင်လို့ ရွာပြန်ခိုင်းတာပဲပေါ့ကွယ်၊ ဒါပေမဲ့ ကျေးဇူးရှင်တစ်ယောက်အဖြစ် အမေနေ့တိုင်း ကန်တော့နေတာပါ သမီးရယ်"

သက်ညွှာသည် ဒေါ်ခင်ခင်ထား၏ ခံစားမှုကို နားလည်သွားသည့်နောက် မိဘအိမ်သို့ မပြန်ချင်တော့ပေ။ သူ့ဘဝအားသည်ရွာလေးတွင် မြှုပ်နှံတော့မည်ဟု ဆုံးဖြတ်လိုက်၏။

"အမေ....."

"ပြောလေ သမီး"

"သမီးကို လက်ခံပါနော်



www.burmeseclassic.com

www.burmeseclassic.com



အမေနဲ့အတူ နေပါရစေ၊ ကိုယ့်ဘဝမှန်ကို သိလာတော့ မာမီ့ကို သနားသွားမိတယ်၊ မာမီဟာ သူအမုန်းဆုံးသူရဲ့သမီးကိုမှ တယုတယ မွေးခဲ့ရတာ၊ မာမီ့နှလုံးသားထဲမှာ နာကျင်နေမှာပဲနော်၊ သမီးလေ မာမီ့အပေါ် ထပ်ပြီးမရက်စက်ချင်တော့ပါဘူး အမေရယ်၊ ဒါကြောင့်မို့ အိမ်ကို မပြန်ချင်တော့ဘူး၊ သမီးကို လက်ခံပေးပါ အမေရယ်''

''တစ်သက်လုံးနေနိုင်ပါတယ် သမီးရယ်၊ ဒေါ်ခင်ခင်ထားရဲ့ကျေးဇူးကြောင့် အမေလည်း ဒီရွာလေး မှာ အေးအေးချမ်းချမ်း နေနိုင်တာ ပေါ့ကွယ်''

သက်ညွှာဘဝသည် ကယ်တင်ရှင်ကြောင့် ဆက်လက်ရှင်သန်ခွင့်ရသွားတော့၏။ တစ်သက်လုံး ခြေရာဖျောက်နေထိုင်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

♛♛♛♛♛

''မိန်းမ.....သမီးလေးကို ခေါ်ပေးပါနော်၊ ကိုယ်မသေခင် သမီးရဲ့မျက်နှာကို တွေ့ပါရစေကွာ''

ဦးသက်ခိုင်၏ တဖွဖွပြောနေသော အသံသဲ့သဲ့လေးက ဒေါ်ခင်ခင်ထား၏နှလုံးသားကို အရည်ပျော်ကျသွားစေရသည်။ ဒေါ်ခင်ခင်ထားတစ်ယောက် မာနကို ကြာကြာတင်းမထားနိုင်တော့ပါ။ ဦးသက်ခိုင်၏ နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးလိုက်ချင်သည်။



''နော် .....မိန်းမ၊ သမီးကို မရက်စက်ချင်ပါနဲ့ကွာ၊ ကိုယ်စိတ်ချပါရစေကွယ်''

''ခင်ထားကို့သမီးကို သွားခေါ်ပေးမှာပါရှင်၊ ခဏလေးစောင့်နော်၊ ကို့ဆန္ဒတွေ အားလုံးပြည့်ဝရပါစေ့မယ်''

''ကျေးဇူးတင်ပါတယ် မိန်းမရယ်၊ မင်းရဲ့စိတ်ထားပြည့်ဝပုံကို ကိုယ်သိပါတယ်၊ ဒါကြောင့်လည်း မင်းကိုယုံကြည်တာပေါ့ကွာ''

''ကောင်လေးရေ မင်းဘဘကို ကြည့်ထားပေးနော်၊ အန်တီ အပြင်ခဏသွားလိုက်ဦးမယ်''

သူနာပြုအကူကောင်လေးနှင့် ခဏထားခဲ့ပြီး ဒေါ်ခင်ခင်ထားက သက်ညွှာရှိသည့်အိမ်လေးသို့ ထွက်သွားရတော့၏။

''ဩော်..မာမီပြောတဲ့စကားကို စိတ်နာသွားမလား သမီးရယ်၊ သူ့ကိုအမွေပြတ်စွန့်လွှတ်လိုက်လို့ မာမီ့ကို မတွေ့ချင်လောက်အောင် မုန်းတီးနေမလား၊ ဒါကြောင့် ဖုန်း မဆက်တာနေမှာပါ''

စိုးစိတ်ဖြင့် ဒေါ်ခင်ခင်ထား က သက်ညွှာ၏အိမ်ရှေ့သို့ ရောက်လာ သည်။ အိမ်တံခါး ပိတ်ထား၏။

''အပြင်များသွားနေကြလား ညီမရေ.....ဒီအိမ်ကလင်မယား ဘယ်သွားကြသလဲဟင်''

''ဘယ်ထွက်သွားမှန်းကို တာပါ၊ လွန်ခဲ့တဲ့ နှစ်လကတော့ ရဲတွေရောက်လာတယ်၊ ဘာကြောင့်မှန်း မသိပါဘူးရှင်၊ အစ်မ သိ ချင်ရင် အုပ်ချုပ်ရေးမှူးရုံး သွား စုံစမ်းကြည့်ပါလား ဒီလမ်းထိပ်မှာ ပဲရှင့်''

''အေးကွယ် ကျေးဇူး နော်''



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်ခင်ထားလည်း အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်သွား၏။ သက်ညွှာတို့အကြောင်းကို မေးကြည့်လိုက်ရာတွင်.....

"ကိုစိုးထိုက် ယာဉ်တိုက်မှုဖြစ်ပြီး သေဆုံးသွားလို့တဲ့၊ ရဲတွေက သူ့ဇနီးကို လာအကြောင်းကြားတာပါ၊ ဒါပေမဲ့ သူ့ဇနီးက ခုချိန်ထိအဆက်အသွယ်မရသေးဘူး။ ခရီးထွက်နေသလား မသိဘူး အဒေါ်၊ ကိုစိုးထိုက်အလောင်းကိုတော့ ကျွန်တော်တို့ကပဲ တာဝန်ယူသင်္ဂြိုဟ်ပေးလိုက်ရတယ်"

ငါမှားသွားပြီ၊
သိပ်ကိုမှားသွားခဲ့ပါလား၊
တစ်သက်လုံး
သမီးအပေါ်ကောင်းခဲ့သမျှ
ရင်တွင်းအတ္တကြောင့်
အားလုံးဒုက္ခရောက်ကြရပြီ၊
ငါသံယောဇဉ်အရှိဆုံး
ယောကျ်ားနဲ့လည်း.....

"ဟုတ်လား၊ အဒေါ်လည်း အဒေါ့်သမီးကို လာရှာတာပါကွယ်၊ မိဘကို အဆက်အသွယ်မလုပ်ဘဲ ဘယ်သွားမှန်းမသိပါဘူး၊ ဒီပြန်ရောက်ရင် အဒေါ့်ကို ဆက်သွယ်ပါကွယ်၊ ဒါက အဒေါ့်လိပ်စာကတ်"

"စိတ်ချပါခင်ဗျာ"

အုပ်ချုပ်ရေးမှူးရုံးမှ လှည့်ပြန်လာရသည်။ ဦးသက်နိုင်ကမေးလျှင် ဒေါ်ခင်ခင်ထားက မည်သို့ဖြေရမည်မသိပါ။ သေသေချာချာ စဉ်းစားကြည့်ပြန်လျှင် သက်ညွှာပျောက်ဆုံးနေခြင်းက ဒေါ်ခင်ခင်ထား၏အပြစ်မကင်းချေ။ စိုးထိုက်သေဆုံးခြင်းက သူ့အဖို့ ဝမ်းသာစရာဖြစ်သော်လည်း သမီးပျောက်အား မည်သို့ရှာဖွေရမည်မှန်း မသိတော့ပါ။

"ပြန်လာပါတော့ သမီးရယ်၊ ငယ်ငယ်ကတည်းက ကိုယ့်သမီးရင်းလေးလို ပြုစုစောင့်ရှောက်ခဲ့ပြီးမှ အတ္တကြောင့် မာမီ့လုပ်ရပ်တွေ မှားသွားမှန်း သိခဲ့ရပါပြီကွယ်၊ မာမီတောင်းပန်တယ် သမီး၊ မာမီ့ဆီကို အမြန်ဆုံးလာတွေ့ပါ၊ သမီးဒယ်ဒီရဲ့ နောက်ဆုံးထွက်သက်လေးမှာ စိတ်ချမ်းသာသွားစေချင်ပါတယ်"

ဒေါ်ခင်ခင်ထား၏ပါးပြင်ပေါ်သို့ မျက်ရည်များက ဝေါခနဲ ထိုးကျလာသည်။ သည်အချိန်တွင် အလိုအပ်ဆုံးမှာ သမီးကလွဲပြီး ငွေပုံပေးလျှင်ပင် လက်မခံနိုင်ပါ။

"သမီးဒယ်ဒီကို မာမီ ဘယ်လိုပြောရမလဲကွယ်၊ သူက သမီးကို သိပ်တွေ့ချင်နေတာပါ၊ သူ့သမီးပါမလာရင် သူ့ရောဂါက ပိုဆိုးတော့မှာ၊ ဒုက္ခပါပဲ"

ဒေါ်ခင်ခင်ထားက သူ့အမှားကို သိမြင်ခြင်းနှင့်အတူ နောင်တရသွား၏။ ကံတရားသည် သူ့ဘက်တွင်ရှိနေသည် ဟု ယုံကြည်ထားသမျှ တစ်ဖက်သားအား နစ်နာစေမည်ကို သူက မသိခဲ့ပေ။ သူကိုယ်တိုင် အောင်နိုင်သူဟု ကြွေးကြော်ခဲ့သည့် အမှားတစ်ခုအား ရင်နှင့် အမျှ ရင်ဆိုင်ကြုံတွေ့ရပေတော့ မည်။

"ငါမှားသွားပြီ၊ သိပ်ကိုမှားသွားခဲ့ပါလား၊ တစ်သက်လုံး သမီး အပေါ်ကောင်းခဲ့သမျှ ရင်တွင်းအတ္တကြောင့် အားလုံး ဒုက္ခရောက်ကြရပြီ၊ ငါသံယောဇဉ် အရှိဆုံးယောကျ်ားနဲ့လည်း ခွဲရတော့မယ်၊ ယောကျ်ား စိတ်ချမ်းသာအောင် ငါပြုမိခဲ့ပြီ၊ ဦးသက်နိုင်..... ခင်ထားကို ခွင့်လွှတ်ပါရှင်"


www.burmeseclassic.com

www.burmeseclassic.com

ဦးသက်ခိုင်ရှိရာသို့ ပြန်လာသည့်နောက် ဦးသက်ခိုင်က ဒေါ်ခင်ခင်ထား၏လက်လေးကိုဆွဲကာ နောက်ဆုံးအကြိမ်ကြည့်ရင်း မျက်လုံးများက မျက်တောင်မခတ်တော့ပေ။ မျက်ဆံမှာလည်း ရွေ့လျား ခြင်းမရှိတော့။ သို့သော် သမီးပါမလာခြင်းကိုလည်း သိသွားပုံမရပေ။ ဒေါ်ခင်ခင်ထား၏ မျက်စိရှေ့တွင် အသက်ပျောက်သွားတော့သည်။



"ယောက်ျား.....ခင်ထားကို ထားရစ်ခဲ့ပြီလားဟင်၊ ခင်ထားအမှားတွေကို ခွင့်လွှတ်ပေးပါတော့နော်၊ အီး..ဟီး...ဟီး.....အီး"

ဦးသက်ခိုင်၏အလောင်းအား ဖက်ငိုရင်း ဒေါ်ခင်ခင်ထားမှာ ပုံလျက်သား လဲကျသွားတော့သည်။

♛♛♛♛♛

ဦးသက်ခိုင်၏ ဈာပနတွင် လိုက်ပါပို့ဆောင်နိုင်ခြင်းမရှိသော်လည်း ဝရန်တာထက်မှနေ၍ နောက်ဆုံးအကြိမ်အဖြစ် ပဝါလေးနှင့် ဝှေ့ယမ်းပြမိ၏။

"သွားပေဦးတော့.....ယောက်ျားရေ၊ ရှင့်ကို နောက်ဆုံးကြည့်ခြင်းနဲ့ ခင်ထားကြည့်ပြီး ကျန်ရစ်ခဲ့ပါရစေတော့၊ ရှင့်ရဲ့နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ခွင့်မရပေမယ့် ရှင့်ဝိညာဉ်ဟာ ခင်ထားနဲ့အတူ ရှိနေမယ်ဆိုတာ ခင်ထား ယုံကြည်ပါတယ် ယောကျ်ားရယ်"

ဦးသက်ခိုင်ကို တင်ဆောင်သွားသည့် နိဗ္ဗာန်ယာဉ်လေးက တရွေ့ရွေ့နှင့် ထွက်ခွာသွားသည့်နောက် ဒေါ်ခင်ခင်ထား၏ ရင်တွင်းမှ အသည်းနှလုံးအား တစ်စစီဆွဲထုတ်ယူလိုက်သည့်နှယ် အားအင်ပျက်ယွင်းပြီး စိတ်ဓာတ်ကျ သွားရတော့သည်။ တဖြည်းဖြည်း ဝှေ့ယမ်းနေသည့်လက်က အားယူလှုပ်ရှားနေရသော်လည်း စိတ် ဆောင်နေသည့်အတွက် လက်ကိုင်ပဝါလေးမှာ လေထဲတွင် တလွင့်လွင့်နှင့်ပါ။

"ခင်ထားရင်ထဲကို ဝင်ကြည့်လှည့်ပါတော့ ဦးသက်ခိုင်ရယ်၊ အခုတော့ ပြန်မဆုံနိုင်တဲ့လမ်းကိုရောက်သွားကြပြီနော်၊ ခင်ထားအနားမှာ ဘယ်သူတွေမှ မရှိကြတော့ပါလားရှင်"

ဒေါ်ခင်ခင်ထားသည် တရှုပ်ရှုပ်ငိုကြွေးရင်း သံဝေဂရသွားမိ၏။ လောကကြီးတွင် သေစေနိုင်သည့် လက်နက်နှင့်သတ်မှ ဘဝတစ်ခုက ချုပ်ငြိမ်းနိုင်သည် မဟုတ်ပါ။ စိတ်ဆိုသော လက်နက်နှင့် သတ်လျှင်လည်း ဘဝတစ်ခု ကြွေလွင့်သွားနိုင်၏။ ဒေါ်ခင်ခင်ထားက အတ္တစိတ်၊ မာန်မာနစိတ်ဖြင့် အတိတ်ကြွေးကို ပေးဆပ်ခဲ့သူ ဖြစ်သည်။ လက်တုံ့ပြန်ခြင်းသည် မြင့်မြတ်သူများ၏ လုပ်ရပ်မဟုတ်ကြောင်း သိရသည့် နောက်နှောင် တတရားအား ရင်ဝယ်ပိုက်ပြီး အထီးကျန် ကျန်ရစ်ခဲ့ရတော့သည်။

လေးစားစွာဖြင့်
ထက်ထက်ဦးဝေ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



မောင်သာမှန်
(ဓိကာန်း)

# ပုရိသဟူသည်

www.burmeseclassic.com

www.burmeseclassic.com






## ပုရိသဟူသည်

မောင်သာမန် (ဇီးကုန်း)

"အဒေါ်ရေ ငါးယူဦးမလား၊ ငါး...ငါးကြင်း....ငါးရူ..အမဲ.... ဝက်.....ကြက်ပါတယ်"

အိမ်ရှေ့တာလမ်းမှ ငါးသည်မလေး အေးသာ၏ အသံစာစာ အော်သံကြောင့် ဒေါ်လုလုဌွေးတစ်ယောက် မီးဖိုချောင်မှ ခပ်သုတ်သုတ်ထွက်လာခဲ့၏။ တာလမ်းပေါ်တွင် ဈေးဗန်းရွက်လျက် မတ်တတ်ရပ်နေသော အေးသာအား ဒေါ်လုလုဌွေးက ခြံဝင်းတံခါး ဖွင့်ပေးလိုက်၏။

"မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေတော့ တော်ရုံတန်ရုံနဲ့ နင့်အသံမကြားရပါဘူးဟယ်၊ နောက်ပြီး ငါက ထမင်းအိုးငှဲ့နေတာနဲ့ ချက်ချင်းနင့်ဆီထွက်မလာနိုင်ဘူး၊ အားနာစရာဟယ်"

ဒေါ်လုလုဌွေး၏အပြောကြောင့် ဈေးသည်မလေး အေးသာတစ်ယောက် ပြုံးသွားရပြီး.....

"အားနာစရာလား အဒေါ်ရယ်၊ ဘာမှမပူနဲ့၊ ကျွန်မကတော့ အဒေါ်တစ်ယောက် အိမ်ရှေ့ထွက်မလာမချင်း စောင့်ခေါ်နေမှာပဲ"

ဒေါ်လုလုဌွေးက ခြံဝင်းတံခါးကို တွန်းဖွင့်ပေးလိုက်သည်နှင့် အေးသာက ငါးဗန်းရွက်လျက် ခြံဝင်းထဲသို့ ဝင်လာ၏။ အေးသာ၏ ခေါင်းပေါ်၌ရွက်ထားသော ငါးဗန်းကို ဒေါ်လုလုဌွေးက ကူ၍အောက်သို့ချပေးလိုက်၏။

ဗန်းနှင့် ခံတောင်းထဲတွင် အေးသာပြောသည့်အတိုင်း သားငါးစုံလှပါ၏။ ဒေါ်လုလုဌွေးမှာ အသားစားရသည်မှာ ငြီးငွေ့နေသည်။ သည်ကနေ့ ငါးဘက်ကို လှည့်ရန် စိတ်ကူးမိသည်။ သူမ၏ သမီးဖြစ်သူ ခင်ခင်ချစ်သည် အထည်ချုပ်စက်ရုံဝန်ထမ်းဖြစ်သဖြင့် နံနက်စာကို စက်ရုံမှာပင်စား၍ ညနေပိုင်းမှသာ အိမ်၌ပြန်စား၏။ ထို့ကြောင့် ငါးကြင်းကို များများစားစားမဝယ်။ ကြော်၊ နှပ်၊ ချက်ရန် သုံးဆယ်သားဆိုပါက လုံလောက်သဖြင့် အေးသာထံမှ ငါးသုံးဆယ်သားဝယ်လိုက်၏။



အေးသာသည် ငါးဗန်းရွက်၍ ရပ်ကွက်ထဲသို့ သားငါးရောင်း[illegible] နေ့စဉ်ရောက်ရှိသော်လည်း ဒေါ်လု လုဌွေးတို့လမ်းဘက်သို့မူ [illegible] မရောက်တတ်ပေ။ ဈေးသည်[illegible] မင်ရင်းနှီးနေပြီဖြစ်သော [illegible]



www.burmeseclassic.com

www.burmeseclassic.com



အား ဒေါ်လှလှမွေးက နေ့တိုင်းလာရန် ဖိတ်ခေါ်လိုက်၏။

"အေးသာရယ် ငါတို့လည်း နင့်ရဲ့ဖောက်သည်ဖြစ်နေပြီပဲဟယ်၊ နေ့တိုင်း ရပ်ကွက်ထဲ ဈေးလာရောင်းနေတာ၊ ငါတို့လမ်းဘက်ကိုလည်း နေ့တိုင်းလာရောင်းဖို့ကောင်းတယ်၊ သိပ်ဝေးတာမှမဟုတ်ဘဲ၊ ငါတို့နေရာနဲ့ ဈေးက လှမ်းတယ်ဆိုတော့ နင်လာရောင်းရင် အဆင်ပြေတာပေါ့"

"ကျွန်မက ဈေးသည်ပဲ၊ ရောက်အောင်လာပြီး ရောင်းချင်တာပေါ့၊ ဒါပေမဲ့ အဒေါ်တို့ဆီ မရောက်ခင် သားငါးတွေက ကုန်ကုန်သွားတော့ ရပ်ကွက်ထဲကပဲ လှည့်လှည့် ပြန်သွားရတယ်၊ ဘယ် လိုဖြစ်ဖြစ်ပါ အဒေါ်ပြောတဲ့အတိုင်း ကျွန်မလာနိုင်အောင် ကြိုးစားပါ့မယ်၊ အဲဒီအခါကျကျွန်မဆီက ငါးတင်မကဘူး၊ ကျန် တဲ့ကြက်ဝက်တွေကိုလည်း အားပေးရမယ်နော်"

ပြုံးရွှင်စွာပြောလာသော အေးသာ၏စကားကြောင့် ဒေါ်လှလှမွေးပြုံးသွားရသည်။ ဒေါ်လှလှမွေးနှင့်ဈေးသည်မလေးတို့ ဈေးရောင်းဈေးဝယ်ရင်း ရင်းနှီးသွားကြသည့်အခါ မိန်းမတို့၏ သဘာဝအရ တစ်ဦးအပေါ်တစ်ဦး စပ်စုမှုများရှိလာကြပြန်၏။ ဒေါ်လှလှမွေးက အေးသာကို စပ်စုလိုက်၏။

"ဒါနဲ့ နင့်အမျိုးသားကရော ဘာလုပ်လဲဟဲ့၊ နင့်ကလေးတွေကရော ကျောင်းနေကြပြီလား"

ဒေါ်လှလှမွေး၏အမေးစကားကြောင့် မျက်နှာထားတည်သွားသော အေးသာက စိတ်ပျက်စွာပြောပြခဲ့၏။

"ကျွန်မရဲ့ယောကျ်ားကတော့ ပလောင်ထင်းလုပ်ငန်းကို နေထွက်ကနေဝင် လုပ်တယ်လေ"



အေးသာပြောသောစကားကို နားမလည်၍ ပြန်မေးလိုက်၏။

"ဟဲ့.....ပလောင်ထင်းတယ် ဆိုတာ ဘာလဲ"

"ပလောင်ထင်းတယ်ဆိုတာ ပုလင်းထောင်တာကိုပြောတာ အဒေါ်ရေ့၊ သူနဲ့ကျွန်မ စပြီးအိမ်ထောင်ပြုတော့ မှတ်မှတ်ရရ တစ်နှစ်တ်တိ လုပ်ကျွေးတယ်လေ၊ နောက်ပိုင်းမှာတော့ ကလေးနှစ်ယောက်ရပြီး အခုထိ ကျွန်မကပဲ အိမ်ထောင်ကိုထိန်းသိမ်းရင်း ဈေး ရောင်းကျွေးနေရတာ"

အေးသာက အသံကို မြှင့်၍ ပြောပြလိုက်၏။

"ဟေ....."

အေးသာ၏အပြောကြောင့် ဒေါ်လှလှမွေးထံမှ အာမေဍိတ်သံ ထွက်သွားရသည်။ အေးသာ၏ ဘဝ အကြောင်းများကို ကြားရသောအခါ ဒေါ်လှလှမွေးမှာ မိမိဖြတ်သန်းခဲ့ရသော ဘဝကြမ်းများနှင့် ဆင်ဆင်တူသဖြင့် သူမမှာ မသိမသာ သက်ပြင်းချမိခဲ့ရသည်။

ထိုသို့သက်ပြင်းချခြင်းနှင့်အတူ သူမ၏ဦးခေါင်းမှ တစ်ဖွာခန့်ရှိသော အမာရွတ်ကို ယောင်၍ လက်ဖြင့်စမ်းမိခဲ့ပြန်သည်။ ယင်း



www.burmeseclassic.com

www.burmeseclassic.com

နောက် ဒေါ်လှလှဌေး၏နှုတ်ဖျားမှ အေးသာအား ကိုယ်ချင်းစာနာမှု သဘောဖြင့် "တော်တော်ဆိုးတာပဲ နော်"ဟု နှုတ်ထွက်ရေရွတ်ခဲ့မိလေတော့သည်။

ဒေါ်လှလှဌေး၏နှုတ်ဖျားမှ ထွက်ပေါ်လာသော ညည်းတွားမှုကြောင့် အေးသာမှာ ငါးကိုင်နေရာမှ ဒေါ်လှလှဌေးအား ကြည့်လိုက်သည်။

"ဆိုးချက်ကတော့ ကမ်းကုန်ရောလို့ ပြောရမှာပေါ့ အဒေါ်ရယ်၊ အိမ်ကယောကျ်ားက ဆိုင်တကာ အရက်လှည့်သောက်ပြီး လမ်းတကာလှည့်ပြီး မူးယစ်ရမ်းကားနေခဲ့တာ၊ ရဲစခန်းတို့ ရပ်ကွက်လူကြီးအိမ်တို့ ဆိုတာ ကျွန်မအတွက် အဆန်းမဟုတ်တော့ဘူး၊ နောက်ပိုင်း ဒီလိုပြဿနာတွေမလုပ်ဖို့ သူ့ရဲ့အရိုက်အပုတ်ခံပြီးပြောမှ အိမ်မှာပဲသောက်တော့တာ၊ ကျွန်မကိုယ်တိုင် ဈေးရောင်းရတဲ့ပိုက်ဆံထဲက သုံးပုံတစ်ပုံဟာ သူ့အရက်ဖိုးလေ၊ အလုပ်မလုပ်ဘဲ အရက်ကိုသောက်နေတော့ ကျွန်မပဲအလုပ်လုပ်ရတာပေါ့၊ ဘာပဲဖြစ်ဖြစ် ကလေးနှစ်ယောက်ကလည်း ရှိနေသေးတော့ ကျွန်မကပဲ ဒုက္ခကို သုခအမှတ်နဲ့ အရာရာသည်းခံပြီး သူ့ကိုပေါင်းနေရတာ၊ ဝဋ်ရှိလို့ခံရတာနဲ့တူပါရဲ့ အဒေါ်ရယ်"

ဒေါ်လှလှဌေးသည် အေးသာ ပြောသမျှ နားထောင်လျက် ငါးကို ခုတ်နေသော အေးသာအား စိတ်မသက်မသာ ကြည့်နေမိသည်။ အေးသာသည် သူ၏ခင်ပွန်းအား ချစ်၍ဖြစ်စေ မချစ်၍ဖြစ်စေ သူကြီးမိဘများ၏ အလိုဆန္ဒအရ ပေါင်းသင်းသည်ပဲ ဖြစ်စေ အေးသာ၏ အမျိုးသမီးဘဝမှာ



အရှုံးပေါ် လျက်ရှိနေသည်။

အမျိုးသမီးများ အချိန်တန်၍ အိမ်ထောင်ထူထောင်သည်ဆိုရာတွင် ခင်ပွန်းယောကျ်ား ရှာဖွေသော ဥစ္စာဓနပစ္စည်းများကို စီးသည့်ရေဆယ်လိုခြင်း၊ သိက္ခာကြွရှိ၍ ရင့်ကျက်သော အိမ်ထောင်သည်ဘဝကို ခံယူလျက် ခင် ပွန်းသည်အား သစ္စာရှိစွာ ပေါင်း သင်းလိုကြသည်။ မည်သည့်အရာမဆို အိမ်ထောင်မိသားစုရေ့၌ ခင်ပွန်းသည်မှ မားမားမတ်မတ်ရပ်၍ အားကိုးအားထားပြုရသော ယောကျ်ားကောင်းဖြင့် သေတစ်ပန် သက်တစ်ဆုံး ပေါင်းသင်းချင်၏။ မွေးဖွားလာသော သားသမီးများအား ထိန်းသိမ်းစောင့်ရှောက်လိုသည့် ဆန္ဒများဖြင့် အိမ်ထောင် ထူထောင်ကြခြင်းဖြစ်ပေသည်။

သို့သော် ယောကျ်ားအချို့တို့၏ မှုမမှန်သော အကျင့်စရိုက် ဓလေ့များကြောင့် အိမ်ထောင်ရေး ထိခိုက်လျက် မိန်းမသားများမှာ အလွန်ပင် ဒုက္ခရောက်ကြရသည်။ အေးသာ၏ယောကျ်ားသည်လည်း အလွန်ဆန်စွာ သေရည်သေရက်ကို ဖက်တွယ်နေခြင်းကြောင့် အိမ်

www.burmeseclassic.com

ထောင်ဖက်ဖြစ်သူ အေးသာနှင့် သားသမီးများမှာ လူလုံးမလှ ဆင်းရဲပင်ပန်းနေရသည်။

သို့တစေ အေးသာကား အရက်၏ကျေးကျွန်ဖြစ်နေသော သူမ၏လင်ယောကျ်ားအား အမုန်းမဖက် အပြုံးဆက်၍ ငါးဗန်းကို ခေါင်းပေါ်ရွက်လျက် အရပ်တကာ လှည့်၍ ရှာဖွေကျွေးမွေးနေခြင်းအတွက် ဒေါ်လှလှဌေးတစ်ယောက် စိတ်မကောင်းဖြစ်မိသလို ကိုယ်ချင်းစာရပါ၏။ တစ်ချိန်သောအခါက

**ချစ်ခြင်းမုန်းခြင်းတို့ဖြင့်**
**လွန်ဆွဲနေခဲ့ရသော**
**ခင်ပွန်းသည်**
**ကိုအောင်ခ မရှိတော့သည့် တိုင်**
**သူနှင့်ပတ်သက်သည့်**
**သားသမီးသုံးယောက်အား**
**လူတစ်လုံးသူတစ်လုံး**
**ဖြစ်လာစေရန်**
**အင်ကုန် အားကုန် ....**

သူမသည် အေးသာကဲ့သို့ပင် ခင်ပွန်းယောကျ်ားဆိုးအား မိန်းမတန်မဲ့ ပင်ပန်းတကြီး ရှာကျွေးခဲ့ရသေးသည်မဟုတ်ပါလား။

ပြောသာပြောရသည်။ ဒေါ်လှလှဌေးတစ်ယောက် ငယ်နုစဉ်အခါက အေးသာကဲ့သို့ပင် တွေ့ရကြုံရ၊ ရင်နာခဲ့ရသည်ဆိုပါက မှားမည်မထင်ပေ။ ထိုရင်နာစရာအကြောင်းများကို တွေးမိလေတိုင်း၊ စဉ်းစားမိလေတိုင်း ခေါင်းမှအမာရွတ်ကို ယောင်၍စမ်းမိသည်က အကြိမ်ကြိမ်အခါခါ မရေမတွက်နိုင်။

သူမသည် ချစ်ခြင်းမုန်းခြင်းတို့ဖြင့် လွန်ဆွဲနေခဲ့ရသော ခင်ပွန်းသည် ကိုအောင်ခ မရှိတော့သည့်တိုင် သူနှင့်ပတ်သက်သည့် သားသမီးသုံးယောက်အား လူတစ်လုံးသူတစ်လုံးဖြစ်လာစေရန် အင်ကုန်အားကုန် ရှာဖွေကျွေးမွေးခဲ့ရ၏။ ယင်းနောက် လူလားမြောက်၍ အပျိုအရွယ်လေးဖြစ်လာသော သမီးကြီး ခင်ခင်ချစ်မှာ မိသားစု ဆင်းရဲကျပ်တည်းသည့်ဘဝမှလွတ်မြောက်စေရန် ရန်ကုန်သို့ မျက်စိဖွင့်မိုတ်၍ အလုပ်ရှာထွက်သွားခဲ့ရသည်။

ခင်ခင်ချစ် ကံကောင်းပါသည်။



လူကောင်းသူကောင်း သူတော်ကောင်းများနှင့်တွေ့၍ အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်ရခဲ့သည်။ နောက်ပိုင်းကာလများတွင် မိခင်မုဆိုးမ ဒေါ်လှလှဌေးနှင့် မောင်ငယ် ဖိုးတရုတ်တို့အား သူမ ငှားရမ်းနေထိုင်သည့် အိမ်ခန်းတွင် ခေါ်ယူနေထိုင်စေခဲ့သည်။

ယခုတော့ ဒေါ်လှလှဌေး၏ ဘဝမှာ အေးချမ်းပြီဟုဆိုနိုင်သော်လည်း သေရာပါဒဏ်ရာဒဏ်ချက်များရရှိထားသော သူမအနေဖြင့် အမာရွတ်ကို စမ်းမိလေတိုင်း လောကကြီးတွင် မရှိတော့ပြီဖြစ်သော ကိုအောင်ခအား သတိရ မုန်းဆမိကာ မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသည်ချည်းပင်။

www.burmeseclassic.com

ဒေါ်လှလှဌွေးသည် အတိတ်ကိုမေ့နိုင်အောင် ကြိုးစားသော်လည်း မေ့မရနိုင်။ မည်သည့်အတွက်ကြောင့်ဆိုသည်ကို သူမကွဲပြားစွာ မသိရှိနိုင်ပါချေ။ သူမ၏ ယောက်ျား ကိုအောင်ခ၏ နှိပ်စက်မှုများကို ဦးနှောက်၏ ဆုံးဖြတ်ချက်အရ စိတ်နာကြည်းခဲ့ပါသော်လည်း ကိုအောင်ခအား မေ့မရနိုင်သည့်အကြောင်းတစ်ရပ်မှာ ဦးနှောက်နှင့်မဆိုင်၊ နှလုံးသားမှလာသော စိတ်ခံစားချက်ကြောင့်ဟု ပြောရမည်ဖြစ်သည်။





ဤသို့ဆိုလျှင် အေးသာသည်လည်း နှလုံးသား၏ လှုံ့ဆော်မှုအရ သူမ၏ သေရည်သောက်ယောက်ျားအား အပင်ပန်းခံလုပ်ကိုင်ကျွေးမွေးခြင်းပင် ဖြစ်လိမ့်မည်ဟု ဒေါ်လှလှဌွေး စဉ်းစားမိပေသည်။ ထိုအကြောင်းနှင့် ဆက်နွှယ်၍ မိမိ၏ နှလုံးသားနုပျိုသည့် အချိန်ကာလတစ်ခုမှ မမေ့နိုင်သော ဖြစ်ရပ်များသည် သူမ၏ရင်ထဲမှ တစ်ဆင့် ဦးနှောက်လှိုင်းများဆီသို့ ပြန်လည်ရိုက်ခတ်လျက်ရှိနေပေသည်။

ထိုစဉ်က အသက် ဆယ့်ရှစ်နှစ်ကျော်၍ ဆယ့်ကိုးနှစ်သာသာရှိသေးသော လှလှဌွေးသည် ငယ်ရွယ်နုပျို၏၊ ကိုယ်ကာယ တောင့်တင်းဖြောင့်စင်း၏၊ ကျန်းမာကြံ့ခိုင်၏၊ ပေါ့ပါးသွက်လက်၍ လျင်မြန်ဖျတ်လတ်၏။ ရုပ်ရည်မှာ ရွက်ကြမ်းရေကျိုဖြစ်လင့်ကစား ရှင်မတောင်သနပ်ခါး လိမ်းကျံထားခြင်းကြောင့် ရုပ်ရည်တင့်တယ်လျက်ရှိ၏။

သူမအား ချစ်ခင်ကြင်နာလိုသူများရှိနေသော်လည်း စိတ်ဝင်စားမှုမရှိ။ ချွေးမတော်လိုသူ၊ ယောက်မတော်လိုသူများ ဒုနဲ့ဒေးပေါ်များသော်လည်း အိမ်ထောင်ရေးကို လှည့်မကြည့်။ သူမအနေဖြင့် မုဆိုးမ မိခင်ကြီးနှင့် မောင်ငယ်အတွက် စားဝတ်နေရေးကို လုံးပန်းခြင်းဖြင့် အချိန်ကုန်ရခြင်းကို ကျေနပ်နေ၏။

အမှန်စင်စစ် လှလှဌွေးသည် ခုနစ်တန်းအောင်သည်အထိသာ ကျောင်းနေခဲ့ရ၏။ နောက်ပိုင်းတွင် ကျောင်းမတက်နိုင်တော့။ ထိုသို့ဖြစ်ရခြင်းမှာ သူမမိခင်ကြီး၏

www.burmeseclassic.com

ကျန်းမာရေးအခြေအနေ မကောင်းမှုအတွက် ကျောင်းထွက်၍ မိခင်ကြီးလုပ်ခဲ့သော တောထဲသွား၍ ပဒတ်စာ၊ မှို၊ ဝါးမျှစ်၊ ကန်စွန်းစသဖြင့် ဟင်းသီးဟင်းရွက်များ ခူးယူရောင်းချခြင်းဖြင့် စားဝတ်နေရေးကို ရှာဖွေနေရခြင်းကြောင့် ဖြစ်သည်။

ထိုသို့ ဟင်းသီးဟင်းရွက် ခူးဆွတ်သူများမှာ သူမတစ်ဦးတည်းတော့ မဟုတ်ပေ။ တခြားရွာသူများလည်းပါရှိသည်။ ထိုအထဲတွင် ထူးထူးခြားခြား တခြားရွာမှ မပုမဆိုသူ အမျိုးသမီးနှင့် ခင်မင်ရင်းနှီးခဲ့ရသည်။ လှလှဌေးက မပုမအား ရိုးသားစွာ ခင်မင်ရင်းနှီးခြင်းဖြစ်သော်လည်း မပုမကမူ ထိုသို့မဟုတ်ချေ။

"လှလှဌေးကို တော့ ငါ ယောက်မ တော်ချင်ပြီနော်"

လူကြားထဲတွင် အစမရှိ အဆုံးမရှိ ပြောလိုက်သော မပုမ၏စကားကြောင့် လှလှဌေး ရှက်ကိုးရှက်ကန်းဖြစ်သွားရသည်။ ထို့ကြောင့် လှလှဌေးက မပုမအား ပြန်မေးမိ၏။

"ဘာဖြစ်လို့ ကျွန်မကို ယောက်မတော်ချင်ရတာလဲ မမပုရယ်"

"ညည်းက စကားအပြောအဆိုကောင်းပြီး ရောင်းရေးဝယ်တာကအစ ကျွမ်းကျင်တယ်လေ၊ နောက်ပြီး ငါကလည်း ညည်းကို ညီမလေးတစ်ယောက်လို သံယောဇဉ်ဖြစ်နေတော့ ငါ့မောင် အောင်ခနဲ့ သဘောတူတယ်အေ၊ ဘာလဲ ညည်းက ငြင်းမလို့လား၊ ငါ့မောင်က လူပျိုကြီးနော်၊ ရိုးသားလိုက်တာမှ ပါးစပ်ထဲ လက်ထည့်ပေးရင်တောင် မကိုက်တတ်ဘူး"

လှလှဌေးမှာ အံ့သြစရာ စကားကို ကြားခဲ့ရ၏။

"ဟင်.....ဒီလောက်ကြီး ရိုးသားနေရင်တော့ ကျွန်မနဲ့ မဖြစ်လောက်ဘူးနဲ့တူတယ် မမပုရယ်"

"ငါက စကားအဖြစ် ပြောတာပါအေ၊ ငါ့မောင်က ယောကျ်ားပီသတယ်၊ အလုပ်ကြိုးစားတယ်၊ ညည်း စိတ်ကူးမလွဲပါနဲ့ဟယ်"

မပုမက ရယ်ရယ်မောမောဖြင့် ပြောခဲ့ပြန်၏။

မည်သို့ပင်ဖြစ်စေ ဆန့်ကျင်ဘက်ယောကျ်ားများနှင့်ပတ်သက်၍ အတွေ့အကြုံမရှိသော လှလှဌေးမှာ မပုမ၏ မထိတထိစကားများကြောင့် အောင်ခအား မမြင်ဖူးဘဲ ရင်ခုန်နေမိတော့သည်။ နောက်ပိုင်းတွင် မပုမ၏ အောင်သွယ်ကောင်းမှုကြောင့် ကိုအောင်ခနှင့် လှလှဌေး အကြောင်းဆက်ပေါင်းဖက်ရတော့သည်။ ထိုမှစ၍ လှလှဌေးသည် အိမ်ထောင်ကျခြင်း



www.burmeseclassic.com



၏အဓိပ္ပာယ်ကို နဖူးတွေ့ဒူးတွေ့ ကြုံရတော့၏။

♛♛♛♛♛

အစပထမမို့ သူမကို ဖျာလိုလိပ်၊ ထိပ်ပေါ်တင်ခဲ့လေသလားဟု ကိုအောင်ခကို မေးစရာရှိလာပါ၏။ မင်္ဂလာဦးပထမနေ့နှင့် တစ်လအတွင်း ကိုအောင်ခ၏ ဆက်ဆံရေးသည် သူမအပေါ်၌ အလွန်နူးညံ့လွန်းလှပါ၏။ ထို့ကြောင့်ပင် လှလှဌေးသည် အောင်ခအပေါ် ရင်တွင်းလှုပ်ရှားမှုများနှင့်အတူ ကြင်နာမှုများစွာ ပေးခဲ့ပါသည်။

အောင်ခမှ "လှလှဌေးရေ"ဟု ခေါ်လိုက်သည်နှင့် လူသာလာသည် မဟုတ်ရေ လည်းပါလာရမြဲဖြစ်သည်။ တစ်လကျော်၍ နှစ်လစွန်း လာသည့်အခါဝယ် ကိုအောင်ခ၏ နူးညံ့သော အပြောအဆိုတို့သည် သံပြတ်ပမာ ဖြစ်လာရသည်။ သို့ကြောင့် လှလှဌေးအံ့ဩလာရ၏။

ထို့ထက်ဆိုးသည်မှာ အောင်ခသည် မသိမသာမှ သိသိသာသာ အရက်သေစာ သောက်လာခြင်းပင်ဖြစ်၏။ ဇနီးဖြစ်သူက အရက်မသောက်ရန် ပြောသည့်နေ့များသည် ပိုမိုသောက်သောနေ့များဖြစ်၍ မည်သို့မျှမပြောသော နေ့များတွင်မူ ပုံမှန်သောက်သောနေ့ဖြစ်၏။

အစကတော့
ကောင်းမလားလို့
ညည်းနဲ့ပေးစားတာပေါ့အေ၊
ညည်းနဲ့ပေးစားမှ
ငါ့မောင်ပိုဆိုးလာတယ်ဆိုရင်တော့
ညည်းထိုက်နဲ့ညည်းကံ၊
ငါ့ကိုတော့သူ့အကြောင်း
ဘာမှလာမပြောပါနဲ့၊
သူ့အကြောင်း

ယင်းကိစ္စနှင့်ပတ်သက်၍ အောင်ခ၏အစ်မဖြစ်သူ မပုမအား သွားရောက်ပြောပြရာ မပုမက မျက်နှာထိမျက်နှာထားဖြင့် အပြစ်ပြောခြင်းကိုပင် ခံရပြန်၏။

"အစကတော့ ကောင်းမလားလို့ ညည်းနဲ့ပေးစားတာပေါ့အေ၊ ညည်းနဲ့ပေးစားမှ ငါ့မောင်ပိုဆိုးလာတယ်ဆိုရင်တော့ ညည်းထိုက်နဲ့ ညည်းကံ၊ ငါ့ကိုတော့ သူ့အကြောင်း ဘာမှလာမပြောပါနဲ့၊ သူ့အကြောင်း ဘာဆိုဘာမှမကြားချင်ဘူး"

လှလှဌေးမှာ မပုမ၏စကားကြောင့် ပိုမိုအံ့အားသင့်သွားရ၏။ မျက်ရည်လေးများ လည်သွားရသည်။

"အခုမှ မျက်နှာလွှဲခဲပစ်လုပ်နေပြီပေါ့ မမပုရယ်၊ မမပုပဲ ငါ့မောင်က ရိုးတယ်၊ အတယ်၊ အလုပ်လုပ်တယ်ဆို၊ အခုတော့ ယစ်ထုပ်ကြီးပါလားရှင်"

"ဒါကတော့ ညည်းမှာလည်း မျက်စိနဲ့ပဲ၊ သူများပြောတိုင်း ယုံတယ်ဆိုရင် ညည်းရဲ့အမှားပဲပေါ့ဟဲ့"

လှလှဌေးတစ်ယောက် မျက်ရည်များကို လက်ဖမိုးဖြင့် သုတ်သင်လျက် မပုမထံမှ ပြေးထွက်ခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ အောင်ခက သူ၏အစ်မထံ ချွန်တွန်းလုပ်ရမည်လားဟုဆိုကာ လှလှဌေး၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်ခဲ့သည်။

လှလှဌေးက အောင်ခနှင့်ကွာရှင်းပြတ်စဲရန် ကြိုးစားသည့်အချိန်တွင် လှလှဌေး၌ ကိုယ်ဝန်ငါးလရှိနေပြီဖြစ်၏။ မည်သို့ဆိုစေ မိမိ၌ရှိသောကိုယ်ဝန်ကို စောင့်ရှောက်ရတော့မည်မို့ အောင်ခနှင့် ဆက်လက်ပေါင်းသင်းခဲ့ပါ၏။

ထိုကိုယ်ဝန်ကြောင့်ပင် အောင်ခသည် အရက်သောက်လင်စားကျပန်းအလုပ်များ ရှာ၍လုပ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် လုလုဒွေးက သူမအပေါ် အောင်ခက စိတ်ပြောင်းသွားပြီဟု ထင်ယောင်ထင်မှားဖြစ်ခဲ့သည်။

သမီးအကြီး ခင်ခင်ချစ်ကို မွေးဖွားပြီး ခြောက်လအကြာတွင် အောင်ခသည် ဒုံရင်းဒုံရင်း ပြန်ဖြစ်သွား၏။ အောင်ခသည် အရက်သေစာကို ပိုမိုသောက်နေသကဲ့သို့ လုလုဒွေးသည်လည်း ကလေးကို ချီလျက်လည်းကောင်း၊ ကျောပိုးလျက်လည်းကောင်း ဟင်းသီးဟင်းရွက်များ ခူးသင်လျက် မြို့ဈေးတွင် ရောင်းချနေရပြန်ပေသည်။



ကလေးတစ်ဖက်နှင့် ပင်ပန်းစွာလုပ်နေရသော လုလုဒွေးသည် ကံအကြောင်းတရားကြောင့် ဝဋ်ခံနေရသည်လားမသိ။

ထိုသို့ ကလေးတစ်ဖက်နှင့် ဈေးရောင်းနေရသော လုလုဒွေး၏ အဖြစ်သနစ်များအား ပတ်ဝန်းကျင်မှ မြင်နေရသည့်အခါ အောင်ခကို မပြောသော်လည်း အောင်ခ၏ အစ်မနှင့်ညီမများထံ သတင်းပေါက်ကြားခဲ့ရသည်။

ထိုကိစ္စနှင့်ပတ်သက်၍ မပုမနှင့် သူမ၏ညီမများက မိန်းမသားချင်း ကိုယ်ချင်းစာသည့်အနေဖြင့် အိမ်၌ အချိန်ပြည့်အရက်သောက်နေသော အောင်ခအား အိမ်တိုင်ရာရောက် လာရောက်ဆူပူခဲ့ကြသည်။

"နင့်ကို လုလုဒွေး မပြောသာအောင် ငါတို့က လုလုဒွေးကို ထိန်းထားပေမယ့် နင့်ဘက်က ဟုတ်သလားဆိုတော့ မဟုတ်ဘူး၊ ဒီတစ်ခါ မိန်းမသားချင်း ကိုယ်ချင်းစာလို့ ငါတို့ပြောရမှာပဲ အောင်ခ၊ ဒီတစ်ခါ နင်လွန်တယ်၊ ဟိုခမျာ ကလေးတစ်ဖက်နဲ့ ဟင်းရွက်ခူး၊ ဝါး မျှစ်ချိုးနဲ့၊ နောက်ပြီး မြို့ကိုတက်ရောင်းတော့လည်း ကလေးတစ်ဖက်နဲ့၊ ဒီတစ်ခါ နင့်အချိုးပြင်ပါ အောင်ခ"

မပုမနှင့် ညီမများက ဆူပူသွားကြ၍ ထိုအကြောင်းကိုမသိသော လုလုဒွေးမှာ အမူးသမား အောင်ခ၏ အထင်တလွဲဖြင့် ရန်ရှာခြင်းကို ကြုံခဲ့ရသည်။

"နင့်ကြောင့် ငါ့အစ်မတွေ၊ ငါ့ညီမတွေ ငါ့ကိုဆူသွားတယ်၊ အဲဒါ နင့်ကြောင့်၊ နင်အနေအထိုင် မတတ်လို့ဟ၊ နားလည်လား ကောင်မရဲ့"

ထိုသို့ပြောဆိုကာ ရိုက်ပေတော့သည်။ လုလုဒွေးက သူ့ကိုယ်ကိုသူမ ကရားပွားလျက် ဝဋ် ရှိလို့သာ ခံရတာဟု ငြိမ်သက်နေ၏။ အမှန်စင်စစ် သမီးကြီး ခင်ခင်ချစ် အခါလည်ကျော်အရွယ်တွင် လုလုဒွေးသည် ဒုတိယကိုယ်ဝန် လွယ်ထားရပေသည်။

ထိုစဉ် အစ်မဖြစ်သူ လုလုဒွေးထံသို့ အလည်လာသော မေ ယ် ကျော်စိုးသည် သူ၏ရှေ့၌ ၏အစ်မအား ယောက်ဖဖြစ်သူ ဝါးရင်းတုတ်ဖြင့် ဦးခေါင်းကို နေသည်ကို မြင်တွေ့သွား၍ မျ လုံးများပြာဝေပြီး မခံမရပ်နိုင်

www.burmeseclassic.com

www.burmeseclassic.com

ွားရသည်။

ထို့ကြောင့် ကျော်စိုးက ထင်းဘေး၌ အသင့်တွေ့ရှိသော ရဲင်းဖြင့် အောင်ခ၏နောက်မှနေ၍ တ်ချလိုက်၏။

"မင်း ငါ့အစ်မကို သတ်တယ် ိုလေ၊ ငါလည်းမင်းကိုပြန်သတ် ယ်"

ထိုသို့ပြောပြော ဆို ရဲတင်းဖြင့် ဆက်မပြတ် တ် ချလိုက် တော့၏။ ဝါး င်းတုတ် ရိုက် ျက်ကြောင့် ၍လဲ သွား သော လုလုဒွေးက သူမ၏ မောင် အား.....

"မလုပ်နဲ့၊ မလုပ်နဲ့၊ မလုပ်ပါ နဲ့ မောင်လေးရယ်"ဟု တားမြစ်ခဲ့ သေး၏။

သို့သော် နောက်ကျသွားပြီ ဖြစ်သည်။ လုလုဒွေးမှာ ယောက်ျား ဖြစ်သူ အောင်ခ၏ရိုက်ချက်ကြောင့် ခေါင်းကွဲဒဏ်ရာရသကဲ့သို့ အောင်ခသည်လည်း ယောက်ဖဖြစ် သူ ကျော်စိုး၏လက်ချက်ကြောင့် ပွဲချင်းပြီး သေဆုံးခဲ့ရသည်။

ကျော်စိုးမှာ ဆွမ်းခံရင်း ငှက် ငှင့်သကဲ့သို့ ဖြစ်ရသည့်အတွက် အစ်မဖြစ်သူ လုလုဒွေးမှာ ယူကျုံးမရ ဖြစ်ရပေ၏။ သို့ဘာမက သမီးကြီး ခင်ခင်ချစ်နှင့် လူ့လောကထဲသို့ပင် ရောက်လာခြင်းမရှိသေးသော ကလေးအတွက် ရင်ထုမနာ ဖြစ်နေရလေတော့သည်။



♛♛♛♛♛

မည်သို့ဆိုစေ ဒေါ်လုလုဒွေးသည် ယခုအခါတွင် ကြွယ်ဝချမ်းသာခြင်းမဟုတ်သော်လည်း သမီးကြီး၏ လုပ်ခလစာအပြင် သူမ၏ အငှားလက်ချုပ်လက်ခလေးများဖြင့် အေးချမ်းတည်ငြိမ်လျက်ရှိနေပါသည်။

ထို့ပြင် သူမ၏သားငယ်လေးသည်လည်း မူလတန်းကျောင်းတွင် တတိယတန်းပင် တက်နေပေပြီ။ ပြီးခဲ့သော အတိတ်မှအကြောင်းအရာများကို ဒေါ်လုလုဒွေး ပြန်လည် ေခြဉ်းစားလိုသော်လည်း ခေါင်းမှအမာရွတ်အား စမ်းမိလေတိုင်း အတိတ်ကာလမှ အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်နေဆဲဖြစ်ပါ၏။

ထောင်ကျသွားသော သူမ၏ မောင်ငယ်သည်လည်း မကြာမီ ထောင်မှလွတ်မြောက်လာပေတော့မည်။အတိတ်ကို တွေးမိလေတိုင်း ဒေါ်လုလုဒွေးမှာ သက်ပြင်းကိုအခါခါချမိခဲ့၏။

ဒေါ်လုလုဒွေးသည် ဈေးရောင်းပြီး၍ ဈေးဗန်းရွက်ပြီး ထွက်ခွာသွားသော အေးသာ၏ ကျောပြင်အား ငေးကြည့်လျက် ဘဝတူကံတူအကျိုးပေးဟု ရေရွတ်နေခဲ့မိတော့၏။

**မောင်သာမန် (ဖိုးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# မီးတောက်မီးလျှံကို ဝါးမျိုနေ ကြသူများ

ကျွန်းစု ပြုံမြေစောခက်

ဦးခင်မောင်ကျော်၊ ဒေါ်သက်ထားဆွေတို့ဆိုတာလည်း ရန်ကုန်မြို့ရဲ့ လူတန်းစားအလွှာထဲမှာ စိန်ဆောင်၊ ရွှေရောင် လဲ့လဲ့ပြောင်အောင် ဝတ်နိုင်ဆင်နိုင်တဲ့အတန်းထဲကပဲလေ။ လိုအပ်ချက်တွေပြည့်စုံတဲ့အခါမှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့လည်း ပြည့်စုံကြသပေါ့။ ဦးခင်မောင်ကျော်တို့ကတော့ မဟာရန်ကုန် ရွှေမြို့တော်ကြီးမှာ အချင်းချပြီး မွေးဖွားလာခဲ့ကြသူတွေတော့ မဟုတ်ကြပါဘူး။ နယ်မြို့ကလေးတစ်မြို့ကနေ လှမ်းလာကြတာ ခုဆို (၁၀)စုနှစ် တစ်ခုလောက်တော့ ရှိလာပြီပေါ့။

ဦးခင်မောင်ကျော်ဆိုတဲ့လူက ဘွဲ့ရပညာတတ်၊ စီးပွားရေးလုပ်ငန်းမှာလည်း စီမံခန့်ခွဲပြီး စနစ်

တကျ ဆောင်ရွက်တတ်တဲ့ပုဂ္ဂိုလ်တစ်ဦးပါပဲ။ ရန်ကုန်ရောက်တယ်ဆိုရင်ပဲ ပေ ၄၀ ပေ ၆၀ မြေကွက်လေးတစ်ကွက်ဝယ်ပြီး တိုက်ကြီးတစ်လုံး ဆောက်ပစ်လိုက်တယ်။



နေစရာဆိုတာ လူ့အသိုက်အမြုံအတွက် မရှိမဖြစ်လိုအပ်တဲ့အရာလေ။ ချက်ချင်းပါပဲ။ Land Cruiser ကားတစ်စီးဝယ်ပြီး လူတန်းစားလက္ခဏာကို ဖော်ပြလိုက်တယ်။

ဆယ်တန်းကျောင်းသားဘဝကတည်းက ကျွမ်းချစ်ခဲ့ရတဲ့ သက်ထားဆွေဆိုတာ ဦးခင်မောင်ကျော်ရဲ့ ဘဝအဖော်ပေါ့။ သူမဟာ တကယ်လှတဲ့ အမျိုးသမီးပါ။ လှသလောက် ဣန္ဒြေသိက္ခာလည်းရှိတယ်။ စကားပြောရင် အသံလေးက သာယာတယ်။ ရယ်လိုက်လို့ရှိရင် သူမရဲ့သွားလေးတွေဟာ ပုလဲလုံးလေးတွေ စီထားသလိုပဲ ဖွေးနုပြီး အရမ်းလှတယ်။ မျက်နှာလေးကတော့ အမြဲတမ်း ပြုံးယောင်သန်းနေတယ်။ မျက်နှာချိုတယ်ဆိုတဲ့ မျက်နှာထားမျိုးပေါ့။ နှာတံသွယ်သွယ်လေးနဲ့ ပါးပြင်မို့မို့လေးတို့ကလည်း သူမရဲ့ အလှတရားကို ပိုပြီးပေါ်လွင်အောင် ဖန်တီးပေးထားကြသလိုပါပဲ။ အသားအရေတွေကလည်း ဝင်းအိပြီးလှပနေတယ်။

ဘဝအကျိုးပေးလို့များ ဆိုရ



www.burmeseclassic.com

www.burmeseclassic.com



လေမလားမသိ။ ဘယ်အားကစားကိုမှ မလိုက်စားပါဘဲနဲ့ ကိုယ်လုံးကိုယ်ပေါက် အချိုးအစားပြေပြစ်ပုံက တကယ်ကြည့်ကောင်းတာကလား။ ကျော့ရှင်းတဲ့လည်တိုင်ရဲ့ နောက်နားလေးက ပြည့်ဖြိုးတဲ့ ပခုံးသားဝိုင်းဝိုင်းလေးဟာ လေးကိုင်းသဏ္ဌာန် ပြေပြေပြစ်ပြစ်လေးနဲ့ ကွေ့ဝိုက်ဆင်းနေတယ်။ ဖွံ့ထွားမို့မောက်တဲ့ ရင်သားအစုံအောက်ကခါးဟာ တုတ်သယောင်ထင်ရပေမယ့် ခပ်ကျဉ်ကျဉ်လေးနဲ့ သွယ်ဆင်းနေတာဟာ စွင့်ကားတဲ့ တင်ပါးဆုံနဲ့ ပေါင်းဆုံလိုက်တဲ့အခါမှာ အင်မတန်ကြည့်ကောင်းတဲ့ ဖွံ့စည်းပုံမျိုး ဖြစ်သွားတယ်။ ပြည့်ဖြိုးတဲ့ အသားအရေလေးနဲ့ သွယ်ဆင်းနေတဲ့ လက်မောင်းလှလှလေးတွေကလည်း အနေတော်အရပ်အမောင်းနဲ့ လိုက်ဖက်တင့်မောရှိလှပါတယ်။

အင်္ကျီလက်ရှည် ရင်ဖုံးလေးနဲ့ ချိတ်ထဘီလေးကို ချပ်ချပ်ရပ်ရပ်လေးဝတ်ပြီး လမ်းသွားနေလိုက်ပုံများကတော့ ပုရိသတွေ ကြည့်မဝဘူးဆိုတဲ့ အလှမျိုးပေါ့။ ခြေတစ်လှမ်းစီ လှမ်းလိုက်တိုင်း ခါယမ်းသွားတဲ့ တင်ပါးဆုံပုဝိုင်းဝိုင်းဟာ သူမရဲ့ အချိုးကျလှတဲ့ ခန္ဓာဗေဒဆိုင်ရာ အလှတရားကို ပိုမိုပေါ်လွင်စေတာပေါ့။ သည်ရုပ်ရည်၊ သည်အလှမျိုးကို ပိုင်ဆိုင်ထားတဲ့ ကာမပိုင်လင်ယောကျ်ား ဦးခင်မောင်ကျော်အတွက်တော့ ကျေနပ်



မှုဆိုတာ ရင်နှင့်အပြည့်။ ဦး[...] မောင်ကျော်ရဲ့ အိမ်ထောင်ရေး[...] ကတော့ ယောကျ်ားတိုင်း အား[...] စရာပေါ့လေ။

"လှလိုက်တာ သက်ထ[...] ရယ်၊ အသက် (၅၀)ပြည့်တော[...] မယ်နော်၊ မောင်နဲ့ညားစတုန်း[...] အတိုင်းပါပဲလားကွယ်"

"ဘဝအကျိုးပေးပေါ့ မော[...] ရယ်"

"မောင် ကြည့်မဝဘူး၊ သ[...] ထားကို အရမ်းချစ်တယ်ကွယ်"

ဦးခင်မောင်ကျော်နဲ့ ဒေါ်သ[...] ထားဆွေတို့ဇနီးမောင်နှံနှစ်ယော[...] မင်္ဂလာဆောင်ပွဲတစ်ခုသို့သွား[...] အဝတ်အစားလဲနေကြတုန်း ထု[...] ထားတဲ့ ပန်းပုရုပ်လို အဝိုက်အဝ[...] အနိမ့်အမြင့်တို့ဖြင့် လှချင်တိုင်း[...] နေတဲ့ ဒေါ်သက်ထားဆွေရဲ့ကိုယ်[...] လုံးကို ခပ်ကြမ်းကြမ်းပွေ့ဖက်လို[...] တယ်။

"မောင် ဆိုးတယ်ကွာ[...] ကလေးလေးကျနေတာပဲ"

"သက်ထားက အရမ်းလှတာ[...] ကိုး"

"မောင်....."

"ချစ်တယ်ကွယ်"

ဘယ်တော့မှ အိုမင်းရင့်[...] လာမှာမဟုတ်တဲ့ သ[...]ပင်[...] လေးကတော့ အ[...]တို့ဖြင့် ပေ[...] ဝင်းစီးဆင်းနေ[...] နုလုံးသားတစ်[...]



www.burmeseclassic.com

www.burmeseclassic.com

ာ ရှင်သန်နေဆဲ၊ နှုပျိုဆဲပဲလေ။

♛♛♛♛♛

ဦးခင်မောင်ကျော်နဲ့ ဒေါ်သက်ထားအေးတို့မှာ ဘဝမျိုးဆက်သစ်တွေအဖြစ် သားတစ်ယောက်နဲ့ သမီးတစ်ယောက်တော့ ထွန်းကားခဲ့တယ်။ သားက ကိုးရီးယားနိုင်ငံသို့ထွက်ပြီး အလုပ်လုပ်နေတယ်။ ကြိုးလျှံသမျှ ပိုက်ဆံတွေ အဖေအမေတွေဆီပို့တယ်။ အဖေအမေတွေကလည်း ချောင်လည်တဲ့မိဘတွေဆိုတော့ သားပိုက်ဆံကို တစ်ပြားတစ်ချပ်မှ ကိုင်စရာမလိုပါဘူး။ ဘဏ်စာရင်းလေးဖွင့်ပြီး ထည့်ထားလိုက်တယ်။ သမီးလေးကလည်း လိမ္မာပါတယ်။ ဘွဲ့ရတယ်ဆိုရင်ပဲ ကုမ္ပဏီတစ်ခုမှာဝင်ပြီး အလုပ်လုပ်နေလိုက်တယ်။ ခုဆို သူတို့လုပ်ငန်းထဲက လုပ်ဖော်ကိုင်ဖက်ချင်း သိယောဇဉ်နှောင်တင်းလို့ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ကာ မိသားစုဘဝလေးကို ထူထောင်သွားကြပြီ။

ခု ဦးခင်မောင်ကျော်ရဲ့တိုက်ကြီးထဲမှာဘယ်သူတွေရှိကြသလဲ။ သူတို့ဇနီးမောင်နှံရယ်၊ အိမ်ဖော်ကောင်မလေးရယ်၊ ကားဒရိုင်ဘာကြီးရယ်ပဲ ရှိကြတာကလား။ ရပ်ကွက်ထဲမှာ တိုက်ကြီးက အကြီးကြီး။ တစ်တိုက်လုံးမှာမှ လူက




လေးယောက်တည်း။ အဲဒီမှာတောင် ကားဒရိုင်ဘာကြီးက မြို့သစ်ဆင်ခြေဖုံးမှာနေတာလေ။ ဒီလူက မနက် ၆ နာရီအရောက်လာပြီး အလုပ်ဝင်ရတာပေါ့။ ဦးခင်မောင်ကျော်က အားကိုးရအောင်ဆိုပြီး သူ့ဦးလေးအရင်းကို အလုပ်ပေးထားတာလေ။

ဦးခင်မောင်ကျော်က ကုန်သည်အလုပ်နဲ့ပဲ ကြီးပွားချမ်းသာလာတာဆိုတော့ ရန်ကုန်ရောက်တော့လည်း အလုပ်က မခက်ခဲပါဘူး။ ကုန်ထုတ်လုပ်ငန်းကုမ္ပဏီတစ်ခုမှာ ရှယ်ယာဝင်ထားလိုက်တယ်။ ကုန်ပို့ကိုယ်စားလှယ်လုပ်ပြီး ကမ်းရိုးတန်းဘက်တွေကိုလည်း ကုန်တွေပို့တယ်ပေါ့။ ငွေလုံးငွေရင်းအများဆုံးနဲ့ အတွင်ကျယ်ဆုံးလုပ်ငန်းကတော့ စက်သုံးဆီပို့တဲ့လုပ်ငန်းပါပဲ။ တိုးတက်လာတဲ့ ကမ္ဘာကြီးနဲ့အတူ စက်မှုလုပ်ငန်းတွေတိုးတက်လာတဲ့အချိန်အခါမျိုးမှာ ဆီအသုံးပြုမှုကလည်း များလာတာပေါ့။ ဒါသည်ပင်လျှင် ဦးခင်မောင်ကျော်တို့လို စီးပွားရေးသမားတွေအတွက် ခွင်တစ်ခုလို ဖြစ်လာရတာပေါ့လေ။

"ကဲ.....သက်ထားရေ မောင်ရခိုင်ဘက်လိုက်သွားရမယ်၊ အဲဒီမှာ ဆီတွေပို့ထားတာ တော်တော်များနေပြီ၊ ငွေစာရင်းလည်း ... ပိုက်ဆံလည်းကောက်ရအောင် ...

www.burmeseclassic.com



**စိတ်ချယုံကြည်ရပါတယ်ဆိုတဲ့ဦးလေးအရှိင်ဘကြီးနဲ့ သိပ်ချစ်ရ၊ သိပ်မြတ်နိုးရတဲ့ဇနီးမယားအလှပလေးဒေါ်သက်ထားဆွေ။ ကာမဂုဏ်လွန်ကဲ သွေးသားပြေပျော်ပွဲ ဆင်နွှဲ နေကြတဲ့ ရုပ်ခန္ဓာကြီးနှစ်ခုကတော့**

ဒီနေ့ဖလိုက်နဲ့ လိုက်သွားလိုက်မယ်''

''လိုက်သွားလေ မောင်ရဲ့၊ မောင့်မှာလုပ်စရာရှိတာတွေ သွားလုပ်ပေါ့၊ အိမ်အတွက်ကို ဘာမှနောက်ဆံတင်းမနေနဲ့၊ သက်ထားအကုန်လုံးလုပ်တတ်တယ်၊ နားလည်တယ်''

''သက်ထားမှာ မြေကွက်အရောင်းအဝယ်တွေကော ပြေလည်တယ်မဟုတ်လား''

''မြို့သစ်တွေဘက်မှာ ဝယ်ရောင်းလုပ်နေတယ်၊ အဆင်ပြေပါတယ်၊ ခုတစ်ခေါက် သန်လျင်အောင်ချမ်းသာဘက် သွားဖို့ရှိနေတယ်၊ အဲဒီမှာက သီလဝါစီးပွားရေးစီမံကိန်းကြီးကို နိုင်ငံခြားအကူအညီနဲ့ လုပ်တော့မှာလေ၊ မြေကွက်တွေ ဈေးအရမ်းတက်ပြီး အရောင်းအဝယ်လည်း လိုက်တယ်ဆိုပဲ''

''အေး.....ဟုတ်ပြီ၊ အဲဒီအပိုင်းကတော့ သက်ထားသဘောအတိုင်းပဲ၊ အဆင်ပြေသလိုလုပ်ပါ၊ သက်ထားကို မောင်ယုံကြည်တယ်နော်''

ဦးခင်မောင်ကျော်နဲ့ဒေါ်သက်ထားဆွေတို့မှာ မောင်တစ်ထမ်း မယ်တစ်ရွက် လုပ်နေကြရာ စီးပွားကလည်း တက်သလားမမေးနဲ့။ ဒီရေတွေတိုးသလို တိုးနေခဲ့တာပေါ့။ အောင်မြင်မှုတွေ ရနေတဲ့ကာလမျိုးမှာ လက်ညှိုးညွှန်ရာ ရေဖြစ်ဆိုတာမျိုးပါပဲ။

♛♛♛♛♛

မိုးဦးလေဦးဆိုတော့ မုတ်သုံစောင်းကြိုး တီးခတ်နိုးခဲ့ပြီမို့ မိုးကရွာလိုက်၊ လေနှင်လိုက်နဲ့ ပတ်ဝန်းကျင်တစ်ခွင်လုံး ညို့မှိုင်းအုံ့ဆိုင်း နေတယ်။ Land Cruiser ကားလေးကတော့ သန်လျင်တံတားကိုကျော် ပြီး သာကေတမြို့ပတ်လမ်းဘက် သို့ လှည့်ဝင်လာခဲ့တယ်။ ရှုခင်းသာ နားအရောက်မှာ မိုးက အုံးခနဲရွာ ချလိုက်ရာ ကားမီးတွေဖွင့်မောင်း တဲ့အထိ ဖြစ်သွားပါတော့တယ်။

ဒေါ်သက်ထားဆွေဟာ သန် လျင် အောင်ချမ်းသာဘက်မှာ မြေ ကွက်တွေသွားကောက်ရင်း ငွေချေ ပြီး မြို့တွင်းသို့ ပြန်ဝင်လာခြင်းဖြစ် ပါတယ်။ ခု မိုးဦးရာသီ ကောက် ထားလိုက်တဲ့ မြေကွက်တွေကို သိ တင်းကျွတ်ပြီး ပွင့်လင်းရာသီရောက် တာနဲ့ ပြန်ထုတ်ဖို့ စီစဉ်ပြီးသား ဒေါ်သက်ထားဆွေ စိတ်ကူးနဲ့ ပြ နေတာပေါ့။

''ဦးလေးကြီး ရှေ့ရောကောင်း ကောင်းလေးတစ်ခုမှာ ရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ''

သိပ်မကြာပါဘူး။ မြို့နယ်နယ်နိမိတ်အစပ် ချောင်ခပ်ကျကျ ဟိုတယ်တစ်ခုဝင်းထဲမှာ ကားကို ထိုးရပ်လိုက်တယ်။ ဟိုတယ်ကတော့ သစ်ပင်သစ်ရိပ်တွေနဲ့ အုပ်အုပ်ဆိုင်းဆိုင်းလေးဆိုတော့ ဆိတ်ငြိမ်ရပ်ကွက်နဲ့ လိုက်လျောညီထွေရှိလှတယ်။ မိုးတွေလေတွေက ဒလဟော ရွာချနေလေတော့ ဟိုတယ်ပတ်ဝန်းကျင်တစ်ခုလုံး မိုးသံလေသံမှအပ ဘာသံမျှမကြားရဘူး။

ဒေါ်သက်ထားဆွေဟာ ဟိုတယ်မန်နေဂျာထံမှာ ငွေရှင်းပြီး အပေါ်ဆုံးထပ် ထောင့်ခန်းလေးတစ်ခန်းကို ယူလိုက်တယ်။ ဟိုတယ်ဝန်ထမ်းလေးက အခန်းထဲထိ လိုက်ပို့တယ်။ ဒေါ်သက်ထားဆွေ အခန်းထဲကို ဖျတ်ခနဲလှမ်းဝင်လိုက်တယ်။ သံဖရိန်ခုတင်ပေါ်မှာ ဆိုဖာအိပ်ရာကြီး တင်ထားလိုက်တာ ခံ့ညားတယ်။ ခေါင်းအုံးစွပ်နဲ့ အိပ်ရာခင်းလေးမှာ နှင်းဆီနီရောင်အသည်းနှစ်မြွာပုံတွေ ရိုက်နှိပ်ထားတယ်။ အိပ်ရာရဲ့ ခြေရင်းဘက်



တည့်တည့်မှာတော့ ၃ပေ ၂ပေမှန် ကြီးက ကြည်ကြည်လဲ့လဲ့။ ဒေါ်သက်ထားဆွေ ဘဝင်တွေ့လိုက်တာ။ ရင်ထဲက လှိုက်လှိုက် လှိုက်လှိုက်နဲ့။

''ဦးလေးကြီးကလည်း ကြာလိုက်တာ၊ ဘာလုပ်နေမှန်း မသိဘူး''

အခန်းထဲကို ဖျတ်ခနဲရောက်လာတဲ့ ဒရိုင်ဘာကြီးကို အပြစ်တင်သလိုလိုနဲ့ ဒေါ်သက်ထားဆွေ မှုပစ်လိုက်တယ်။ ဒေါ်သက်ထားဆွေ အခန်းတံခါး ချက်မချဘဲထားတာ ဒရိုင်ဘာဦးလေးကြီး ကျန်နေသေးလို့ပေါ့။

ပန်းဆီရောင် အသည်းနှစ်မြွာသင်္ကေတနဲ့ အိပ်ရာခင်းလေးပေါ်မှာတော့ ဦးခင်မောင်ကျော် စိတ်ချယုံကြည်ရပါတယ်ဆိုတဲ့ ဦးလေးဒရိုင်ဘာကြီးနဲ့ သိပ်ချစ်ရ၊ သိပ်မြတ်နိုးရတဲ့ ဇနီးမယား အလှပဂေးဒေါ်သက်ထားဆွေ။ ကာမဂုဏ်လွန်ကဲ သွေးသားဖြေဖျော်ပွဲ ဆင်နွှဲနေကြတဲ့ ရုပ်ခန္ဓာကြီးနှစ်ခုကတော့ မိုးနဲ့အပြိုင် ကြမ်းချင်တိုင်းကြမ်း ရိုင်းချင်တိုင်းရိုင်းနေကြပါရော့လား။

''ဦးလေးကြီး အရှမ်းတော့တာပဲ၊ သက်ထားစွဲနေပြီ သိလား''

''ချစ်ဖို့ကောင်းလိုက်တာကွာ မသက်က အရှမ်းသူတာပဲ''

www.burmeseclassic.com

"ဦးလေးကြီးက အသက် ၆၀ ကျော်လို့ မထင်ရဘူးနော်"

ပန်းမွှေ့ရာပေါ်က အန္တခရီးသည် တဏှာသားကောင်နှစ်ဦးရဲ့ တရှိုက်မက်မက် စွဲလမ်းမှု ကာမဂုဏ်သံစဉ်တွေက အသက်ပြင်းပြင်းရှူသံတွေကြားက ခပ်ညင်းညင်းထွက်ပေါ်နေတယ်။

"အိမ်မှာက အိမ်ဖော်ကောင်မလေးရှိတယ်၊ မလွတ်လပ်ဘူး၊ သက်ထား ဒီနေရာမျိုး ပိုကြိုက်တယ်"

"အဲဒီကောင်မလေးက ရိပ်မိနေပုံရတယ် သိလား၊ ဟိုတစ်ပတ်က ဦးလေးကြီး မသက်အခန်းထဲဝင်တာ ပန်းကန်တွေဆေးနေရင်းနဲ့ လှမ်းကြည့်လိုက်တာ တွေ့လိုက်ရတယ်"

"ကြည့်ပစေ၊ ဘာဖြစ်လဲ၊ ကိုယ်ဖြစ်ချင်တာဖြစ်ရရင် ကျေနပ်တယ်၊ ကိုယ်ဖြစ်ချင်တာ မဖြစ်ရရင် အဘွားကြီးအိုဘဝရောက်သွားပြီလို့ ခံစားရတာလေ"

ဩော်...မိန်းမ...မိန်းမ.....မိန်းမ။

♛♛♛♛♛

ညမိုးချုပ်သွားသည့်တိုင် မိုးက မပြတ်ချင်သေး။ လေနုအေးနဲ့အတူ မိုးဖွဲလေးတွေက လောကကြီးအား ကျီစယ်နေဆဲ။ Land Cruiser ကားကြီးကတော့ ရွှေမိုးကြီးကို ဖွင့်မောင်းကာ မြို့သစ်ရင်ခွင်ထဲကထွက်ကာ စည်ပင်နယ်နိမိတ်ထဲ ဝင်လာခဲ့ပြီလေ။ ရပ်ကွက်လမ်းမကြီးရဲ့ တိုက်အိမ်ကြီးတစ်လုံးရှေ့အရောက်မှာတော့ ညင်ညင်သာသာလေး ထိုးရပ်လိုက်တယ်။

"ပွမ်.....ပွမ်.....ပွမ်"

ကားဟွန်းသံလေးအဆုံးမှာ အိမ်ဖော်ကောင်မလေး ဝင်းတံခါးကြီးကို သော့ဖွင့်ပေးလိုက်တယ်။ ဒေါ်သက်ထားဆွေ ဆလင်းဘက်အိတ်လေးကိုလွယ်ပြီး တိုက်ထဲကို ခပ်ကြော့ကြော့ပဲ ဝင်လိုက်တယ်။

"ဩော်.....ဒေါ်သက်ထားဆွေ၊ မြေဘယ်နှကွက်တောင် ဝယ်နေရတာလဲဗျာ၊ နေထွက်က နေဝင်အထိပါလား"

"ဟင်.....မောင်ရောက်နေပြီလား၊ လာမယ်ဆိုလည်း ဖုန်းလေးဘာလေးဆက်တာမဟုတ်ဘူး၊ မောင် ဘယ်အချိန်က ရောက်နေတာလဲဟင်"

"ဖုန်းဆက်နေရင် ဒီအကွက်မျိုး ဘယ်လိုလုပ်မိမှာလဲဗျာ၊ ဟုတ်ကဲ့ ရောက်တာကတော့ နေ့လယ် ၁၂ နာရီတိတိမှာ ဒီတိုက်ပေါ်ရောက်ပါတယ်၊ ရောက်ကတည်းက ဒီအတိုင်းထိုင်နေတာ၊ ခု ည ၇ နာရီဆိုတော့ ခုနစ်နာရီတိတိရှိပြီပေါ့ဗျာ"

"မောင် ဘယ်လိုဖြစ်နေတာလဲ၊ လေသံတွေလည်း တစ်မျိုးပဲ၊ အဝတ်အစားတွေလည်း မလဲသေးဘူး၊ ဒုက္ခပါပဲ"

"- - - -"

"သက်ထားလဲပေးမယ်နော်၊ ဟော့ကောင်မလေး မောင့်ဗီရိုထဲက မောင့်ပုဆိုးတစ်ထည် သွားယူပေးစမ်း"

ဒေါ်သက်ထားဆွေမှာ လူမိတဲ့သူခိုးမလို ဖြစ်နေခဲ့ပြီပေါ့။ သူပြောတဲ့စကားကို အရေးတယူမရှိတော့မှန်းသိတဲ့ အခြေအနေမျိုးမှာ ဘာရယ်မဟုတ် အိမ်ဖော်ကောင်မလေးကိုပဲ မာန်သယောင်ပြုလိုက်တယ်။

"ငါ့ရင်မှာ မီးတောက်နေပြီနော် ဒေါ်သက်ထားဆွေ၊ မင်းဟာ ဒီသက်ကျားအိုကြီးနဲ့ မကင်းဘူးဆိုတာ ငါသိနေတယ်၊ ဟိုတစ်ခေါက်အိမ်ပေါ်မှာ စကားပြောနေကြတုန်း ဒီအဘိုးကြီးရဲ့မျက်စိဟာ ငါ့ဆီမှာမရှိဘူး၊ မင်းကိုယ်လုံးပေါ်မှာချည်းပဲ၊ ပြုံးပြုံး ပြုံးပြုံးနဲ့ ပြောနေတာများ လူငယ်လေးလေမျိုးပဲ၊ မင်းကိုကြည့်နေတာလည်း ကိုယ့်ရည်းစားကို ကြည့်တဲ့အကြည့်မျိုး၊ ခြာချတဲ့ မျက်လုံးမျိုး"

"မောင် မဟုတ်ဘူးနော်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်အထင်လွဲနေတာ”

“ငါ့ကို မောင်လို့မခေါ်နဲ့၊ ငါ့လိုလူနဲ့ မင်းလို အောက်တန်းကျတဲ့မိန်းမနဲ့ မတန်ဘူး”

“မောင်မှားပြီ၊ မောင်မှားနေပြီ”

“ဩော်.....မှားနေပြီ ဟုတ်လား၊ ပြောပြမယ် နားထောင်၊ ငါဒီရောက်တဲ့အချိန်မှာ ငါ့သူငယ်ချင်း ထွန်းမင်းဦးဆီကို ဖုန်းဆက်လိုက်တယ်၊ သန်လျင်ကနေ ရန်ကုန်ထဲကို ဝင်ရာလမ်းတစ်လျှောက်မှာရှိတဲ့ တည်းခိုခန်းတွေ၊ ဟိုတယ်တွေမှာ ငါ့ကားများတွေ့မလား သွားကြည့်ပေးပါလို့ အကူအညီတောင်းလိုက်တယ်”

ဒေါ်သက်ထားဆွေဆီက ရှိုက်သံတွေ ထွက်နေတယ်။

“သူဟိုတစ်ခါ ပြောဖူးတာလည်းရှိတယ်၊ ကိုယ့်လူကား ဟိုတယ်တစ်ခုဝင်းထဲမှာ တွေ့ခဲ့တယ်တဲ့၊ ငါအရမ်းခံစားခဲ့ရတယ်၊ ငါ့မိန်းမ ဒီလိုအစားထဲကမဟုတ်ဘူး၊ ခင်ဗျား မျက်စိလျှမ်းတာပဲဖြစ်လိမ့်မယ်ဆိုပြီး ဖြေသိမ့်ခဲ့ရတယ်”

“––––”

“အဲဒါကို ဒီကောင်က မကျေနပ်ဘူးလေ၊ ဒါကြောင့် ဒီနေ့ ချက်ချင်းပဲ သူ့ကားနဲ့လိုက်ရှာတာ၊ ငါ့ Land Cruiser ကားကြီးက တန်းခနဲပဲတဲ့”

ဒေါ်သက်ထားဆွေဆီက ရှိုက်သံ ပိုကျယ်လောင်လာတယ်။

“တစ်ခါခြံခုန်ဖူးတဲ့နွားမဟာ နောက်တစ်ကြိမ် ခြံခုန်ဖို့အတွက် ဘာမှမစဉ်းစားဘူးတဲ့၊ မှန်လိုက်တဲ့စကားဗျာ၊ ဒေါ်သက်ထားဆွေ အလှပဂေး ကိုယ်လုံးလှမကြီး၊ မင်းဟာ ခြံခုန်ဖူးတဲ့ နွားမ၊ နွားမိုက်မပဲ”

“––––”

“မင်းဟာ လှသလောက်တန်ဖိုးမရှိတဲ့ မိန်းမပဲ၊ ကျွဲနွားတိရစ္ဆာန်တွေ မြင်ပေါ်သလို တဏှာရာဂစိတ်တွေ အထွတ်အထိပ်ရောက်ပြီး မိုက်ချင်တိုင်းမိုက်လို့ ဖြစ်ချင်တိုင်းဖြစ်နေတာပေါ့ ဟုတ်လား”

“––––”

“လူဆိုတာ လူစိတ်ရှိရတယ်၊ လူ့အသိတရားရှိရတယ်၊ လူ့ယဉ်ကျေးမှုရှိရတယ်၊ အမျိုးသမီးတွေရဲ့ဘဝမှာ အိမ်ထောင်သည်ဆို ပိုပြီး စောင့်စည်းရတာလေ၊ လောကပါလတရားထဲမှာ မယားဝတ္တရားငါးပါးဆိုတာပါတယ်၊ ခင်ဗျားက ကာမအမှောင်ဖုံးပြီး ကိလေသာတဏှာကြောမှာ မျောချင်တိုင်းမျောနေတဲ့ နလပိန်းတုံးမကြီးပဲ”

“––––”

“မိန်းမလှတစ်ဦးရဲ့ ဖွံ့စည်းပုံမျိုးနဲ့ မင်းရဲ့ခန္ဓာကိုယ်အချိုးအစားနဲ့ ရုပ်ပန်းကာယ်ဟာ အရမ်းလှပါတယ်ဆိုတဲ့ မိန်းမမျိုးထဲမှာပါတယ်၊ ဒါပေမဲ့ မင်းအလှကို မင်းရဲ့အောက်တန်းကျတဲ့စိတ်က ဖြိုဖျက်ပစ်လိုက်ပြီလေ၊ မင်းဟာ ယောက်ျားတကာ ခြေဆေးနေတဲ့ ရေအိုင်ပျက်ဖြစ်သွားပြီ၊ မင်းအလှဟာ ဘာတန်ဖိုးမှ မရှိတော့ဘူး၊ ရှင်းရှင်းပြောရရင် မင်းဟာ ချီးပေနေတဲ့ နတ်သုဒ္ဓါပဲ၊ စားဖို့မသင့်တော်တော့ဘူး၊ ပစ်လိုက်ဖို့ပဲ ရှိတော့တာလေ”

“––––”

“တို့မိသားစု ရန်ကုန်လိုနေရာမျိုးကို ဘယ်လိုအကြောင်းတွေကြောင့် ရောက်လာခဲ့ရသလဲ၊ မင်းပြန်စဉ်းစားကြည့်လေ”

♛♛♛♛♛

–––မြို့ကတော့ ပြည်နယ်မြို့ကလေးပီပီ ရှင်းသန့်သာယာမှုရှိပါတယ်။ ဦးခင်မောင်ကျော်နဲ့ ဒေါ်သက်ထားဆွေတို့လင်မယားဆိုရင်လည်း မြို့ကလေးရဲ့ လူရည်သန့်တွေပေါ့။ စီးပွားရေးပြေလည်တယ်၊ လူမှုရေး ဝင်ဆံ့တယ်၊ သာရေးနာရေးဆိုရင်လည်း သူတို့ပဲပေါ့။ အထူးသဖြင့် ဒေါ်သက်ထားဆွေက ဘာသာတရား ကိုင်းရှိုင်းတာမို့ ဘာသာရေးပွဲတွေဆို သူမပါလို့ကြီး မဖြစ်စာမပါရင် ပွဲမစည်ဘူးဆိုတာမျိုး

www.burmeseclassic.com



ပေါ့။

ဥပုသ်သီလ ဆောက်တည်ကြရင်လည်း သူရှေ့ဆုံးကပဲ။ တရားစခန်းဝင်လား ဝင်ရဲ့၊ ရပ်ကွက်ထဲ တရားပွဲလုပ်ရင်လည်း နဝကမ္မ အလှူငွေ အများဆုံးထည့်ဝင်သူ အလှူ့ဒါယိကာမကြီး စသည် စသည်ဖြင့်ပေါ့။ ရပ်ကလေးလှသလို စိတ်ဓာတ်ကလည်းလှပါတယ်လို့ တစ်မြို့လုံးချီးကျူးခြင်းခံရတဲ့ မိန်းမကောင်း မိန်းမမြတ်ပေါ့။

ဦးခင်မောင်ကျော်ကအရောင်းအဝယ်သမားဆိုတော့ ပြည်၊ ရန်ကုန်၊ မန္တလေးဘက်တွေ သွားတဲ့အခါလည်း သွားရတယ်လေ။ တစ်လကိုးသီတင်း ကြာတဲ့အခါလည်း ကြာတာပေါ့လေ။

တစ်နေ့မှာတော့ ဒေါ်သက်ထားဆွေရဲ့အိမ်မှာ မီးပျက်ပါလေရော။ အဲဒါ အိမ်နီးနားချင်း ထွန်းလင်းက ဝင်ကူပြင်ပေးနေတုန်း အိမ်ရှင်မ ဒေါ်သက်ထားဆွေကလည်း ကိုယ့်အခက်အခဲကို ကူညီပေးနေတာဆိုတော့ အားနာတာပေါ့နော။ ဒါကြောင့် ရေချိုးခါနီးမို့ ထဘီရင်ရှားလေးနဲ့ပဲ အနားကနေ ကူညီဝင်လုပ်ပေးနေတယ်။ ဖြစ်ချင်တော့ ဒေါ်သက်ထားဆွေ ထိုင်ရာကအထမှာ ထဘီရင်ရှားလေးဟာ ပြေလျော့ပြီး ကြမ်းပြင်ပေါ်ရောက်သွားပါတော့တယ်။ သူမ ပိုင်ဆိုင်ထားတဲ့ အလှတရားဟာ အနားမှာရှိနေတဲ့ အကြင်ယောကျ်ားတစ်ဦးအတွက် သွေးခုန်နှုန်းမြင့်တက်ရုံမကဘူး။ ရင်တွေပါ တဒုန်းဒုန်းမြည်သွားပါတော့တယ်။ ချက်ချင်းပါပဲ။ ထွန်းလင်းရဲ့လက်မောင်းနှစ်ဖက်ကြား ရောက်ရှိသွားတဲ့ အဝတ်မဲ့တဲ့ ကိုယ်လုံးလှလှကြီးဟာ ရုန်းကန်တွန်းလှန်ခြင်းမရှိဘဲ အိပ်ရာခုတင်ပေါ်သို့ အလိုက်သင့်ရောက်သွားခဲ့ပါပေါ့လား။

အဲသည်လိုဖြစ်တဲ့အချိန်ကစပြီး အခြေအနေပေးရင်ပေးသလို ဒေါ်သက်ထားဆွေရဲ့ လက်ယာဘက်က ငယ်ချစ်လင် ဦးခင်မောင်ကျော်ရဲ့ ခေါင်းအုံးလေးပေါ်မှာ ကြာကူလီထွန်းလင်းက အငှားခန္ဓာ မြှောင်ပြီး နေရာယူလေ့ရှိလာပါတော့တယ်။ လင်ယောကျ်ား ခရီးသွားနေတဲ့ နေ့ရက်တွေဟာ ဒေါ်သက်ထားဆွေအတွက် ချိုမြိန်တဲ့ ကမ္ဘာလေးထဲ ရောက်နေသလို ခံစားနေရတယ်။ သူမရဲ့ မသိစိတ်ထဲမှာ ရာဂကြောင့် ဖြစ်ပေါ်တဲ့ သမုဒယစိတ်ဟာ ထွန်းလင်း





www.burmeseclassic.com

www.burmeseclassic.com

အပေါ်မှာ ရစ်ပတ်မိနေပြီကိုး။

ကာမဂုဏ်လွန်ကဲသူတွေရဲ့ စိတ်နယ်လွန်မှုဟာ အင်မတန်ကြောက်စရာကောင်းပြီး အင်မတန်လည်း ရက်စက်တတ်ကြပါတယ်။ တစ်ခုထူးခြားတာက မိန်းမတွေဟာ အားနွဲ့သူဆိုပေမယ့် မကောင်းမှုကျူးလွန်တဲ့နေရာမှာ အသည်းမာတတ်ကြတယ်။ ဘယ်လောက်ပဲ ဖောက်ပြန်ဖောက်ပြန် သူတို့တွေရဲ့ နှုတ်ဝစီတွင်းက ပွင့်ကျသွားဖို့ဆိုတာ မရှိဘူး။

ထွန်းလင်းဆိုတဲ့ ဘာမဟုတ်တဲ့ ခွေးဝဲစားလေးက ပစ္စည်းဥစ္စာချမ်းသာရုံမက လုံးကြီးပေါက်လှ လှချင်တိုင်းလှနေတဲ့ မိန်းမတစ်ဦးက လင်ကြီးရှိလျက်နဲ့ သူ့အပေါ်အစွဲလမ်းကြီးစွဲလမ်းနေလေတော့ ကျိတ်ပြီးကျေနပ်နေတာပေါ့။ သူ့စိတ်ဘဝင်မှာ သူ့လိုလူ ဗမ္ဗူမှာရှိသေးရဲ့လားပေါ့။ အရက်ကလေးတစ်ပေါက် ပါးစပ်ပေါက်ထဲရောက်တာနဲ့ အရမ်းလျှို့ဝှက်အပ်တဲ့အရာဟာ ချက်ချင်းပွင့်ထွက်သွားပါတော့တယ်။

ဘုရား၊ ကျောင်း၊ ရဟန်း ဒါယိကာမကြီး ဒေါ်သက်ထားဆွေ သွားပြီလေ။ လောကရင်ခွင်ထဲက လူတကာပါးစပ်ဖျားမှာ အပုပ်နံ့က တလှိုင်လှိုင်။ သံသရာခရီးလမ်းမှာ အဝီစိစခန်းသို့ ခပ်ကြမ်းကြမ်းလှမ်း

> သည်လိုကိစ္စမျိုးက သေပွဲဝင်ကြရတဲ့ ဇာတ်ဝင်ခန်းတွေပေါ့။
> သေတဲ့သူသေ၊ ထောင်ထဲရောက် သူရောက်၊
> အိမ်ထောင်ကွဲ၊ စီးပွားပျက် ဖြစ်ကြရတဲ့ပွဲ။
> ဘဝပျက်ကိန်းကြုံတဲ့ပွဲမျိုးပါပဲ။
> အိမ်ထောင်ရေးသစ္စာဖောက် မိန်းမယုတ်မျိုးကို
> ဘယ်လင်ယောကျ်ားကမှ ခွင့်လွှတ် မှာ......

ပြီး ဖောက်ထိုးဆင်းဖို့အတွက် ငရဲဆင်းလက်မှတ် ပိုင်ဆိုင်သွားခဲ့ပြီလေ။

♛♛♛♛♛

ဦးခင်မောင်ကျော် ရူးပြီပေါ့။ ရင်ထဲမှာ ဆို့နင့်စွာခံစားရပြီး အိပ်ပျက်ညတွေနဲ့ သဟဇာတဖြစ်ခဲ့ပြီလေ။ သည်လိုကိစ္စမျိုးက သေပွဲဝင်ကြရတဲ့ ဇာတ်ဝင်ခန်းတွေပေါ့။ သေတဲ့သူသေ၊ ထောင်ထဲရောက်သူရောက်၊ အိမ်ထောင်ကွဲ၊ စီးပွားပျက် ဖြစ်ကြရတဲ့ပွဲ။ ဘဝပျက်ကိန်းကြုံတဲ့ပွဲမျိုးပါပဲ။ အိမ်ထောင်ရေးသစ္စာဖောက် မိန်းမယုတ်မျိုးကို ဘယ်လင်ယောကျ်ားကမှ ခွင့်လွှတ်မှာမဟုတ်ကြပါဘူး။ မိန်းမဖျက်ရင် ပြည်ပျက်တယ်ဆိုတာ ဒါမျိုးပေါ့။

ဦးခင်မောင်ကျော် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်ချလိုက်ပါပြီ။ ရင်ထဲမှာ ကြီးထွားရှင်သန်နေတဲ့ သံယောဇဉ်မီးကို အသိဖြင့်ငြိမ်းအေးစေပြီး အိမ်သူ့ဆွေမောင့် သက်ထားကိုလက်ဆွဲကာ ရွှေမြို့တော် မဟာရန်ကုန်မြို့ကြီးသို့ လှမ်း လာခဲ့ပါရော့လား။

♛♛♛♛♛

ဟော...ခုတစ်ခါ ဖြစ်ပြန်ပြီ။ ခြံခုန်ဖူးတဲ့နွားမ ခြံခုန်ပြန်ပြီပေါ့။ တဏှာရူးမ ဒေါ်သက်ထားဆွေ အိမ်ထောင်ရေးသစ္စာဖောက်တရားခံအဖြစ်နဲ့ ငယ်ချစ်လင် ဦးခင်မောင်ကျော်ရှေ့မှောက် ရောက်ခဲ့ပြီလေ။

ကြားဖူးပါတယ် ဥရောပမှာ

www.burmeseclassic.com



ကျွန်ရောင်းဝယ်ရေးစနစ် ကျင့်သုံးကြစဉ်ကာလတုန်းက "မန်ဒင်းဂိုး" ဆိုတဲ့ ဝတ္ထုတစ်ပုဒ် ထွက်ခဲ့ဖူးကြောင်း မှတ်သားရပါတယ်။ ကျွန်ရောင်းဝယ်ရေးမှာ လူဖြူတွေက လူမည်းတွေကို "သားပေါက်ကျွန်" အဖြစ် အသုံးချကြတဲ့ကာလဖြစ်ပါတယ်။

ကုန်ရောင်းကုန်ဝယ်နဲ့ ကြီးပွားချမ်းသာနေတဲ့ လူဖြူလင်မယားမှာ မန်ဒင်းဂိုးအမည်ရှိတဲ့ လူမည်းလူသန်ကြီးတစ်ဦးကို ကျွန်သားပေါက်အဖြစ် ဝယ်ယူထားတယ်။ လူဖြူအရှင်သခင်က ကုန်စည်ကူးသန်းရောင်းဝယ်ရေးကိစ္စတွေကြောင့် တစ်နယ်တစ်ကျေးသို့ ထွက်သွားလို့ရှိရင် လူဖြူသခင်မနဲ့ လူမည်းကျွန်ကြီး မန်ဒင်းဂိုးတို့ပဲ အိမ်မှာကျန်ခဲ့ကြတာ။ လူဖြူအမျိုးသမီးမှာ သွေးသားဆူဖြိုးတဲ့ အရွယ်မို့ တောင့်တင်းသန်မာထွားကျိုင်းလှတဲ့ လူမည်းကြီးရဲ့ ကိုယ်ခန္ဓာအချိုးအစားကို အာသာငမ်းငမ်းဖြစ်လာခဲ့တယ်။ သခင်မဟာ သူမအလိုရှိတိုင်း ကျွန်ကြီးကိုခေါ်ပြီး လိင်ကိစ္စဖြေဖျောက် ခိုင်းနေတော့တာ။ အကြိမ်ကြိမ် ဖောက်ပြန်၊ အကြိမ်ကြိမ်ကျူးလွန် လာကြတဲ့အခါ လူမည်းကျွန်ကြီးဟာ သွေးသားဆူဖြိုးတဲ့ လူဖြူ သခင်မရဲ့ အသည်းစွဲဖြစ်လာခဲ့တော့တယ်။

နောက်တော့ လူဖြူသခင်ကြီးက သိသွားတဲ့အခါ မယားထိတော့ မချိအောင် အသည်းနာတာကြောင့် ကာမကျေးကျွန် သစ္စာဖောက်နှစ်ကောင်ကို အဆုံးစီရင်လိုက်ပါတော့တယ်။

အဆုံးစီရင်ပုံက စိတ်ဝင်စားဖို့တော့ကောင်းတယ်။ ကြီးကျယ်ခမ်းနားတဲ့ ခန်းမကျယ်ကြီးတစ်ခု ဆောက်ပြီး တဏှာရာဂပြင်းပြလွန်းပြီး ရိုင်းချင်တိုင်းရိုင်းခဲ့ကြတဲ့ လူဖြူမနဲ့ ငမည်းကျွန်ကြီးကို ခန်းမအလယ်မှာ ကာမဆက်ဆံမှုကို အကြိမ်ကြိမ်အခါခါ ပြုလုပ်စေတယ်။ မတတ်နိုင်တော့လို့ ရပ်နားရင် ကြာပွတ်နဲ့နာနာနှက်တော့တယ်။ ကြာတော့ လူဖြူမဟာ အားအင်ကုန်ခန်းပြီး သတိမေ့မြောသွားတယ်။ အားရှိတဲ့ကျွန်ကြီးကတော့ သတိမရတစ်ချက်၊ ရတစ်ချက် အသက်ငင်နေတယ်။ အားရှိတိုင်းသရမ်းလှတဲ့ ကျွန်ကြီးရဲ့ ယောက်ျားတန်ဆာကို ဓားနဲ့လှီးဖြတ်လိုက်တယ်။ နောက် ကျွန်ကြီးရဲ့ခန္ဓာကိုယ်ကို ပွက်ပွက်ဆူနေတဲ့ ရေငွေ့အိုးထဲ ဖောက်ထိုးထည့်ပြီး အဆုံးစီရင်လိုက်တော့တယ်။ တဏှာရမ္မက်ပြင်းပြလွန်းလို့ လူဖြူမကို

အဆုံးစီရင်ပုံက စိတ်ဝင်စားဖို့တော့ကောင်းတယ်။
ကြီးကျယ် ခမ်းနားတဲ့
ခန်းမကျယ်ကြီးတစ်ခု ဆောက်ပြီး
တဏှာရာဂပြင်းပြလွန်းပြီး
ရိုင်းချင်တိုင်းရိုင်းခဲ့ကြတဲ့
လူဖြူမနဲ့ ငမည်းကျွန်ကြီးကို
ခန်းမအလယ်မှာ
ကာမဆက်ဆံမှုကို
အကြိမ်ကြိမ်အခါခါ
ပြုလုပ်စေတယ်။
မတတ်နိုင်တော့လို့
ရပ်နားရင်
ကြာပွတ်နဲ့နာနာနှက်တော့...

www.burmeseclassic.com



သည်း မ,ချီဆွဲယူပြီး ရေနွေးအိုးထဲ
ာ ကျွန်ကြီးနဲ့ ပေါင်းစေခိုင်းလိုက်
ာယ်။ မင်းရဲ့ကျွန်ယုံတော်ကြီးမှာ
င်းအင်မတန် နှစ်သက်တဲ့အရာ
ရှိတော့ဘူး၊ ဒုက္ခတစ်ဖန်ဖြစ်လေ
တော့လို့ ရည်ရွယ်တယ်ဆိုပဲ။

ခု ဦးခင်မောင်ကျော်ရဲ့ ရှေ့
မှောက်မှာတော့ ကားဒရိုင်ဘာ
ချစ် ထွန်းနဲ့ အိမ်ထောင်ရေးသစ္စာ
ဖောက်မ ခါးသေးရင်ချီ ပဒုမ္မနီ
ကေရီ ဒေါ်သက်ထားဆွေ။

ဦးခင်မောင်ကျော် ရာဂသစ္စာ
ဖောက်နှစ်ယောက်ကို မည်သို့စီရင်
လေမလဲ။

♛♛♛♛♛

> အိုကြီးအိုမဘဝနဲ့
> ားဒရိုင်ဘာကြီး ဦးချစ်ထွန်း။
> သက် အရွယ်ကိုမှမထောက်။
> သူများရဲ့ကာမပိုင်မယားကို
> ကြာခိုမှုနဲ့ ဒုက္ခ
> ဘုံလှောင်အိမ်ကြီးထဲမှာ
> ငရဲခံလို့ နေရပြီလေ။
> သောကဗျာပါရမီးတွေ ဝိုင်းပြီး
> အရိုးပေါ်အရေတင်ကာ .....

ဦးခင်မောင်ကျော်ရဲ့ နှလုံး
သားကို ရှားမီးထဲထည့်၊ ဘဝနဲ့
အရှက်ကို ရေခဲတိုက်ထဲသွင်းကာ
ချမ်းမြေ့တဲ့ အိမ်ထောင်ရေးဘဝကို
အဆိပ်လူးခဲ့တဲ့ သစ္စာဖောက်မ။
ဖောက်ပြန်တဲ့ ရာဂနွံအိုင်ထဲမှာ
အခါခါလူးပြီး အထပ်ထပ်ကူးခဲ့တဲ့
တဏှာရူးမ ဒေါ်သက်ထားဆွေ။

ဦးခင်မောင်ကျော်ဘဝမှာ ခံ
စားချက်ပြင်းတော့ စီရင်ခြင်းက
လည်း ပြင်းလှတယ်လေ။ ဆံပင်
ကို လေးစိတ်ခွဲ၊ ထဘီကို လေး
ခြမ်းခြမ်း၊ ကြိမ်စကြာနဲ့ ကျောတစ်
ရာ၊ ရင်တစ်ရာရိုက်ပြီး မြို့ရပ်သို့
နှင်စေခဲ့တယ်ဆိုပါလား။

အိုကြီးအိုမဘဝနဲ့ ကားဒရိုင်
ဘာကြီး ဦးချစ်ထွန်း။ အသက်
အရွယ်ကိုမှမထောက်။ သူများရဲ့
ကာမပိုင်မယားကို ကြာခိုမှုနဲ့ ဒုက္ခ
ဘုံလှောင်အိမ်ကြီးထဲမှာ ငရဲခံလို့
နေရပြီလေ။ သောကဗျာပါရမီးတွေ
ဝိုင်းပြီး အရိုးပေါ်အရေတင်ကာ
မျက်လုံးဟောက်ပက်နဲ့ ဒရိုင်ဘာ
ကြာကူလီကြီး ဦးချစ်ထွန်းကို ဒေါ်
သက်ထားဆွေက ထောင်ဝင်စာ
လာတွေ့နေတယ်ဆိုတာ ဦးခင်
မောင်ကျော်တစ်ယောက် သိခဲ့ရင်
ဘယ်လိုများ ခံစားသွားရမလဲမသိ
ဘူး။

♛♛♛♛♛





www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ဟာ မိမိလင်ယောကျ်ားကိုထားပြီး အကြင်ယောကျ်ားတစ်ယောက်အား ရာဂတဏှာ တပ်မက်မှုကြောင့် စွဲလမ်းမှုဖြစ်သွားပြီဆိုလျှင် သူမရဲ့စွဲလမ်းမှုကိုအကြင် ယောကျ်ားဆီက ဘယ်လိုမှဆွဲထုတ်လို့ မရတော့ဘူး။ သူမရဲ့ လိုအပ်ချက်ကို မိမိလင်ယောကျ်ားထက် ပြည့်ဆည်းပေးနိုင်တယ်လို့ ခံယူပြီး အရာရာကို ဘေးဖယ်ကာ မိုက်မဲစွာ စွန့်စားခဲ့ခြင်းဖြစ်တယ်။ ကာမဂုဏ်ရဲ့ စွဲလမ်းမှုသံယောဇဉ်တရားသည် အနက်ရှိုင်းဆုံးဖြစ်တယ်။ အကယ်၍ အမြင်မှန်ရ သယောင်နဲ့ တည်တည်ငြိမ်ငြိမ်လေးနေပြရင်တောင် လူမှုရေးမျက်နှာစာမှာ ဟန်ဆောင်မှုသာဖြစ်မှာပါ။ စွဲလမ်းမှုဆိုတဲ့ ခံစားချက် အာရုံအတွက် မိမိလင်ယောကျ်ားကို နောက်လူရဲ့ရှေ့သို့ ဘယ်တော့မှ မပို့တော့ဘူး။ ဒါဟာ မိန်းမတွေရဲ့ အလိုရမ္မက်ကြီးမှုနဲ့ ခံစားချက် ပြင်းပြမှုကို သူတို့ရဲ့ အဖွဲ့တွင်းမှာ ထင်ဟပ်နေခြင်းဖြစ်ပါတယ်။





လူတစ်ယောက်ရဲ့ ဘဝတစ်ခု အပေါ်မှာ စီးပိုးနေတာက ဒုက္ခနဲ့ တဏှာပါပဲ။ ဒုက္ခဆိုတာ အိုရခြင်း ဒုက္ခ၊ နာရခြင်းဒုက္ခ၊ သေဆုံးရခြင်း ဒုက္ခစတဲ့ အကြောင်းတရားတွေပါပဲ။ ဒီဒုက္ခတွေကို ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ရှောင်လွှဲလို့မရခဲ့ပါဘူး။ ဘယ်သူမှလည်း ရှောင်လွှဲလို့ရမှာ မဟုတ်ပါဘူး။

တဏှာကိုကျတော့ ပယ်သတ်လို့ရတယ်။ ဘာနဲ့ပယ်သတ်ရမှာလဲဆိုတော့ သတိပညာနဲ့ ပယ်သတ်ရပါ့မယ်။ ငါဟာ လမ်း... များကို ရောက်တော့မယ်၊ စိတ်... အလိုလိုက်ပြီး မိုက်မိရင် ငါဟာ... လောကရင်ပြင်မှာ လူတကာ... တံတွေးခွက်ထဲ ရောက်ရုံမကဘူး... မဟာအဝီစိငရဲကို ဖောက်ထိုး... ဆင်းရလိမ့်မယ်ဆိုတဲ့ လူ့အသိ... စိတ်လေးနဲ့ ထိန်း... လိုက်ရင် တဏှာ... ဆိုတာ ပယ်သတ်... လို့ရပါတယ်။

အခုဒေါ်သက်... ထားဆွေတို့အဖြစ်... က ကိလေသာ... စိတ်အရှိုင်းကို အ... သယရေပြင် ကြော... မျှောလိုက်တော့... မိုက်ချက်က က... ကုန်၊ ဝသုန်မြေ... ပြင်ကြီး တုန်ဟည်း... လို့ တော်လဲပုံ့တ... လျှင်မြေလူ... လေမှုတ်ဝဲရိုက်၊ မုန်တိုင်းကြ... တိုက်ခဲ့ပေါ့လေ။

လူလုရှ...

မေတ္တာစိတ်ထား...


ကြ...

ကျွန်းစဉ်မြေစောခ...



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ဘယ်လိုပြောရမဲ့

ချောယဉ်ချစ်

မိန်းကလေးတစ်စုတို့ အပြေးအလွှားဖြင့် အအေးဆိုင်ထဲသို့ဝင်ရောက်လာကြသည်။ မိန်းကလေးတစ်စုမှာ အသက် (၁၆)နှစ်ထက်မကျော်သေးသော ကျောင်းသူများဖြစ်ကြသည်။

မိန်းကလေးတစ်စုသည် အထက်တန်းကျောင်းတစ်ခုမှ အတန်းဖော် သူငယ်ချင်းများဖြစ်၍ ရန်ကုန်မြို့လယ်ရှိ မြို့နယ်တစ်ခုမှ နာမည်ကြီးကျူရှင်တစ်ခုတွင်တက်ရောက်နေသူများဖြစ်သည်။

ကျောင်းသူမိန်းကလေးတစ်စုမှာ ခေတ်ပေါ်အဝတ်အစားများကို ကိုယ်စီဝတ်ထားသော်လည်း ပုံစံအမျိုးမျိုးဖြစ်သည်။

အဝတ်အစားက အပြိုင်အဆိုင်ဖြစ်သည်။

တန်ဖိုးကြီးအဝတ်အစားနှင့် ဒီဖိုင်းများဖြစ်သည်။

သူတို့တစ်တွေ အအေးဆိုင်ထဲဝင်ရောက်လာတော့ စားကျက်ပင်ပေါ် စာကလေးအုပ်ကျလာသလို က္ကန္ဒြေမရဖြင့် လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ ပြောလိုက်သည့်စကားသံများကလည်း ကျွက်ကျွက်ညံနေသည်။

ကြည့်ရ၊ မြင်ရသူတိုင်းအတွက် မျက်စိနောက်စရာ။

"နှင်းဥ၊ ဒီနေ့တော့ နင်ပဲဒကာခံဟာ"

"အလိုတော်.....ဘာကိစ္စ"

"ကျုပ်တို့တစ်တွေ ကျူရှင်အတွက် စာအုပ်ဖိုးနဲ့ ဘာကြေးညာကြေးကြောင့် လမ်းစရိတ်ပဲကျန်တော့တယ်"

"အဲဒီတော့....."

နှင်းဥက စားပွဲပေါ်လက်ထောက်ထားရင်း လက်ဖဝါးပေါ်မေးတင်ကာ သူငယ်ချင်းများကို ကြည့်လိုက်သည်။

နှင်းဥက မျက်နှာဝိုင်းဝိုင်း၊ ပါးချိုင့်နှစ်ဖက်ကြောင့် သူမ၏အလှက သူငယ်ချင်းများကြားထဲတွင် ထင်ပေါ်လှသည်။

"ဒီမှာ ငါတို့ကို သခင်မကြီးလေသံနဲ့ မမေးနဲ့၊ တို့သူငယ်ချင်းတွေထဲမှာ နင်က ပိုက်ဆံအသုံးနိုင်ဆုံး၊ အဲဒီတော့ ဒီနေ့ နင်ကဒကာခံ"

"အောင်မာ..နင်တို့က ငါ့ကိုအမိန့်ပေးဓာယ်ပေါ့လေ"

"နင့်ဘက်က သူငယ်ချင်းဆိုတဲ့ သံယောဇဉ်မရှိရင် ထင်ချင်သလိုထင်"

နှင်းဥ၏ အချစ်ဆုံးသူငယ်ချင်းမေသရဖူက နှုတ်ခမ်းကိုမဲ့ရွဲ့၍ပြောလိုက်သဖြင့် ကျန်သူငယ်ချင်းများက ဟုတ်မှန်ကြောင်း အသံထွက်ပြီး ထောက်ခံကြသည်။

"ဟုတ်တယ်၊ မေသရဖူပြော

www.burmeseclassic.com

တာ မှန်တယ်"

"မှန်လိုက်လေ၊ သွေးထွက်အောင်မှန်တာ"

သူငယ်ချင်းတစ်စုတို့၏တောင်းဆိုမှုကို မလွန်ဆန်နိုင်၍ နှင်းဥက သူမ၏ပိုက်ဆံအိတ်ထဲမှ ကျပ်တစ်ထောင်တန် နှစ်ရွက်ကို ဆွဲထုတ်ပြီး မေသရဖူထံ လှမ်းပေးလိုက်သည်။

"ဒီလိုလိမ္မာစမ်းပါ နှင်းဥရာ"

သူငယ်ချင်းများက အရယ်အပြုံးဖြင့်ပြောတော့ နှင်းဥက မျက်မှောင်ကြုတ်ရင်း ကြည့်လိုက်သည်။

"ဟဲ့..နင်က ဘာအလိုမကျဖြစ်ရတာလဲ"

"နင်တို့ကို အလိုမကျဖြစ်ရတာမဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူ့ကိုလဲ"

"ငါ့အစ်ကို့ကို စဉ်းစားမိလို့"

"ဟယ်...နင်ကလည်း ကိုယ့်အစ်ကို့ကို အဲဒီလို သဘောမထားသင့်ဘူးလေ၊ ကံကြီးထိုက်တတ်တယ်"



"ငါက ငါ့အစ်ကိုကို အပြစ်တင်တာမဟုတ်ဘူး၊ အားမလိုအားမရနဲ့ အလိုမကျဖြစ်ရတာ"

"ဟယ်... နင့်အစ်ကိုက အေးပါတယ်"

"အဲဒါက နင်တို့အမြင်ဟဲ့"

"ဘာဖြစ်လို့လဲ"

သူငယ်ချင်းတစ်စု၏ အမေးကို နှင်းဥက ပြန်မဖြေမီ အိမ်နီးချင်း လည်းဖြစ်၊ ပညာသင်ဖက် လည်းဖြစ်သည့် ရာသက်ပန်ဆိုသူ မိန်းကလေးက ရှင်းပြလိုက်သည်။

"သူ့အစ်ကိုက ဆယ်တန်းကျတာ သုံးနှစ်ရှိပြီ၊ ဘာအလုပ်မှလည်း မလုပ်ဘူး၊ နေ့စဉ် အပြင်ထွက်လည်တယ်၊ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ စားသောက်ပျော်ပါးတယ်၊ သူ့အတွက် သူ့ အဖေက တစ်နေ့ကို မုန့်ဖိုးငါးထောင်ပေးရတယ်"

ကျန်သူငယ်ချင်းများက တအံ့တသြဖြစ်ကြ၏။

"ဟယ်.....အဖေက ရှာနိုင်ပေးနိုင်တာကိုး၊ သူ့သားကို ပင်ပင်ပန်းပန်း အလုပ်မလုပ်စေချင်တာလည်း ပါတယ်တဲ့"

"အဲဒါတော့ နှင်းဥရေ နင့်အဖေ မှားတာပဲ"

"ဘာကြောင့်လဲ"

"သားသမီးကို ချစ်တာမဟုတ်ဘူး၊ တုံးသွားအောင်၊ လူရာမဝင်အောင် ဖခင်ရဲ့မေတ္တာကို အလွဲသုံးစားလုပ်ပစ်တာပဲ၊ ပညာမထွန်းကားတဲ့ သားသမီးကို အသက်မွေးမှုအတတ်ပညာတစ်ခုခုကို သင်ပေးရမှာပေါ့၊ ဒါမှ သူ့ရဲ့နောင်ရေးက အာမခံချက်ရှိမှာပေါ့"

"ကဲ...မယ်မင်းကြီးမ၊ နင့်အိမ်ထောင်ကျမှ အဲဒီစီမံကိန်းကို အကောင်အထည်ဖော်၊ အခုတော့ စားကြသောက်ကြဦး"

www.burmeseclassic.com

နှင်းဥက သူမစလိုက်မိသော သူ့အစ်ကို၏အကြောင်းကို ဆက်မပြောနိုင်စေရန် သူမကာပင် စကားများကို ပိတ်ပင်ပစ်လိုက်သည်။

''နှင်းဥ.....တို့ပြောတာကို စိတ်မဆိုးနဲ့နော်၊ နှင့်အဖေက စီးပွားရှာတာတော်တယ်၊ အမြဲတမ်းအရောင်းအဝယ်နဲ့ ခရီးထွက်နေတာ၊ သားသမီးတွေက အငြိုအငြင်မခံဘဲ လိုသမျှငွေပေးနေတာ တို့တစ်တွေအသိပဲ''

''အေးလေ၊ ငါ့အဖေက ငါတို့ကိုဆိုရင် ပြီးစေ၊ ငြိမ်းစေ၊ အလိုပြည့်စေပဲ''

''အဲဒီလိုဖခင်မျိုးက ရှားပါတယ်ဟယ်၊ သူ့ကျတော့ အရက်၊ ဆေးလိပ်နဲ့ မကောင်းတာမှန်သမျှရှောင်တယ်၊ အချိန်ပြည့်မိသားစုအတွက်ပဲစဉ်းစားတယ်၊ အဲဒီစိတ်ဓာတ်ကိုတော့ ချီးကျူးတယ်၊ ဒါပေမဲ့.....''

ရာသက်ပန်ပြောပြသမျှနှင့် နှင်းဥရှင်းပြသမျှကို သူငယ်ချင်းတစ်စုက နားထောင်ရင်း မေသရဖူက မဝံ့မရဲဖြင့် ပြောပြလိုက်၏။

''နှင်းဥ.....နင်တို့တစ်တွေ အသုံးအစွဲလျှော့ပြီး စုဆောင်းသင့်တယ်၊ နင့်အဖေရဲ့ ကျန်းမာရေး ထိခိုက်လာတဲ့အခါမှာ နင်တို့အားလုံး သောကကြုံတတ်တယ်''

''မေသရဖူ အဲဒီလို မဦးမချွတ်မပြောနဲ့၊ ငါ့အဖေက အခုမှ အသက် (၄၀)ကျော်ပဲရှိသေးတယ်၊ သန်မာလွန်းလို့ ဒေါင်ဒေါင်မြည်ပဲ''

''မဟုတ်ပါဘူး နှင်းဥရယ်၊ အကြံပြုတာပါ၊ ငါတို့မိဘတွေက တစ်နေ့လုပ်မှ တစ်နေ့စားရသူတွေလေ၊ ဒီတော့ ငါတို့မိသားစုက ငွေတန်ဖိုးကိုသိတယ်၊ အဲဒါကြောင့် ကိုယ့်ပတ်ဝန်းကျင်အမြင်နဲ့ သတိပေးတာပါ''

''အိုကေ.....ကျေးဇူးပဲ၊ ငါတို့အဖေက ကျန်းမာတယ်၊ ငါတို့တစ်တွေကို လိုလေသေးမရှိထားတာ၊ ငါ့အဖေရှိရင် ငွေရှိတယ်၊ ဒါကြောင့် ငါဘာမှမပူဘူး၊ ပျော်ပျော်နေရင်း (၁၀)တန်းအောင်ဖို့ ကြိုးစားမယ်၊ ကဲ.....မှာကြ၊ သောက်ကြဟာ၊ အပိုစကားတွေ မပြောနဲ့တော့''

နှင်းဥစကားကြောင့် တစ်ဦးချင်း စားသောက်လိုသည်များကို စုပေါင်းရေတွက်၍ စားပွဲထိုးလူငယ်ကို မှာကြားလိုက်သည်။

စားပွဲထိုးလူငယ်က ပြေစာ စာအုပ်တွင် မှတ်သားရင်း မှာလိုက်သည်။ မကြာမီ စားသောက်ဖွယ်ရာများကို စားပွဲထိုးက ယူလာပေးသည်။

''နှင်းဥ အဲဒီစားပွဲထိုးမျက်လုံးက နင့်ဆီမှာပဲ''

စားပွဲထိုးပြန်ထွက်သွားချိန်တွင်

**နှင်းဥ.....**
**နင်တို့တစ်တွေ**
**အသုံးအစွဲလျှော့ပြီး**
**စုဆောင်းသင့်တယ်၊**
**နင့်အဖေရဲ့**
**ကျန်းမာရေး**
**ထိခိုက်လာတဲ့အခါမှာ....**

တစ်ဦးက နှင်းဥကိုစသည်။

''ဟဲ့...ငါက စားပွဲထိုးလိုလူကို စဉ်းစားမလားနှဟဲ့''

''အောင်မယ် စားပွဲထိုးဆိုပေမယ့် ဘွဲ့ရပြီးသားတဲ့၊ ဒီမှာအချိန်ပိုင်းနဲ့ အလုပ်လုပ်ပြီး ငွေရှာနေတာ၊ ကွန်ပျူတာဒီဖိုင်နာဖြစ်ဖို့ ကြိုးစားနေတဲ့လူတဲ့''

''နင့်ကို ဘယ်သူကပြောလို့လဲ''

''ဒီဆိုင်မှာ လာသောက်ဖူးတဲ့ ငါ့အစ်မကပြောတာ၊ ငါ့အစ်မ ယောက်ျားရဲ့ ညီဝမ်းကွဲတော်တယ်တဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို နင်ပဲဆွေမျိုးစပ်လိုက်ပေါ့"

တစ်ယောက်ကအရွှန်းဖောက်လိုက်သဖြင့် အားလုံးက ဝိုင်းရယ်လိုက်ကြသည်။ မိန်းကလေးတစ်စု ပျော်ပျော်ပါးပါးစားသောက်ရင်း အချိန်ကုန်လွန်စေခဲ့ကြသည်။

♛♛♛♛♛

နှင်းဥ အိမ်ပြန်ရောက်ချိန်မှာ ည ၇ နာရီ ရှိပြီဖြစ်သည်။

နှင်းဥ၏မိခင် ဒေါ်မေယုမော်မှာ နေအိမ်ရှေ့ခန်းတွင် အဲယားကွန်းဖွင့်ထားရင်း နိုင်ငံခြားဇာတ်လမ်းခွေကို ကြည့်နေ၏။

နှင်းဥ၏အစ်ကို ထက်အောင်က ဆက်တီခုံတွင်ထိုင်ရင်း သံဘူးဘီယာသောက်နေသည်ကို တွေ့လိုက်ရ၏။

မိခင်ဖြစ်သူက သားဖြစ်သူ ဘီယာသောက်နေသည်ကို ဘာမှမပြော။

သူကိုယ်တိုင်က အဲယားကွန်းဖြင့် ဖိမ်ယူရင်း နိုင်ငံခြားဇာတ်လမ်းကို ကြည့်နေသည်။

နှင်းဥ အိမ်ထဲသို့ဝင်လာသည်ကို တွေ့ရသော်လည်း မိခင်ဖြစ်သူက ဘာတစ်ခွန်းမှမေးခြင်း၊ ဆိုဆုံးမခြင်းမရှိ။

မိန်းမပျိုကလေးတစ်ဦး ညအချိန်ကျမှ အိမ်ပြန်လာသည်ကို မသင့်တော်ဘူးဟု ပြောဆိုသတိပေးခြင်းမရှိ။

နှင်းဥက လွယ်အိတ်ကို စားကြည့်စားပွဲပေါ် ဖြစ်သလိုပစ်တင်သည်။ ပြီးတော့ မိခင်ဖြစ်သူနှင့် မလှမ်းမကမ်းတွင် ဝင်ထိုင်လိုက်၏။

"မေမေ....."

ဇာတ်လမ်းခွေထဲ စိတ်ဝင်စားနေသော ဒေါ်မေယုမော်ကို နှင်းဥက အသံပြုလိုက်သည်။ ဇာတ်လမ်းခွေထဲ စိတ်ဝင်စားနေ၍ ကြားဟန်မတူ။

"မေမေ....."

"ဟဲ့.....ဘာလဲ၊ ဒီမှာဇာတ်လမ်းက ဇာတ်ရှိန်တက်နေပြီဟဲ့"

"သြော်...မေမေကလည်း၊ အခွေပဲ၊ ဘယ်အချိန်ပြန်ကြည့်ကြည့် ရတာပဲ"

"ငါသိပါတယ်၊ အာရုံနောက်တယ်"

"သမီး ထမင်းစားချင်လို့ ဘာချက်ထားသလဲ မေမေ"

"ဘာမှချက်မထားဘူး"

ဒေါ်မေယုမော်က ဇာတ်လမ်းခွေကြည့်နေရင်း သံပြတ်၊ သံတိုဖြင့် စိတ်မရှည်သလို လှမ်းပြောလိုက်၏။

"ထမင်းစားချိန်ရောက်နေပြီ မေမေရဲ့"

"ထမင်းစားချိန်ရောက်ရင် နင့်ဘာသာနင် ချက်စားလေ"

"မေမေကလည်း၊ သမီးက ထမင်းဟင်းမှ မချက်တတ်တာ"

"နင့်အသက် (၁၆)နှစ်ထဲရောက်ပြီပဲ"

"အသက်နဲ့ ဘာဆိုင်လို့လဲ မေမေရဲ့၊ မေမေတို့က ထမင်းဟင်းချက်ပုံချက်နည်း သင်မှမသင်ပေးဘဲ"

"အလိုတော်....ငါက ဒီအိမ်က အိမ်ဖော်ထမင်းချက်လား၊ စားချင်ရင် ချက်ကြလေ၊ ငါဒီမှာ ဇာတ်လမ်းခွေကြည့်နေတုန်းပဲ"

နှင်းဥမှာ မိခင်ဖြစ်သူကို လှမ်းကြည့်ရင်း မပြောဝံ့၍သာနှုတ်ဆိတ်နေခဲ့ရ၏။ ခေတ်ပညာတတ်မိန်းကလေးဖြစ်သည့်အပြင် ခေတ်အမြင်၊ ခေတ်အတွေးမျိုး ရှိနေသူဖြစ်သည်။ မိခင်ဖြစ်သူ၏ အိမ်ထောင်ထိန်းသိမ်းမှု အားနည်းချက်ကို သိနေသော်လည်း ပြန်ပြောခွင့်မရှိ၍ မပြောခဲ့ပေ။

ဖခင်ဖြစ်သူ ဦးသက်မောင်မှာ အိမ်ထောင်ဦးစီးပီပီ မိသားစုစီးပွားရေးအတွက် အချိန်ပြည့်လုပ်ရှားနေသူဖြစ်သည်။ ရန်ကုန်မှ နေပြည်တော်သို့ ခေါက်တုံ့ခေါက်ပြန်သွား၍ ကုန်ကူးသည်။

စားသောက်ကုန်နှင့် အဝတ်အထည်များကို ဈေးကွက်ရှာဖွေရင်း လက်ဝတ်ရတနာပစ္စည်းပွဲစား

www.burmeseclassic.com



အလုပ်လည်းလုပ်သည်။ နေပြည်တော်တစ်ဝိုက်ရှိ မြို့နယ်များအထိ သွားလာပြီး ကုန်ပစ္စည်းဖြန့်သည်။

ဦးသက်မောင်က အချိန်ပြည့် ကြိုးစားနေသူဖြစ်သည်။ တစ်လလျှင် ကျပ်သိန်းရာကျော်အထိ အမြတ်အစွန်းရရှိသည်။ ရတနာလက်ဝတ်ပစ္စည်း အရောင်းအဝယ်ကောင်းလျှင် တစ်လတည်း ကျပ်သိန်းသုံးလေးရာအထိ ရရှိ၏။

သို့သော် ဦးသက်မောင်က အသောက်အစား၊ အပျော်အပါးကို လုံးဝရှောင်သည်။ ဘာသာရေးကို ကြည်ညိုလေးစားသည်။ ကိုယ်တိုင် ဘုရားတည်နိုင်သူမဟုတ်၍ ဘုရားဆင်းတုတော်များကို ဝယ်ယူပြီး လှူဒါန်းဒါနပြုကာ သာသနာပြုလုပ်ငန်းကို တစ်ပိုင်တစ်နိုင်လုပ်သည်။

ကုန်ရောင်းကုန်ဝယ် သွားလာသည့်အခါ တည်းခိုခန်းတွင် တည်းခိုလေ့မရှိ။ ရင်းနှီးသော ဘုန်းတော်ကြီးကျောင်းများတွင် တည်းခိုရင်း လိုအပ်သည့်အလှူဒါနကို ပြုလေ့ရှိသည်။

ဘုရားတည်၊ ကျောင်းဆောက်သည့် သာသနာပြုပုဂ္ဂိုလ်များထံ ချဉ်းကပ်၍ ခွေးနဲ့စာထဲမှ တတ်အားသမျှ ပါဝင်လှူဒါန်းသည်။

ကုန်သည်အပေါင်းအသင်းများက ဦးသက်မောင်ကို သစ်ငုတ်တိုလူသားဟု အမည်ပေးကြသည်။ ဦးသက်မောင်က မည်သည့်ထိတွေ့ ခံစားမှုကိုမျှ ခံမင်သူမဟုတ်၍ သစ် ငုတ်တိုလူသားဟု ပြောင်လှောင်ခေါ်ကြခြင်းဖြစ်သည်။

နှင်းဥမှာ သူမဖခင်၏ အိမ်ထောင်ဦးစီးပီသမှုကို ကောင်းစွာ သိရှိသူဖြစ်၍ မိခင်ဖြစ်သူအပေါ် အားမလိုအားမရဖြစ်နေခဲ့သည်။

ဒေါ်မေယုမော်မှာ အသက်(၃၈)နှစ်သာရှိသေးသည်။ အမြဲတမ်း ဖြီးလိမ်းပြင်ဆင်၍ အပျိုလေး တစ်ဦးလိုနေထိုင်သည်။ ဒေါ်မေယုမော်က အပေါင်းအသင်းများနှင့် သွားလာပြီး စတိုးဆိုင်မျိုးစုံကိုဝင်၍ အဝတ်အစားအသစ်အဆန်းမှန်သမျှ ဝယ်ယူဝတ်ဆင်လေ့ရှိသည်။

''ဒီလိုအမြဲလှအောင်နေမှ ယောကျ်ားက မပစ်မှာ''ဆိုသည့် ဒေါ်မေယုမော်၏ လက်သုံးစကားက သူမ၏ အသစ်အဆန်းမက်မောမှုကို အကာအကွယ်ယူခဲ့သည်။

မိခင်ဖြစ်သူအပေါ် အားမလိုအားမရဖြစ်နေခဲ့သည်မှာ မိခင်ဖြစ်သူ၏ အိမ်ထောင်ရေးထိန်းသိမ်းမှုလိုအပ်ချက်ကြောင့်ဖြစ်၏။ သို့ရာတွင် သမီးဖြစ်နေသည့်အတွက် မိခင်အပေါ် ဝေဖန်နိုင်ခွင့်မရှိခဲ့ပေ။

''ကဲ.....မေမေ၊ သမီးတို့ ညစာဘာယ်လိုစားကြမလဲ''

''လွယ်ပါတယ်ကွယ်၊ ထမ်းထိပ်က ထမင်းဆိုင်ကဝယ်လိုက်ပေါ့''

''ဟင်.....မေမေကလည်း''

''ဘာလဲ၊ ညည်းတို့က [illegible] နေကုန် သွားချင်ရာသွားပြီး [illegible] ဘာဖြစ်လို့ အပြစ်[illegible] ငါလင်ယူထား [illegible]''

www.burmeseclassic.com



ဒေါ်မေယုမော်၏ရင်ထဲမှပွင့်ထွက်လာသော ခံယူချက်ကို နှင်းဥမှာ မည်သို့ပြန်ပြောရမည်မှန်းမသိခဲ့ပေ။

သို့ရာတွင် မိခင်စီစဉ်သည့်အတိုင်း ညစာကို အလွယ်တကူဝယ်ယူစားလိုက်ကြ၏။ နှင်းဥမှာ ညစာစားရင်း ဖခင်ဖြစ်သူမှာ မည်သို့စားနေရသည်ကို စဉ်းစားရင်း စိတ်မကောင်းဖြစ်နေခဲ့သည်။

စီးတဲ့ရေ ဆယ်တဲ့ကန်သင်း ဟု ဆိုစကားရှိသော်လည်း ဦးသက်မောင် ပင်ပင်ပန်းပန်းရှာဖွေသမျှ ငွေများကို မိသားစုက ငွေကိုရေလိုသဘောထားပြီး သုံးစွဲနေခဲ့ကြ၏။

ဦးသက်မောင်သာသိလျှင် ရင်ကျိုးရချည်ရဲ့။

♛♛♛♛♛

"ဟယ်လို.....မေလား"

"ဟုတ်တယ် ကိုသက်"

"ကိုသက် မနေ့က လူကြုံနဲ့ ငွေကျပ်သိန်း ၅၀၀ ထည့်ပေးလိုက်တာရသလား"

"ရတယ် ကိုသက်၊ အဲဒီငွေကို မေ့အတွက် ရွှေဝယ်မလားလို့"

"မဝယ်နဲ့ဦး၊ ကုန်ဝယ်ဖို့ အရင်းအနှီးလိုသေးတယ်၊ အဲဒီငွေကို မေ့နာမည်နဲ့ထားတဲ့ ဘဏ်စာရင်းထဲ ထည့်ထားလိုက်"

"မေက မယားဖြစ်ပြီး ဘာမှမသုံးရတော့ဘူးလား"

"မဟုတ်ဘူးလေ၊ သမီးပညာရေးနဲ့ သားအတွက် နိုင်ငံခြားသွားပြီး အလုပ်လုပ်မယ့်စရိတ်က လိုသေးတယ်လေ"

"ကိုသက်ရေ သားနဲ့သမီးအတွက်ချည်း လုပ်မနေနဲ့၊ မေ့အတွက် စုဆောင်းမိအောင်လည်း လုပ်ဦး၊ ကိုသက်မရှိရင်....."

ဒေါ်မေယုမော်က သူမ၏ဆန္ဒရှေ့ကိုလွှန်ပြီး စကားမှားသွားမှန်းသိ၍ အလျင်အမြန် ရပ်လိုက်ရ၏။

"ဘယ်လို.....ဘယ်လို၊ ကိုသက်မရှိရင်ဆိုတာ ဘာလဲ"

ဦးသက်မောင်၏ ဒေါသသံက ဖုန်းလိုင်းထဲမှတစ်ဆင့် ဒေါ်မေယုမော်၏နားထဲထိ ရောက်လာသည်။ ကပျာကယာ ဆင်ခြေပေးလိုက်ရ၏။

"ကောင်းပြီ၊ နောက်သုံးရက်မြောက်နေ့မှာ ပြန်လာမယ်၊ ငွေတွေကို ဘဏ်ထဲသွင်းထားလိုက်နော်"

"အင်းပါ၊ ဘယ်အချိန်လဲ"

"ညဘက်ထွက်တဲ့ကားနဲ့ လိုက်ခဲ့မယ်"

ဦးသက်မောင်ဆီက ဖုန်းချလိုက်သည်နှင့် ဒေါ်မေယုမော်က သူမ၏သားကို လှမ်းခေါ်ရင်း မေးလိုက်သည်။

"ဟဲ့သား၊ နင်မနေ့က ခဏဆိုပြီး ယူသွားတဲ့ ငွေကျပ်သိန်း ၂၀၀ ကို ပြန်ပေးတော့၊ နင့်အဖေက ဘဏ်ထဲထည့်ခိုင်းနေတယ်"



"အဲဒါမှ ခက်တာပဲ မေမေ"

"ဘာဖြစ်လို့လဲ"

"ခဏပါလို့ဆိုပြီး ယူသွားတဲ့ သူငယ်ချင်းက ခရီးထွက်နေတယ်"

ထက်အောင်က သူ့မိခင်ကို လိမ်လွှဲပြီး ပြောလိုက်၏။ တကယ်တော့ ဖခင်ထံမှ ပို့လိုက်သော ငွေကျပ်သိန်း



www.burmeseclassic.com

www.burmeseclassic.com



ငါးရာကို သွားထုတ်ယူလာစဉ် အကြွေးရှင်က လမ်းမှဖြတ်၍ သိမ်းသွားခဲ့သည်။

ထိုငွေမှာ လောင်းကစားရာမှ ဆုံးရှုံးသွားသော အကြွေးငွေဖြစ်၏။ အကြွေးမဆပ်လျှင် လူအုပ်စုဖြင့် ရိုက်နှက်မည့်ဟန်ပြခဲ့၍ ကြောက်ကြောက်နှင့် ပေးခဲ့ရခြင်းဖြစ်သည်။

"နေပါဦး၊ နင့်သူငယ်ချင်းက ဘယ်သူလဲ၊ ဘယ်တော့ပြန်လာမှာလဲ"

"အင်းစိန်မှာနေတဲ့ သူငယ်ချင်းပါ၊ အညာမှာ ပဲသွားကောက်တာ၊ ပြန်ရောက်တာနဲ့ အတိုးပါ ပေးမယ်တဲ့"

ပြန်မရနိုင်သောငွေကို မိခင်ဖြစ်သူဘက်မှ ယုံကြည်စေရန် ထက်အောင်က လိမ်ညာပြီးပြောလိုက်၏။

မိခင်ဖြစ်သူက ခင်ပွန်းဖြစ်သူကို အမြဲအနိုင်ယူနေသူဖြစ်၍ ပူပင်စရာမလိုဟု ထက်အောင်က ခပ်လွယ်လွယ်ပင် သဘောထားခဲ့သည်။

ထိုအချိန်၌ပင် ဖခင်ဖြစ်သူ ပြန်လာမည်ဖြစ်ကြောင်း ကြားလိုက်ရ၍ သမီးဖြစ်သူ နှင်းဥက သေချာစေရန် မေးလိုက်၏။

"မေမေ.....ဖေဖေပြန်လာတော့မှာလား"

"ဟုတ်တယ်၊ နောက်သုံးရက်နေရင် ပြန်လာလိမ့်မယ်"

"ဖေဖေပြန်လာရင် သမီးက ကားဝယ်ခိုင်းမလို့"

"အောင်မာ.....ကားက ဘာကိစ္စနဲ့ ဝယ်ချင်တာလဲ"

"သိန်းတစ်ရာဆိုရင် ကားတစ်စီးရနိုင်ပြီလေ၊ သူငယ်ချင်းတွေက ကားနဲ့သွားလာနေကြတာ၊ သမီးက ကားမရှိတော့ သိက္ခာကျတယ်"

"ကားမရှိတာ သိက္ခာကျစရာလား"

"အဲဒီလိုဆိုရင် မေမေ့မှာ ရွှေတစ်ဆင်စာရှိနေပြီပဲ၊ ထပ်ဝယ်စရာလိုသေးလို့လား၊ သမီးတို့အလှည့်ပေးဦးလေ"

"ဟဲ့.....နင့်အဖေရှိရင် ငွေရှိတယ်ဟဲ့"

"အဖေမရှိရင်ကော"

"ကောင်မ.....နိမိတ်မရှိတဲ့ စကားမပြောနဲ့၊ နင့်အဖေမရှိလို့ မဖြစ်ဘူး၊ ငါတို့အတွက် သူအသက်ရှင်ပေးရဦးမယ်"

ဒေါ်မေယုမော်၏ အလွယ်တကူပြောလိုက်သောစကားမှာ သားနှင့်သမီးအတွက် စိုးရိမ်စိတ်များကို ပစ်ပေးလိုက်သလို ဖြစ်သွားခဲ့ရသည်။

ဒေါ်မေယုမော်က သူမ အလွယ်တကူပြောလိုက်သောစကားကဲ့သို့ပင် မည်သည့်အရာကိုမှ အလေးအနက်မထားခဲ့ပေ။ လင်ယောကျ်ား ဦးသက်မောင်သည် သူမအတွက် ဘဏ်တိုက်ကြီးတစ်ခုလို သဘောထားနေခဲ့သည်။

မိသားစုတိုင်းက လင်တစ်ထမ်း၊ မယားတစ်ရွက်ဖြင့် အလုပ်လုပ်နေကြသည်။ သားသမီးများကို မိဘထက် ကျော်လွန်ပြီး ပညာတတ်ဖြစ်စေရန်နှင့် မိဘထက် ပိုမိုချမ်းသာ ပြည့်စုံစေရန် ကြိုးစားနေကြသည်။

ဦးသက်မောင်နှင့် ဒေါ်မေယုမော်၏ အိမ်ထောင်ရေးက ထိုသို့မဟုတ်။

ဦးသက်မောင်က နွားနှစ်ကောင်ရှန်းရသောလှည်းကို နွားတစ်ကောင်တည်းက ထမ်းပိုးတစ်ဖက်မှ မနိုင်မနင်း ရှန်းနေရသလိုဖြစ်နေသည်။

အမှန်တော့ ထိုသို့လည်းပြော၍မဖြစ်။ မည်သို့ပြောရပါ့မည်ဟု ဆိုရမလိုပင်။ ဦးသက်မောင်သည် ဇနီးနှင့် သားသမီးများအပေါ် လွန်စွာ သံယောဇဉ်ကြီးမားသူဖြစ်သည်။

ဇနီးနှင့် သားသမီးအပေါ် အလိုလိုက်လွန်းသူဖြစ်၏။

ဇနီးနှင့်သားသမီးက [illegible]

မပူဆာရပေ။ [illegible]

သား။ ရှိသည်[illegible]

ပြောလေ့မရှိ။ [illegible]

ထားရင်း [illegible]

www.burmeseclassic.com



ရှိသည်။

သူက အစားအစာကို ဖြစ်သလိုစားသည်။

အဝတ်အစားဆိုလျှင်လည်း ကိုဒါဝတ်ဟု အပြောခံရသည်အထိ မော်ကြွားလိုစိတ် မရှိသူဖြစ်သည်။ မိုးရွာတုန်းရေမခံကြသူများမှာ သူ၏မိသားစုများသာဖြစ်သည်။

ဦးသက်မောင်မှာ သူ့မိသားစု၏စိတ်ဓာတ်ကို သိနေသော်လည်း သူက မည်သို့ပြောပြော နာခံသည်မမှု၍ ကံ၊ ကံ၏အကျိုးပေးဟု သဘောထားပြီး သူ့ဘက်က ဝတ္တရားကျေပွန်သည်အထိ ကြိုးစား နေခဲ့သူဖြစ်သည်။

♛♛♛♛♛

"မေမေရေ....."

အိမ်ထဲသို့ အပြေးအလွှား အော်ရင်း ပြေးဝင်လာသော သမီးဖြစ်သူ နှင်းဥကြောင့် ဒေါ်မေယုမော်မှာ စိတ်တိုသွားခဲ့သည်။

ဒေါ်မေယုမော်သည် အပေါင်းအသင်းများနှင့် အိမ်ထဲတွင်အအေးသောက်ရင်း နိုင်ငံခြားဇာတ်လမ်းခွေ ကြည့်နေကြချိန်ဖြစ်သည်။

ဇာတ်လမ်းထဲတွင် စီးဝင်မျောပါနေချိန်ဝယ် သမီးဖြစ်သူ၏ အလန့်တကြားအော်သံကြောင့် ခံစားချက်ပျက်သွားသဖြင့် စိတ်တိုသွားရခြင်းဖြစ်သည်။

"ဒီမှာ မေမေ၊ ဒီနေ့ထုတ် ဂျာနယ်ထဲမှာ နေပြည်တော်က ရန်ကုန်အလာ အဝေးပြေးလမ်းမှာ ခရီးသည်တင်ကားမှောက်လို့တဲ့"

"ကားမှောက်တာများအဆန်းလုပ်လို့"

"မဟုတ်ဘူးလေ မေမေ၊ ဖေဖေပြန်တဲ့ရက်လေ၊ ဒီနေ့မနက် ဖေဖေ ပြန်ရောက်ရမှာမဟုတ်လား၊ ကားမှောက်တယ်ဆိုတော့"

နှင်းဥက ရှေ့ဆက်မပြောနိုင်အောင် ရင်တုန်နေ၍ ဂျာနယ်ကို မိခင်ဖြစ်သူထံ လှမ်းပေးလိုက်၏။ ဒေါ်မေယုမော်က ဂျာနယ်ကိုယူဖတ်ကြည့်သည်။

ခရီးသည်တင်ကားနှင့် အခြားကားတစ်စီးတိုက်မိပြီး တိမ်းမှောက်ခြင်းဖြစ်သည်။ ခရီးသည် (၁၀)ဦး ခန့်သေဆုံး၍ (၁၂)ဦး ဒဏ်ရာရရှိသည်ဟု အတိအကျ ဖော်ပြထားသည်။

ဒေါ်မေယုမော်က ဂျာနယ်ကို ပစ်ချရင်း ခင်ပွန်းဖြစ်သူ၏ လက်ကိုင်ဖုန်းကို ခေါ်လိုက်သည်။ မကြာမီ ဖြေဆိုသံကြားလိုက်ရ၏။ ဦးသက်မောင်၏အသံတော့မဟုတ်ပေ။

"ဘယ်သူလဲရှင့်"

"ကျွန်တော် ဒုရဲမှူး စိုးရှိန်ပါ၊ အမြန်လမ်းရဲစခန်းကပါ"

"ဟုတ်လား၊ကျွန်မယောကျ်ားဖုန်းနဲ့ ဘယ်လိုပတ်သက်ပါသလဲ"

"ကျွန်တော်တို့ ဦးသက်မောင်ရဲ့ဖုန်းနဲ့ ဖုန်းထဲမှာရှိတဲ့ နံပါတ်တွေကို ခေါ်နေခဲ့ပါတယ်၊ အစ်မကြီး အခုခေါ်တဲ့ဖုန်းကို မနေ့ကတည်းက အကြိမ်ကြိမ်ခေါ်ပါတယ်၊ ဖုန်းပိတ်ထားလို့ အဆက်အသွယ်မရတာပါ"

"ဟုတ်လား၊ ကျွန်မ ဖုန်းပိတ်ထားတာ မှန်ပါတယ်၊ ဘာကိစ္စများရှိနေလို့ပါလဲ"

"ဒီလိုပါ၊ မနေ့ကညက ယာဉ်တိုက်မှုဖြစ်ပြီး ကားမှောက်တော့ ခရီးသည် ဦးသက်မောင်ဟာ နေရာမှာတင် ပွဲချင်းပြီး သေဆုံးသွားခဲ့ပါတယ်၊ အလောင်းကို နီးစပ်ရာ တောင်ငူဆေးရုံကို တင်ပို့ထားပါတယ်"

သတင်းစကားက ငှက်ဆိုးထိုးသံလို ဖြစ်သွားသည်။ ဒေါ်မေယုမော်မှာ ဖုန်းသတင်းလက်ခံပြီးသည်နှင့် မူးမေ့လဲကျသွားတော့၏။

မိသားစုနှင့် အပေါင်းအသင်းများက သတိရရှိစေရန် ဝိုင်းဝန်းပြုစုရင်း မေးကြသည်။ ထိုအခါကျမှ အဖြစ်မှန်ကို သိရတော့၏။

သတင်းဆိုးကို ကြားရသည်နှင့် မိသားစုတစ်စုလုံးမှာ တောင်ပြိုကျရာသို့ ပါရှိသွားသလို ခံစားလိုက်ကြရ၏။ သိသာကအပူမီးများ



www.burmeseclassic.com

www.burmeseclassic.com

က မိသားစုတစ်စုလုံးကို ပြာဖြစ်လု နီးပါး လောင်ကျွမ်းခဲ့၏။

နှင်းဥ၏ပညာရေးမှာ လမ်းခရီးတစ်ဝက်၌ ကျိုးပျက်ခဲ့ရလေပြီ။

ထက်အောင်၏ ရည်မှန်းချက်များလည်း ရေထဲမျောပါခဲ့ရလေပြီ။

ဒေါ်မေယုမော်၏ ဘဏ်တိုက်ကြီးသည် မီးလောင်ပြာကျခဲ့လေပြီဖြစ်၍ ရှေ့ခရီးက ကမ်းမမြင်၊ လမ်းမမြင် ဖြစ်ခဲ့ရလေပြီ။

မိသားစုတိုင်း၏ အိမ်ထောင်ရေးဒေါက်တိုင် ကူပံ့မှုမရှိ၍ ပင်မဝန်ထမ်း ဒေါက်တိုင်ဖြစ်သည့် ဦးသက်မောင်ပြိုလဲသည်နှင့် အိမ်ထောင်တစ်ခုလုံး ပြိုကျပျက်စီးသွားခဲ့ရလေပြီဖြစ်၏။

မိသားစုအားလုံး တောင်ငူမြို့သို့ ချက်ချင်းလိုက်သွားကြသည်။

တောင်ငူမြို့ရှိ တာဝန်ရှိအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့များနှင့် တောင်ငူဆေးရုံဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၏ အကူအညီကြောင့် ဦးသက်မောင်၏ အသုဘအခမ်းအနားသည် စည်စည်ကားကား ဖြစ်ခဲ့ရသည်။

ချက်ချင်းပင် တာဝန်ရှိသူများ၏ စီစဉ်မှုဖြင့် သေဆုံးသူဦးသက်မောင်အတွက် လျော်ကြေးငွေကျပ် (၄၅)သိန်းကို ထုတ်ပေးခဲ့သည်။

မြို့ခံလူထု၏ စေတနာမေတ္တာဖြင့် စုပေါင်းလှူဒါန်းငွေကျပ် ငါးသိန်းစီနှင့် ခရီးသည်တင်ယာဉ်လိုင်းမှ ထောက်ပံ့ ပေးသောငွေကျပ် (၁၀)သိန်းကိုလည်းရရှိခဲ့သည်။

တာဝန်ရှိသူများက အခမ်း



အနားဖြင့် လျော်ကြေးအာမခံငွေများကို ပေးအပ်ခဲ့သည်။

"သမီးရယ် မေမေတို့ဘဝတော့ ပျက်ပါပြီ"

"ဟုတ်တယ်၊ ဖေဖေရှိရင် ငွေရှိပေမယ့် ဖေဖေမရှိတော့ ဒီနေ့ရရှိတဲ့ငွေဟာ ဖေဖေကပေးခဲ့တဲ့ နောက်ဆုံးငွေပါပဲ မေမေ"

သားအမိနှစ်ဦး တစ်ဦးကိုတစ်ဦး ဖက်ပြီးငိုကြသည်။

အဖေအသက်ရှိနေစဉ်အတွင်း မိမိ၏ဘဝနောင်ရေးအတွက် ကြိုးစားပြင်ဆင်ခြင်းမရှိခဲ့သော ထက်အောင်မှာ ဝိုးတဝါးအမြင်ဖြင့် ရှေ့သို့မည်သို့ဆက်လျှောက်ရတော့မည်ကို မသိနိုင်အောင်ဖြစ်ခဲ့ရ၏။

လင်ယောကျ်ားကို ထုတ်ကုန်ပစ္စည်းလို သဘောထားပြီး ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် နေခဲ့သည့် ဒေါ်မေယုမော်မှာ ညအမှောင်မဟူရာလမ်းတွင် လမ်းပြအလင်းမဲ့ဘဝဖြင့် ရှေ့တွင်မည်သို့ ဆက်လှမ်းရမည်ကို မသိနိုင်အောင်ရှိနေခဲ့သည်။

ဦးသက်မောင်သာ သေရာမှ အသက်ပြန်ရှင်၍ ပြောနိုင်ခွင့်ရှိ သည်ဆိုပါက မည်သူ့ကို မည်သို့ ပြောရပါ့မလဲဟု စဉ်းစားရခက်ခက်ဖြင့် အသံမထွက်နိုင်အောင် ဖြစ်နေဦး မည ... မှာလည်း အမှန်ပင်ဖြစ်ပါသည်။

မိသားစုတိုင်း အိမ်ထောင့်တာ ဝန်ကျေပွန်ကြမည်ဆိုလျှင် တစ်ဗိုလ်ဆင်း၊ တစ်ဗိုလ်တက် ဆိုသလို လောကဓံတိုက်ပွဲကို အောင်မြင်စွာ တိုက်ခိုက်ရင်း ရှေ့ခရီးကို ဟန်ချက်မပျက် ဆက်လျှောက်နိုင်လိမ့်မည် ဆိုသည်ကို ဒေါ်မေယုမော်မှာ ယခုမှ သတိထားမိခဲ့ရတော့၏။

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





ပန်းယမုံမှ
# သန်းခေါင်ယံငိုသံ

ဆုမွန်ဦး (ဟသာတ)

သည်နေ့နံနက် (၅)နာရီခန့်တွင် ဒေါ်ထားမိ ဈေးရောင်းသွားရန် ပစ္စည်းပစ္စယလေးများကို တောင်းထဲတွင်ထည့်၍ ထွက်လာခဲ့သည်။


ပန်းယမုံစံအိမ်နားသို့ရောက်လာလေသည်။ ပန်းယမုံစံအိမ်ကြီးသည်မြို့စွန်နားတွင်ရှိ၏။

ထိုအခိုက် အမှတ်မထင် မိန်းကလေးတစ်ဦး၏ ငိုရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရ၏။

"အဟင့်ဟင့်.....အမယ်လေး သမီးအဖြစ်ကို ကြည့်လှည့်ပါဦး အဖေအမေတို့ရယ်၊ ဘယ်ဝဋ်ကြွေးတွေ ရှိခဲ့လို့များ ဒီလိုအဖြစ်မျိုးတွေ ကြုံနေရသလဲ၊ ဟီး...ဟီး.....ဟီး"

ငိုသံဆုံးတော့ ဒေါ်ထားမိပန်း ယမုံမှ လှည့်၍ထွက်လာခဲ့သည်။ မိန်းကလေး၏ ငိုသံသည် ဘာကြောင့်နည်းဟူသည့် အတွေးတစ်စသည်လည်း ခေါင်းထဲ တိုးဝင်လာ၏။ ယခင်အချိန်ကာလများကဆိုလျှင် ပန်းယမုံကို နေ့တိုင်းဖြတ်သွားဖြတ်လာလုပ် နေကျဖြစ်သည်။ သို့သော် ထိုငိုညည်းသံမျိုးကို မကြားမိခဲ့၊ သတိလည်းမထားခဲ့မိပေ။

ယနေ့ကျမှ ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင် ကြားလာရသော ထိုငိုညည်းသံကို သံသယဖြစ်လျက်ရှိ၏။ ထိုမှတစ်ဆက်တည်း ပန်းယမုံတွင် ဒေါ်စိမ်းခက်၏ ညီမ မေဖွန်လေးတစ်ယောက် မတွေ့မမြင်ရသည်မှာလည်း ကြာပြီဖြစ်ကြောင်း သတိထားလာမိ၏။



သို့သော် မေဖွန်မှာ ကင်ဆာရောဂါဖြစ်နေ၍ ရန်ကုန်မြို့တွင် သွားရောက်ကုသနေရကြောင်း သတင်းများလည်း ထွက်ပေါ်နေလေသည်။

ဘာပဲဖြစ်ဖြစ် ပန်းယမုံစံအိမ်ကြီးသည် တကယ်တော့ မည်သူနှင့်မျှ အဆက်အစပ်သိပ်မရှိ။ ကိုယ့်ထီးကိုယ်နန်း၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကြွင်းနဲ့ဟူ သောစကားကဲ့သို့ပင် သူ့အကြောင်း တရားနှင့်သူသာ သီးသီးခြားခြားရှိနေ၏။ ပတ်ဝန်းကျင်ဟူသည် ပန်းယမုံနှင့် မသက်ဆိုင်သလို ရပ်ကွက်အတွင်းရှိလူများသည်လည်း ပန်းယမုံနှင့် စိမ်းစိမ်းကားကားရှိနေ၏။

♛♛♛♛♛

သည်နေ့.....

လုထွန်းတစ်ယောက် ရွာထဲသို့ လူပျိုလှည့်သွားရင်း သူငယ်ချင်းများနှင့် ဆုံတွေ့ကာ ကာလသား ဟင်းများ ချက်ပြုတ်စားသောက်ကြ၏။ ထိုမှ သောက်စားမှုများလည်း ပါလာလေသည်။


နာရီကြည့် တော့ ည(၁၀)နာရီ ခန့်ရှိပြီဖြစ်သည်။ ထို့ကြောင့် ရွာထဲ သို့ပြန်လာသည်။

သူငယ်ချင်းများနှင့် သောက်ခဲ့သော အရက်ရှိန်ကြောင့် ရီတီတီထွေတေတေဖြစ် လာ၏။ သူငယ်ချင်း လှမိုးနှင့် အောင်ထွေးတို့က လိုက်ပို့မည်ဟု ပြောကြလေ

သည်။ လုထွန်းက လက်မခံ။ ခြေလှမ်းကို မှန်အောင်ကြိုးစား လှမ်းရင်း ပြန်လာ၏။

ပန်းယမုံစံအိမ်နားသို့ ရောက်လာသည်။ ထိုအခိုက်.....

"အဟီးဟီး.....အမယ်လေး သမီးအဖြစ်ကို ကြည့်လှည့်ပါဦး အဖေအမေတို့ရယ်၊ ဘယ်ဝဋ်ကြွေးတွေရှိလို့များ ဒီလိုအဖြစ်ဆိုးတွေ ကြုံနေရတာလဲ၊ အဟီး...ဟီးဟီး"



ကြားလိုက်ရသော မိန်းကလေးတစ်ယောက်၏ ငိုညည်းသံ ကြောင့် လုထွန်းမှာ မူးနေသော အမူးများ ပြေ၍သွားသည်။ မိမိများ အကြားမှားလေသည်လား ဟု စဉ်း စားလိုက်သည်။ ထိုအခိုက် ငိုရှိုက် သံသဲ့သဲ့က ကွဲကွဲပြားပြား တိုးဝင် လာပြန်လေသည်။

"အလို...သေ....သေချာပါပြီ ဒါ မိန်းကလေးတစ်ယောက်ရဲ့ ငိုသံ စစ်စစ်ပဲ၊ အရင်တုန်းက ဒီလိုငိုသံမျိုး တစ်ခါမှ မကြားမိပါဘူး၊ မဟုတ် မှလွဲရော ငါ့ကိုတစ္ဆေ ခြောက်တာပဲ ဖြစ်ရမယ် အမယ်လေး.....သရဲ ခြောက်တယ်ဗျို၊ သရဲ..... သရဲ"

ငအော်သံ အဆုံး ဖနောင့်နှင့် တင်ပါး တစ် သားတည်း ကျအောင် လုထွန်းတစ်ယောက် ပြေးပါလေ တော့သည်။ နောက်တစ်နေ့မှ စ၍ ပန်းယမုံစံအိမ်ကြီးတွင် သရဲခြောက်သည် ဆို သော သတင်းတစ်ရပ် ကျယ်ကျယ်ပြန့်ပြန့် ပျံ့ သွားရင်း ညနေ နေဝင် ချိန်ကာလများနှင့် ည ကာလများ တွင် င

www.burmeseclassic.com



ပန်းယမုံနားသို့ဖြတ် သွားဖြတ်လာပြုသူများပင် နည်းပါးလာလျက်ရှိတော့၏။

♛♛♛♛♛

တစ်ခုသောနံနက်ခင်းတစ်ခုတွင် မြမောင်ဆိုသောလူတစ်ယောက် ဈေးသို့ကုန်ထမ်း၍သွားပို့လေသည်။

"တုံ.....တုံ.....တုံ"

ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံ သုံးချက်တိတိကြားရ၏။ မြမောင်သည် နေ့စဉ် ရွာတွင်းရှိဈေးလေးထဲသို့ ဈေးခင်းရန်ကုန်များထမ်းပို့ရ၏။ နံနက် ၄ နာရီခန့်တွင်မြမောင်ထွက်လာသည်။ ရွာတွင်းရှိဈေးလေးသည် ပန်းယမုံစံအိမ်ကြီးကို ကျော်ပြီးသွားရသည်။

စံအိမ်ကြီးနားသို့ ရောက်လာသည်။ မီးများက တစ်ခြံလုံးအပြည့်ထိန်နေအောင်ထွန်းထားသည်မို့ကြောက်စိတ်မရှိ။ ထိုမှ ခြံနားသို့ကပ်လာသည်တွင် မိန်းကလေးတစ်ယောက်၏ ဆွေးဆွေးမြည့်မြည့်ငိုရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရတော့သည်။

"ဟင်.....မိန်းကလေးတစ်ယောက်ရဲ့ ငိုသံပါလား၊ ငါမနက်တိုင်းသွားနေကျပါ၊ ဒီခြံကြီးကိုလည်း ဖြတ်နေကျ၊ ဘာတစ်ခုမှမကြားခဲ့ရဘူး၊ ခုမှ ထူးထူးခြားခြားဒီအိမ်ကြီးပေါ်က ငိုသံသဲ့သဲ့ကိုကြားနေရတယ်၊ ရွာထဲမှာလည်း ပြောနေကြတယ်၊ ဒီစံအိမ်ကြီးက သရဲခြောက်တယ်၊ မိန်းမတစ်ယောက်ရဲ့ ငိုသံကို ကြားရတယ်ဆိုတဲ့သတင်းတွေထွက်နေတယ်၊ အခုလည်း ငါကြားရပြန်ပြီ၊ မဖြစ်ဘူး၊ အမြန်လစ်မှ"

♛♛♛♛♛

ပန်းယမုံစံအိမ်တွင် နေထိုင်ကြသူများမှာ ဒေါ်စိမ်းခက်နှင့် ဒေါ်စိမ်းခက်၏ခင်ပွန်း ဦးထက်ရှား၊ ဒေါ်စိမ်းခက်၏ တစ်ဦးတည်းသော ညီမငယ် မေဖွန့်တို့သုံးဦးသာလျှင်ဖြစ်လေသည်။ ဒေါ်စိမ်းခက်နှင့် မေဖွန့်မှာ ဖအေတူမအေကွဲ ညီအစ်မများဖြစ်ကြ၏။

မိဘများမရှိတော့သောအခါ အစ်မကြီး အမိအရာ ဆိုသကဲ့သို့ ပန်းယမုံစံအိမ်ကို ဒေါ်စိမ်းခက်ကပင်ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ထားခဲ့၏။

မေဖွန့်သည် အလှသွေးကြွယ်စ ရွှေရင်သိမ်းသစ် ပျိုမျစ်သည့်အရွယ်ပေမို့ တစ်ခုသောကာလတွင်အာကာဦးဟူသော ချစ်သူရည်းစားတစ်ယောက် ရှိလာလေသည်။ ရည်းစားသက်တမ်း သုံးနှစ်ရှိလာ၏။

**စံအိမ်ကြီးနားသို့ ရောက်လာသည်။ မီးများက တစ်ခြံလုံးအပြည့် ထိန်နေအောင်ထွန်းထားသည်မို့ ကြောက်စိတ်မရှိ။ ထိုမှ ခြံနားသို့ ကပ်လာသည်တွင် မိန်းကလေးတစ်ယောက်၏ ဆွေးဆွေးမြည့်မြည့် ငိုရှိုက်သံသဲ့သဲ့ကို ......**



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် အာကာဦးမှ မေဖွန်နှင့် တွေ့ဆုံလေတိုင်း လက်ထပ်ကြရန် တောင်းဆိုလာလေသည်။

"နေပါဦး အာကာရယ်၊ မေဖွန် အကြံဉာဏ်ထုတ်ပါဦးမယ်၊ မမစိမ်းခက်က မေဖွန့်ကို ငယ်ငယ်လေးကတည်းက စောင့်ရှောက်လာတာမို့ မေဖွန်အိမ်ထောင်ပြုမယ်ဆိုရင် လွယ်လွယ်တော့ ခွင့်ပြုပေးမှာမဟုတ်ဘူး၊ မေဖွန် ပြောကြည့်ပါဦးမယ်ကွယ်"

တစ်နေ့တွင်တော့ မေဖွန်အရဲကိုး၍ မစိမ်းခက်ကို အိမ်ထောင်ပြုမည့်အကြောင်း ပြောကြည့်သည်။ ထင်သလောက်တော့မလွယ်လှ။ စဉ်းစားဦးမည်ဟု ဆိုလေသည်။ မေဖွန်အိမ်ထောင်ပြုမည့်အကြောင်း ဒေါ်စိမ်းခက်က ခင်ပွန်းသည် ဦးထက်ရှားကို ဖောက်သည်ချ၏။ ၎င်းတွင်.....

"ဒီမှာစိမ်းခက် မင်းညီမက အိမ်ထောင်ပြုတော့မယ်ဆိုတော့ တစိမ်းလူဖက်လာပြီ၊ ဒါကြောင့် ပန်းယမုံက အတွင်းပစ္စည်းတွေနဲ့ ပိုင်ဆိုင်မှုတွေကို မင်း သူ့ကို တစ်ဝက်ခွဲပေးရတော့မယ်၊ သူ့ကို မင်း အိမ်ထောင်ပြုဖို့ကိစ္စ မလိုက်လျောပေးနဲ့"

"ဒီလိုတော့ တစ်ဖက်သတ် မပြောပါနဲ့ ဦးထက်ရှားရယ်၊ သူလည်း သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်



လေ၊ အိမ်ထောင်ပြုရမယ့်အရွယ်ရောက်နေပြီပဲ၊ ပြုခွင့်ပေးရမှာပေါ့၊ ကျွန်မမှာ ဒီညီမလေးတစ်ယောက်ပဲရှိတာလေ"

"အမယ် အခုမှနာမနေပါနဲ့ စိမ်းခက်ရယ်၊ နင့်ညီမဆိုပေမယ့် အရင်းတွေမဟုတ်ပါဘူး"

ထိုမှ လွန်ခဲ့သော သုံးလလောက်က ဦးထက်ရှားတစ်ယောက် ဂျင်ကစားရင်း ကြွေးများတင်လေသည်။ သိန်းရာကျော်ခန့်ရှိ၏။ ထိုကိစ္စများသည် ဒေါ်စိမ်းခက်၏ ခေါင်းပေါ်တွင်သာပုံလျက်ရှိ၏။ မပေး၍လည်းမဖြစ်၊ တရားဥပဒေနှင့် ငြိစွန်းနေသော လောင်းကစားကိစ္စတစ်ခုမို့လည်း ဒေါ်စိမ်းခက် တစ်နည်းနည်းဖြင့်တော့ ဖြေရှင်းပေးရမည်သာဖြစ်လေသည်။

ထို့ကြောင့် ကိုယ်မှာမချိ၊ အမိသော်လည်း သားတော်ခဲဆိုသော စကားပမာနှင့်အညီ နောက်ဆုံးတွင် မေဖွန်အား ပန်းယမုံ၏ ပိုင်ဆိုင်မှုတစ်ဝက်ကို ခွဲဝေမပေးလို၍ ဦးထက်ရှားပြောသည့် အစီအစဉ်အတိုင်း နည်းလမ်းများရှာဖွေလေတော့သည်။

တစ်နေ့တွင် မေဖွန်တစ်ယောက် ကင်ဆာရောဂါဖြစ်နေ၍



www.burmeseclassic.com

www.burmeseclassic.com



ဆေးကုသရန် ရန်ကုန်မြို့ရှိ အစ်မဝမ်းကွဲများထံသို့ သွားပို့ရမည်ဟူသောသတင်းများ ပတ်ဝန်းကျင်တွင်လွှင့်ကာ လူသူအားလုံး မြင်သာသောနေ့တစ်နေ့တွင် ကားတစ်စီးဖြင့် ခေါ်ဆောင်သွားတော့၏။

ထိုနေ့နောက်ပိုင်းမှစ၍ ညစဉ်ညတိုင်း တစ်ခါတစ်ရံ ညဉ့်လယ်သန်းခေါင်ယံကာလများတွင် ပန်းယမုံစံအိမ်ကြီးမှ မိန်းကလေးတစ်ယောက်၏ ငိုသံသဲ့သဲ့ကို ဖြတ်သွားဖြတ်လာသူများ တစ်စွန်းတစ်စကြားနေရ၏။ မေဖွန်၏ချစ်သူ အာကာဦးမှာလည်း မေဖွန်နှင့်လက်ထပ်ရန်ကိစ္စ ဆွေးနွေးတိုင်ပင်ပြီးသည့်ကာလရက်များကပင် မေဖွန်တစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားသည်ကို ဘဝင်မကျဖြစ်၍နေလေသည်။

တစ်ခါတစ်ရံ
ညဉ့်လယ်သန်းခေါင်ယံ
ကာလများတွင်
ပန်းယမုံစံအိမ်ကြီးမှ
မိန်းကလေးတစ်ယောက်၏
ငိုသံသဲ့သဲ့ကို ဖြတ်သွား
ဖြတ်လာသူများ
တစ်စွန်းတစ်စ ကြားနေရ၏။
မေဖွန်၏ချစ်သူ
အာကာဦးမှာလည်း
မေဖွန်နှင့်လက် ထပ်ရန်ကိစ္စ
ဆွေးနွေးတိုင်ပင်ပြီး
သည့်ကာလရက်များကပင်
မေဖွန် တစ်ယောက် ....

မေဖွန့်အား နည်းအမျိုးမျိုးဖြင့် ဆက်သွယ်ကြည့်၏။ မရ။ နောက်ဆုံး အရဲစွန့်ကာ မေဖွန်နေသော ပန်းယမုံသို့ထိတိုင် ရောက်လာရင်း မေဖွန်၏အစ်မဖြစ်သူ ဒေါ်စိမ်းခက်နှင့်တွေ့ဆုံ၍ မေးမြန်းတော့သည်။

"ဒေါ်စိမ်းခက်.....မေဖွန်ရှိလား၊ မေဖွန့်ကို ကျွန်တော်ဆက်သွယ်တာ လုံးဝမရလို့ ခု ပန်းယမုံအထိ လိုက်လာခဲ့တာပါ"

"ညီမလေးက ကင်ဆာရောဂါခံစားနေရတယ် မောင်အာကာ၊ မင်းဆီကိုလည်း အစ်မတို့ ဆက်သွယ်ဖို့အချိန်မရဘူး၊ ခုတော့ ညီမလေးကို ဆေးကုဖို့ ရန်ကုန်က သူ့အစ်မဝမ်းကွဲတွေဆီမှာ ပို့ထားပါတယ်"

"ဒါဆို ကျွန်တော့်ကို ဖုန်းနံပါတ်နဲ့ လိပ်စာပေးပါလား ဒေါ်စိမ်းခက်ရယ်"

"အိုကွာ...ခုတော့ မပေးနိုင်သေးဘူး၊ ညီမလေးကျန်းမာရေးက သိပ်အရေးကြီးတာမို့ တခြားကိစ္စတွေ မစဉ်းစားနိုင်သေးဘူး၊ အကြောင်းထူးရှိရင် မင်းဆီကို ဆက်သွယ်လိုက်ပါ့မယ်"

မတတ်သာ၍ ပြန်လာခဲ့ရသော်လည်း အာကာတစ်ယောက် ဒေါ်စိမ်းခက်၏ အခြေအမြစ်မခိုင်လုံသော စကားများကို သံသယဝင်လာသည်။

ထို့ကြောင့် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မေဖွန့်အကြောင်း စုံစမ်းမည်ဟု ဆုံးဖြတ်လိုက်၏။

♛♛♛♛♛

တစ်နေ့ ဦးထက်ရှားက ဒေါ်စိမ်းခက်အား မေဖွန်အား ပန်းယမုံမှ တခြားသို့ ပြောင်းရွှေ့ပို့ရန်၊ ထိုသို့မဟုတ်ပါက ကိစ္စပျောက်ရှင်းပစ်ရန် ပြောဆိုလာ၏။

"ဒီမှာ စိမ်းခက်၊ မင်း မေဖွန့်ကို ဒီအတိုင်းထားတော့မှာလား တခြားတစ်နေရာ ပို့ချင်လည်းပို့ ဒါမှမဟုတ် ကိစ္စပျောက်သာ ရှင်းပစ်လိုက်တော့၊ ဒီအတိုင်းထားထားရင်တော့ တစ်နေ့မဟုတ်တစ်နေ့ ငါတို့အကြောင်းတွေ ပေါ်ကုန်မှ



www.burmeseclassic.com

www.burmeseclassic.com



မယ်''

''ရှင်ဘာစကားပြောတာလဲ ဦးထက်ရှား၊ ကျွန်မညီမလေးကို ရှင်းပစ်လိုက် ဟုတ်လား၊ ရှင်တော်တော်ရက်စက်တဲ့လူပဲရှင်၊ ကျွန်မညီမလေးကို ဒီလောက်ချုပ်နှောင်ထားရတာကိုပဲ ကျွန်မ သနားလှပြီ၊ ဒီ့ထက်ပိုပြီး ကျွန်မ မလုပ်နိုင်ဘူး၊ ဒါပဲ''

''အေး.....ရတယ်လေ၊ ငါ့စကားနားမထောင်လည်းနေပေါ့၊ တစ်နေ့ ကြိုးစင်တက်ရရင် ငါကယောက်ျားကွ၊ သတ္တိရှိတယ်၊ မင်းသာ ဒုက္ခတွေ့မှာ၊ မြဲမြဲမှတ်ထား ဒေါ်စိမ်းခက်''

ထိုကဲ့သို့ ဦးထက်ရှားနှင့် ဒေါ်စိမ်းခက်တို့ အချေအတင် စကားများ ရန်ဖြစ်သည်များကိုတော့ အိမ်ချင်းကပ်လျက်ရှိသည့် ဒေါ်သီတာမိုးက ကြားသိခဲ့ရလေသည်။ သို့သော် ဒေါ်သီတာမိုးသည်လည်း ခပ်အေးအေးနေလို၍တစ်ကြောင်း၊ ကိုယ့်အား အမှုပတ်လာမည်စိုး၍ တစ်ကြောင်းများကြောင့် မသိဟန်ဆောင်ကာ နေမြဲအတိုင်းသာနေလေသည်။

ပန်းယမုံစံအိမ်ကြီးဆီမှတော့ ထုံးစံအတိုင်း တစ်ခါတစ်ရံ ငိုယိုသံများ၊ ဆဲဆိုကြိမ်းမောင်းသံများ၊ လှိုက်လှိုက်ငင်ငင် ငိုသံများက ညတစ်ည၏ တေးသွားတစ်ခုနှယ်သို့ မလှမပ ကြားနေမြဲရယ်သာဖြစ်လေတော့သည်။

♛♛♛♛♛

ယနေ့ အာကာဦးတစ်ယောက် လက်ဖက်ရည်ဆိုင်တွင်ထိုင်ရင်း မေဖွန်အကြောင်း စဉ်းစားလျက်ရှိလေသည်။ သူ၏ဘေးနားတွင်တော့ လက်ဖက်ရည်ဝိုင်းတစ်ခုမှ လူငယ်သုံးယောက်က ပန်းယမုံစံအိမ်ကြီး၏ သတင်းကြီးနေသော သန်းခေါင်ယံငိုသံအကြောင်း ပြောဆိုလျက်ရှိကြလေသည်။

''အရင်တုန်းက ဒီလိုမျိုးတွေ တစ်ခါမှ မကြားဖူးပါဘူးကွာ''

''မကြားဖူးဘူးလုပ်မနေနဲ့ ကိုယ့်လူ၊ ငါကိုယ်တိုင်ကြုံခဲ့ရတာ၊ ဝေဒနာတစ်ခုခုကို ခံစားနေရတဲ့ မိန်းကလေးတစ်ယောက်ရဲ့အသံ အစစ်မှ အစစ်ပဲကွ''

''အင်း..ငါ့အထင်တော့ ပန်းယမုံမှာ ပြဿနာတစ်ခုခုတော့ ရှိနေနိုင်တယ်၊ သြော်.....ဒါနဲ့ ဒေါ်စိမ်းခက်ရဲ့ညီမ မေဖွန်လေးတောင် မတွေ့တာ တစ်နှစ်လောက်ရှိနေပြီနော်''

''အို....မေဖွန်လေးက ကင်ဆာရောဂါဖြစ်နေလို့ ရန်ကုန်မြို့က သူ့ဆွေမျိုးသားချင်းတွေဆီ ဆေးသွားကုနေတယ်လေ''

''အိုကွာ.....အရည်မရ၊ အဖတ်မရနဲ့ သူများကိစ္စတွေ စိတ်မဝင်စားပါနဲ့၊ ကိုယ့်ကိစ္စသာကိုယ်ပြောကြ''

ထိုစကားများအားလုံးကိုတော့ အာကာဦးတစ်ယောက် မကြားချင်လည်း ကြားနေရလေသည်။

''ဟုတ်တယ်၊ ဟိုလူပြောသလို မေဖွန်ပျောက်နေတာဟာ သွေးရိုးသားရိုး မဖြစ်နိုင်ဘူး၊ ပန်းယမုံမှာ လျှို့ဝှက်ချက်တစ်ခုတော့ ရှိကိုရှိရမယ်''

နေ့တစ်နေ့မှာတော့ အာကာဦးတစ်ယောက် ပန်းယမုံစံအိမ်ကြီးနှင့်ကပ်လျက်ရှိနေသော ဒေါ်သီတာမိုးတို့အိမ်သို့ ရောက်ရှိသွားတော့သည်။

''ဒေါ်သီတာမိုးဆိုတာ အန်တီ လားဟင်''

''ဟုတ်ကဲ့၊ ကျွန်မက ဒေါ်သီတာမိုးပါပဲ၊ ဘာကိစ္စရှိလို့လဲ''

''ဒီလိုပါ အန်တီ၊ ပန်းယမုံက မေဖွန်လေးဟာ ကျွန်တော့်ရဲ့ ချစ်သူပါခင်ဗျာ၊ မကြာခင် သူနဲ့ ကျွန်တော် လက်ထပ်ဖို့လည်း ဆုံးဖြတ်ထားကြ ပြီးသားပါ၊ ဒါပေမဲ့ မေဖွန်တစ် ယောက် ခုပျောက်နေတယ်၊ ကင်ဆာရောဂါဖြစ်လို့ ရန်ကုန်ကိုဆေးသွားကုနေတယ်လို့ သူ့အစ်မကြီး ဒေါ်စိမ်းခက်က ပြောပါတယ်၊ ဒါ

www.burmeseclassic.com

ပေမဲ့ ကျွန်တော် သူ့စကားကို မယုံဘူး၊ ဒါကြောင့် အန်တီ ကျွန်တော့်ကို သနားကူညီတဲ့ အနေနဲ့ ပန်းယမုံရဲ့အကြောင်း သိသလောက် ပြောပြပေး ပါလား၊ အန်တီဘာမှ မဖြစ်စေ ရပါဘူး၊ ကျွန်တော်တာဝန် ယူပါတယ်”



အာကာဦး၏စကားအဆုံး တွင် ဒေါ်သီတာမိုးက ချင့်ချင့် ချိန်ချိန်စဉ်း စားရင်း

“အင်း…ခက်တော့ခက် တယ် ငါ့တူရယ်၊ သူတို့ပန်းယမုံ စံအိမ်ကြီးမှာ ပြဿနာတစ်ခုခု တော့ရှိကြလိမ့်မယ်လို့ အန်တီ ထင်တယ်၊ မပြောသင့်ဘူး လို့ဆိုပေမယ့် မင်းကို မြင်ရတော့ လည်း အန်တီသနားတယ်၊ မေဖွန့် လေးဟာ အန်တီအထင်တော့ ဒီပန်းယမုံစံအိမ်ကြီးထဲမှာ အခြေ အနေတစ်မျိုးနဲ့ ရှိနေတယ်ဆိုတာ အန်တီသိနေတယ်၊ ညည ငိုတဲ့ အသံဟာလည်း မေဖွန့်လေးရဲ့ ငိုသံပါပဲကွယ်”

ဟိုတလောက ဒေါ်စိမ်းခက် နှင့် ဦးထက်ရှားတို့ မေဖွန့်နှင့်ပတ် သက်၍ ရန်ဖြစ်ပြောဆိုကြသော စကားများကို ဒေါ်သီတာမိုးက အာကာဦးအား ပြောပြလိုက်၏။

“ဟင်…..ဒါ…..ဒါဆို မေဖွန့် ကို သူတို့ တစ်ခုခုလုပ်ဖို့ ချုပ်နှောင် ထားတာဖြစ်နိုင်တယ် အန်တီ၊ အို…..မဖြစ်ဘူး၊ အမြန်ဆုံးကယ် တင်မှဖြစ်မယ်”

အာကာဦး၏ သတင်း ပေးတိုင်ကြားမှုဖြင့် ရဲတပ်ဖွဲ့ဝင် များက ပန်းယမုံစံအိမ်သို့ ဝင် ရောက်ရှာဖွေခဲ့ကြသည်။ ထင် သည့်အတိုင်းပင် မေဖွန့်အား အခန်းလွတ်တစ်ခုတွင် ပိတ်၍ ချုပ်နှောင်ထားသည်ကို တွေ့ရ၏။

ဒေါ်စိမ်းခက်နှင့် ဦးထက်ရှား တို့အား စစ်ဆေးမေးမြန်းသည့်အခါ တွင် မေဖွန့်က အိမ်ထောင်ပြုမည် ဆိုခဲ့၍ မေဖွန့်အိမ်ထောင်ပြုလျှင် ပန်းယမုံ၏ ပိုင်ဆိုင်မှုတစ်ဝက်ကို ခွဲဝေပေးရမည်ဖြစ်သောကြောင့် ဤ ကဲ့သို့ပြုလုပ်ခဲ့ခြင်းဖြစ် ကြောင်း၊ မေဖွန့် စိတ်ဆင်းရဲ၍ ကိုယ်ဆင်းရဲဖြစ်ကာ သေစေ ရန် ကြံရွယ်ခဲ့ကြကြောင်း ဝန်ခံ ထွက်ဆိုခဲ့ကြသည်။

တာဝန်ရှိ ရဲအရာရှိ တစ်ဦးက ဒေါ်စိမ်းခက်နှင့် ဦးထက်ရှားအား အမှုဖြင့်ဖမ်း ဆီးလိုက်၏။ အာကာဦး မေဖွန့် ဆီသို့ပြေးသွား၍ လက် ကလေးကို နွေးထွေးစွာ ဆုပ်ကိုင်လိုက်၏။


“မေဖွန့် ဘာမှမဖြစ် ဘူးနော်၊ ဖြစ်မှဖြစ်ရလေ မေဖွန့်ရယ်”

“ဒါပေါ့ အာကာရယ်၊ အတိတ်ဘဝက ဘယ်လိုဝဋ်ကြွေး တွေရှိခဲ့လို့လဲမှ မသိတာ၊ ခုပြန်ပြီး ပေးဆပ်ရတာပဲလေ”

မောဟမှန်တိုင်းတစ်ခု ကင်း စင်သွားသော ပန်းယမုံစံအိမ်ကြီး သည် ယခုတော့ အာကာဦးနှင့် မေဖွန့်တို့အတွက် သောကကင်း သော ချစ်ရိပ်မြုံလေးတစ်ခုအဖြစ် ဆီးကြို နေမည်ရယ်သာဖြစ်တော့ သည်။

**ဆုမွန်ဦး (ဟသာတ)**

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# ခရမ်းပြာမင်းသမီးလေး



ခင်ဦး (ပုတီးကုန်း)

**ဆောင်း၏ထွတ်တင် လသခင် ပြာသိုပင်တည်း။ .**

ကျွဲချိုဖျား ဆတ်ဆတ်ခါဟု ချမ်းအေးမှု ပြင်းထန်လွန်း၍ ပုံပမာပြုကာ ပြောဆိုကြသည်။ ညနေချိန် ဆည်းဆာအတွင်း မြူမင်းတို့ကား နှင်းထအကြား တိုးဝင်ဖြန့်ကြက်ကျလာပြန်သည်။ အေးစိမ့်မှုက ဆင့်ကဲဖြစ်လာပြန်သည်။ လမ်းဘေးဝဲယာရှိ ရိုးငယ်လေးအတွင်း နောက်ကျိကျိရေတို့ကား ပျင်းတွဲ့စွာ စီးဆင်းနေသည်။ ထိုဘေး ကမ်းမြေမို့မို့လေး၌ ဆီးချုံပုတ်နှင့် စက္ကူပန်းတို့ ရောထွေးနေသည်။ ငှက်မောင်နှံတစ်စုံကား နှင်းတို့ဒဏ်ကို ကာကွယ်ရန် တစ်ကောင်နှင့်တစ်ကောင် ပူးကပ်နေကြသည်။

ငွေနှင်းဖြိုးဖြိုး၊ ချမ်းစိမ့်တိုးလျှက်၊ ရွှေချိုးလင်းပြာ၊ ဟသံအာလျှက် ဟူသကဲ့သို့ ဆောင်းရာသီ မိုးချုပ်စကာလကို လှစ်ပြနေပြန်သည်။ ဗင်ကားအဖြူလေးတစ်စီးမှာ ကားလမ်းပေါ်၌ ဖြောင့်ဖြူးစွာ ပြေးလျှက်ရှိသည်။ ကားပေါ်မှ ရုပ်ရည်ချောမော ပြေပြစ်လှသည့် လူငယ်လေး 'မင်းထက်မောင်'မှာ ဒေးဒရဲမှတစ်ဆင့် ရန်ကုန်သို့ ဦးတည်မောင်းနေခြင်းဖြစ်သည်။



စိတ်ထားနူးညံ့သိမ်မွေ့ခြင်းလက္ခဏာသည် သူ၏မျက်နှာလေးပေါ်၌ ပေါ်လွင်နေသည်။ ကားကိုသာ အာရုံစိုက်မောင်းလာရင်း ဒေးဒရဲတံတားကြီးကို ကျော်ဖြတ်လိုက်သည်။

"ဟား.....လှလိုက်တဲ့တံတားကြီး၊ ဒေးဒရဲရဲ့ ဝန်းကျင်အလှကို ပိုမိုတင့်တယ်စေပါလား"

စိတ်အတွင်းမှ ချီးကျူးဂုဏ်ပြုမိရင်း တံတားအမြင့်ကုန်းလေးမှ ဖြည်းညင်းစွာ ဆင်းသက်လိုက်သည်။ မကြာမီ ကော့မှူးမြို့တွင်းသို့ဝင်ရန် နီးကပ်လာပြီဖြစ်သည်။

မြို့အဝင်မရောက်မီ ကားလမ်းဘေး၌ စီတန်းညီညာစွာပေါက်နေသော ထန်းပင်တို့မှာ ကားလမ်းကို အုပ်မိုးထားဘိသည့်အလား ကိုင်းကွေးညွတ်လျှက် ပန်းပြီဆန်



www.burmeseclassic.com

www.burmeseclassic.com



ဆန်ပေါက်ရောက်နေမှုက ပဿာဒ ရှိလှသည်။ မှိုင်းပျပျ မိုးကုပ်စက်ဝိုင်းအောက်မှ ကားလမ်းလေးအလှမှာ ပန်းချီကားချပ်လေးတစ်ခု သဖွယ်ချစ်စရာကောင်းလှသည်။

"လှလိုက်တဲ့နေရာလေး၊ နေချင်စရာပဲ"

ထိုသို့ပင် မင်းထက်မောင်၏ ရင်ထဲ၌ ခံစားလိုက်မိသည်။ ယင်းနောက် ဆိုင်းဘုတ်ကလေးတစ်ခုကို သဲသဲကွဲကွဲ ဖတ်မိလိုက်သည်။

"တော်ခရမ်းလေးရွာ"တဲ့။

အမည်လေးမှာ ဆန်းလွန်း၍ ရွာနှင့်ပင် မလိုက်ဖက်ချေ။ အိမ်ခြေ အနည်းအကျဉ်းသာတွေ့ရသည့် ရွာငယ်လေးဖြစ်သည်။

သို့သော် ရှေးခေတ်ဟောင်းမှ ကဗျာဆန်ဆန်နာမည်လေးမို့ စိတ်ထဲ၌ အမှတ်တရရှိစေရန် မှတ်ထားလိုက်သည်။

"ကျွီ....."

"ဟင်....."

ကားက ကျွီခနဲရပ်လိုက်စဉ် ယာဉ်မောင်းသူမှာ မိုက်ခနဲဖြစ်သွားပြီး စတီယာရင်ကိုကိုင်ရင်း ရှေ့သို့ ငေးကြည့်နေမိသည်။

ကားလမ်းပေါ်၌ ခရမ်းပြာမင်းသမီးလေးတစ်ပါး လျှောက်လှမ်းလာသည်ကို နှင်းထုအကြား ဝေဝေဝါးဝါး မြင်လိုက်သည်။ ယင်းနောက် ထိုမိန်းကလေးမှာ ကားရှေ့တည့်

> ခရမ်းရင့်ရောင်ဝမ်းဆက်အတွင်း
> ဖြူဝင်းသော
> အသားလေးနှင့် မျက်နှာသွယ်လျလျ၊
> နှာခေါင်းချွန်ချွန်မိန်းကလေး၏ မျက်ဝန်းလေးသည်
> သောက်ရှူးကြွယ်ညီ နှောင်အလား......

တည့်တွင် ရပ်လိုက်ပြီး အပြုံးလှလှလေးတစ်ခုဖန်ဆင်းရင်း.....

"မောင်....."

ရုတ်တရက် ခေါ်လိုက်သံကြောင့် မင်းထက်မောင်မှာ အံ့ဩတုန်လှုပ်သွားသည်။ ယင်းကဲ့သို့ 'မောင်'ဟုခေါ်သံအတွင်း လွမ်းဆွေးကြေကွဲမှု၊ ဝမ်းသာလှိုက်လှဲမှုတို့ ရောထွေးနေသည်။

"မင်း.....မင်း ဘယ်သူလဲ"

ခရမ်းရင့်ရောင်ဝမ်းဆက်အတွင်း ဖြူဝင်းသော အသားလေးနှင့် မျက်နှာသွယ်လျလျ၊ နှာခေါင်းချွန်ချွန်မိန်းကလေး၏ မျက်ဝန်းလေးသည် သောက်ရှူးကြွယ်ညီ နှောင်အလား ဝင်းလက်တောက်ပနေသည်။

သို့သော် အလွမ်းတိမ်ရိပ်တို့ ဖြတ်သန်းနေသည်။ ခရမ်းပြာပဝါလေးကို လည်မှာရစ်သိုင်းထား၍ လေဝေ့တိုင်း တလွင့်လွင့်နှင့် လှ

လွန်းသောမိန်းကလေးကိုကြည့်ရင်း အံ့ဩမှင်တက်နေမိရှာသည်။

"သိချင်ရင် ကားပေါ်ကဆင်း မှပေါ့"

ညင်သာသောအသံလေးဖြင့် လက်ကလေးကမ်းပေးသည်။ မင်းထက်မောင်မှာ ဖြည်းညင်းစွာကား ပေါ်မှဆင်းလိုက်သော်လည်း သူ့ မျက်ဝန်းများက မိန်းကလေးဆီ တစ်ပါး မည်သို့ညှို့နေရာကိုမျှမ ပေ။

"မောင်....မောင်တော်ရယ် မြို့တော်ကိုပြန်ပြီး မင်းတရား အစီရင်ခံတင်ပြဖို့ သွားရမယ် ပြောပြီး ထွက်သွားလိုက်တာ ကြာ ပါပြီကောရှင်၊ အခုမှ ပြန်လာ သလားရှင်"

"မင်း.....မင်း ဘာတွေပြော နေတာလဲ"

"အို.....ရှင်မမှတ်မိလေ သလား၊ ဟန်ဆောင်နေတာများ



www.burmeseclassic.com

www.burmeseclassic.com



လားရှင်၊ ခရမ်းမှာ ဘာအပြစ်မှမရှိဘဲ ရှောင်ပုန်းရက်တယ်ရှင်ရယ်''

မိန်းမလှလေးမှာ ပြောရင်း ရစ်ဝဲလာသော မျက်ရည်စကို ပဝါလေးနှင့် သုတ်လိုက်သည်။

''နေ့တိုင်း မောင့်ရဲ့အပြန်လမ်းကိုမျှော်ပြီး ဒီနေရာဖြစ်တဲ့ ထန်းတောလေးထဲမှာ စောင့်နေတာကြာခဲ့ပါပြီရှင်''

''မင်း.....မင်း ဘာတွေပြောနေတာလဲ၊ ငါမသိဘူး၊ မင်းကိုလည်း ငါမသိဘူး''

''မောင်က မေ့ရက်လေပြီကိုး၊ သက္ကရာဇ် ၁၁၁၃ ခုနှစ်မှာလေ၊ အလောင်းမင်းတရားကြီးက ဒဂုံမြို့ကိုတည်ပြီး ဒလကိုရတော့ ဒလမြို့လေးမှာ အစောင့်တပ်မှူးလေးအဖြစ် မောင်က တာဝန်ထမ်းခဲ့ချိန်လေ မောင်ရဲ့''

''ဗျာ.....''

''အဲဒီအချိန်မှာ ကော့မှူး၊ ကွမ်းခြံကုန်းကတစ်ဆင့် ဒေးဒရဲကို မောင်ရောက်တော့ ဟောဒီ တော်ခရမ်းလေးရွာမှာ မောင်စတည်းချလေ့ရှိတယ်လေ၊ ခရမ်းတို့ရဲ့ ရွာလူကြီးအိမ်မှာ စားသောက်ပြီးမှ ဒေး ဒရဲကို ကူးလေ့ရှိတယ်လေ၊ ညနေ ဆည်းဆာ ဒီလိုအချိန်လေးမှာ မြင်းညိုလေးစီးပြီး ဒီထန်းတောကဖြတ် ပြန်တိုင်းခရမ်းက လိုက်ပို့နေကျပဲ မောင်ရဲ့''

မင်းထက်မောင်မှာ ပါးစပ်အဟောင်းသားနှင့် နားထောင်နေရှာသည်။



♛♛♛♛♛

''မောင်.....''

''ဗျာ.....''

မင်းထက်မောင်မှာ ရုတ်တရက် ယောင်၍ထူးမိလိုက်သည်။ သူ့ကိုယ်မှာ တုန်လှုပ်မိသွားသည်။

''မောင်ရယ် အဲဒီအချိန်က ဝန်းကျင်ကြီးတစ်ခုလုံးကို မောင့်ရဲ့အချစ်တွေ၊ ခရမ်းရဲ့အချစ်တွေနဲ့ ပေါင်းစပ်လွှမ်းခြုံထားခဲ့တော့ စိမ်းလန်းစိုပြည်နေတဲ့ သစ်ပင်ပန်းပင်တွေ၊ ရေစီးရေလာမြောင်းလေးတွေ၊ ရိုးချောင်းလေးတွေက ရှင်သန်မြူးကြွပြီး လှနေကြတယ်လေ၊ မောင့်အချစ်၊ မောင့်နှလုံးသားတွေ ခရမ်းဆီမှာ လုံးဝပုံအပ်ခဲ့ပြီးပြီမို့ ခရမ်းဘဝကြီးတစ်ခုလုံး မောင်နဲ့ လျှောက်လှမ်းရတော့မယ်လို့ လုံးဝယုံကြည်ခဲ့တယ်လေ''

''နေ.....နေပါဦး၊ မင်းပြောနေတဲ့ ခရမ်းဆိုတာ မင်းအမည်၊ ဒလတပ်မှူးလေးက ကိုယ်ရယ်လို့ ပြောတာလား၊ အဲဒီတပ်မှူးလေးရဲ့ အမည်ကရော.....''

မင်းထက်မောင်က အသံမာမာနှင့် ပြန်မေးလိုက်သည်။

''မောင်ရယ် မောင်ကဒလ တပ်မှူးလေး သီဟမင်းခေါင်လေ မောင်ရဲ့၊ ခရမ်းက ရွာက အလှ



www.burmeseclassic.com

www.burmeseclassic.com



မယ်လေးဆိုပြီး ခရမ်းရဲ့ဘဝနဲ့ နှလုံး သားကို ဆွတ်ချူခဲ့တဲ့ ရက်စက် လွန်းသူမောင်လေ"

ခရမ်းမှာ ငိုသံရော၊ ဒေါသသံ လေးပါ ရောထွေးလျက် ငိုရှိုက်ကာ ပြေးဝင်ပြီး မင်းထက်မောင်၏ရင်ခွင်တွင်း ခိုဝင်ကာ ငိုရှိုက်နေသည်။

မင်းထက်မောင်မှာ အချစ် ဝေဒနာကို နာကြည်းစွာခံစားနေရသူ မိန်းကလေးဟု ထင်မှတ်ပြီး မိန်းမငယ်လေးအား သနားကြင်နာမိသည်။



ယင်းနောက် နွေးထွေးအိစက် ညက်ညောလှသည့် မိန်းမလှလေး၏ မျက်နှာလေးအား သူ၏လက်ဖဝါးနှစ်ဖက်ဖြင့် ယုယကြင်နာစွာ ဆုပ်ကိုင်ရင်း ခေါင်းလေးကို မော့စေလိုက်သည်။ ထိုစဉ်မှာပင်.....

"အား....."

မင်းထက်မောင်၏ အားဟု အော်သံကြီးမှာ ဘေးပတ်ဝန်းကျင် တစ်ခုလုံးတွင် ကြောက်မက်ဖွယ် အသံကြီးအဖြစ်ဖြင့် ဟိန်းသွားလေသည်။

♛♛♛♛♛

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ အရေးပေါ်ဌာနအတွင်း ယာဉ်မတော်တဆဖြစ်ပွားသောအမှုကို စစ်ဆေးရန် အမှုစစ်အရာရှိတစ်ဦးနှင့် အပိုင်ရဲစခန်းမှ အမှုစစ်အရာရှိတစ်ဦးတို့က လေ့လာဆွေးနွေးရင်း ပြင်ဆင်မှုများကို ပြုလုပ်နေခဲ့၏။

လူနာ မင်းထက်မောင်မှာ ခေါင်း၌ပတ်တီးစည်းလျက် ချိုင်းအောက်မှ နံရိုးများကျိုးထား၍ ပတ်တီး စည်းလျက်အနေအထားနှင့် ဆေးဝါးကုသမှုကို ခံယူနေရဆဲဖြစ်သည်။

နေ့လယ်ခန့်တွင် ကောင်းစွာ သတိရလာပြီဖြစ်၍ မိဘများနှင့်ပင် စကားပြောနေနိုင်ပြီဖြစ်သည်။

ထိုအချိန် အမှုစစ်အရာရှိ ဒုရဲအုပ် မျိုးခိုင်က ပြုံးရွှင်စွာဝင်လာပြီး မင်းထက်မောင်အား နှုတ်ဆက်လိုက်သည်။

"ညီလေး ကောင်းကောင်း သတိရလာပြီနော်"

"ဟုတ်ကဲ့ အစ်ကို"

"ညီလေးစဖြစ်တဲ့အချိန်ကိုများ မှတ်မိတာလေး ပြောပြလို့ရမလား"

"ဟုတ်ကဲ့၊ နှင်းထုတွေဝေဝါးနေတဲ့အချိန် ကားရှေ့က အမျိုးသမီးတစ်ယောက် တည့်တည့်ကြီး လာနေတာနဲ့ ကားကိုရှောင်မယ် အလုပ်.....ဟာ.....သိပ်မမှတ်မိတော့ဘူးဗျ၊ ကားကွေ့လိုက်တာ ထန်းပင်ကြီးကို ဝင်တိုက်လိုက်မိတာထင်တယ်"

"ဟုတ်ပြီ၊ ညီလေးရဲ့ကားက ဘီးမှာ လေတွေပြည့်နေတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ဒေးဒရဲမြို့က အထွက်မှာ လေထပ်ချိန်ပြီး ဖြည့်လည်းဖြည့်ခဲ့တာပါ"

"မင်း ခရီးဝေးသွားရင် ကားဘီးတွေ လေမတင်းစေနဲ့ကွ၊ နှင်းရည်တွေနဲ့ ကားလမ်းကချော်နေတော့ ကားအက်ဆီးဒင့်ဖြစ်တတ်တာများတယ်ကွ"

"ဟုတ်ကဲ့ အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com

"အင်း.....မင်းပြောတဲ့အထဲမှာ မိန်းကလေးတစ်ယောက်ကို တွေ့လိုက်တယ်လို့ပြောတယ်"

"ဟုတ်ပါတယ်"

"ဘယ်အရွယ်လဲ၊ ပုံသဏ္ဍာန်ပြောကွာ၊ သူ့ကိုမတိုက်မိလို့တော်သေးတယ်"

"အင်း.....ကျွန်တော်မှတ်မိနေတာကတော့ ကျွန်တော် ကားရပ်သွားတော့ သူလာပြီးစကားပြောတယ်၊ အသက် ၂၀ ပတ်ဝန်းကျင်ရှိမယ်၊ ခရမ်းရောင်ဝမ်းဆက်နဲ့ ခရမ်းပြာပဝါ ခြုံလွှမ်းထားတယ်၊ တအားလှတယ် အစ်ကို၊ မင်းသမီးလေးလို လှတာဗျာ၊ သူ့နာမည်က ခရမ်းတဲ့ အစ်ကို"

ဒုရဲအုပ် မျိုးခိုင်က မင်းထက်မောင်၏ အားပါးတရပြောကြားနေမှုကို ပြုံး၍ကြည့်လိုက်သည်။ သူ့အပြုံးထဲ၌ မယုံကြည်သော သံသယလေးများက အချက်ပြနေသည်။

"ညီလေးရဲ့ကားက ဝုန်းခနဲ သစ်ပင်ကို ပြေးအတိုက် ရွာထဲက လူအချို့ ပြေးလာကြည့်တယ်တဲ့၊ သူတို့ပြေးလာတော့ မင်းက ကားခေါင်းထဲမှာမေ့လို့၊ ခေါင်းမှာလည်း သွေးတွေစီးကျနေလေရဲ့တဲ့"

"ဒါဆို ကျွန်တော်မေ့နေတဲ့အချိန်မှာ ဝိညာဉ်တစ်ဦးဦးနဲ့တွေ့တာလား"

"ဖြစ်နိုင်ပါတယ်ကွာ၊ ဖြစ်နိုင်ပါတယ်လို့သာ ပြောတာနော်၊ မင်းစိတ်ထဲမှာ တွေးပြီးမေ့နေချိန် အိပ်မက်လိုဖြစ်တာနေမှာပါ"

"မဟုတ်သေးဘူး အစ်ကို၊ မေ့ပြီးမှတွေ့တာ မဟုတ်လောက်ဘူး၊ ကျွန်တော်ကားကို ကျီခနဲရပ်မိတဲ့အချိန် မိန်းကလေးက ကားရှေ့မှာရပ်ပြီး ပြုံးပြတာ၊ နောက်စကားလာပြောပြီး ကျွန်တော့်ရင်ခွင်ထဲမှာ ငိုရှိုက်တော့ သူက လူအတိုင်းပဲ နွေးထွေးနေတာပဲ၊ အနံ့အသက်ကလည်း လူတွေလိုပဲ မွှေးပျံ့တဲ့ သနပ်ခါးနံ့ရနေတယ်၊ လူမှ လူအစစ်ထင်တယ်ဗျာ"

အစ်ကို၊ မေ့ပြီးမှတွေ့တာ
မဟုတ်လောက်ဘူး၊
ကျွန်တော်ကားကို
ကျီခနဲရပ်မိတဲ့အချိန်
မိန်းကလေးက
ကားရှေ့မှာရပ်ပြီး ပြုံးပြတာ၊
နောက် စကားလာပြောပြီး
ကျွန်တော့်ရင်ခွင်ထဲမှာ....

အမှုစစ်အရာရှိနှင့်အတူ ပါလာသော သက်သေများကပင် နက်နက်နဲနဲ တွေးတောနေကြရပြန်သည်။

"ကဲ.....တော်ပါပြီ၊ ညီလေးနားတော့"

♛♛♛♛♛

"အာစမိုးရေ ဒီလူနာက မမေ့မမေ့ဘူးဗျ၊ မူးဝေနေတာဖြစ်မယ်၊ ကျွန်တော် သူ့စကားတွေထဲမှာ သံသယဝင်စရာတစ်ခုတွေ့ထားတယ်"

ဒုရဲအုပ် မျိုးခိုင်က သူ့ထက်အသက်ကြီးသော ဒုရဲမှူး ကြည်မောင်အား ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း.....ငါလည်းသတိထားမိတယ်၊ ဒီမှုခင်းက ဆင်ပြီးလုပ်လိုက်တဲ့အမှု ဖြစ်နေမလားလို့"

"သူက မိန်းကလေးဟာ လူအစစ်ဖြစ်ရမယ်လို့ ပြောကတည်းက အဲဒီအမျိုးသမီးရဲ့ လုပ်ဇာတ်ဖြစ်လေမလား၊ သူ့ရဲ့ကျန်းမာရေးကောင်းပြီး အေးအေးဆေးဆေးဖြစ်တဲ့အချိန်ကျမှ ကျွန်တော်တို့ဆွေးနွေးကြည့်ကြတာပေါ့"

"အေးကွာ.....ကောင်းတယ်"

နောက်တစ်နေ့နံနက်တွင် ဒုရဲမှူး ကြည်မောင်သည် ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့်အတူ တော်ခရမ်းလေးရွာဘက်သို့ ထွက်သွားခဲ့သည်။

"အင်း....အခင်းဖြစ်တဲ့ရွာက လူတွေလည်း မေးရဦးမယ်၊ ရွာထဲကို အရင်သွားကြမယ်"

ရွာထဲသို့ ဒုရဲမှူး ကြည်မောင်နှင့် တပည့်လေးတို့နှစ်ဦးသား ဝင်ခဲ့ကြသည်။ ရွာနှင့်ကားလမ်းမှာ နီးကပ်နေသော်လည်း အိမ်များမှာ အနည်းငယ် အလှမ်းဝေးကြသည်။ ရွာလူကြီးအိမ်အရောက်တွင် ရွာသားအချို့နှင့် ဝိုင်းဖွဲ့မိကြသည်။

"ကားတိုက်လိုက်တဲ့အသံကို ကြားတဲ့ ဦးခကြီးရှိတဲ့နေရာနဲ့ အခင်းဖြစ်တဲ့နေရာက ဘယ်လောက်ဝေးသလဲခင်ဗျ"

"အင်း.....ကိုက်နှစ်ဆယ်၊ အစိတ်လောက်တော့ ဝေးမယ်ထင်

သမီးက
ဘားသောက်ဆိုင်မှာ
သီချင်းဆိုပါတယ်၊
လာပြီးဘားသောက်တဲ့
ကိုမြကြီးနဲ့ခင်ပြီး ကိုမြကြီးက
ရပေါက်ရလမ်း
ဖြိုးဖြိုး ဖြက်ဖြက်လေးရှိတယ်၊
လုပ်မကားလို့ ပြောပါတယ်၊
သူ့ရဲ့
ချွဲဆောင်မှုကြောင့်....

တယ်ဗျ။ ကျွန်တော်က မြောင်းထဲမှာ မြေကြီးပေါက်နေတာ၊ ဝုန်းဆိုတဲ့အသံကြားတော့ ကားလမ်းဘက်ဆီ ပြေးကြည့်လိုက်တယ်၊ ကားတစ်စီးက လျှောကျပြီး အနီးက ထန်းပင်ရင်းကို တိုက်လိုက်ပုံရတယ်၊ အဲဒါနဲ့ ကျွန်တော်လည်း ကားလမ်းပေါ် အတင်းပြေးလာပြီး ကြည့်တော့ လူငယ်လေးတစ်ဦး ခေါင်းမှာသွေးတွေနဲ့ မေ့နေတာ တွေ့ရတယ်ဗျ"

"အဲဒီအချိန်က အနီးအနားမှာ လူသူလေးပါးမရှိဘူးလား ခင်ဗျ"

"အဲ...မရှိဘူးဗျ၊ ကျွန်တော့်အနေနဲ့ သတိမထားမိလို့ မမြင်မိတာလည်း ဖြစ်မယ်ခင်ဗျ၊ နောက်ပြီး ကားကြီးတစ်စီး ဖျာပုံဘက်က လာတာထင်တယ်၊ အဲဒီကားကို အကူအညီတောင်းပြီး ဒလဆေးရုံဘက် တင်ပေးလိုက်တာပါပဲ"

မျက်မြင်သက်သေကို မေးကြည့်ပြီးနောက် ကားတိုက်ခံရသောထန်းပင်အနေအထားနှင့် အခင်းဖြစ်ဝန်းကျင်အနေအထားကို ဒုတိယအကြိမ် လေ့လာမှတ်သားပြီး ရဲစခန်းသို့ ပြန်လာခဲ့ပေတော့သည်။

ရဲစခန်းသို့ရောက်သော် ရုံးရှေ့ရှိ သိမ်းထားသောကားကို အသေအချာ စစ်ဆေးကြည့်သည်။ ညာဘက်မှ မီးသီးမှာ အက်ကွဲလျက်ရှေ့ပိုင်းခေါင်းခြမ်းမှာ ပိန်နေသည်။ ဘန်ကာကြီးက ပြုတ်ထွက်နေသည်။ စတီယာရင်မှာ ချွတ်ယွင်းမှုမရှိသည်ကို တွေ့ရသည်။

အမှုစစ်အရာရှိ ဒုရဲအုပ် မျိုးခိုင်ထံဝင်ပြီး စတီယာရင်အကြောင်းကို ဆွေးနွေးကြသည်။

"ဒီလူနာက ရင်ဘတ်မှာရှိတဲ့ နံရိုးနှစ်ချောင်းကျိုးသွားတယ်၊ စတီယာရင်နဲ့ဆောင့်မိမှုကျိုးမှာဗျ၊ စတီယာရင်က ပုံမှန်နေရာ အနေအထားမပျက်ဘဲ ဒီလူ့ရဲ့နံရိုးက



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုကျိုးရတာလဲ၊ ဒါစဉ်းစားစရာပဲ''

ထိုအချိန် ရဲစခန်းထဲသို့ ဝင်လာသူများကို လှမ်းမြင်လိုက်ရ၏။

''ဆရာ ရဲဘော်အောင်သိန်းတို့ ပြန်လာကြပြီ၊ တရားခံနှစ်ဦး ဖမ်းမိလာတယ်''

''အင်း.....တယ်လည်း မြန်ပါ လားကွ၊ ငါ့လူတွေ အရမ်းတော် တယ်ကွာ''

ဒုရဲမှူး ကြည်မောင်က အားရ ဝမ်းသာဖြင့် ချီးကျူးစကား ဆိုလိုက်၏။

''၂၉ လမ်းထဲက --- ရွှေဆိုင်က သတင်းရပြီး သူတို့တည်း ခိုနိုင်မယ့် တည်းခိုခန်းနာမည် စုံ းတော့ ---လို့ သိရတယ်၊ အဲဒီတည်း ခိုခန်းကို သိရပြီးညဘက်မှာ သွားဖမ်းလာတာပါ''

တာဝန်ပေးခံရသည့် နယ်ထိန်းအရာရှိက ရှင်းပြခဲ့ရာ ဒုရဲမှူး ကြည်မောင်က သိလိုသည်ကို အဆောတလျင်မေးလိုက်၏။

''နေပါဦး၊ တရားခံထဲမှာ မိန်းမတစ်ဦးပါတယ်မဟုတ်လား''

''ဟုတ်ပါတယ် ဗိုလ်ကြီး၊ လုပ်စားတဲ့အလုပ်နဲ့ လူနဲ့မတန်ဘူး၊ လုပ်လိုက် တာ ရက်ရက်စက်စက်ပဲ''

ဒုရဲမှူး ကြည်မောင် ပင် အံ့အားသင့်ခဲ့ရ၏။

''သူ့ကိုလေ့လာဖို့ ငါတွေ့ချင်တယ်ကွာ''

''လှတယ်ဆိုလို့ တွေ့ချင်တာလား ဗိုလ်ကြီး''



''ငါ.....တယ် လုပ် လိုက်ရ၊ စစ်ဆေးချင်လို့ ပေါ့ကွ၊ အမှုက ကဗျာဆန်လွန်း လို့ဟ''

အမှုစစ်အရာရှိနှင့် စခန်းမှူးတို့က ပြုံးစိစိဖြစ်ကုန်ကြသည်။

♛♛♛♛♛

''ကဲ.....ခရမ်းပြာမလေး၊ ပြောပါဦး မင်းတို့လုပ်ဇာတ်ကလေးကို''

''ဟင့်.....ဟင့် မှားပါတယ် ဆရာဗိုလ်ကြီးရယ်၊ သမီးက မိဘမဲ့ပါ၊ အလုပ်လုပ်စားရတာ အဆင်မပြေလို့ ကြံမိကြံရာ ကြံခဲ့တာပါ၊ ငွေလေးရရင် ထိုင်းနိုင်ငံဘက်သွားပြီး အလုပ်ရှာမလို့ စရိတ်လိုလို့ပါရှင်''

''မင်းက လက်ရှိ စားဝတ်နေရေးကို ဘယ်လို ဖြေရှင်းနေတာလဲ''

''သမီးက စားသောက်ဆိုင်မှာ သီချင်းဆိုပါတယ်၊ လာပြီးစားသောက်တဲ့ ကိုမြကြီးနဲ့ခင်ပြီး ကိုမြကြီးက ရပေါက်ရလမ်း မြိုးမြိုးမြက် မြက်လေးရှိတယ်၊ လုပ်မလားလို့ ပြောပါတယ်၊ သူ့ရဲ့ဆွဲဆောင်မှုကြောင့် အခုလိုဖြစ်ရတာပါ''

''ဪ.....ဒါရိုက်တာက မြကြီးကိုး၊ ဒါ့ကြောင့် မင်းက တော်ခရမ်းလေးရွာက ရွာလူကြီးရဲ့သမီးတော်လေး ခရမ်းပြာမင်းသမီး ဖြစ်ရရောလား''

''သူက အဲဒီလိုပြောပြီးသရုပ်ဆောင်ရမယ်ဆိုလို့ပါ''

ဒုရဲမှူး ကြည်မောင်က ကင်း တာဝန်ကျသူကို လှမ်းအော်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ.....ကဲ မြကြီး ကို ခေါ်ခဲ့စမ်း"

ဝတ်စားပုံ ခေတ်မီမီနှင့် အသက် သုံးဆယ်ခန့် လူလတ်ပိုင်းအရွယ် တစ်ဦးမှာ မာမာကျောကျော ပုံစံဖြင့် ဝင်လာ သည်။

"မင်းက ပြစ်မှုကျူး လွန်သူနဲ့ မတူဘဲ မင်းသားနဲ့တူနေပါလား၊ လူ ကြမ်း မင်းသားပုံကို ပြောတာ"

အမှုစစ်အရာရှိက မြကြီးပုံကို မနှစ်မြို့မှန်း သတိထားမိစေရန် လှမ်း ပြောလိုက်၏။

မြကြီးကကုလားထိုင်တွင် ဣန္ဒြေရရဝင်ထိုင်သည်။

"ကဲ.....မင်းရဲ့လုပ်ဇာတ်ကို အသေးစိတ်ပြောစမ်း၊ မင်းက ယာဉ်မောင်းလူငယ် ကို ရိုက်ပြီးမှ သရုပ် ဆောင်စေခဲ့တဲ့လုပ်ရပ်ဆိုတာ တို့သိနေတယ်"

"ဟုတ်ပါတယ် ဗိုလ်ကြီးရယ်၊ ကျွန်တော်က ငွေများများ ရချင်တော့ ဒီလူငယ်လေးကို အစကတည်းက ကြိုတင်လေ့လာထားတာပါ၊ ဒလမှာ ကျွန်တော်ပန်းရန်လုပ်တော့ သူတို့တိုက်ကို ရောက်ဖူးပါတယ်၊ သူဝတ်ထားတဲ့ စိန်လက်စွပ်က တန်ကြေးကျပ် သိန်း ၉၀ နီးပါးတန်တယ်ဆိုတာ ကြားဖူးပါတယ်၊ သူ့ဆွဲကြိုးရယ်၊ သူ့မှာပါတဲ့ငွေနဲ့ပေါင်းဆိုက်ရင် သိန်းရာကျော်ရမယ်ဆိုတာသိလို့ အစီအစဉ်ဆွဲပြီး အကောင်အထည်ဖော်ခဲ့တာပါ"

"ဒါဆို ဒီလူငယ် သွားလေ့သွားထရှိတဲ့နေရာကို မင်းက ကြို



တင်လေ့လာထားတာပေါ့"

"ဟုတ်ကဲ့ပါ၊ ကျွန်တော်က ရှိုင်းသာယာမှာနေတာပါ၊ မိစိမ်းသူနဲ့ခင်ပြီး အကြံထုတ်ခဲ့တာပါ၊ ယောကျ်ားတွေဟာ မိန်းမတို့အလှနဲ့ မြူဆွယ်ရင် ဉာဏ်ဦးမင်းတောင် ဒုက္ခရောက်ခဲ့ရတာ ဗိုလ်ကြီးတို့အသိပါ၊ ဒါကြောင့် ကြိုတင်စီစဉ်ပြီး ဖန်တီးခဲ့တာပါ၊ အဲဒီလူငယ်က မိန်းကလေးနဲ့ဖက်နေချိန် ခေါင်းကိုနောက်ကရိုက်လိုက်ပြီး လဲအကျမှာနံရိုးတွေကို ခြေထောက်နဲ့ဆောင့်ကန်လိုက်ပါတယ်၊ အဲဒီနောက် ကားပေါ်ကိုဆွဲတင်ပြီး ကုန်းလျှောလမ်းအတိုင်း ကားကိုလိမ့်ဆင်းသွား အောင် ခရမ်းပြာမင်းသမီးအဖြစ် သရုပ်ဆောင်ထားသူ မိန်းမလှလေးနဲ့အတူ ကားကို အမြင့်က ပွန်းနုံးချ လိုက်တာပါ"

"ဟာ.....ရက်စက်လိုက်တာ ကွာ"

"ဟုတ်ပါတယ်၊ ထန်း ပင်နဲ့တိုက်မိအောင် လုပ် တာက ယာဉ် မတော်တဆမှု အဖြစ် မြင်စေချင်လို့ပါ"

"အေး.....မကောင်းတာ လုပ် တဲ့သူဟာ မကောင်းတာ ကိုပဲ ပြန်ခံစားရတော့မှာ ပေါ့ကွာ၊ မင်းတို့ရဲ့ လောဘ ရမ္မက်ကြောင့် မင်းတို့က လူကိုသတ်တယ်၊ ပစ္စည်းကို လုဖို့ ကြံတယ်၊ ကံကောင်းလို့ လူငယ်က မသေခဲ့တာ၊ သူက လူကောင်းလေးကိုးကွ၊ လုပ်ကြံ ဇာတ်လမ်း ဖန်တီးခဲ့တဲ့ ခရမ်းပြာ မင်းသမီးရယ်၊ ဒါရိုက်တာကြီးရယ် ပေါ့ကွာ၊ မင်းတို့ရဲ့ ဇာတ်သိမ်း ခန်းကို တို့စောင့်ကြည့်ရတော့မှာ ပေါ့ကွာ"

ခင်ဦး (ပုတီးကုန်း



www.burmeseclassic.com

www.burmeseclassic.com






# မတွေ့ဘူးသည့်ဖခင်နဲ့ လက်ထပ်ခဲ့တဲ့သမီးမှာ ကလေးပင်မွေးဖွားခဲ့ပြီဖြစ်

အိုင်ယာလန်နိုင်ငံတွင် အသက် ၂၈ နှစ်အရွယ်ရှိ ပင်နီလောရင့်စ်သည် သူမ တစ်ခါမှ မတွေ့ဘူးသည့်ဖခင်ကို လိုက်ရှာနေခဲ့သည်။ သူတို့နှစ်ဦး ပြန်လည်ဆုံတွေ့ကြသောအခါ အဖေနှင့်သမီးဘဝဖြင့် မနေကြဘဲ လင်မယားအဖြစ် နေခဲ့ကြသည်။ ထို့အပြင် သူမသည် သူ့အဖေနှင့်ရသောကိုယ်ဝန်ကိုလွယ်ခဲ့သဖြင့် ယခုအခါ ကလေးမှာ ကြီးပြင်းလာပြီဖြစ်သည်။

ထိုအဖြစ်ကို ပတ်ဝန်းကျင်က ပြင်းပြင်းထန်ထန် ရှုတ်ချမှုများ ပြုလုပ်ခဲ့ကြသည်။ လောရင့်စ်သည် Genetic Sexual Attraction ဟုခေါ်သော မောင်နှမချင်း၊ မိဘနှင့်သားသမီးချင်း လိင်ကိစ္စစိတ်ဝင်စားသောရောဂါတစ်မျိုးကြောင့် ချစ်ကြိုက်ခဲ့ကြခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆောင်းဟေမန်**

Ref: International News

-5-2014



www.burmeseclassic.com

www.burmeseclassic.com

# လေယာဉ်ပေါ်တွင် ကလေးမွေးဖွားမှုကြောင့် အရေးပေါ်ဆင်းသက်ရ

British Airways လေကြောင်းလိုင်းမှ ဘိုးရင်း ၇၇၇ ခရီးသည်တင်လေယာဉ်တစ်စင်းသည် နိုင်ဂျီးရီးယားမှ ဗြိတိန်သို့ ပျံသန်းလာစဉ် အသက် (၃၁)နှစ်အရွယ် ယူဂျန်ဝါ အိုဖိုဟ်အမည်ရှိ အမျိုးသမီးတစ်ဦးသည် ကလေးမွေးဖွားခဲ့မှုကြောင့် လေယာဉ်ကို အရေးပေါ်ဆင်းသက်ခဲ့ရသည်။


သူမသည် ကိုယ်ဝန်ဆောင်ကာလ ၆ လနှင့် ၂ ပတ်အချိန်တွင် လမစေ့ဘဲ လေယာဉ်ပေါ်၌ သားယောကျ်ားလေးကို မွေးဖွားခဲ့ခြင်းဖြစ်သည်။ အမြင့်ပေပေါင်း ၃၆၀၀၀ မှ စပိန်နိုင်ငံ၊ မာယော့ကာလေဆိပ်တွင် ဆင်းသက်ပြီး ဆေးရုံသို့တင်ပို့ပေးခဲ့သည်။

ယခုအခါ မိခင်ရောကလေးပါ ကျန်းမာလျက်ရှိပြီး မိခင်မှာ ဆေး ရုံမှဆင်းခွင့်ရပြီး ကလေးကိုမွေးဖွား ကာလ ဩဂုတ်လအထိ ဆေးရုံ ကြပ်မတ်ဆောင်တွင်ထားရှိကာ ပြု စုစောင့်ရှောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဟေမန်**


Ref: World News

3-5-2014




www.burmeseclassic.com

www.burmeseclassic.com



# စကားများသည့် မိန်းမနှင့် ကြက်တူရွေးကို သတ်ခဲ့သည့်ယောက်ျား

အသက် (၅၃)နှစ်အရွယ်ရှိ အယ်ဘားမားအမျိုးသားတစ်ဦးသည် စိတ်အနှောင့်အယှက်ဖြစ်လောက်အောင် အလွန်စကားများသော အသက် (၃၄)နှစ်အရွယ် ဇနီးဖြစ်သူနှင့် အိမ်မွေးကြက်တူရွေးကို သတ်ပစ်ခဲ့သည်။

ထို့နောက် သူ့ကိုယ်သူ သေကြောင်းကြံစည်ခဲ့သည်။ သေကြောင်းမကြံစည်ခင် စာတစ်စောင်ရေးသားထားပြီး စာထဲတွင် သူ၏ဇနီးနှင့် ကြက်တူရွေးတို့သည် အလွန်တရာ စကားများသည့်အတွက် သတ်ခဲ့ကြောင်း ရေးသားထားသည်။ ဇနီး၏ခင်ပွန်းဟောင်းနှင့် ကလေးသုံးယောက်ကိုလည်း မကျေနပ်ကြောင်း ရေးသားထားသည်။ သူကျူးလွန်ခဲ့သည့် ပြစ်မှုအတွက်လည်း တောင်းပန်ထားသည်။

သူသေကြောင်းကြံစည်သည့်အကြောင်းကို သူ၏ညီအစ်ကိုထံ ဖုန်းဆက်ပြောကြားခဲ့သည့်အတွက် ရဲများထံ အကြောင်းကြားပြီး သေကြောင်းကြံစည်နေစဉ် ၎င်း၏နောက်မှ ရဲများအချိန်မီရောက်လာပြီး ဆေးရုံပို့ဆောင်ခဲ့ရသည်။ ဆေးရုံမှဆင်းလျှင် အမှုမှရင်ဆိုင်ရမည်ဖြစ်ပြီး သူသည် ၁၉၈၀ ပြည့်နှစ်တွင် မုဒိမ်းမှုနှင့် အခြားအမှုများအတွက် ထောင်ကျခံရဖူးကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: Daily Mail

[illegible]-5-2014

www.burmeseclassic.com

# အသက် (၁၁)နှစ်မိန်းကလေးကို အိမ်နီးချင်း ၁၄ နှစ်အရွယ်လူငယ်က

# အဓမ္မပြုကျင့်ပြီးသတ်ခဲ့မှု

အမေရိကန်ပြည်ထောင်စု၊ မြောက်ကယ်ရိုလိုင်းနားပြည်နယ်မှ အသက် ၁၄ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးက အိမ်နီးချင်းဖြစ်သူ အသက် ၁၁ နှစ်အရွယ် မိန်းကလေးတစ်ဦးကို အဓမ္မပြုကျင့်ခဲ့ပြီး အိပ်ရာပေါ်တွင် ခေါင်းအုံးနှင့် ဖိသတ်ထားခဲ့သည်။

ထိုလူငယ်လေးမှာ အဘိုးနှင့် အတူနေထိုင်ပြီး စိတ်ပိုင်းဆိုင်ရာ ချို့တဲ့နေသူတစ်ဦးဖြစ်ကာ ကျောင်း၌လည်း သီးခြားခွဲ၍ ပညာသင်ကြားနေရသူဖြစ်ကြောင်း သိရသည်။



နောက်တစ်နေ့နံနက် ကျောင်းသွားရန် ဖခင်က လာနှိုးသည့်အချိန်ကျမှ သမီးဖြစ်သူ သေဆုံးနေသည်ကို တွေ့မြင်ရကြောင်း သိရသည်။ မိန်းကလေး၏ မိသားစုများက ပြစ်မှုကျူးလွန်သည့် လူငယ်ကို ဖမ်းဆီးပေးနိုင်သည့် ရဲတပ်ဖွဲ့ဝင်များကို ကျေးဇူးတင်ကြောင်းပြော ကြားခဲ့သည်။

**ဆောင်းဟေမန်**

Ref: World News

10-5-2014



www.burmeseclassic.com

www.burmeseclassic.com



# မိခင်၏သေနတ်ဖြင့် သုံးနှစ်အရွယ် ကလေးငယ်က သူ၏ဦးခေါင်းကိုပစ်ခတ်ခဲ့မှု

အမေရိကန်နိုင်ငံမြောက်ပိုင်း၊ သည်အချိန်တွင် ကလေးငယ်မှာ ဝစ်ကွန်စင်ပြည်နယ် [illegible] သေနတ်ကိုရရှိခဲ့ပြီး သူ၏ဦးခေါင်းတွင် အသက် (၃)နှစ်အရွယ် ကို ကိုယ်တိုင်ပစ်ခတ်ခဲ့ခြင်းဖြစ် ယောကျ်ားလေးတစ်ဦး [illegible] သည်။ ကလေးငယ်မှာ သေနတ်၏ကားဒက်ရှ်ဘုတ်အ [illegible] ကို [illegible] ရှာ [illegible] နတ်ကို ယူဆောင်ကာ မိမိကိုယ်ကို ပစ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ကလေး ပစ်ခတ်ခဲ့ခြင်းကြောင့် ဒဏ်ရာမှာ [illegible] စိုးရိမ်ဖွယ်ရာအခြေအနေတွင်ရှိနေ သည်။ ထိုဖြစ်စဉ်နှင့်ပတ်သက်၍ [illegible] ဖမ်းဆီးအရေးယူခြင်း သည်။

လူကြီးများ အလျှော့ရှုပ်နေကြ မရှိသေး။

ကလေး၏မိခင်ဖြစ်သူမှာ လွန်ခဲ့သော သုံးနှစ်ခန့်က သူမ၏ ကားကို လူဆိုးများက လုယက် ယူဆောင်မှု ဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း ကားထဲတွင် သေနတ်ဆောင်၍ သွားလာနေခြင်းဖြစ်ကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: World News

8-5-2014

www.burmeseclassic.com





# လေထဲလွင့်ပျံလာသည့် အိမ်သာကမုတ်ထိမှန်၍

## ဘောလုံးပရိသတ်တစ်ဦးသေဆုံးခဲ့မှု

ဘရာဇီးနိုင်ငံ ဘောလုံးပွဲစဉ်တစ်ခုတွင် ပွဲကြည့်စင်၌ အားပေးနေသော ပရိသတ်တစ်ဦးသည် ဘိလပ်မြေသားဖြင့် ပြုလုပ်ထားသော အိမ်သာအစိတ်အပိုင်းတစ်ခု ထိမှန်သဖြင့် သေဆုံးခဲ့ရသည်။

ဆန်တာခရုဇ်နှင့် ပါရာနာတို့ ကစားသောပွဲတွင် အိမ်သာကမုတ် ထိမှန်သေဆုံးရသူမှာ ပါရာနာပရိသတ်တစ်ဦးဖြစ်သည်။ ဘရာဇီးဘောလုံးအဖွဲ့ချုပ်က ဆန်တာခရုဇ်၏ အိမ်ကွင်းကစားခွင့်ကို တရားရုံးစီရင်ဆုံးဖြတ်ချက် မပြီးမချင်း ဆိုင်းငံ့ထားလိုက်သည်။

ရဲများက ပါရာနာပရိသတ်များ ပြဿနာတစ်စုံတစ်ရာမဖြစ်အောင် စောစော၍အိမ်ပြန်ကြရန် တိုက်တွန်းခဲ့သော်လည်း အိမ်ရှင်အသင်း၏ ရမ်းကားသော ပရိသတ်အချို့ကြောင့် တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: World News

6-5-2014

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

## ကွန်တစ်ချက်၊ ဟင်းတစ်ခွက်

● အောင်ကျော်ဇော




"ဒီမှာ ခွင်ပျားက အယ်ဒသူလဲ"

ဟိန်းထက်၏အသံက မာကျောသလိုလို ထင်ရသော်လည်း ကရုဏာသံများ စွက်ဖက်နေသည်။ ဟိန်းထက်က ခုတင်ပေါ်တွင် ပက်လက်ကလေးမှိန်းပြီး အိပ်မနေသော မိန်းကလေးကို ငြိုငြင်ခြင်းအကဲ ခတ်နေခဲ့သည်။

မိန်းကလေးမှာ ဗမာမြန်မာနေရာမှ သတိရခါစဖြစ်သည်။

မိန်းကလေး၏အသက် က (၂၀)နှစ်ဝန်းကျင်ခန့် မျှ ဖြင့် ရသည်။ အသားကညိုသည်။ မျက်နှာသွယ်၊ နှတ်ခမ်းပါး၊ ကိုယ်လုံး သွယ်လျှလျှ။ ညိုချောမှု သတ်မှတ်နိုင်သည်။ ညိုချောမလေးက ဦးခေါင်း နောက်စေ့တွင် ပေါက်ပြဲ ဒဏ်ရာရရှိထားသည်။ သွေးထွက်ဒဏ်ရာဖြစ် ၍ ဆိုးရိမ်ဖွယ် ရာမရှိဟု ဟိန်းထက်က ယူဆထား သည်။ ပေါက်ပြဲမှုမရှိဘဲ အတွင်း၌ သွေးပုံခဲမှုဖြစ်ပါက သွေးခဲဒဏ် တွင် ရုတ်တရက်သေဆုံးနိုင်သည်။ ဟိန်းထက်က မိန်းမပျိုလေး မှေး အိပ်နေသော ခုတင်နားသို့ တိုးကပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာကို အနီးကပ် ကြည့်လိုက်၏။ သွေးစွန်းသွေးစ ကလေးများကို တွေ့လိုက်ရ၏။

"ဒီမှာ ခင်ဗျား သတိရပြီလား"

"အင်း....."

"ခင်ဗျားက ဘယ်သူလဲ၊ ဘာ့ ကြောင့် ဒဏ်ရာရရှိတာလဲ"

"ကျွန်မနာမည် ကြည်ပြာပါ၊ လူတစ်စုက ကျွန်မကိုရိုက်ပြီး ငွေနဲ့ပစ္စည်းတွေ လုသွားတာပါ"

"ပစ္စည်း.....ဘာပစ္စည်းလဲ"

"အိန္ဒိယနိုင်ငံ၊ မိုရေးက သွင်းလာတဲ့ ပစ္စည်းတွေပါ"

အိန္ဒိယနိုင်ငံ၊ မိုရေးကသွင်းလာသောပစ္စည်းဟု ဆိုကတည်းက တရားဝင် နယ်စပ်ဂိတ်မှ အခွန်အခဆောင်ပြီး သွင်းလာသောပစ္စည်းမဟုတ်ဟု ဟိန်းထက်ကယူဆလိုက်သည်။

တရားဝင် တင်သွင်းလာသော ပစ္စည်းဖြစ်ပါက ကုန်သွယ်လမ်းကြောင်းအတိုင်း ပေါ်ပေါ်ထင်ထင် သယ်ယူကြမည်ဖြစ်သည်။

အကောက်ခွန်မဲ့ပစ္စည်းဖြစ်၍ ခိုးကြောင်ခိုးဝှက်နှင့် ညပိုင်းတွင် သယ်ယူကြလေ့ရှိသည်။

ကြည်ပြာဆိုသောမိန်းကလေးကို တမူးမြို့သို့ သွားသည့်လမ်းပေါ်တွင် ညဥ့်နက်ချိန်၌ တွေ့ခဲ့ရခြင်းဖြစ်သည်။ အလွန်အန္တရာယ်များလှသည့်ဖြစ်ရပ်ဖြစ်သည်။

မသမာသူများက ပစ္စည်းကိုယူပြီး လူကိုပါ သူတို့ဆန္ဒအတွက် အသုံးချသွားလျှင်အခက်။ ဟိန်းထက်တို့အဖွဲ့ ကားဖြင့်လာစဉ် လမ်းပေါ်၌ လဲကျခါစဖြစ်သော မိန်းကလေးကို တွေ့လိုက်ရခြင်းဖြစ်သည်။

ဟိန်းထက်တို့ကား၏မီးရောင်ဖြင့် ကားတစ်စီးပေါ်မှ လိမ့်ကျခဲ့သော ကြည်ပြာကိုတွေ့ရခြင်းဖြစ်သည်။

ကြည်ပြာအတွက်ကံကောင်းသည်ဟု ဆိုရမည်။ တစ်စုံတစ်ဦးက ရက်ရက်စက်စက်မလုပ်သွားမီ ဟိန်းထက်တို့ကားက အချိန်မီရောက်လာခဲ့သည်။



ဟိန်းထက်တို့အဖွဲ့သည် နယ်စပ်မှ တမူးသို့ ပြန်လာကြချိန်ဖြစ်သည်။ တမူးမြို့မှ မန္တလေးအထိ ခရီးဆက်ကြရမည်ဖြစ်သည်။

ဟိန်းထက်က တမူးမြို့အထွက်၊ မန္တလေးဘက်သို့သွားရောက်နိုင်သည့် လမ်းဘေးမှ ရွာကြီးတစ်ရွာတွင်ရှိသော သူ့အသိအိမ်သို့ ကြည်ပြာကို သယ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။

ထိုအိမ်တွင် ကြည်ပြာကိုပြုစုရင်း ဟိန်းထက်တို့အဖွဲ့ နားကြသည်။ ရွာခံအိမ်ရှင်က ဒေသသုံးတိုင်းရင်းဆေးဖြင့် အရေးပေါ်ကုသပေးသဖြင့် ကြည်ပြာမှာ သက်သာခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

နံနက် အိပ်ရာမှနိုးချိန်၌ ဟိန်းထက်က ကြည်ပြာကို ဂရုတစိုက်ဖြင့် သတင်းမေးခဲ့သည်။ ကြည်ပြာက မျက်လုံးကို အားယူဖွင့်ပြီး သူမအား ဂရုတစိုက်မေးမြန်းသူကို ကြည့်လိုက်၏။

သူမနှင့် သက်တူရွယ်တူဟုထင်ရသူဖြစ်သည်။ ရင်အုပ်ကားကားနှင့် ခန္ဓာကိုယ် တောင့်တင်းကျစ်လျစ်သူမှန်း သတိထားမိလိုက်သည်။ အရပ်က ခြောက်ပေနီးပါးရှိ၍ အလွန်ကြည့်ကောင်း၍ အားမာန်ပြည့်သောသူဟု ချက်ချင်းမှတ်ချက်ချနိုင်ခဲ့သည်။

"မကြည်ပြာရဲ့ ပစ္စည်းတွေ အလုခံရတယ်ဆိုတော့ ဘာပစ္စည်းတွေလဲ၊ ဘယ်သူတွေက လုသွားတာလဲ"

"ကြည်ပြာနဲ့ အလုပ်ရှယ်ယာလုပ်ကိုင်သူ တိုင်းကျော်ဆီကပါ"

"တိုင်းကျော်....."



www.burmeseclassic.com

www.burmeseclassic.com

ဟိန်းထက်က တိုင်းကျော်ဆိုသောနာမည် ကြားလိုက်ရသည်နှင့် ကြည်ပြာတို့အဖွဲ့သယ်ယူလာသော ပစ္စည်းများကို ချက်ချင်းသဘော ပေါက်လိုက်သည်။

ထိုလမ်းကြောင်းမှ လျှို့ဝှက်ခိုးသွင်းနေသော ပစ္စည်းများမှာ အာဖဂန်နစ္စတန်ဘက်မှ စီးဝင်ထိုးဖောက်လာသော မူးယစ်ဆေးဝါးနှင့် ကာမအားတိုးဆေးများနှင့် လိင်စိတ်ကို နိုးကြွစေသော ဆေးဝါးများဆိုသည်ကို အလိုလိုသိပြီးဖြစ်သည်။

တိုင်းကျော်ဆိုသူမှာ သူ့အဖွဲ့နှင့် ဒုစရိုက်မှုလုပ်နေသူဖြစ်သည်။ ခိုးသွင်းပစ္စည်းများကို အခကြေးငွေယူ၍ သယ်ပို့ပေးသလို ကြားဖြတ်လုယက်မှုကျူးလွန်နေကြသူများဖြစ်သည်။

တိုင်းကျော်တို့အဖွဲ့ထိုအလုပ်လုပ်နေသည်ကို ရဲတပ်ဖွဲ့ကမသိပေ။ ပစ္စည်းလုယက်ခံရသူများမှာ တရားမဝင် အလုပ်လုပ်နေကြသူများဖြစ်၍ တိုင်းကျော်၏လုပ်ရပ်ကို ရဲတပ်ဖွဲ့သို့ တိုင်ကြားဝံ့ခြင်းမရှိပေ။ ပစ္စည်းပိုင်ရှင်များမှာ သူခိုးခွေးကိုက်ခံရသလို မအော်ရဲ၊ အကူအညီမတောင်းခံရဲဘဲ ကြိတ်မှိတ်ခံစားနေရသူများဖြစ်သည်။

"ကဲ.....ဘာလုပ်ချင်သလဲ"

ဟိန်းထက်က ကြည်ပြာကို မေးသည်။ ကြည်ပြာက မည်သို့တုံ့ပြန်ရမည်ကို မသိကြောင်း ပြန်ပြောလိုက်၏။

"စိတ်ချပြီးနေ၊ ကြည်ပြာရဲ့ ပစ္စည်း ပြန်ရစေရမယ်"

"ရှင်....."

ကြည်ပြာက အံ့အားသင့်သွားသည်။ ကြည်ပြာ့ဘက်မှ မည်သည့် အဖြေမှမပေးမီ ဟိန်းထက်က သူ့လူများကိုခေါ်ပြီး အပြင်သို့ထွက်သွားခဲ့၏။

♛♛♛♛♛

"တိုင်းကျော်၊ မင်းအပြင်ကို ထွက်လာစမ်း"

တိုင်းကျော်ဘယ်မှာရှိသည်ကို ဟိန်းထက်ကသိသည်။ ဟိန်းထက်နှင့်အတူ လူလေးဦးသာပါရှိသည်။ ဟိန်းထက်နှင့်ဆိုက လူငါးယောက်။



တိုင်းကျော်ရှိနေသောနေရာမှာ ---မြို့အနီးရှိ ခြံကျယ်ကြီးအတွင်းမှ ခံ့ညားထည်ဝါသော အိမ် ကြီးတစ်လုံးအတွင်းဖြစ်သည်။

တိုင်းကျော်ဆိုသူကလည်း ဒုစရိုက်နယ်ထဲတွင် ဒုစရိုက်ရာဇာတစ်ဦးဖြစ်သည်။ သူက ဟိန်းထက်ထက် အသက်အနည်းငယ်ကြီးသည်။ လူကောင်ထွားထွား၊ လူသန်မာဖြစ်သည်။

မည်သူ့ကိုမှ ဗိုလ်မထားသူဖြစ်၏။

သူ့နာမည်ကို ရင့်ရင့်သီးသီးခေါ်ပြီး သူရှိနေသောပိုင်နက်ထဲ ကျူးကျော်ဝင်ရောက်လာသည့် ဟိန်းထက်ကို ဂရုစိုက်စရာမဟုတ်သူအဖြစ် လှမ်းကြည့်လိုက်၏။

"မင်း သတ္တိရှိရင် ရှေ့ကိုတိုးလာစမ်း"

တိုင်းကျော်က သူရှိနေသော အိမ်ကြီး၏ ဆင်ဝင်အောက်တွင်ရပ်၍ ပြန်အော်ပြောလိုက်သည်။

ဟိန်းထက်က လှမ်းကြည့်ရင်း အကဲခတ်လိုက်၏။

တိုင်းကျော်၏တပည့်များက ဆယ်ယောက်ခန့်ရှိသည်။ အားလုံးလူလတ်ပိုင်းများဖြစ်သည်။ သတ်ရဲ၊ သေရဲသူများအဖြစ် သူတို့၏ ဟန်ပန်အမူအရာကို ထုတ်ပြကြသည်။

သူတို့အားလုံး၏လက်ထဲတွင် လက်နက်ကိုယ်စီနှင့်။

ချိန်းကြိုး၊ ပိုက်တုတ်၊ ဓား၊ နံချပ်

www.burmeseclassic.com



ကူ၊ လက်စွပ်သံလက်သီးတွေ အသီးသီးနှင့်။ ဟိန်းထက်ကို ကျိုးထဲဝင် ရောက်လာသော သားကောင်လို သဘောထားပြီး ဝိုင်းကြည့်နေကြ သည်။

"မင်းက နယ်ကျယ်အကောင်လား"

"ဟော့ကောင် ကိုယ့်ပိုင်နက်ထဲမှာဆိုပြီး စွာကျယ်ကျယ်လုပ်တတ်တဲ့ အကောင်မျိုးမဟုတ်ဘူး"

"ကြိုက်ပြီ၊ နေရာမရွေးဘူးပေါ့"

"ဒါပေါ့၊ ကြိုက်ဈေးခေါ်စမ်း"

"----"

"မင်း ကြည်ပြာဆိုတဲ့ မိန်းကလေးဆီက ပစ္စည်းတွေပြန်ပေးရင် ငါတို့ အေးအေးဆေးဆေးပြန်သွားမယ်"

"ဘာကွ၊ ကြည်ပြာ..၊ ကြည်ပြာဆိုတာ ဘယ်သူလဲ၊ ဘယ်ကလဲ"

"တိုင်းကျော် မသိချင်ယောင်ဆောင်မနေနဲ့၊ မင်းဟာ ဒုစရိုက်နယ်ထဲမှာ စရိုက်တူချင်း ဖြတ်စား၊ ရိုက်စား၊ မိုက်ကြေးခွဲစားနေတဲ့သူဆိုတာ အားလုံးကသိတယ်"

တိုင်းကျော်က ဟားတိုက်ပြီး ရယ်ပြလိုက်၏။

"မင်းကငါ့ဆီလာပြီးဟောက်စားလုပ်တာလား"

တိုင်းကျော်က ဒေါသတကြီးဖြင့် ရှေ့သို့တိုးလာသည်။

သူ့တပည့်များကလည်း ပစောက်ပုံသဏ္ဌာန်ဖြင့် သူတို့၏ ဆရာကို ဝန်းရံလျက် ရှေ့သို့ခြေလှမ်းညီညီ တိုးလာသည်။

တိုင်းကျော်တို့အဖွဲ့က ဆယ်ယောက်ကျော်၊ ဟိန်းထက်တို့အဖွဲ့က ငါးယောက်တည်းသာ။ အင်အားက တစ်ဝက်ကျော်ကွာသည်။ ပြီးတော့ လက်ရှိနယ်မြေက တိုင်းကျော်၏ ပိုင်နက်နယ်မြေ။

ဟိန်းထက်က မျက်တောင်မခတ်ဘဲ ကြည့်နေခဲ့၏။

"တော့....."

တိုင်းကျော်ထံမှ ဟိန်းထွက်လာသော အချက်ပေးသံ။ တိုင်းကျော်၏လူများက ရုတ်တရက်စက်ဝိုင်းပုံဖြစ်အောင် လှုပ်ရှားရင်း ဟိန်းထက်တို့ကို ဝိုင်းထားလိုက်၏။

ဟိန်းထက်တို့ငါးယောက်က ကျောချင်းကပ်ပြီး အရပ်လေးမျက်နှာကို မျက်နှာမူလိုက်ကြသည်။

အခြေအနေက သူသေကိုယ်သေ အပြတ်တိုက်ကြမည့် အနေအထားသို့ရောက်သွားသည်။

ဟိန်းထက်က ပတ်ဝန်းကျင်ကိုကြည့်သည်။ ပျော့ကွက်၊ အားနည်းချက်ကိုရှာသည်။ တွေ့လိုက်ရပေပြီ။

တိုင်းကျော်မှာ သူ့တပည့်များနှင့် အရက်သောက်ထားပြီး ဟိန်းထက်၏အသံကြားရမှ အပြင်သို့ထွက်လာခဲ့ဟန်ရှိ၏။

ဟိန်းထက်တို့အဖွဲ့ ရပ်နေသောနေရာမှာ နေအိမ်တိုးချဲ့ဆောက်လုပ်ရန် သဲများ၊ ကျောက်စရစ်ခဲများ၊ ထုံးမှုန့်များ ပုံထားသောနေရာအနီးတွင်ဖြစ်သည်။

ဟိန်းထက်က လက်ရှိရပ်နေရာမှ နောက်ဆုတ်ဟန်ပြပြီး ထုံးမှုန့်များ ပုံထားရာသို့ ရွှေ့လိုက်သည်။

တိုင်းကျော်နှင့်အဖွဲ့က ဟိန်းထက်တို့အဖွဲ့ ကြောက်စိတ်ဝင်ပြီး နောက်ဆုတ်ပြေးရန် ကြိုးစားနေသည်ဟု ယူဆခဲ့ကြသည်။

"ဟော့ကောင် ထွက်ပြေးဖို့မကြံနဲ့၊ မင်းတို့ကို မဆုံးမရသေးဘဲ ဒီခြံထဲက ထွက်သွားခွင့်ပေးမှာမဟုတ်ဘူး"

"မင်းထက်သတ္တိကောင်းလို့ လူသူမနီးတဲ့ တောစပ်ကအိမ်ထဲမှာ နေတဲ့ မင်းဆီ အရောက်လာခဲ့တာပဲ"

"----"

"ဟုတ်လား၊ လူမသိအောင် ပုန်းနေတဲ့နေရာမဟုတ်ဘူးလား"

"သွားစမ်းပါ၊ မင်းရဲ့အတွေးတွေကို နားထားလိုက်စမ်း၊ ဒီနေရာက မင်းတို့လိုကောင်မျိုးတွေကို လူ့ဘဝထဲက အနားယူဖို့ သင်ခန်းစာပေးတဲ့ မဟာနယ်မြေကွ၊ နောက်မှာ တောတန်းနဲ့ တောရှိတယ်၊ ချောင်းရှိတယ်၊ မြို့နဲ့ဝေးတယ်၊ ဟုတ်၊ မဟုတ် လှမ်းကြည့်လိုက်စမ်း"

တိုင်းကျော်က ပတ်ဝန်းကျင်သို့ လှည့်ကြည့်ပြရင်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com


ပတ်ဝန်းကျင်သို့ လှည့်ကြည့်ပြီး ပြောဆိုချိန်က စက္ကန့်ပိုင်းမျှသာ။

ဟိန်းထက်နှင့် မျက်နှာချင်းဆိုင်ရာအရပ်သို့ မျက်နှာအလှည့်တွင်.....

"ဟိုင်း....."

ဟိန်းထက်၏အသံက ပတ်ဝန်းကျင်ကိုလွှမ်းသွားသည်။

ဟိန်းထက်က သူ့ခြေထောက်အောက်မှ ထုံးမှုန့်များကို ရှူးဖိနပ်ထိပ်ဦးနှင့် အားကုန်ကော်ယူပြီး တိုင်းကျော်ရှေ့တည့်တည့်သို့ ပက်လိုက်သည်။

တိုင်းကျော် အငိုက်မိသွားသည်။ မျက်လုံးထဲသို့ ထုံးမှုန့်များဝင်သွား၍ ဘာဆိုဘာမှမမြင်ရတော့။ သူ့အနည်းမှ သူ့တပည့်များလည်း အလားတူခံစားလိုက်ကြရ၏။

ဟိန်းထက်နှုတ်က ဟိုင်းဟူသောအသံဖြင့် ကီးသွင်းပြီး အသံနှင့်အတူ အချက်ပေး၍ ပြိုင်တူလှုပ်ရှားလိုက်ကြသည်။

ဟိန်းထက်က တိုင်းကျော်ဆီခုန်ဝင်ပြီး မေးဖျားကို ညာခြေဖြင့် လေပျံဝဲခတ်ပစ်လိုက်သည်။ ပြီးတော့ ကြောင်တစ်ကောင်လို တိုင်းကျော်ရှေ့၌ ရပ်လိုက်၏။ မြေပေါ်သို့ ခြေစုံအကျ၌ တိုင်းကျော်၏ ဖက်ပိုးကို လက်နှစ်ဖက်နှင့် ရှေ့သို့ဆွဲယူနှိမ့်ချကာ ဒူးပျံဖြင့် တိုက်ပစ်လိုက်သည်။

တိုင်းကျော်မှာ ပါးစပ်မှသွေးများထွက်ရင်း ဒူးနှစ်ဖက်ညွတ်၍ ဟိန်းထက်ရှေ့တွင် ဦးစိုက်ကျသွားခဲ့၏။

ဟိန်းထက်က သူ့ချိုင်းစလွယ်ထဲမှ ပစ္စတိုသေနတ်ကို ဆတ်ခနဲ ဆွဲထုတ်ရင်း တိုင်းကျော်၏ နားထင်ကို ထောက်ထားလိုက်သည်။

"ဟေ့ကောင်တွေ သတ္တိရှိရင် ရှေ့တိုးကြစမ်း၊ မင်းတို့ရဲ့ဆရာနဲ့အတူ မရဏာလမ်းပို့ပေးမယ်"

အားလုံးငြိမ်ကျသွားခဲ့ကြသည်။

တိုင်းကျော်မှာ တောကိုအပိုင်စားရသော ကျားတစ်ကောင်ဖြစ်သည်။ သူ့ထက်လျင်သော ခြင်္သေ့လိုလူစား ဟိန်းထက်က အနိုင်ယူလိုက်လေပြီဖြစ်၏။

"တိုင်းကျော်၊ မင်းလူတွေကို ငြိမ်ငြိမ်နေဖို့ ပြောလိုက်ပါ"

တိုင်းကျော်မှာ အရပ်ကြိုးပြတ်ဖြစ်နေ၍ မည်သို့မျှလှုပ်ရှားရန် အားမရှိတော့။ ဟိန်းထက်အမိန့်ပေးသည့်အတိုင်း သူ့လူများကို နာခံစေခဲ့၏။

ဟိန်းထက်၏အဖွဲ့က ဟိန်းထက်နှင့်ပြိုင်တူ လှုပ်ရှားတိုက်ခိုက်ခဲ့၍ တိုင်းကျော်၏တပည့်သုံးဦးခန့်မှာ မြေပြင်ပေါ်တွင်မှောက်လျက် အနားယူနေကြရပြီဖြစ်သည်။

တိုက်ပွဲက အချိန်မကြာလှ မိနစ်ပိုင်းမျှနှင့် ပွဲသိမ်းသွားခဲ့သည်။

♛♛♛♛♛

ဟိန်းထက်က တိုင်းကျော်ကို အိမ်ထဲရှိကုလားထိုင်ပေါ်တွင် ကြိုးတုပ်ရင်း ထိုင်ထားခိုင်းသည်။ တိုင်းကျော်မှာ အရိုးမရှိသူကဲ့သို့ဖြစ်နေ၏။

ဟိန်းထက်ပြုသမျှ ခံနေရ၏။

တိုင်းကျော်၏တပည့်များကိုလည်း ဟိန်းထက်၏လူများက လက်ပြန်ကြိုးတုပ်ထားသည်။ တိုင်းကျော်၏အနီး ကြမ်းပြင်တွင် ထိုင် ခိုင်းထားခဲ့၏။

"ကဲ....တိုင်းကျော်၊ မင်းယူလာတဲ့ ပစ္စည်းတွေ ပြန်ပေးကွာ"

"ငါ ဘာပစ္စည်းမှ ယူမလာဘူး"

တိုင်းကျော်၏အပြောကို လက်မခံသည့် ဟိန်းထက်က တိုင်းကျော်၏မျက်နှာကို အင်အားပြည့်သော ဖြောင့်လက်သီးဖြင့် မြည်းစမ်းစေလိုက်သည်။

တိုင်းကျော်ဆိုသူမှာ ကုလားထိုင်ပေါ်မှပင် မကျော်နိုင်တော့ဘဲ ဖက်လိမ်၍ ခေါင်းငိုက်စိုက်ကျသွားခဲ့သည်။

"မင်း ဒီထက်မနာချင်ရင် ကြည်ဖြူဆီက လုယူလာတဲ့ပစ္စည်းတွေ ပြန်ပေး"

"မင်းပြောတာ မှားနေပြီ၊ ငါ


www.burmeseclassic.com

www.burmeseclassic.com



မနေ့က အခကြေးငွေလက်ခံပြီး ပစ္စည်းသယ်ပေးတာပဲရှိတယ်၊ ဘယ်သူ့ကိုမှ ဘာမှမလုပ်မိဘူး''

''မင်း နာတော့မယ်၊ ကြည်ပြာ့ကိုရိုက်ပြီး ကားပေါ်က ပစ်ချထားခဲ့တယ်မဟုတ်လား၊ ပြီးတော့ အဲဒီအမျိုးသမီးရဲ့ ပစ္စည်းတွေကို မင်းက အပိုင်သိမ်းသွားခဲ့တယ်''

''မင်း မှားနေပြီထင်တယ်၊ ငါတို့ မနေ့က ပစ္စည်းသယ်ပေးတာက မန္တလေးမှာနေတဲ့လူရဲ့ပစ္စည်းပဲ၊ သူတို့က ရှေ့ကနေပြီး ဆလွန်းကား တစ်စီးနဲ့ သွားကြတယ်၊ ငါတို့က နောက်ကနေပြီး ပစ္စည်းပါတဲ့ကားနဲ့ လာခဲ့ကြတာ၊ ဒီအိမ်ဟာ ငါတို့ရဲ့ ကြားစခန်းပဲ၊ အခြေအနေ သတင်းစောင့်ကြည့်ပြီးမှ ဒီနေရာက ဆက်ထွက်တာ''

တိုင်းကျော်က ဒဏ်ရာရရှိထားသည့်အတွက် စကားကို တဖြည်းဖြည်းချင်း ပြောပြနေခဲ့သည်။

ထိုအချိန်၌ပင် ဟိန်းထက်၏ တပည့်နှစ်ယောက်က အိမ်ထဲဝင်ပြီးရှာသည်။ ဆာလာအိတ်သုံးအိတ်နှင့် ထုပ်ပိုးထားသော တားမြစ်ဆေးဝါးများ၊ လိင်စိတ်နိုးကြွစေသော သောက်ဆေး,ဆေးကတ်များ၊ လိမ်းဆေးများနှင့် စိတ်ကြွ ရူးသွပ်ဆေးပြားများကို တွေ့လိုက်ရသည်။

ဆာလာအိတ်များကို ဆွဲယူလာပြီး ဟိန်းထက်ကိုပြသည်။

ဟိန်းထက်က ပစ္စည်းများကို ကြည့်ပြီးမေးသည်။

''ဒါတွေက မင်းပစ္စည်းလား''

''မဟုတ်ဘူး၊ ဒီနေ့ညပိုင်းမှာ မန္တလေးကိုပို့ပေးရမယ့်ပစ္စည်းပဲ''

''မင်းတို့ ဘာနဲ့ပို့သလဲ''

''ကြိုတင်စီစဉ်ထားတဲ့ ကုန်ကားပေါ် ပစ္စည်းတွေနဲ့ ရောတင် ဖုံးကွယ်ပြီး ပို့ပေးရမှာ''

''ဘယ်သူ့ပစ္စည်းလဲ''

''မောင်မောင်သန်းပစ္စည်းပါ''

''မောင်မောင်သန်းက ဗမာနာမည်ပါ၊ သူက အိန္ဒိယနွယ်ဖွားမဟုတ်လား''

''ဟုတ်ပါတယ်၊ မောင်မောင်သန်းက မြန်မာပြည်ဖွားပါ''

ဟိန်းထက်က အားလုံးသိနေသည်။ သူကလည်း တိုင်းကျော်လိုလူစား။ ဒုစရိုက်နယ်ထဲမှ ဒုစရိုက်လူမိုက်၊ ကြေးစားလူမိုက်ဖြစ်သည်။

ကြည်ပြာဆိုသောမိန်းကလေးကို သနားကရုဏာသက်မိရာမှ ဒုစရိုက်သမားချင်း မခံချင်စိတ်ဖြင့် တိုင်းကျော်ထံ ရောက်လာခြင်းဖြစ်သည်။

တိုင်းကျော်က ဘယ်သူ့အပေါ်မှ သစ္စာရှိသူမဟုတ်။ မှောင်ခိုသယ်ယူသူများကို သတင်းစုံစမ်းပြီး ခရီးလမ်းတစ်ဝက်မှ အနိုင်အထက်ပြု လုသည်၊ ရရှိသည့် ပစ္စည်း ပြန်ရောင်းစားသည်။



သူ့ကိုငွားလျှင်လည်း ကြေးကြီးရမှ သယ်ယူပေးသည်။

ဟိန်းထက်က တိုင်းကျော်၏ မကောင်းမှုအားလုံးကို သိနေသည်။

ယနေ့တော့ တိုင်းကျော် တကယ့်ကိုအထိနာသွားခဲ့သည်။ ဟိန်းထက်ကို ဒူးထောက်အညံ့ခံလိုက်ရ၏။ လူမိုက်လောကတွင် အညံ့ခံလိုက်ပြီဆိုသည်နှင့် အလိုလို တပည့်အဖြစ် ခံယူလိုက်ခြင်းဖြစ်သည်။

ဟိန်းထက်က သူကိုယ်တိုင် တိုင်းကျော်ရှိနေသည့် ကြားစခန်း အိမ်ထဲတွင် နေရာအနှံ့ရှာသည်။

ကြည်ပြာသူ့ကိုကြိုးစားပြော ပြထားသော ပစ္စည်းစာရင်းပါ



www.burmeseclassic.com

www.burmeseclassic.com



မည် သည့်ပစ္စည်းမျှ မတွေ့ရ။ ကြည်ပြာက လူမှားပြီးပြောသည်ဟုထင်လိုက်၏။

တိုင်းကျော်ရှိရာသို့ ပြန်ထွက်လာပြီး ထပ်မေးသည်။

"တိုင်းကျော်၊ မင်းနဲ့ကြည်ပြာဘာမှမပတ်သက်ဘူးနော်"

"သေချာပါတယ်၊ မင်းကိုငါမလိမ်ဝံ့ပါဘူး၊ နောင်ကို မင်းနဲ့ပူးပေါင်းပြီး မင်းရဲ့သစ္စာခံအဖြစ်အလုပ်လုပ်ပါ့မယ်"

တိုင်းကျော်က တပည့်အဖြစ် ခံယူလိုက်သည်။

အထိနာချိန်ဖြစ်၍ လေပြည် စကားပြောမန်းသိသော်လည်း ဟိန်းထက်က ယုံကြည်မှုရှိကြောင်း ဟန်ဆောင်၍ ပြုံးပြလိုက်၏။

"ကောင်းပြီ၊ ငါ့တပည့်သုံးယောက်က မင်းတို့ကို စောင့်ကြည့်နေဦးမယ်၊ ငါအခုကြည်ပြာဆီ သွားတွေ့မယ်၊ သူ့ကို ဒီကိုခေါ်လာမယ်၊ သူနဲ့မင်းတို့တွေ့ပြီး မင်းတို့မဟုတ်မှန်းသိမှ မင်းတို့ကို ငါခွင့်လွှတ်ပေးမယ်"

ဟိန်းထက်က သူ့တပည့်သုံးယောက်ကို တိုင်းကျော်၏ကြားစခန်းနေအိမ်တွင် အစောင့်အဖြစ်ထားခဲ့၏။

တိုင်းကျော်ဘက်မှ တုံ့ပြန်မှုမရှိစေရန် ဟိန်းထက်ကိုယ်တိုင်အားလုံးကို လက်ပြန်ကြိုးတုပ်ပြီး အခန်းထဲထည့်ကာ အပြင်မှ သော့ခတ်ခဲ့သည်။ သူ့တပည့်သုံးဦးကို အပြင်မှ စောင့်နေစေခဲ့၏။

ဟိန်းထက်က သူ့တပည့်များကိုထားပြီး ကြည်ပြာရှိရာသို့ထွက်သွားခဲ့သည်။ ကြည်ပြာရှိရာသို့သွားရောက်စဉ် လမ်းခရီး၌ ဆလွန်းကား တစ်စီးနှင့် ဆုံခဲ့၏။

ဟိန်းထက်က သူ့ကားကို



လမ်းဘေးချပြီး ဖြည်းဖြည်းချင်းမောင်းပေးသည်။ မှုန်နှာချင်းဆိုင်မှကားနှင့် အနီးကပ်တွေ့ချိန်တွင် ကားထဲမှ အမျိုးသမီးတစ်ဦးက သူ့ကိုလက်ပြပြီး နှုတ်ဆက်သွား၏။

"ငါ့အသိများလား၊ လူမှားပြီးနှုတ်ဆက်တာလား"

ဟိန်းထက်က ဇဝေဇဝါအသိဖြင့် ကြည်ပြာအားထားရှိခဲ့သောအိမ်သို့ သူ့ကားကို အလျင်စလိုမောင်းနှင်ခဲ့၏။

♛♛♛♛

"ဟင်....."

ဟိန်းထက် အိမ်ထဲရောက်ချိန်၌ အိမ်ထဲတွင် မည်သူမျှမရှိ။

အိမ်အဝင်ဝတွင်ချထားသော စာတစ်စောင်က သူ့ကိုကြိုဆိုနေခဲ့ ၏။

**ကိုဟိန်းထက်....**

**"ရှင်မှတ်မိသေးတယ်ဆိုရင် ကြည်ပြာဆိုတဲ့ ကျွန်မဟာ ရှင်ကအသည်းခွဲခဲ့လို့ ရှင့်မိတ်နဲ့ သေသွားတဲ့ မြတ်မှုးခင်ရဲ့ညီမပါ။ ကျွန်မကိုယ့် ကိုယ်ကိုယ်အကြံရာရအောင်လုပ်ပြီး ရှင်ပြန်လာမယ့်လမ်းမှာ ကြိုစောင့်ပြီး အကွက်ဆင်ခဲ့တာပါ။ တိုင်းကျော်က ကျွန်မရဲ့အစ်ကိုဆီက ပစ္စည်းတွေ ကိုလုယူခဲ့ဖူးသူပါ။ အခုတော့ ရှင့်အိမ်က ရှင်ပိုင်တဲ့ ရွှေ၊ ငွေတွေကိုယူပြီး ထွက်သွားပါပြီ။ ကျွန်မအစ်မအတွက် လျော်ကြေးပေါ့ရှင်။ ပြော်....ရှင့်ကို သတိပေးရဦးမယ်။ တိုင်းကျော်ဆီ ထပ်မသွားနဲ့နော်။ အခုလောက်ဆိုရင် ရဲတပ်ဖွဲ့က ဝင်စမ်းနေလောက်ပါပြီ။ ကျွန်မ ခိုင်ရဲတပ်ဖွဲ့မှုးစုံကို ဖုန်းနဲ့သတင်းပေးလိုက်ပြီ။ ရဲတွေရောက်နေလောက်ပါပြီ။**

**ကျွန်မအကြံကို ရှင်မချီးကျူးဘူးလား။ ကွန်တစ်ချက်၊ ဟင်းလစ်ခွက်လေး။ ဟင်း**

www.burmeseclassic.com



**ကောင်းတစ်ခွက်နဲ့ ထမင်းမြိန်မြိန်စားလိုက်ဦး မယ်နော်။**

**ကြည်ပြာ**

ဟိန်းထက်က စာကိုဖတ်ပြီး သည်နှင့် ဒေါသကြီးဖြင့် အိမ်နံ ရံကို လက်သီးဖြင့်ထိုးပစ်လိုက်၏။

လူပါးပုလင်းကွဲရှ၊ အလည် လွန်သောဘီး ချေးနင်းမိ ရလေပြီ။

ကြည်ပြာ့အပေါ် ထားမိသော ကရုဏာကို အခုမှပြန်စဥ်းစားမိ၏။

သူ၏အတိတ်ကချစ် သူ မြတ်မှူးခင်နှင့် တူ လွန်းသဖြင့် သူ့စိတ် တွေ ဝေဝါးခဲ့ရသည်။ သူ့ချစ်သူ မြတ်မှူးခင်က သူ့အပေါ် အထင်လွဲခဲ့ သည်ကို ရှင်းပြခွင့်မရခဲ့ပေ။

သူနှင့်မြတ်မှူးခင်တို့ လက် ထပ်ရန် စီစဥ်ပြီး နောက် အချစ် နယ်ကျွံခဲ့ကြသည်။ ထိုအချိန်က မင်္ဂလာပွဲအတွက် ငွေရှာရန် ဖား ကန့်၊ လုံးခင်းဘက်သို့ ထွက်ခဲ့ သည်။ သူ့လုပ်အားနှင့် စုထား သောငွေများကို ခိုးယူသုံးစွဲပစ် သည့် ဘဝတူအလုပ်သမားကို ဒေါသတကြီးရိုက်ခဲ့မိ၍ ထောင် ဒဏ်ကျခံခဲ့ရ၏။

ချစ်သူ မြတ်မှူးခင်က သူ့ အပေါ်စိတ်ပူနေမည်စိုး၍အကြောင်း မကြားမိခဲ့။ မြတ်မှူးခင်က အထင် လွဲခဲ့သည်။ သူ့သွေးကို လွယ် ထားရသော မြတ်မှူးခင်က သူ့ကို သစ္စာဖောက်အဖြစ် စွပ်စွဲပြီး နှလုံး ရောဂါဖြင့် ကွယ်လွန်သွားခဲ့ရရှာ သည်။

ဒုစရိုက်သမားကြောင့် ဘဝ ပျက်ခဲ့ရသည့်အတွက် ဟိန်းထက်



က ဒုစရိုက်လောကထဲ ခြေချပြီး ဒုစရိုက်သမားများအပေါ် အနိုင် ကျင့်ကာ သူခံစားရသမျှကို လက် စားချေရင်း လူမိုက်ဘဝ ခံယူခဲ့ သည်။

ယခုတော့.....

အတိတ်မှအရိပ်မည်းက သူ့ နောက်သို့ ကပ်လိုက်လာသည်။

မြတ်မှူးခင်၏ညီမက သူ့ကို လှလှပပညာပေးရင်း လက်စား ချေသွားခဲ့သည်။ တိုင်းကျော်ကို လည်း ရဲတပ်ဖွဲ့က ဖမ်းမိစေရန် သတင်းပေးလုပ်ပြီး လက်စားချေ ခဲ့သည်။

တိုင်းကျော်နှင့်သူ့ကို အချင်း ချင်း အပျောက်ရှင်းစေရန် ကြံရွယ် ခဲ့သေးသည်။ မြွေမြွေ ချင်းမျို၍ ဖားဖားချင်း ကိုက်ခိုင်း သည့် လက်စားချေမှု ပြုလုပ်ခဲ့သည်။

ကြည်ပြာ၏ လှည့်စားချက်က အင် အား သာလွန်လှ သည်။

ဟိန်းထက် စု ဆောင်းမိသမျှကို ယူ သွားခဲ့သည်။ တိုင်း ကျော်ကိုလည်း ရဲတပ် ဖွဲ့က ဖမ်းမိစေရန် သတင်းပေးလိုက်သေး၏။

ဟန်ဆောင်ကောင်းသော ကြည်ပြာက အပြန်တွင် သူ့ကို လက်ပြနှုတ်ဆက်ရင်း လှောင် ပြောင်သွားခဲ့သေး၏။

ကွန်တစ်ချက်နှင့် ဟင်းတစ် ခွက်ရှာစားသွားသော ကြည်ပြာကို ဟိန်းထက်က စိတ်မဆိုးဘဲ မြတ် မှူးခင်အတွက် ပေးဆပ်မှုဟု သဘောထားလိုက်မိလေတော့ သည်။

**စာပေသစ္စာဖြင့်**

အောင်ကျော်ဇော

www.burmeseclassic.com

www.burmeseclassic.com



# ကားမှတ်တိုင်အနီး အိပ်နေတဲ့ မိသားစုထဲက

## မိန်းကလေးကို ဈေးရောင်းသူက အဓမ္မပြုကျင့်ရန်ကြံစည်ခဲ့မှု

၅-၅-၂၀၁၄ရက်နေ့ (သန်းခေါင်ကျော်) နံနက်၁နာရီ ၁၅မိနစ်အချိန်ခန့်က မ---(၃၅နှစ်)ဈေးရောင်းသူ)၊ ငုရွှေဝါ (၁)လမ်း၊ မြို့မ(၁)ရပ်ကွက်၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်း ဒေသကြီးနေသူသည် မိခင်နှင့် အသက်(၁၂)နှစ်ရှိ တူမဖြစ်သူတို့နှင့် အတူ လသာမြို့ နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်ချုပ် လမ်းဘေး ကားမှတ်တိုင်နောက် တွင် ခြင်ထောင်ထောင်၍ အိပ် မောကျ နေကြစဉ် အမည်မသိ အမျိုးသားတစ်ဦး ခြင်ထောင် ထဲသို့ ဝင်ရောက်ကာ အိပ် ပျော်နေသော တူမဖြစ်သူ၏ ကိုယ်ပေါ်သို့ ရောက်ရှိ၍ အဓမ္မပြုကျင့်ရန်ကြိုးစားနေသည်ကို အဒေါ်ဖြစ်သူ မ----က သတိထားမိ၍ တွေ့လိုက်ရသည်ဆို၏။

ပတ်ဝန်းကျင်သို့ အကူ အညီတောင်းခံပြီး ဖမ်းဆီးခဲ့ ကြရာ အဓမ္မပြုကျင့်ရန်ကြံ စည်ခဲ့သည့် ဘဝတူ ဈေးရောင်းသူဖြစ်သော ဇော်မင်းကို(၂၆ နှစ်)၊ နံ့သာဖြူလမ်း၊ ရပ်ကွက် (မမှတ်မိ) လှိုင်သာယာမြို့နယ် နေသူကို ဖမ်းမိခဲ့၏။

မ----က တရားလိုပြုလုပ် တိုင်ကြားခဲ့၍ လသာမြို့မရဲစခန်းက (ပ)၁၂၅/၂၀၁၄၊ ပြစ်မှုပုဒ်မ၃၇၆/၅၁၁ဖြင့် အရေးယူကာ အမှုစစ် ဒုရဲအုပ် မျိုးမင်းသန်းက စစ်ဆေးနေကြောင်း သိရသည်။

**ထက်**

BURMESE CLASSIC

# အချစ်ခံဆုံးပါလို့ ပြောတဲ့လင်က

## မယားကို ညစာချက်မထားလို့ ရိုက်သတ်သတဲ့

၆-၅-၂၀၁၄ရက်နေ့ ည၁၀နာရီ၃၀မိနစ်အချိန်တွင် တိုက်ကြီးမြို့နယ်၊ အုတ်ပုံစု ရပ်တွက်၊ မြစ်ကလေးလမ်းနေ ဆယ်အိမ်မှူးဦးမြင့်ကျော်(၄၀ နှစ်)သည် နေအိမ်၌ရှိနေစဉ် တစ်လမ်းတည်းနေ ဦးကျော်ဝင်း ရောက်ရှိလာပြီး ကျောက်စိမ်း လမ်းနေ ဆိုက်ကားနင်းသူ ယဉ်ထွေး(ခ)တင်ထွေး(၄၅နှစ်)က ၎င်း၏ဇနီး မစန်းဌေး (၄၈နှစ်)ကို ဝါးတုတ်ဖြင့်ရိုက်၍ သေဆုံးသွားကြောင်း ပြော ပြခဲ့၏။

ဦးမြင့်ကျော်၊ ဦးကျော် ဝင်းတို့က ရာအိမ်မှူးဦးခင် မောင်သန်းနှင့်အတူ သွား ရောက်ကြည့်ရှုရာ မစန်းဌေးမှာ မြေစိုက်တဲနေအိမ်အတွင်း မြေပြင်ပေါ်၌ ဦးခေါင်း အနောက်ဘက်တွင် ပေါက်ပြဲ ဒဏ်ရာတစ်ချက်၊ ယာချိုစောင်းတွင် ပေါက်ပြဲဒဏ်ရာ (၁)ချက်ရရှိလျက် သေဆုံးနေသည်ကို တွေ့ရသည်။

ပတ်ဝန်းကျင်မျက်မြင် သက်သေများ၏ပြောပြချက်အရ ယဉ်ထွေး(ခ)တင်ထွေးသည် ဆိုက်ကားနင်းရာမှ အရက်မူးပြီး ပြန်လာချိန်၌ ဇနီးဖြစ်သူက ညနေစာထမင်း မချက်ထား၍ဟုဆိုကာ ဝါးတုတ်ဖြင့် ရိုက်၍ ထွက်ပြေးသွား ခြင်းဖြစ်သည်ဆို၏။

ဦးမြင့်ကျော်က တရားလိုပြုလုပ်တိုင်ကြား သဖြင့် တိုက်ကြီးမြို့မရဲစခန်းက(ပ) ၁၆၀/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂ဖြင့်အရေးယူ၍ အမှုစစ်စခန်းမှူးဒုရဲမှူး ကျော်ကျော်ခိုင်က စစ်ဆေးနေကြောင်း သိရသည်။

**သက်ထက်**



www.burmeseclassic.com

www.burmeseclassic.com



# စားချင်တဲ့ သရက်သီးကြောင့်

## ဓာတ်လိုက်သေဆုံးခဲ့ရှာတဲ့လူငယ်တစ်ဦးရဲ့ဖြစ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(တောင်)မြို့နယ်အတွင်း ဘောချင်းကပ်ခြံမှ သရက်ပင်ရှိ သရက်သီးအား သံပိုက်ဖြင့် သံချိတ်ချည်ကာ သရက်သီးခူးစဉ် လမ်းဘေးရှိ ဓာတ်အား လိုင်းကြိုးဖြင့် ချိတ်မိကာ ဓာတ် လိုက်သေဆုံးခဲ့ကြောင်း သတင်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ ၇-၅-၂၀၁၄ ရက်နေ့ နံနက်၁၁နာရီအချိန်ခန့်က လူတစ်ဦး ဓာတ်လိုက် သေဆုံး၍ သင်္ချိုင်းကုန်းစံပြဆေးရုံသို့ ရောက်ရှိလာကြောင်း ဒဂုံ(တောင်) မြို့မရဲစခန်းမှ သတင်းရရှိခဲ့သဖြင့် တာဝန်မှူး ဒုရဲအုပ်သောင်းရင်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြသည်။

ထိုသို့ စစ်ဆေးချက်အရ သေဆုံးသူမှာ ဒဂုံ(တောင်) မြို့နယ်၊ (၂၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်းရှိ သိန်းသန်းစတီးလ်အမိုးကိုင်း လုပ်ငန်းဆိုင်မှ အလုပ်သမား ကျော်ဦး (၁၉နှစ်)၊ အပိုင်းကျေးရွာ၊ ဒဂုံ(အရှေ့) မြို့နယ်နေသူဖြစ်ကြောင်း သိရှိခဲ့ရသည်။

အလောင်းအား စစ်ဆေး ရာ ရင်ဘတ်၌ ၅လက်မခန့် ဒေါင်လိုက် အနီစင်းဒဏ်ရာ၊ ဝဲတံတောင်တွင် ပွန်းခြစ်ဒဏ် ရာတို့တွေ့ရှိခဲ့ရသဖြင့် မေးမြန်းခဲ့ရာ ၆-၅-၂၀၁၄ရက် နေ့ည၁၀နာရီခွဲ အချိန် ခြံချင်းကပ်လျက်ရှိ ရွှေရုပ်လွှာ တည်းခိုခန်းခြံဝင်းအတွင်းရှိ သရက်ပင်မှ သရက်သီးအား အရှည်ပေ ၂၀ခန့်ရှိ ၃မတ်လုံးသံပိုက်ဖြင့် သံချိတ်ချည်ကာ သရက်သီးခူးစဉ် လမ်းဘေးရှိ ဓာတ်အားလိုင်းကြိုးနှင့်ချိတ်မိသဖြင့် ဓာတ်လိုက်သေဆုံးခြင်းဖြစ်ကြောင်း စစ်ဆေး သိရှိခဲ့ရသည်။ အလောင်းအား သင်္ချိုင်းကုန်းစံပြဆေးရုံမှ မြောက်ဥက္ကလာပဆေးရုံကြီးသို့ ပို့အပ်ခဲ့ရာ ပီအာရ်၃၀ဖြင့် လက်ခံထားရှိခဲ့သည်။

ဒုရဲအုပ်သောင်းရင်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဒဂုံ(တောင်) မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၂၇/ ၂၀၁၄ဖြင့် အမှုဖွင့်ပြီး အမှုစစ်စခန်းမှူးဒုရဲမှူးအောင်ဆန်းဦးက ဆက်လက်စစ်ဆေးဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိ ခဲ့သည်။

**TTသိန်း**

BURMESE CLASSIC

# သမီးမိန်းကလေး ငယ်တယ်ဆိုပြီး အိမ်နီးချင်းကို မယုံကြည်ထိုက်တဲ့ဖြစ်ရပ်

၆-၅-၂၀၁၄ရက်နေ့ ညနေ၄နာရီ၃၀မိနစ်အချိန် ခန့်က လှိုင်သာယာမြို့နယ်၊ ၁၆ရပ်ကွက်ရှိ နေအိမ်လိုင်းအဆောင်တစ်ဆောင်တွင် နေထိုင်သော ဈေးရောင်းသူ ဒေါ်---(၃၄နှစ်)သည် ဈေးရောင်းချနေစဉ် အသက်(၇)နှစ်ရှိ သမီးဖြစ်သူက ၎င်းအား ညနေ၃နာရီခွဲအချိန်က တစ်ဆောင်တည်းနေ ကျပန်း အလုပ်သမား စိုးမင်းထွန်း(၃၁နှစ်)က ၎င်းနေထိုင်ရာ အခန်း တွင်းသို့ခေါ်ဆောင်သွား ပြီး မုန့်ဝယ်ကျွေးကာ ဓမ္မတာ မဟုတ်သောနည်းဖြင့် အာသာ ပြေစေရန် လုပ်ကိုင်ခိုင်းခဲ့ ကြောင်းပြောပြခဲ့၏။

မိခင်ဖြစ်သူက တိုင် တန်းသဖြင့် လှိုင်သာယာမြို့မရဲစခန်းက (ပ)၆၄၀/၂၀၁၄၊ ပြစ်မှုပုဒ်မ၃၇၇ဖြင့် အမှုလက်ခံရေးဖွင့်၍ အမှုစစ် ဒုရဲအုပ်တေဇာမိုးက စစ်ဆေး နေကြောင်း သိရသည်။ **ထက်ထက်**

www.burmeseclassic.com

www.burmeseclassic.com



# (၇)ရက်သားသမီး တစ်လတာကံကြမ္မာ

## တနင်္ဂနွေ

ယခုကာလပိုင်းတွင် တီထွင်ကြံဆနည်းလမ်းရဆိုသလို အကြံဉာဏ်ထူးများရရှိမည်။ စိတ်ကူးထားသောအကြံနှင့် အပြင်တွင် လက်တွေ့ပေါင်းစပ်ပြီး အကောင်အထည်ပေါ်မည်။ အထက်အကြီးအကဲအရာရှိတို့၏ တာဝန်သစ်၊ လုပ်ငန်းသစ်တို့မှ သိန်းသန်းငွေဝင်လာတတ်သည်။ အထူးကံကောင်းမည်။

**ကံကောင်းအရောင်။** ။ အစိမ်းရင့်၊ အဝါရင့် ရောယှက်ရောင်မျိုးစုံ ဝတ်ဆင်ပါ။

**ကံညံ့အရောင်။** ။ နက်ပြာ၊ မဟူရာထဲတွင် အပြာကန့်လန့်ဖြတ်ပါသောအရောင်ရှောင်ပါ။

**အချစ်ရေး။** ။ ချစ်သူအတွက် သောကဗျာပါရကြုံတတ်သည်။ လမ်းခွဲကိန်းမြင်သည်။

**အိမ်ထောင်ရေး။** ။ နှစ်ဦးနှစ်ဖက် လင်မယားနှစ်ဦး ပျော်ရွှင်စွာနေရမည်။

**ထီထိုးရန်။** ။ (က) ၆–၃၊ (ခ) ၆–၄၊ (ဂ) ၆–၉။

**ယတြာ။** ။ မွေးနံထောင့်တွင် အုန်းထမင်း၊ သကြားဆွမ်း၊ ရေသက်စေ့ကပ်ပါ။

BURMESE CLASSIC

## တနင်္လာ

ယခုကာလသည် နိုင်ငံခြားခရီးတိုသွားရမည်။ လုပ်ငန်းတွင်းလူများနှင့် သွားရမည်။ ရာထူး၊ နေရာ၊ ဌာန၊ လုပ်ငန်း တိုးတက်ကိန်းရှိသည်။ အိမ်ခြံမြေ၊ ဖုန်း၊ ရေခဲသေတ္တာ၊ ဖိမ်ခံပစ္စည်းတို့ ဝင်လာလိမ့်မည်။ လက်ခံလိုက်ပါ။ နှလုံး၊ ဝမ်းဗိုက်၊ အာရုံကြောကျန်းမာရေး သတိထားပါ။ တနင်္လာ၊ ရာဟု၊ သောကြာသားသမီးကိုရှောင်ပါ။

**ကံကောင်းအရောင်။** ။ အဖြူထဲတွင် အစိမ်းရင့်ကွက်ကျဲ၊ အနီ၊ ပန်းရောင် ဝတ်ဆင်ပါ။

**ကံညံ့အရောင်။** ။ ဆီးရောင်၊ မန်ကျည်းရောင်၊ လီမွှော်ရောင်ရှောင်ပါ။

**အချစ်ရေး။** ။ ချစ်သူနှင့် မမျှော်လင့်ဘဲ လက်ထပ်ကိန်းမြင့်သည်။ ကောင်းပါသည်။

**အိမ်ထောင်ရေး။** ။ ကွဲကွာ၊ ခွဲခွာရာမှ မိသားစုထံ ပြန်လာတတ်သည်။

**ထီထိုးရန်။** ။ (ဃ) ၈–၁၊ (င) ၇–၃၊ (ဆ) ၆–၃။

**ယတြာ။** ။ အိမ်ဘုရားတွင် ယိုစုံကပ်ပါ။ နေကြာပန်း၊ သပြေပန်းလှူပေးပါ။

## အင်္ဂါ

ယခုကာလသည် အတိုက်အခံ၊ အနှောင့်အယှက် ဘေးရန်ကင်းတတ်သည်။ လုပ်ငန်းပြိုင်ဘက်၊ ရန်ဘက် တွေ့ကြုံသော်လည်း မိမိကသာအနိုင်ရမည်။ မဟုတ်မခံစိတ်နှင့် ယုံမှားသံသယစိတ်ကိုရှောင်ပါ။ ပညာသင်များ အထူးကြိုးစားရန်လိုသည်။ အာရုံကြော၊ ဖော်ကြောရောဂါ သတိပြုပါ။

**ကံကောင်းအရောင်။** ။ ခဲပုပ်ရောင်၊ မဟော်ဂနီရောင်ဝမ်းဆက် ဝတ်ဆင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**ကံညွှန့်အရောင်။** ။ ကြာညိုရောင်၊ နီညိုရောင် လုံးဝရှောင်ပါ။
**အချစ်ရေး။** ။ အချစ်အတွက် ပူပန်သောကရှိနေတတ်သည်။
**အိမ်ထောင်ရေး။** ။ ခင်ပွန်းအတွက် စိတ်မချဖြစ်နေမည်။
**ထီထိုးရန်။** ။ (တ) ၅-၉၊ (ထ) ၅-၈၊ (ဒ) ၅-၂။
**ယတြာ။** ။ မွေးနံ့ထောင့်တွင် ကရေကရာကပ်လှူပါ။ အုန်းရည်လှူဒါန်းပေးပါ။

## ရာဟု

ယခုကာလသည် ရွှေအရောင်းအဝယ်၊ ကျောက်မျက်ဝယ်ရောင်း သတိထားပါ။ ရောင်းမှားဝယ်မှားဖြစ်ပြီး အမှုအခင်းဖြစ်တတ်သည်။ ပညာရေး အထူးအောင်မြင်ကိန်းမြင်သည်။ ဂုဏ်ထူးထွက်တတ်သည်။ အိမ်ပတ်ဝန်းကျင်မှလူများနှင့် ရန်ဖြစ်တတ်သည်။ ရှောင်ပါ။ ကျန်းမာရေးတွင် ဆီးချို၊ သွေးချို၊ အနာပေါက်တို့ဖြစ်တတ်သည်။

**ကံကောင်းအရောင်။** ။ ငှက်ခါးရောင်၊ စတော်ဘယ်ရီရောင် ဝမ်းဆက်ဝတ်ဆင်ပါ။
**ကံညွှန့်အရောင်။** ။ မဲနယ်ရောင်၊ အညိုရောင်ဝမ်းဆက် ရှောင်ပါ။
**အချစ်ရေး။** ။ ရပ်နီးချစ်သူနှင့်လွဲပြီး ရပ်ဝေးချစ်သူနှင့်မြဲတတ်သည်။
**အိမ်ထောင်ရေး။** ။ ရန်ဖြစ်လေ စီးပွားတက်လေမှတ်ပါ။
**ထီထိုးရန်။** ။ (တ) ၂-၈၊ (ထ) ၂-၇၊ (ဒ) ၂-၆။
**ယတြာ။** ။ အိမ်ဘုရားတွင် ရေသက်စေ့၊ သပြေပန်း ၉ ညွန့်လှူပါ။

## ကြာသပတေး

ယခုကာလသည် ဘာပဲလုပ်လုပ် မုချအောင်မြင်မည်။ စီးပွားရေးအောင်မြင်မှုရနေမည်။ တခြားဘက်ကို စိတ်မဝင်စားသင့်ပါ။ နိုင်ငံခြားဆက်သွယ်ရေး၊ ကုန်သွယ်ရေး ကံကောင်းနေမည်။ အထည်အလိပ်ဒီဇိုင်နာအဖြစ် အထူးကျော်ကြားအောင်မြင်မှုရမည်။

**ကံကောင်းအရောင်။** ။ နနွင်းရောင်၊ ပယင်းရောင် ဝမ်းဆက်ဝတ်ဆင်ပါ။
**ကံညွှန့်အရောင်။** ။ ကာကီရောင်၊ နို့နှစ်အရင့်ရောင်ရှောင်ပါ။
**အချစ်ရေး။** ။ ချစ်သူကို သံသယဝင်နေတတ်သည်။ သင့်အမှားကိုပြန်ပြင်လိုက်ပါ။
**အိမ်ထောင်ရေး။** ။ ကွဲနေသောချစ်လင်ပြန်လာပြီး လိမ္မာသွားမည်။
**ထီထိုးရန်။** ။ (ပ) ၆-၃၊ (ဖ) ၆-၆၊ (ဗ) ၆-၈။
**ယတြာ။** ။ မွေးနံ့ထောင့်တွင် ထီး၊ တံခွန်၊ မုလေးပွား လှူဒါန်းပေးပါ။


www.burmeseclassic.com

www.burmeseclassic.com



## သောကြာ

ယခုကာလတွင် လုပ်ငန်းစီးပွား တိုးတက်သင့်သလောက် မတိုးတက်တတ်ပါ။ ရကုန် ရပျက်၊ ရထွက်ဖြစ်နေဦးမည်။ ရန်အားလုံးကိုနိုင်မည်။ စီးပွားရေးအတွက် ခရီးထွက်လျှင် အထူးကောင်းတတ်ပါသည်။ ဆီးရောဂါ၊ ကျောက်ကပ်ရောဂါ သတိပြုပါ။ အသက်အန္တရာယ် တော့ မရှိပါ။

| | |
|---|---|
| **ကံကောင်းအရောင်။** | ။ အဝါနုထဲ အဖြူပန်းပွင့်ပါသောအရောင် ဝတ်ဆင်ပါ။ |
| **ကံညံ့အရောင်။** | ။ အနီ၊ အညို၊ အနက် ရောယှက်ရောင် ရှောင်ပါ။ |
| **အချစ်ရေး။** | ။ စိတ်တိုင်းကျချစ်သူ ရရှိနိုင်သည်။ |
| **အိမ်ထောင်ရေး။** | ။ လုံးဝကံကောင်းနေပါသည်။ အညံ့မရှိပါ။ |
| **ထီထိုးရန်။** | ။ (ပ) ၆–၂၊ (ဗ) ၆–၉၊ (ဆ) ၆–၈။ |
| **ယတြာ။** | ။ အိမ်ဘုရားတွင် ပန်းရောင်နှင်းဆီ ၉ ပွင့်ကပ်လှူပါ။ |

## စနေ

ယခုကာလတွင် ခရီးတို၊ ခရီးရှည်သွားရခြင်းကြုံမည်။ သွားလျှင်အကျိုးရှိမည်။ ဘာပဲ လုပ်လုပ် သတိထားပါ။ ရန်အနှောင့်အယှက် ကြုံတွေ့တတ်သည်။ အိမ်အရောင်းအဝယ်ဖြစ် မည်။ မြေအရောင်းအဝယ် ကံကောင်းမည်။ ပညာရေးတွင် ထူးချွန်မှုရှိမည်။ ကျန်းမာရေး အထူးကောင်းနေမည်။

BURMESE CLASSIC

| | |
|---|---|
| **ကံကောင်းအရောင်။** | ။ ဇင်ပြာ၊ နက်ပြာ၊ အစိမ်းနု ဝတ်ဆင်ပါ။ |
| **ကံညံ့အရောင်။** | ။ အနီ၊ အညို၊ အနက် လုံးဝရှောင်ပါ။ |
| **အချစ်ရေး။** | ။ ချစ်နေလျှင် ဖွင့်ပြောလိုက်ပါ။ သူလက်ခံလိမ့်မည်။ |
| **အိမ်ထောင်ရေး။** | ။ မိန်းကလေးများကို အရောမဝင်ပါနှင့်၊ ရှောင်ပါ။ |
| **ထီထိုးရန်။** | ။ (စ) ၂–၄၊ (ဆ) ၂–၈၊ (ဖ) ၂–၆။ |
| **ယတြာ။** | ။ မွေးနံ့ထောင့်တွင် ယာဂုဆွမ်း၊ ပလာတာ၊ ကြက်သား လှူပါ။ |

**စမ်းလိုအေး၍ ပန်းလိုမွှေးပါစေ**
**သစ္စာ၊ မေတ္တာ ဆရာထွန်းလင်းကျော်**
**နက္ခတ်ဗေဒင် လက္ခဏာပညာရှင်**

www.burmeseclassic.com